# ပထမအကြိမ်
# ရှမ်းပြည်နယ်လွှတ်တော်
# (၁၁)ကြိမ်မြောက်
# ပုံမှန်အစည်းအဝေး
# ကျင်းပခြင်း

D/sixth marticar(1)

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| (က) | | (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှတ်တမ်း | |
| | (၁) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| | (၂) | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| | (၃) | ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၆ |
| | (၄) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ | ၇ |
| | (၅) | ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ | ၁၁ |
| | (၆) | ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ | ၂၂ |
| | (၇) | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- | |




D/sixth marticar(2)




| | | | |
|---|---|---|---|
| (ဃ) | | ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ " ရှမ်းပြည်နယ်၊ လင်းခေး ခရိုင်အတွင်းရှိ ခိုလမ်-ကျိုင်းတောင်းလမ်း၊ မိုးနဲ-ကျိုင်းတောင်း-ဆိုက်ခေါင်-ကွန်ဟိန်း လမ်း၊ ကျိုင်းတောင်း-မိုင်းပန်လမ်းတို့အား ဆောင်ရွက်ပေးမည့် အခြေအနေကို သိရှိလိုသည် " မေးခွန်း။ | ၃၅ |
| (င) | | ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ | |
| | (၁) | "လင်းခေးမြို့နယ်၊ ဝမ်ဟတ် တိုက်နယ်(၄)အုပ်စုအတွင်းရှိ နားကုန်း-တီညု- နမ့်ဆိုင်း- မကျိုင်းမွန်းလမ်းကို ကတ္တရာ လမ်း အဖြစ် ဆောင်ရွက်ပေးနိုင် ရန် အစီအစဉ် ရှိ/မရှိ "နှင့် စပ်လျဉ်းသည့် မိန့်ခွန်း။ | ၃၈ |
| | (၂) | "ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မြေစာရင်းဦးစီး ဌာနမှ မြေစာရင်းပုံစံ(၁၀၅) ထုတ်ပေးရေးကိစ္စတွင်ဆောင် ရွက် ပေးနိုင်မည့် အခြေအနေ ကို သိရှိလိုပါသည်"နှင့် စပ်လျဉ်း သည့် မိန့်ခွန်း။ | ၄၅ |

(စ) ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) "လင်းခေးမြို့နယ်၊ ဝမ်စလောင်း ၄၅
ကျေးရွာအုပ်စု၊ ဝမ်စလောင်းရွာ မူလတန်းကျောင်း ဝန်ထမ်းနေအိမ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း သည့် မေးခွန်း။

(၂) "ဝမ်စလောင်းမူလတန်း ကျောင်း
စာသင်ခန်းများ ကာရံပေးရန် အစီ ၄၈
အစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) "ဝမ်စလောင်းရွာ၊ ကျန်းမာရေး ၄၈
ဆရာမအမြန်ဆုံးပို့ပေးရန် အစီအစဉ် ရှိ/ မရှိ""နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် ၄၉
အမှတ်(၂)၏ " နမ့်တွန်ချောင်းသည် တိမ်ကောကျဉ်းမြောင်းလျက် ရှိသဖြင့်
မိုးရာသီကာလ ရေကြီးရေလျှံမှု မဖြစ်ပေါ် ၈၀
စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး အတွက် ပြန်လည်တူးဖော် ဆောင်ရွက်ပေး နိုင်ပါရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း သည့်မေးခွန်း။





(က) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် ၂၄
အမှတ်(၂) ၏ " ဒေသခံတောင်သူ လယ်သမားများ နှင့် S.S.S. ပြည်သူ့စစ် အဖွဲ့ ဆိုင်းဘုတ်စိုက်ထူခြင်းကိစ္စ" နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ် ၂၇
(၂)၏ " ကျိုင်းတောင်းမဟာဓါတ်အား ဖြန့်ဖြူးရေး၊ တည်ဆောက်ရေးလုပ်ငန်း အတွက် ထပ်မံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးယာကုပ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) " မိုင်းခတ်မြို့နယ်၊ နောင်လုံကျေးရွာ ၃၁
အုပ်စု လားဟူပန်တောက်ရွာ အိမ်ခြေ(၃၇)အိမ်တို့အား လမ်း ဖောက်လုပ် ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) "မိုင်းခတ်မြို့နယ်၊ ဝမ်အွန်ကျေးရွာ ၃၃
အုပ်စု၊ လားဟူဝမ်ပုံကျေးရွာ၊ အိမ် ခြေ(၅၀)အိမ်တို့အား လမ်းဖောက် လုပ်ပေး နိုင်ရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၇) ဦးစိုင်းစောလုံ၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ “ ခလရ(၂၄၈)တပ်ရင်းနှင့် လွိုင်ချို ကျေးရွာအုပ်စု၊ ကွန်နားကျေးရွာအုပ်စု၊ နမ့်မော်ဆွမ့်ကျေးရွာအုပ်စုရှိ ခြံပိုင်ရှင် တောင်သူများ၏ မြေပိုင်ဆိုင်မှုရရှိရေးနှင့် ပတ်သက်သည့်မေးခွန်း”။ ၅၂

(၈) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုတစ်ရပ်ကို တင်သွင်းခြင်း နှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၅၇

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း ပြုပြင်ပြီး ရသုံးမှန်းခြေ ငွေစာရင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေ သုံးစွဲရေး ဥပဒေကြမ်းနှင့် ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလ ရသုံး ခန့်မှန်းခြေငွေစာရင်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၅၈

(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးအတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း ပြုပြင်ပြီး ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ ၆၄







(က) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) “ မိုးနဲမြို့နယ်၊ (၂၅)ကုတင်ဆံ့ ဆေးရုံတွင် လစ်လပ်လျက်ရှိ သော ဝန်ထမ်းများ အမြန်အစား ထိုး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ ” နှင့် စပ်လျဉ်းသည့်မေး ခွန်း။ ၉၁

(၂) “ ကျိုင်းတောင်းမြို့၊ (၂၅)ကုတင် ဆံ့ဆေးရုံတွင် လစ်လပ်လျက် ရှိသော ဝန်ထမ်းများ အမြန် အစားထိုး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၉၄

(ခ) ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ “ နမ့်လန်ကျေးရွာအုပ်စုတွင် CDMA 450,800 တာဝါတိုင် စိုက်ထူ ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၉၄

(ဂ) ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒ နယ်အမှတ်(၂)၏

(၁) “မိုင်းရင်ကျေးရွာအုပ်စု၊ နားနာ ကျေးရွာ အခြေခံပညာမူလတန်း ၉၆

ကျောင်းအား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ”နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) “လွှယ်ပြေးကျေးရွာအုပ်စုရှိ ပန်လော့ ကျေးရွာအား မူလတန်းကျောင်း အဖြစ် ချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိ’ နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၉၈

(၃) “ ချောင်းဆာကျေးရွာအုပ်စု၊ ညောင်ပန်လှကျေးရွာ မူလတန်းကျောင်းအား ကျောင်းဆောင်သစ် ချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၉၉

(ဃ) ဦးစိုင်းမောင်ကြီး၊မိုးနဲ့မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏“ U.N.O.D.C နှင့် မူးယစ်ဗဟိုမှ မိုးနဲဒေသ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရန် စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေ သိရှိလိုပါသည် ” နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၁၀၀

(င) ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏

(၁) “ဝမ်စလောင်းရွာ၊ နမ့်ဟွေ့ဟေးချောင်း တံတားသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၃





ဘဏ္ဍာရေးနှစ် မူလရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

(၁၁) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း။ ၈၄

## (ခ) (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၈၆

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၈၇

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၈၈

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(၂) “ဝမ်ဟတ်မှ ဝမ်စလောင်းရွာကို ဖြတ်၍ တာဆွတ်တိန်းအထိ မိုင်(၂၀)ကားလမ်းအား ရွာ၏ အရှေ့ဘက်ခြမ်းမှ တိုးချဲ့ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ ”နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၄

(စ) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ “ လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲအတွက် ကျောင်းဆောက်လုပ်ခွင့်” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၅

(ဆ) ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ “CHINA EXIM BANK မှ ဒေါ်လာသန်း ၁၀၀ ရယူ၍ ဆောင်ရွက်သည့်လုပ်ငန်း (သမဝါယမ အသေးစား ငွေကြေးဝန်ဆောင်မှု ချေးငွေလုပ်ငန်း)” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၈

(၆) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၁၈





(၃) “နမ့်လမ်ကျေးရွာအုပ်စုတိုက်နယ်ဆေးရုံ အဆင့်မှ တိုက်နယ်ကျန်းမာရေးဌာန အဆင့်သို့ တိုးမြှင့်ပေးရန် ” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၃၁

(ခ) ဦးစိုင်းမုန့်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏“ GSM တာဝါတိုင်စက်တပ်ဆင်ပေးမည်ကို သိရှိလိုသည်” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၃၃

(ဂ) ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏

(၁) “မြန်မာ-တရုတ်(၂)နိုင်ငံ နယ်နိမိတ်ကိစ္စ” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၃၅

(၂) “ (၂)နိုင်ငံနယ်နိမိတ် မှတ်တိုင်အမှတ် S-62-1 မှ S-63 အကြား သီးနှံများ စိုက်ပျိုးခြင်းကိစ္စ” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၃၈

(ဃ) ဦးစိုင်းစောလုံ၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ “ မိုးနဲမြို့တွင် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းပိုင်ဖိုင်ဘာဆက်ကြောင်း သီးသန့်တည်ဆောက်ပေးရန်ကိစ္စ” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၄၁

(၆) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၄၄

## (၆) (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၄၆

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၄၇

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၁၄၈

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ ၁၄၈

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) "နမ့်လန်ကျေးရွာအုပ်စု၊ အခြေခံပညာမူလတန်းကျောင်း အမှတ်(၅) ကျောင်းဆောင်သစ်ကိစ္စ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၅၁





## (၇) (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၂၂

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၂၂

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၂၃

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ ၁၂၃

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏"

(၁) " သီပေါမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်နေခြင်း "နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၂၆

(၂) " ဆင်ကျော့ကျေးရွာအုပ်စုတွင် တိုက်နယ်ဆေးရုံအဆင့်မှ တိုက်နယ်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ပေးရန်" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၃၀

(၂) “ နမ့်လန်ကျေးရွာအုပ်စု၊ အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ )ကျောင်းဆောင် သစ်ကိစ္စ” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၅၂

( ခ) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ “

(၁) “ ကျိုင်းတောင်းမြို့ပေါ်(၇)ရပ်ကွက်အတွက် မီးသတ်ယာဉ် (၁)စီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၅၅

(၂) “ မိုးနဲမြို့တွင် CDMA-450 Mobile အား ယခင်အသုံးပြုသည့် IP Star ဖြင့် ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၅၅

(၃) “ ရှမ်းပြည်နယ်အတွင်း အစိုးရမူလတန်းကျောင်းများတွင် ရှမ်းတိုင်းရင်းသားစာပေ သင်ကြားသော လူထုခန့် ဆရာ/ဆရာမများ” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၅၆





ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော် လုပ်ငန်း ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း။ ၂၁၅

(၁၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ် ပြီးဆုံးကြောင်း နှင့် ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၂၁၈

- ဆုံးဖြတ်ခြင်း ၂၁၉

- မှတ်တမ်းတင်ခြင်း ၂၂၁

၃၀၅

(ဂ) ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ “ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ဥပဒေ” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၆၃

(၆) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း ပြုပြင်ပြီး ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်ပြထားသော ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များက ဆွေးနွေးခြင်း။ ၁၇၃

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ၏ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးမှန်းခြေ ငွေစာရင်းနှင့် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား အတည်ပြုပေးနိုင်ပါရန် တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၇၄

(၈) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၇၆

(၉) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလရသုံးခန့်မှန်းခြေငွေစာရင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည် ၂၀၇

# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (ပထမနေ့)မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း (၁၀)ရက်**

**၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ လ (၁) ရက်**

**[ တနင်္လာနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေး ခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ် မြောက် ပုံမှန် အစည်းအဝေး (ပထမနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ လွှတ်တော်ရုံး အကြီးအမှူးက ဆောင်ရွက် ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (ပထမနေ့) အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့်





လွှတ်တော် ဆိုင်ရာနည်းဥပဒေပုဒ်မ(၃၄)၊ ပုဒ်မခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ(၃၅)၊နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။

### ပထမအကြိမ်
### ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က ပြောကြားသည့် နှုတ်ခွန်းဆက်စကား

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယနေ့ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များယခုလိုကျန်းကျန်းမာမာနှင့်စုံစုံညီညီ တက်ရောက် ကြသည့် အတွက် ကျေးဇူးတင်ဝမ်းမြောက်ရပါကြောင်းနှင့် ပြည်သူ အကျိုး၊ နိုင်ငံ့ အကျိုးဆထက်ထမ်းပိုး ထမ်းရွက်နိုင်ကြပါစေလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။

ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေး မဏ္ဍိုင်၊ မဏ္ဍိုင်ကြီး(၃)ရပ်ကို အခြေခံပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ လူမှုရေးပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးပြုပြင် ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာတွင် လွှတ်တော်ပိုင်းအနေဖြင့် လှုပ်ရှားမှုရှင်သန်ခိုင်မာအောင်နှင့် အရည်အသွေးမြင့်မားအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ယခုဆိုရင် လွှတ်တော်သက်တမ်းဟာ (၄)နှစ် ပြည့်မြောက် တော့မှာဖြစ်သလို ပုံမှန်သက်တမ်းအရဆိုရင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ

လ(၃၁)ရက်နေ့မှာ လွှတ်တော်သက်တမ်းကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ဆောင်ရွက်စရာရှိတာများကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ကြဖို့ အရေးကြီး ကာလသို့ ရောက်ရှိလာပြီ ဖြစ်ပါတယ်။ အထူးသဖြင့်လာမယ့် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကစပြီး ရှမ်းပြည်နယ်အတွက် ဒေသန္တရစီမံကိန်းကိစ္စတွေ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စတွေနှင့် အခွန်အကောက် ဆိုင်ရာကိစ္စရပ်များကို ကျွန်တော်တို့လွှတ်တော်က အတည်ပြုပေးတော့မှာ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဒီကိစ္စတွေဟာ ကျွန်တော်တို့ လက်ထဲမှာ (၁)ကြိမ်သာ ကျန်ရှိကောင်း ရှိမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ကျွန်တော်တို့လွှတ်တော်ရဲ့ ဆောင်ရွက်ချက်ကို ပြန်လည်သုံးသပ်ကြည့်တဲ့အခါမှာ အချို့တာဝန်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း အချို့သောကိစ္စရပ်များကို ဆောင်ရွက်လို့မရသေးကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ မဏ္ဍိုင်ကြီး(၃)ရပ်ကို အပြန်အလှန်ထိန်းကျောင်းကြရာမှာ လွှတ်တော်အကြောင်းနားမလည်သည့် စိန်ခေါ်မှုနှင့် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ အခန်းကဏ္ဍ မှေးမှိန်အောင် ဆောင်ရွက်မှုတွေဟာ ကျွန်တော်တို့ လွှတ်တော် အပါအဝင် တခြားလွှတ်တော်များကလည်း ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ကြုံတွေ့ကြားသိ ရပါတယ်။ အမှန်ကို အမှန်အတိုင်း၊ အမြင်ကိုအမြင်အတိုင်း သိရှိဖို့ ခိုင်မာသည့် ရပ်တည်ချက်၊ မှန်ကန်တဲ့ ရပ်တည်ချက် ရှိမှသာလျှင် အပြန်အလှန်ထိန်းကျောင်းခြင်းဟာ ပီပြင်မှာ ဖြစ်ပါတယ်။

ယခုအခါ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်စပ်လျဉ်းပြီး တပ်မတော်သားကိုယ်စားလှယ် အပါအဝင် ကိုယ်စားလှယ်ပေါင်း (၁၄၀)ကျော်



D/real(wide) (2



ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်ကိုယ်စားလှယ် များ စိစစ်ရေး အဖွဲ့ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၁၃၉)ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို (၁၁၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့် ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏(၈၁. ၂၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက် ကျော်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ(၃၆)နှင့် ရှမ်းပြည်နယ်

တို့က အကြိတ်အနယ် ဆွေးနွေး လျက်ရှိနေပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ စုပေါင်းဆွေးနွေး ညှိနှိုင်းပြီး ဇယားများတွင် ပါရှိသော ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များတွင် ဖြည့်စွက်ရန် အချက်ပေါင်း(၅၆)ချက် အဆိုပြုခဲ့ပါကြောင်း ဖော်ပြ ပြောကြားလိုပါတယ်။ ဇယား(၁)တွင် အချက်ပေါင်း(၂)ချက်ကို လည်းကောင်း၊ ဇယား(၂)တွင် အချက်ပေါင်း(၃၄)ချက်ကိုလည်း ကောင်း၊ ဇယား(၅)မှာ အချက်ပေါင်း(၂၀)ကိုလည်းကောင်း ဖြည့်စွက်ရန် အဆိုပြုခဲ့တာပါတယ်။ ဥပဒေပြုစာရင်းပါ ဇယား(၁)၊(၂)၊(၅)ကိစ္စဟာ အရေးတကြီး ဆောင်ရွက်ရမယ့် ကိစ္စဖြစ်တာကြောင့် မိမိတို့အနေနဲ့ လွှတ်တော်ဘက်က ရပ်တည် ရမှာဖြစ်သလို ပြည်သူဘက်ကလည်း ရပ်တည်ရမှာ ဖြစ်ကြောင်း ပြောကြား လိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များသို့ ပေးပို့သော သဝဏ်လွှာမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်များ၏ လုပ်ငန်း တာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံကို လုံလောက်သော ဝန်ထမ်း အင်အားဖြင့် တိုးချဲ့ဖွဲ့စည်းပေးထားပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအောက်တွင် ထားရှိခြင်းသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေတို့နှင့်ညီညွတ်ပြီး မျှတသော စီမံခန့်ခွဲမှု ဖြစ်ပါကြောင်း၊ ယင်းဝန်ထမ်းများအား အရည်အသွေး တိုးမြှင့်ခြင်း၊ ချီးမြှင့်ခြင်းနှင့် စည်းကမ်းထိန်းသိမ်းခြင်းတို့အတွက် လွှတ်တော် ဥက္ကဋ္ဌ၏ သဘောထားကို ရယူ ဆောင်ရွက်သည့် အစီအမံ ကောင်းများဖြင့် အဆင်ပြေချောမွေ့စေမည် ဖြစ်ကြောင်း ဖော်ပြ ထားတာကို လွှတ်တော်ကိုယ်စားလှယ်များအား အသိပေး ပြောကြားလိုပါတယ်။





လှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသည့် အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ယခုခွင့်ပန်ကြားလိုသည့် ကိုယ်စားလှယ် များသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်ကသော်လည်း ကောင်း ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြရန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။ အားလုံးမင်္ဂလာပါခင်ဗျာ။ လေးစားအပ် ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ ကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ဝင်း ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး(ပထမနေ့)သို့ အကြောင်းအမျိုးမျိုးဖြင့် တက်ရောက်နိုင်ခြင်း မရှိသည့် အောက်ပါ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း(၂၆)ဦးအား လွှတ်တော်ကိုယ်စားလှယ် များစိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိတဲ့

တဆက်ထဲမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး၏ ရုပ်ပိုင်းဆိုင်ရာ တည်ဆောက်မှုနှင့်စပ်လျဉ်းပြီး လက်ရှိ လွှတ်တော်ရုံး တည်ရှိရာ မြေနေရာနှင့် တိုးချဲ့မြေနေရာကို လွှတ်တော်၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေနေရာအဖြစ် သတ်မှတ်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တင်ထားပါတယ်။ လွှတ်တော်အစည်းအဝေးခန်းမအသစ် အပါ အဝင် တခြားလိုအပ်သော အဆောက်အဦအပါအဝင် လာမည့်ဘဏ္ဍာရေး နှစ်မှာ စတင် တည်ဆောက်နိုင်ရန် အစီ အမံရှိပါကြောင်း ပြောကြား လိုပါတယ်။

နိဂုံးချုပ်အားဖြင့် ပြည်သူများရဲ့ဆန္ဒ၊ လိုအပ်ချက်များနဲ့ ထင်မြင်သုံးသပ်ချက်များကို ထင်ဟပ်တဲ့ ပြည်သူ့ အသံများကို လွှတ်တော်များနှင့် အစိုးရတို့မှ သိရှိနိုင်ရေးအတွက် မြှင့်တင်အားပေး သွားကြရမှာ ဖြစ်ပါတယ်။ ပြည်သူများရဲ့ အသံဟာ ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် မှန်ကန်မှုတ တဲ့ အသံလည်း ဖြစ်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူများရဲ့ အကျိုးစီးပွား ကင်းလွတ်ပြီး မိမိအကျိုး စီးပွားအတွက် ဆန္ဒစွဲ၊ အတ္တစွဲ၊ အာဃာတများ မထားရှိဘဲ၊ ဒီမိုကရေစီ အလေ့အထများကို ရှင်သန် ခိုင်မာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စား





အတွက် ကင်းလွတ်ခွင့် ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှု အပေါ်တွင် ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံ အပ်ပါတယ်-

(၁) ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်လုံခြုံရေး နှင့်နယ်စပ်ရေးရာဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စ၊ ခွင့်(၁)ရက်

(၂) ဦးနိုင်ဝင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ မျက်စိဆေးကုသရန်အတွက်၊ ခွင့်(၄)ရက်

(၃) ဦးယောဝိ၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့်(၁)ရက်

(၄) ဗိုလ်မှူးသန်းထွန်းဦး၊ တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့်(၄)ရက်

(၅) ဗိုလ်မှူးမျိုးမင်းသူ၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့်(၄)ရက်

(၆) ဗိုလ်မှူးမျိုးထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့်(၄)ရက်

(၇) ဗိုလ်မှူးသန်းလွင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့်(၄)ရက်

(၈) ဗိုလ်မှူးဇော်လွင်ဦး၊ တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့်(၄)ရက်

(၉) ဗိုလ်မှူးအောင်မျိုးကြည်၊တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့်(၄)ရက်



D/real(wide) (4

(၁၀) ဗိုလ်မှူးလှထွန်းအောင်၊တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့်(၄)ရက်

(၁၁) ဗိုလ်မှူးညီညီတင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့်(၄)ရက်

(၁၂) ဗိုလ်မှူးဇော်ထွန်း၊တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့်(၄)ရက်

(၁၃) ဗိုလ်မှူးတေဇာအောင်၊တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့်(၄)ရက်

(၁၄) ဗိုလ်ကြီးကျော်ခန့်၊တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့်(၄)ရက်

(၁၅) ဦးစိုင်းလုံ၊ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဆေးကုသမှုခံယူရန်အတွက်၊ ခွင့်(၄)ရက်

(၁၆) ဦးဇော်ဦး၊ နမ့်တူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဖခင်နာရေးကိစ္စ၊ ခွင့်(၄)ရက်

(၁၇) ဦးခွန်ထွန်းလူ(ခ)ဦးထွန်းလူ၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ဘာသာရေးကိစ္စ၊ ခွင့်(၄)ရက်

(၁၈) ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဘာသာရေးကိစ္စ၊ ခွင့်(၄)ရက်

(၁၉) ဒေါ်နန်းခမ်းပိုင်း၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ မီးဖွားခွင့်၊ ခွင့်(၄)ရက်

(၂၀) ဦးပယ်စောက်ချိန်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရန်ကိစ္စ၊ ခွင့်(၄)ရက်





ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၆)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြု ချက်ရယူမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကအတည်ပြုပါသည်။ ]**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။

**ဥက္ကဋ္ဌ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်း ပြောကြားပေးပါရန် ဖိတ်ခေါ်ပါတယ်။**

**ဦး**စဝ်အောင်မြတ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။အားလုံး မင်္ဂလာပါ။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်၊ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက် လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြစေရန် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ကိုယ်စား ဆုတောင်းမေတ္တာ ပို့သရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရေး ကြိုးပမ်းတဲ့နေရာမှာ ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသလို ဒီနေ့ နိုင်ငံတော် အစိုးရရဲ့ ကျန်ရှိနေတဲ့ ကာလအတွင်းမှာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ထောင်ရေးတွင် ရေရှည်အတွက် ဒီမိုကရေစီ အခြေခံအုတ်မြစ်ခိုင်မာအောင် ချမှတ်ဆောင်ရွက်ရေး အပိုင်းနှင့် ပြည်သူတို့၏ လူမှုစီးပွားဦးစားပေး လိုအပ်ချက် တွေကို ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက်ကို Third Wave အဖြစ် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

ပထမအချက် အနေဖြင့် နိုင်ငံတော်အနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဧပြီလမှ စက်တင်ဘာ လအထိ ခြောက်လတာကာလအတွင်းမှာ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့ လက်ရှိစီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရွက်နိုင်မှု၊ ဘဏ္ဍာငွေရရှိမှုနှင့် သုံးစွဲမှုအခြေအနေ၊ ကျန်တဲ့ ခြောက်လကာလ အတွင်းမှာ ထပ်မံရရှိ နိုင်မှုနှင့် သုံးစွဲနိုင်မည့် အခြေအနေတို့ကို ချိန်ဆပြီး ဌာန၊ အဖွဲ့အစည်းများအ ထပ်မံလိုအပ်သည့် ဘတ်ဂျက်ငွေ များကို ခွဲဝေသတ်မှတ်ထားမှုကို အတည်ပြုရန်နှင့် ၂၀၁၅-၁၆



D/real(wide) (6



(၂၁) ဦးဝေရှောက်ရင်၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရန်ကိစ္စ၊ ခွင့်(၄)ရက်

(၂၂) ဒေါက်တာထွန်းအောင်၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ အိန္ဒိယနိုင်ငံလေ့လာရေး ခရီးစဉ်၊ ခွင့်(၄)ရက်

(၂၃) ဦးအောင်ကြည်ဝင်း၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ အိန္ဒိယနိုင်ငံလေ့လာရေးခရီးစဉ်၊ ခွင့်(၄)ရက်

(၂၄) ဦးမိုင်းအုဏ်းခိုင်၊ မန်တုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့်(၄)ရက်

(၂၅) ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ နေမကောင်းပါသဖြင့်၊ ခွင့်(၄)ရက်

(၂၆) ဦးစိုင်းလောဝ်ခမ်း(ခ)စိုင်းအိုက်ဖူ၊ မိုင်းရယ် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန် ကိစ္စ၊ ခွင့်(၄)ရက် ၊ အားလုံး စုစု ပေါင်း(၂၆)ဦးရှိပါတယ် ခင်ဗျား။အားလုံးကျေးဇူး တင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ယခုကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလား ခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကိုခွင့်ပြု ကြောင်း ကြေငြာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဘဏ္ဍာရေးနှစ်အတွက် BE ကို အတည်ပြု ပေးနိုင်ဖို့ အတွက် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ မိုက်ကရိုစီးပွားရေးအခြေအနေ တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ရေးအတွက် ဘတ်ဂျတ်လိုငွေနဲ့ ဂျီဒီပီအချိုးကို (၅)ရာခိုင်နှုန်းအောက်တွင် ရှိနေစေရန် မူလခန့်မှန်းခြေစာရင်း ရေးဆွဲရာတွင် သတ်မှတ်ချက်ထားရှိ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ထို့အတူ အခုဘဏ္ဍာရေးနှစ်အတွင်း ဖြည့်စွက်ခွင့်ပြုငွေနှင့် ဖြစ်ပေါ်လာမည့် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းတွင်လည်း ဘတ်ဂျတ်လိုငွေနှင့် ဂျီဒီပီအချိုးကို (၅)ရာခိုင်နှုန်းအောက်တွင် ရှိနေစေရန် ထိန်းကျောင်း သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူဘဲ ပြည်နယ်တောင်းခံသော ဘတ်ဂျတ်နှင့်ပတ်သက်၍ မူလ BE ၏ ၁၀% ထက် မပိုစေရန်နှင့် ပိုလျှံအပ်ငွေ မဖြစ်ပေါ်စေရန် စနစ်တကျ သုံးစွဲသွားရမှာ ဖြစ်ပါတယ်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျတ်ခွင့်ပြုသုံးစွဲငွေများ ပိုမိုတိုးမြှင့်သုံးစွဲပေးရန် လိုအပ်သလို ရသင့်ရထိုက်သော အခွန်အကောက်များ ပြည့်ပြည့်ဝဝရရှိစေရေး၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေတိုးတက်ရရှိစေရေးတို့ကို အလေးထားဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ထို့အတူ တစ်ဖက်ကလည်း ခွင့်ပြုသုံးစွဲငွေများကို စနစ်တကျနှင့် ထိထိရောက်ရောက် အလေအလွင့်မရှိ သုံးစွဲကြရန် အထူးအရေးကြီးပြီး၊ ခွင့်ပြုသုံးစွဲငွေများနှင့် အကောင်အထည်ဖော် ဆောင်ရွက်သော လုပ်ငန်းစီမံကိန်းများသည်လည်း ရည်မှန်းချက် အတိုင်း အောင်မြင်ပြီးမြောက်ရန် လိုအပ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ယင်းအချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်သွား





ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်မှာ နေထိုင်တဲ့ လူဦးရေ(၇၀%)၏ လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်စေသကဲ့သို့ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်များကိုလည်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျဉ်းမြောင်းလာစေမှာ ဖြစ်ပါတယ်။ ဆင်းရဲမှုလျှော့ချရေး ဆောင်ရွက်တဲ့နေရာမှာ ပြည်သူများ ကိုယ်တိုင်လည်း ဆင်းရဲတွင်းမှ လွတ်မြောက်ချင်သော စိတ်ဓါတ်များ ဖြစ်ပေါ်လာစေရေးသည် အလွန် အရေးကြီးသည့် အတွက် လူတိုင်းပညာတတ်ရန် လိုအပ်တဲ့အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဟာ အဓိကကျသည့် အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ဒါ့ကြောင့် လူဦးရေအများစု နေထိုင်သည့် ကျေးလက် ဒေသများအတွင်း ပညာရေးမြှင့်တင်ဆောင်ရွက်ပေးရန်နှင့် ပညာတတ် ကျေးလက် လူငယ်များ ပေါ်ထွန်းလာရေး အားပေး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်မှာ အလုပ်အကိုင် ရရှိရေးသည် အရေးကြီးတဲ့လုပ်ငန်းစဉ် ဖြစ်တဲ့အတွက် အလုပ်အကိုင်နှင့်အခွင့်အလမ်းများ အလွယ်တကူရရှိနိုင်မယ့် အထည်ချုပ်စက်ရုံများ၊ လယ်ယာကဏ္ဍကို အခြေခံတဲ့ Agro-base စက်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စား SME လုပ်ငန်းများ ဦးစားပေး ထူထောင်ဆောင်ရွက်ခြင်းဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများနှင့် ဆက်နွှယ် နေသည့်အတွက် အထူးအလေးထား ဆောင်ရွက်သွားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

လယ်ယာမြေကဏ္ဍဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ မြေယာအမှန်တကယ်မရှိသည့် တောင်သူများအား မြေယာများ ခွဲဝေပေးခြင်းသည် ဆင်းရဲမှုလျှော့ချရေးကို များစွာအထောက်အကူ

ဖြစ်စေတာ ဖြစ်တဲ့အတွက် အာမခံချက် ရှိသော မြေယာပိုင်ဆိုင်မှု အခွင့်အလမ်းများ ရရှိရေး ဆောင်ရွက်ပေးခြင်း၊ ဆင်းရဲနွမ်းပါးသူများ၊ အိုးမဲ့အိမ်မဲ့များ နေထိုင်နိုင်ရန်အတွက် သက်သာသောဈေးနှုန်း များဖြင့် Public Housing Projet များ ဆောင်ရွက်ပေးခြင်း တို့သည် Landless, Jobless, Homeless များကို လျော့ကျစေမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီဟာတွေကိုလည်း မြို့ကြီးပြကြီးတွေသာ မဟုတ်ဘဲ မြို့ငယ်လေးတွေမှာပါ အတတ်နိုင်ဆုံး စီမံဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကျေးလက်အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းပြီး လိုအပ်တဲ့ ရင်းနှီးငွေများကို သက်ဆိုင်ရာ ခရိုင်အလိုက် ညှိနှိုင်းပေါင်းစပ်ပြီး ချေးငွေရရှိရေး ပံ့ပိုးဆောင်ရွက်ပေးခြင်းဟာ ဆင်းရဲမှုလျှော့ချရေးအတွက် Home Industry လုပ်ငန်းများကို အားပေးမြှင့်တင်ရာရောက်တဲ့အတွက် အရင်း အနှီးလိုအပ်ချက်၊ နည်းပညာလိုအပ်ချက်နှင့် ဈေးကွက် ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖော်ထုတ်ရယူ ဖြည့်ဆည်း ဆောင်ရွက် ပေးသွားရမှာ ဖြစ်ပါတယ်။

အသေးစားငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး သည်လည်း လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်စွာ ပါဝင်နေတာကို တွေ့ရှိရသဖြင့် အသေးစားငွေချေးလုပ်ငန်းများ၊ သမဝါယမအစု အဖွဲ့လုပ်ငန်းများနှင့် ပြည်သူ ဗဟိုပြု ကျေးလက်ရန်ပုံငွေစီမံကိန်း (Village Fund Project) များကို ပိုမိုတိုးချဲ့ဆောင်ရွက်ဖို့နဲ့ တစ်နိုင်ငံလုံး အတိုင်းအတာအထိ လွှမ်းခြုံဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက် သွားကြမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား- နိုင်ငံတော် သမ္မတမှလည်း ကျေးလက်နေပြည်သူများ လိုအပ်နေတဲ့ ငွေကြေးအရင်းအနှီးကို





ရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

ကျွန်တော်တို့ အစိုးရရဲ့ ကျန်ရှိတဲ့ သက်တမ်းကာလ အတွင်းမှာ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် မြန်ဆန်ထိရောက်တဲ့ အကျိုးရလာဒ်ကောင်းတွေ ရရှိစေနိုင်မယ့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ရေရှည်အတွက် အခြေခံအုတ်မြစ်ချပေးရမယ့် လုပ်ငန်းများကို စီမံကိန်း ရည်မှန်းချက်များထားရှိ အကောင် အထည်ဖော် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မလို့ ကျွန်တော်တို့ ရငွေတိုးတက်ရရှိရေးနှင့် သုံးငွေများကို အကျိုးရှိစွာ သုံးစွဲ နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြအပ် ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအချက်အနေနဲ့ တင်ပြ လိုတာကတော့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိစ္စဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ဆင်းရဲမှုနှုန်းကို ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်မှာ (၁၆)ရာခိုင်နှုန်း ထိလျှော့ချနိုင်ဖို့ အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွင် အားလုံးပူးပေါင်းပါဝင်လျက် ရေရှည်တည်တံ့ခိုင်မြဲ မယ့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဖော်ဆောင်ရန် ကျေးလက်လူထု၏ စွမ်းဆောင်ရည် မြင့်မားလာရေးအတွက်ကို လူထုအခြေပြုအဖွဲ့ များ အားကောင်းလာစေပြီး ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ပေါ် လာစေရန် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ကျရောက် လာပါက ကျေးလက်ဒေသကို ထိခိုက်မှုလျော့ပါးစေပြီး တုံ့ပြန် ဆောင်ရွက်နိုင်မည့် လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ချက်တွေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ မူဘောင် တွေ ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ကျေးလက်ဒေသအထိရောက်အောင် အသေးစားငွေကြေးဝန်ဆောင်မှု (Microfinace) လုပ်ငန်းများဖြင့် ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း လမ်းညွှန်မိန့်ကြားထားပြီးဖြစ်တဲ့အတွက် ကျေးလက်နေပြည်သူများနှင့် ဝင်ငွေနည်းပြည်သူများထံ အသေးစားငွေကြေး ဝန်ဆောင်မှုများ ကျယ်ပြန့်စွာရောက်ရှိစေရေးနှင့် ရေရှည်တည်တံ့ခိုင်မာစေရေးအတွက် စဉ်ဆက်မပြတ်လေ့လာ သုံးသပ်ဆောင်ရွက်သွားကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူများ လိုအပ်နေတဲ့ အရင်းအနှီးများ ရရှိအောင် (Microfinace Bank )များကို ထူထောင်ဆောင်ရွက်နိုင်ရေး ရည်မှန်းဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေး လုပ်ငန်းဟာ ဦးစားပေးလုပ်ငန်းစဉ်(၁)အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့အတွက် ကျွန်တော်တို့ ကမ္ဘာ့ဘဏ်ရဲ့ နည်းပညာအကူအညီနဲ့ အမျိုးသားလျှပ်စစ်မီးရရှိရေးစီမံချက် (National Electrification Plan NEP)ကို သက်ဆိုင်ရာ ဝန်ကြီးဌာန များမှ ပူးပေါင်း ရေးဆွဲလျက်ရှိပါတယ်။ စီမံချက်အရ မဟာဓါတ်အားလိုင်း (National Grid) ကွန်ယက် တိုးချဲ့ခြင်းနှင့် ဓါတ်အားလိုင်းနှင့်အလှမ်းကွာဝေးသော ဒေသတွေမှာ Per-Electrification အစီအစဉ်များ ဖြစ်သည့် အသေးစားရေအားလျှပ်စစ်တွေ၊ နေရောင်ခြည်စွမ်းအင်သုံးကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နည်းလမ်းတွေ အသုံးပြု ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် Focal Ministry အဖြစ် တာဝန်ယူခဲ့တဲ့ စက်မှုဝန်ကြီးဌာနအစား လုပ်ငန်းသဘာဝနှင့်ကိုက်ညီသည့် လျှပ်စစ် စွမ်းအင်ဝန်ကြီးဌာနကို Focal Ministry အဖြစ် လွှဲပြောင်း တာဝန်ယူစေခဲ့ပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ကျေးလက် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး



D/real(wide) (9



ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည် ဘဏ္ဍာရေးအရင်းအမြစ် လိုအပ်ချက် ကြီးမားသလို စဉ်ဆက်မပြတ် ပုံမှန်ရရှိသွားရန်လည်း လိုအပ်ပါတယ်။ နိုင်ငံတော်ဘတ်ဂျက် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ပူးပေါင်း ထည့်ဝင်မှု တစ်သီးပုဂ္ဂလိကလှူဒါန်းငွေ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု စသည့် ဘဏ္ဍာရေးအရင်းအမြစ်များမှ စီးဝင်လာသည့် ရန်ပုံငွေများကို ဆင်းရဲနွမ်းပါးမှု တစ်ဦးချင်းစီ၏ မတည်ရင်းနှီးမှုငွေများ တိုးမြှင့်ရရှိအောင် ဆောင်ရွက် ပေးခြင်း၊ ဝင်ငွေတိုးတက်ရေး အထောက်အကူပြု လူမှုသက်သာချောင်ချိရေး ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝင်ငွေတိုးတက်ရေး အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်စေခြင်း၊ ဝင်ငွေတိုးပွားရေး လူမှုစီးပွားဖွံ့ဖြိုးရေး အထောက်အကူပြု လူမှုသက်သာချောင်ချိရေး ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝင်ငွေတိုးတက်ရေး အခွင့်အလမ်း များ တိုးတက်ဖြစ်ပေါ်စေခြင်း၊ ဝင်ငွေတိုးပွားရေး လူမှုစီးပွားဖွံ့ဖြိုးရေး အထောက်အကူပြု အခြေခံအဆောက်အဦများ ထူထောင်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင် တည်ငြိမ်မှုနှင့် ဂေဟစနစ်ဟန်ချက်ညီမှု ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းစဉ်များတွင် ထိရောက်စွာ အသုံးပြုသွားကြဖို့လိုမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဖွံ့ဖြိုးရေးရန်ပုံငွေတွေကို တစ်ဦးတစ်ယောက် တစ်ဖွဲ့၏ ကိုယ်ကျိုးစီးပွားအသုံးချမှုတွေ ကာကွယ်ဖို့အတွက် ဦးစားပေးလုပ်ငန်းများ သတ်မှတ်ရာ၌ အခြေခံရမည့်မူများနှင့် ဆောင်ရွက်ရန်နည်းလမ်း စီမံချက်သုံးပစ္စည်း ဝယ်ယူရေးဆိုင်ရာ လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းများ၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စီမံကိန်းနှင့်စပ်ဆက်၍ မကျေနပ်မှု၊ ဆုံးရှုံးနစ်နာမှုများ လက်ခံကြားနာ စစ်ဆေး အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စီမံကိန်းတိုးတက်မှု အကဲဖြတ်ခြင်းလုပ်ထုံး

လုပ်နည်းများ၊ စီမံကိန်းထောက်ပံ့မှုနှင့် အကျိုးရလာဒ် အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း ရေးဆွဲလိုက်နာ အကောင် အထည်ဖော် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ကျေးလက်စီမံကိန်းအရ ဆောင်ရွက်သောလုပ်ငန်းများ အရည်အသွေး ကောင်းမွန်စေရေးအတွက် စံချိန် စံနှုန်းများ ချမှတ်လမ်းညွှန်ပေးရန် လိုအပ်သလို စံချိန်စံနှုန်းပြည့်မီမှု စစ်ဆေးရေးအဖွဲ့များ အားလုံးပါ ဖွဲ့စည်း စစ်ဆေးသွားရန်လည်း လိုအပ်မှာ ဖြစ်ပါတယ်။ နေရာဒေသ၊ လူမျိုးဘာသာ၊ ကျား/မ မခွဲခြားဘဲအားလုံး တန်းတူညီတူ ကျေးလက်ဒေသဖွံ့ဖြိုးရေး အသီးအပွင့်ကို ခံစားရရှိမှာ ဖြစ်ပါတယ်။ ချမှတ်ထားသော ဥပဒေ လုပ်ထုံးလုပ်နည်းများ ညီ/မညီ စစ်ဆေးမှတ်ကျောက်တင်ခံနိုင်ရေး မှာလည်း တရားဥပဒေစိုးမိုးရေးသည် အရေးကြီးဆုံး ဖြစ်ပါတယ်။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် တိုင်းရင်းသားပြည်သူတွေ နစ်နာမှုမရှိစေရေး အတွက် မြေယာ ပြဿနာများကိုလည်း လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် အတွက် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီနှင့် တိုင်းဒေသ ကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းထားပြီး မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသော်လည်း အောက်ခြေ၌ ခရီး မရောက်ဘဲ ထိရောက်သော ဖြေရှင်းပေးမှုများ မရှိဆိုတဲ့ ဝေဖန်ထောက်ပြ နေမှုများ ရှိနေပါတယ်။ ဒါတွေကို ကျွန်တော်တို့ ဆက်လက်ဖြေရှင်း အောင်မြင်အောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေးကို အဓိက စီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ကိုင် နေရသည့် ကျေးလက်လူထုရဲ့ လယ်ယာစိုက်ပျိုးမြေများ ရရှိရေးသည် အဓိကကျပြီး လယ်ယာမြေပြဿနာများကို ထိရောက်စွာ ဖြေရှင်းပေးနိုင်မှုသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု



D/real(wide) (1



အတွက်ကို မဟာဓါတ်အားလိုင်း ပြင်ပစနစ်ဖြင့် လျှပ်စစ်ဓါတ်အား ရရှိရေး ဆောင်ရွက် ရတဲ့နေရာမှာ ဒေသနှင့်ကိုက်ညီသော နည်းလမ်းများအား ရှာဖွေ ဆောင်ရွက်သွားရန်နှင့် Mini Grid များ တည်ထောင်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါတယ်။

နိုင်ငံတော်က ချမှတ်ထားတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော် ပေးခြင်းဖြင့် ကျေးလက်နေပြည်သူလူထု တစ်ဦးချင်းဝင်ငွေ တိုးမြင့်လာစေပြီး ဆင်းရဲမှု လျှော့ချရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဟာ တစ်ကြိမ်တစ်ခါ ဆောင်ရွက်ရုံဖြင့် ပြီးစီးအောင်မြင် သွားသော လုပ်ငန်းများမဟုတ်ဘဲ တိုးတက်လာသော အခြေအနေ ကောင်းများ ရေရှည်တွင် ဆုတ်ယုတ်မသွားဘဲ ဆက်လက်တိုးတက် ကောင်းမွန်အောင် ဆောင်ရွက် ပေးသွားရမှာ ဖြစ်ပါတယ်။ တစ်ပွဲတိုးမဖြစ်စေဘဲ ရေရှည်တည်တံ့အောင်မြင်မှုကို ရည်ရွယ်လျက် ကောင်းမွန်သော စီမံလုပ်ဆောင်မှုလုပ်ငန်းစဉ် (Good Governance Process) ကို ချမှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသည့် ကျေးလက်အုပ်စုဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့ မြို့နယ်ဖွံ့ဖြိုးရေး အထောက် အကူပြု အဖွဲ့များဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ရသွားရမှာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား- ထင်သာမြင်သာမှုဟာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အဓိကကျပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးရေး ရန်ပုံငွေများကို ကျေးရွာများသို့ တိုက်ရိုက်ချပေးပြီး အဆိုပြု လုပ်ငန်းတွေမှာ ပြည်သူများ ယုံကြည်လက်ခံမှုသာ ပူးပေါင်းပါဝင်မှု မြင့်မားပြီး ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

လျှော့ချရေးလုပ်ငန်းစဉ်များကို တိုက်ရိုက်အကျိုးပြုစေသည့်အတွက် လယ်ယာမြေပြဿနာတွေကို ထိရောက်မြန်ဆန်စွာ ဖြေရှင်းပေးရန် ထိန်းကျောင်းကြပ်မတ်ပေးသွားရန် တိုက်တွန်းပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- နိဂုံးချုပ် အနေဖြင့် တတိယ အဆင့် အရှိန်အဟုန်မြှင့်တင်မှုအတွက် ဆောင်ရွက်လျက်ရှိတဲ့ ဒီမိုကရေစီ အခြေခံအုတ်မြစ် ခိုင်မာရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရေးအပိုင်းတွေကို တည်ဆောက်ရာတွင် ခွင့်ပြုသုံးစွဲငွေများနှင့် ဖော်ဆောင်မည့် လုပ်ငန်းစီမံကိန်းများ၊ ရည်မှန်းချက်အတိုင်း အောင်မြင်ဖို့ လိုအပ်ပါတယ်။ စီမံကိန်းတစ်ခု၊ လုပ်ငန်းတစ်ခု ထိရောက်အောင်မြင်စွာနဲ့ စဉ်တိုက်ဆက်တိုက် တိုးတက်မှုများ ဖြစ်ပေါ်စေရေး စီမံခန့်ခွဲမှုစက်ဝန်းဖြစ်သည့် Plan-do-Check-act Model တွေအတိုင်း မူဝါဒများအတိုင်း စီမံခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ဆန်းစစ်တည့်မတ်ခြင်းနှင့် ပြန်လည်သုံးသပ်ဆောင်ရွက်ခြင်းများကို အဆင့်လိုက် စီမံ ဆောင်ရွက် သွားကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအနေနဲ့ ကြည့်မယ်ဆိုရင် (၂၀၁၁)ခုနှစ်မှာ စတင်ပြီး မူဝါဒများချမှတ်ခဲ့ပြီး ယင်းမူဝါဒများအတိုင်း Plan ချမှတ်ထားပြီးဖြစ်ပါတယ်။ ထို့အတူ ပြီးခဲ့တဲ့ (၃)နှစ်တာကာလအတွင်းမှာလည်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း (do)အဆင့်ကို ဆောင်ရွက်နေခဲ့တာ ဖြစ်ပါတယ်။ ကျန်ရှိတဲ့ Check-act အဆင့်များဖြစ်တဲ့ ဆန်းစစ်တည့်မတ်ခြင်းနှင့် ပြန်လည်သုံးသပ်ဆောင်ရွက်ခြင်းများကို ယခုအချိန်မှာ ပြုလုပ်ရတော့မည်ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဌာနဆိုင်ရာများအကြား ပေါင်းစပ်



D/real(wide) (1



## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။ အစီအစဉ်(၇)ဖြစ်ပါတယ်။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၆)ဦးက မေးမြန်းသည့်မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်မှ တာဝန်ရှိပုဂ္ဂိုလ်များက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ပထမဦးစွာ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**အားလုံး မင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော ရှမ်းပြည် နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ **မိုးနဲမြို့နယ်မဲဆန္ဒနယ်(၂)မှ** လွှတ်တော်ကိုယ်စားလှယ်၊ စိုင်းမောင်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်း အမှတ်စဉ်(၁)ကတော့ ဒေသခံတောင်သူလယ်သမားနဲ့ S.S.S ပြည်သူ့စစ်အဖွဲ့အကြား အငြင်းပွားမှုတွေ ဒေသခံတောင်သူများအား ယာယီလုပ်ပိုင်ခွင့်များ ထုတ်ပေးပြီး ဖြစ်ပါတယ်။ သို့သော် လယ်သမား ဦးထွန်းရွှေ၊

စိုင်းလောဝ်ခမ်း အပါအဝင် လယ်သမား(၂၈)ဦးသည် ယာယီ လုပ်ပိုင်ခွင့် ရပင်ရသော်ငြား S.S.S ပြည်သူ့စစ် တပ်ဖွဲ့မှ တပ်ဖွဲ့ ပိုင်မြေ မကျူးကျော်ရ ဆိုင်းဘုတ် လာရောက် စိုက်ထူထားပါသဖြင့် တာဝန်ရှိသူများမှ ဖြေရှင်း ပေးပါရန် ၉-၆-၂၀၁၄ ရက်နေ့တွင် တင်ပြထားပြီး ဖြစ်ပါတယ်။ ယခု မေးခွန်း မေးမြန်းတဲ့ အချိန်အထိ သက်ဆိုင်ရာ ဒေသန္တရအဆင့် အာဏာပိုင်များကလည်း S.S.S ပြည်သူ့စစ်တပ်ဖွဲ့ကို ဆိုင်းဘုတ်ပြန်လည် ဖြုတ်သိမ်းပေးဖို့ (၂)ကြိမ်တိုင်တိုင် ညှိနှိုင်းထားပြီး ဖြစ်ပါတယ်။ သို့သော်လည်း ယနေ့အထိ ဆိုင်းဘုတ်က ကျွန်တော်တို့ကို ပြက်ရယ်ပြုမြဲ ဖြစ်ပါတယ်။ ဒီဆိုင်းဘုတ်ကို တွေ့မြင်မိတဲ့ အကြိမ်တိုင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုများ ပြက်ရယ်ပြု နေသလားလို့ ခံစားချက်ဖြင့် ကျွန်တော် S.S.S ကိစ္စနှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်လွှတ်တော်ကို အကြိမ်ကြိမ် တင်ပြနေရခြင်း ဖြစ်ပါတယ်။ ယခုအချိန်ထိ ဆောင်ရွက်ပေးခြင်း မရှိသေးပါသဖြင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် တင်ပြ မေးမြန်း အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရ မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။**

**ဦးစိုင်းဆာလူ၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြ ပါစေလို့ ဦးစွာ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး



D/real(wide) (1



ညှိနှိုင်းမှုတွေ ကဏ္ဍအလိုက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအပေါ် ဆန်းစစ်ပြီး ပြင်ဆင်ဆောင်ရွက် သင့်သည်များအား ပြန်လည်သုံးသပ် ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။ ကျေးလက် ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဆောင်ရွက် နေသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကနေ့နိုင်ငံတော် သမ္မတမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အနေအထားအရ ဘဏ္ဍာငွေရရှိသုံးစွဲမှု လမ်းညွှန်မှာကြားချက်၊ ဆင်းရဲမှု နှုန်းကို ၂၀၁၅ ခုနှစ်မှာ ၁၆ ရာခိုင်နှုန်းထိ လျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းပြီး လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး တာဝန်ရှိသော အုပ်ချုပ်ရေးအဖွဲ့ အစည်းနှင့် ဌာနဆိုင်ရာများ အနေဖြင့် ဦးစားပေး အစီအစဉ်အလိုက် စနစ်တကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းကို ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေပုဒ်မ (၃၈)၊ ပုဒ်မခွဲ (ဂ)အရ ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

နှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ ဖြစ်ပါတယ်။ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး မေးမြန်းထားတဲ့ ဒေသခံ တောင်သူ လယ်သမားများနှင့် S.S.S ပြည်သူ့စစ်အဖွဲ့အကြား အငြင်းပွားမှုတွင် ဒေသခံ တောင်သူများအား ယာယီ လုပ်ပိုင်ခွင့်များ ထုတ်ပေးပြီး ဖြစ်ပါသည်။ သို့သော် ဦးထွန်းရွှေ၊ စိုင်းလောဝ်ခမ်း အပါအဝင် တောင်သူ(၂၈)ဦး သည် ယာယီလုပ်ပိုင်ခွင့် ရပင်ရငြားသော်လည်း S.S.S မှ “တပ်ဖွဲ့ပိုင်မြေ မကျူးကျော်ရ” ဆိုင်းဘုတ် လာရောက်စိုက်ထူထားသဖြင့် တာဝန်ရှိသူများက ဖြေရှင်းပေးပါရန် ၉-၆-၂၀၁၄ နေ့တွင် တင်ပြထားသော်လည်း ယခု မေးခွန်းမေးမြန်းသည့် အချိန်အထိ ဆောင်ရွက်ပေးခြင်း မရှိသေးပါသဖြင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုပါသည်နှင့် ပတ်သက်ပြီး မေးမြန်းချက်ပါ ဖော်ပြထားသော မြေနေရာသည် လင်းခေးခရိုင်၊ မိုးနဲမြို့၏ အရှေ့ဘက်(၅)မိုင်ခန့်အကွာတွင် တည်ရှိပြီး ဌာနေပြည်သူ့စစ်အဖွဲ့နှင့် ဒေသခံ တောင်သူများ အငြင်းပွားမှုဖြစ်ပေါ်ခဲ့သဖြင့် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်မှ သိမ်းဆည်းမြေ များအပေါ် ပြန်လည်စွန့်လွှတ်သည့် မြေများ အစီရင်ခံစာအပိုင်း(၅)တွင် ပါဝင်ခဲ့ပြီး ဖြေရှင်းဆောင်ရွက်ခဲ့ရသော နေရာဖြစ်ပါသည်။ ယာယီလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၃)များ ထုတ်ပေးဆောင်ရွက်ခဲ့သည့် ဧရိယာဧက(၁၂၅၀) တွင် ပါဝင်ပြီး စုစုပေါင်းအားဖြင့် ဧက(၇၀)ခန့်ရှိ မြေဖြစ်ပါသည်။ တင်ပြသည့် မြေနေရာသည် မိုးနဲမြို့နယ်မြေစာရင်းဦးစီးဌာနရှိ စာရင်း မြေပုံမှတ်တမ်းအရ မြေလွတ်၊ မြေရိုင်းအမျိုးအစားအဖြစ် စာရင်းမှတ်သားထားရှိကြောင်း စိစစ်တွေ့ရှိရပါသည်။





ကို ကြံမျိုးထုတ်ရန် လျာထားသဖြင့် လည်းကောင်း၊ ဌာနေပြည်သူ့စစ်အနေဖြင့် ယခင်သဘောတူညီသည့် အချိန်တွင် တောင်သူ (၂၈)ဦး တောင်းဆိုသည့် မြေဧရိယာ(၇၀)ဧကခန့်သည် စွန့်လွှတ်မြေဧရိယာ(၁၂၅၀)ဧကတွင် မပါဝင်ဟု ထင်မြင်ခဲ့သဖြင့် ယခုအခါ ကန့်ကွက်တင်ပြခြင်း၊ ဆိုင်းဘုတ် စိုက်ထူခြင်းများ ပြုလုပ်ခြင်းဖြစ်ကြောင်း စိစစ် တွေ့ရှိရ ပါသည်။ သို့ဖြစ်ပါ၍ ယခုမြေနေရာကိစ္စနှင့်ပတ်သက်၍ ဌာနေပြည်သူ့စစ်အဖွဲ့ အနေဖြင့် အထက်တွင် ဖော်ပြ ခဲ့သည့်အတိုင်း ၄င်းတို့အခြေစိုက်သည့် ကျေးရွာနှင့်ဆက်စပ် လျက်ရှိသော နေရာဖြစ်သဖြင့်လည်းကောင်း၊ ၄င်းတို့ အနေဖြင့် ခုတ်ထွင်ရှင်းလင်းထားသော မြေနေရာ ဖြစ်သဖြင့် လည်းကောင်း၊ ကန့်ကွက်နေခြင်း ဖြစ်သောကြောင့် ယခု မြေနေရာကို လုပ်ကိုင်ခွင့်ရလိုသော တောင်သူ(၂၈)ဦး အနေဖြင့် အနီးဝန်းကျင်ရှိ အခြားလွတ်ကင်းသော မြေနေရာများကို အစားထိုး လုပ်ကိုင်ခြင်းဖြင့် နှစ်ဖက်စလုံး ညှိနှိုင်းပြေလည်နိုင်မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကံ က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကံ ဖြစ်ပါတယ်။ မိုင်းရှူးမြို့သည် မြို့ပေါ်(၄)ရပ်ကွက်၊ အိမ်ခြေပေါင်း(၁၇၁၅)အိမ်၊

အိမ်ထောင်စုပေါင်း(၁၇၁၈)စု၊ လူဦးရေစုစုပေါင်း(၉၄၅၈)ဦးနှင့် မြို့နှင့်တစ်ဆက်တည်း တည်ရှိသော မြို့မပေါင်စွဲအုပ်စု အိမ်ခြေပေါင်း(၄၂၁)အိမ်၊ အိမ်ထောင်စုပေါင်း(၄၂၂)စု၊ လူဦးရေစုစုပေါင်း (၂၃၀၉)ဦး ရှိကြပါသည်။ လက်ရှိ ပုဂ္ဂလိကမီးပေးဝေရေးမှ မြို့ပေါ် (၄)ရပ်ကွက်နှင့် မြို့မပေါင်စွဲ အုပ်စုအတွင်းမှ ဂျူလိုင်ရွာ အပါအဝင် အစိုးရမီတာဘောက်စ်ပေါင်း(၆၃၀)လုံးနှင့် ပုဂ္ဂလိက မီတာဘောက်စ်ပေါင်း (၃၀၀)လုံး၊ စုစုပေါင်းအလုံး (၉၃၀)ကျော် မီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေပါသော်လည်း မိမိအား မီးအား ထုတ်လုပ်ပေးဝေနိုင်မှု အခြေအနေမှာ မြို့နေပြည်သူများတွင် မီးလင်းရေး စီးပွားဖြစ် အသုံးချနိုင်ရေးနှင့် စက်မှု လုပ်ငန်းအသုံးချနိုင်ရေးအတွက် လုံလောက်သော အသုံးချပေးဝေနိုင်ခြင်း မရှိဘဲ လူနေမှုဘဝ နိမ့်ကျနေရပါသည်။ ထို့ကြောင့် မြို့ပေါ်နေပြည်သူများနှင့် မြို့မပေါင်စွဲ အုပ်စုအတွင်း နေထိုင်လျက်ရှိကြသော ပြည်သူများအားလုံး တို့သည် ကျိုင်းတောင်းမဟာလျှပ်စစ်ဓါတ်အားလိုင်းမှ လျှပ်စစ်ဓါတ်အား ဖြန့်ဝေပေးခြင်းများကို စောင့်မျှော်နေခဲ့ ကြသည်မှာ ယနေ့အချိန်ထိ ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်၊ မတ် လကုန်တွင် မိုင်းရှူးမြို့နေ ပြည်သူများအတွက် ကျိုင်းတောင်းမဟာလျှပ်စစ်ဓါတ်အား ဖြန့်ဝေပေးရေး လုပ်ငန်းအားလုံး အပြီးသတ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး မီးဖြန့်ဝေပေးမည်ဟု သတင်းစာများထဲမှာ ဖတ်ရှုသိရှိရပါသဖြင့် မြို့နေပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်နေ ကြပါသည်။ ယနေ့အထိ မိုင်းရှူးမြို့၊ ကျိုင်းတောင်းမဟာလျှပ်စစ်ဓါတ်အား ဖြန့်ဝေပေးရေးအတွက် ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်တွင် ဓါတ်တိုင်ပေါင်း(၁၇၆)တိုင် စိုက်ထူပြီး ကြွေမီးသီးများ၊ မီးကြိုးလိုင်းများ သွယ်တန်းခြင်း လုပ်ငန်းများနှင့် ထရန်စဖော်များအချို့ ဆောက်လုပ်ပြီးစီး ခဲ့သည်ကို တွေ့ရှိရပါသည်။ ထပ်မံလိုအပ်နေသေးသော နားမိုင်ရွာနှင့်ကပ်လျက် တည်ဆောက်မည့် 11 KV/5 MA ပင်မ ဓါတ်အားခွဲရုံကြီး တည်ဆောက်ခြင်း၊





၎င်းနေရာသည် ယခင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ၂၀၀၈ ခုနှစ်၌ S.S.S ပြည်သူ့စစ်အဖွဲ့မှ ထိုစဉ်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးထံ ငြိမ်းချမ်းရေး ရယူခဲ့သော ၎င်းတို့အဖွဲ့ဝင်များ အခြေချနေထိုင်ရန်အတွက် ယခု ဆိုင်းဖယ်ရွာသစ် မြေနေရာနှင့်ဝန်းကျင်ရှိ ဧရိယာ ဧက(၅၀၀၀)ခန့်အား တင်ပြတောင်းခံခဲ့ပြီး ထိုကာလမှစ၍ ကျေးရွာသစ် တည်ထောင်ကာ နေထိုင်ခဲ့ပါသည်။ ၎င်းတို့အနေဖြင့် ၎င်းမြေယာများအား ပိုင်ဆိုင်လုပ်ကိုင်နိုင်သည်ဟု ယူဆပါသည်။ သို့ရာတွင် ဒေသခံတောင်သူများ အနေဖြင့်လည်း ၎င်းတို့၏ မိဘ၊ဘိုးဘွားများ လုပ်ကိုင်ခဲ့သော နေရာများဖြစ်သည်ဟုဆိုကာ လုံခြုံရေး တိုးတက်လာသည့် ယခုအစိုးရကာလတွင် မြေနေရာ ပြန်လည်တောင်းခံမှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့နောက် စွန့်လွှတ်မြေများနှင့် ပတ်သက်၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး စုံစမ်းရေး ကော်မရှင်၏ အစီရင်ခံစာအပိုင်း(၅)တွင် အမှုတွဲ တစ်ခုအဖြစ် ပါဝင်ခဲ့ပြီး နှစ်ဖက်သဘောတူညီမှုအရ တောင်သူ(၄၁၇)ဦး တောင်းဆိုသည့် ဧရိယာ(၁၂၅၀)ဧကအား ပြည်သူ့စစ်အဖွဲ့ အနေဖြင့် စွန့်လွှတ်ပေးရန် သဘောတူညီခဲ့ပါသည်။ ထိုကဲ့သို့ သဘောတူညီချက်အရ ယာယီလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၃) ထုတ်ပေးပြီးသည်အထိ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ဌာနေပြည်သူ့စစ်အဖွဲ့ အနေဖြင့် ယခု အငြင်းပွားလျက်ရှိသည့် မြေဧရိယာ(၇၀)ဧကခန့်သည် ၎င်းတို့တပ်ဖွဲ့ အနေဖြင့် ခက်ခဲစွာ ဖော်ထုတ်ရှင်းလင်းထားခဲ့ပြီးသော မြေဖြစ်သဖြင့် လည်းကောင်း၊ ၎င်းတို့ အခြေစိုက်သော ကျေးရွာအိမ်ခြေနှင့် တစ်ဆက်တစ်စပ်တည်း ရှိသဖြင့်လည်းကောင်း၊ ဌာနေပြည်သူ့စစ် အဖွဲ့ဝင်များ သက်သာချောင်ချိရေး၊ ဝင်ငွေရရှိရေးအတွက် တည်ထောင်မည့် သကြားစက် လုပ်ငန်းသုံး ကြံစိုက်ပျိုးရန် မြေနေရာ

လိုအပ်သော စက်ပစ္စည်းများ တပ်ဆင်ခြင်း၊ ထပ်မံ လိုအပ်နေသော မြို့တွင်းနှင့် မြို့ဆင်ခြေဖုံး ဓါတ်တိုင်ပေါင်း (၄၃၁)တိုင်ကျော်၊ ကြေသီးများ၊ မီးကြိုးများ ၄၀၀ ဓါတ်အားလိုင်းများ 200 KVA ထရန်စဖော်မာများ၊ မိုင်းနောင်မှ မိုင်းရှူးသို့ သွယ်တန်းစိုက်ထူမည့် ဓါတ်တိုင်များ၊ ကြေသီးများ၊ မီးကြိုးလိုင်းများ သွယ်တန်းပေးခြင်းလုပ်ငန်းများတွင် မိုင်းရှူးမြို့ပေါ်တွင် ဆင်ခြေဖုံးသဖွယ် တည်ရှိသည့် မြို့မပေါင်စွဲအုပ်စုအတွင်း နေထိုင်ကြသော ပြည်သူများတို့အတွက် ကျိုင်းတောင်းမဟာလျှပ်စစ်ဓါတ်အား ဖြန့်ဝေပေးရေးမှ လျှပ်စစ်ဓါတ်အားရရှိရေးတို့တွင် တည်ဆောက်ပေးရန် လုပ်ငန်းများစွာ လိုအပ်နေသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါသဖြင့် ၂၀၁၅ ခုနှစ်၊ မတ်လကုန်အထိ မြို့ပေါ်(၄)ရပ်ကွက်နှင့် မြို့မပေါင်စွဲအုပ်စု မီးလင်းနိုင်ရေးအတွက် လိုအပ်နေသော မိုင်းနောင်မှ မိုင်းရှူးဓါတ်အား လိုင်းသွယ်တန်းမှုများ၊ ဓါတ်တိုင်ပေါင်း(၄၃၀)ကျော်၊ ကြေသီးများ၊ မီးကြိုးများ၊ ထရန်စဖော်မာများ၊ ဓါတ်အားခွဲရုံ အဆောက်အဦများတို့ကို အချိန်မီ တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသောကြောင့် ပြည်သူလူထုများကိုယ်စား ဤမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။**

**ဦးစိုင်းထွန်းရင်၊ ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေ။ ကောင်းမွန်တဲ့ လိုအင်ဆန္ဒများ





၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ BE ဘတ်ဂျက် (ခရီးစဉ်လမ်းညွှန်ချက်၊ လွှတ်တော် ကတိကဝတ် အရေးပေါ်)ဖြင့် မိုင်းရှူးမြို့ပေါ်တွင် အောက်ဖော်ပြပါ လုပ်ငန်းများ ထပ်မံဆောင်ရွက်နိုင်ရန် ထည့်သွင်း တင်ပြထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်- မိုင်းရှူးမြို့၊ အမှတ်(၂)ရပ်ကွက်တွင်

(က) ၁၁/၀. ၄ ကေဗွီ နှစ်ထပ်ဓါတ်အားလိုင်း (၁)မိုင်
(ခ) ၁၁/၀. ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ(၁)လုံး
(ဂ) ၄၀၀ ဗို့ ဓါတ်အားလိုင်း (၁. ၅)မိုင်တည်ဆောက်ခြင်း

မိုင်းရှူးမြို့၊ အမှတ်(၄)ရပ်ကွက်တွင်

(က) ၁၁/၀. ၄ ကေဗွီ နှစ်ထပ်ဓါတ်အားလိုင်း(၁)မိုင်
(ခ) ၁၁/၀. ၄ ကေဗွီ ၂၀၀ ကေဗွီအေထရန်စဖော်မာ(၁)လုံး
(ဂ) ၄၀၀ ဗို့ ဓါတ်အားလိုင်း(၁)မိုင်တည်ဆောက်ခြင်း

စတဲ့လုပ်ငန်းများ ကျွန်တော်တို့ ၂၀၁၅-၁၆ BE ဘတ်ဂျက် ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်မှာ ထည့်သွင်းပြီး ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးယာကုပ် က မေးခွန်း(၁ နှင့် ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးယာကုပ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယာကုပ် မှ တင်ပြမေးမြန်းလိုသည့်

ကြယ်ပွင့်ပြ မေးခွန်း- ရိုသေလေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ကိုယ်၏ကျန်းမာခြင်းနှင့် စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယာကုပ် ဖြစ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်သော ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ပြည်သူတို့ရဲ့ လိုအပ်ချက်၊ ပြည်သူတို့၏ဆန္ဒများကို တင်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ စည်းရုံးရေးသည် အောင်နိုင်ရေး၊ အောင်နိုင်ရေးသည် အောင်မြင်ရေးဖြစ်ကြောင်း၊ မေးမြန်းလိုသည့် အချက်ကတော့- (၁) မိုင်းခတ်မြို့နယ်၊ နောင်လုံး ကျေးရွာအုပ်စု၊ လားဟူပန်တောက်ရွာ၊ အိမ်ခြေ(၃၇)အိမ်တို့အား လမ်းဖောက်လုပ်ပေးနိုင်ရေး၊ (၂) မိုင်းခတ်မြို့နယ်၊ ဝမ်အွန်ကျေးရွာအုပ်စု၊ လားဟူဝမ်ပုံကျေးရွာ၊ အိမ်ခြေ(၅၀)အိမ်တို့အား လမ်းဖောက်လုပ်ပေးနိုင်ရေး၊ မိုင်းခတ်မြို့နယ်၊ နောင်လုံးကျေးရွာအုပ်စုနှင့် မိုင်းခတ်မြို့နယ်၊ ဝမ်အွန်ကျေးရွာအုပ်စု(၂)အုပ်စုသည် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသော ကျေးရွာဖြစ်သဖြင့် သွားလာရာမှာ အဆင်မပြေ ကြုံတွေ့နေရပါသည်။ အချို့သောနေရာမှာ လမ်းအကျယ် (၄)ပေ၊(၅)ပေသာ ရှိပါကြောင်း၊ ပေပေါင်း(၅၀၀၀)ခန့်မြင့်သော ဘီလူးမတောင်တန်းပေါ်မှ ဖြတ်ကျော်သွားသော လမ်းကြမ်းဖြစ်သည့်အလျောက် တောင်တက်၊ တောင်ဆင်း များပြားလှပါသည်။ ဘီလူးမ တောင်နှင့် ပန်တောက်ရွာသို့ (၁၂)မိုင်သာရှိပြီး၊ ပန်တောက်လားဟူရွာရှိ ဝမ်ပုံရွာအထိ (၅)မိုင်ရှိပါသည်။ ထိုဒေသသည် လမ်းပန်းဆက်သွယ်ရေး





ပြည့်ဝကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကံ က မေးမြန်းသည့် ၂၀၁၅ ခုနှစ်၊ မတ်လပိုင်း တွင် မိုင်းရှူးမြို့ပေါ်(၄)ရပ်ကွက်နှင့် မြို့ဆင်ခြေဖုံးများတို့၌ ကျိုင်းတောင်းမဟာဓါတ်အား ဖြန့်ဖြူးရေး၊ တည်ဆောက်ရေးလုပ်ငန်း အပြီးတည်ဆောက်ပေးသွားပါမည်ဟု သိရှိရပါသော်လည်း ယနေ့ထိ မီးတိုင်ပေါင်း(၄၃၁)တိုင်၊ ကြွေသီးများ၊ မီးကြိုးများ၊ ထရန်စဖော်မာများ ထပ်မံတည်ဆောက်ပေးရန် လိုအပ်နေပါသည်။ သို့ဖြစ်ပါသဖြင့် ထပ်မံလိုအပ်နေသော ဓါတ်တိုင်များ၊ ကြွေသီးများ၊ မီးကြိုးများနှင့် ထရန်စဖော်မာများ ထပ်မံတည်ဆောက်ပေး ပါရန် အစီအစဉ် ရှိ/မရှိ ပြည်သူလူထုကိုယ်စား သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့တွင် ဓါတ်အားစနစ်မှ ဓါတ်အားသုံးစွဲနိုင်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရ ဘတ်ဂျက်ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်-

(က) ၁၁/၀.၄ ကေဗွီ နှစ်ထပ်ဓါတ်အားလိုင်း (၁.၅)မိုင် တည်ဆောက်ခြင်း

(ခ) ၄၀၀ ဗို့ ဓါတ်အားလိုင်း (၂)မိုင် တည်ဆောက်ခြင်း

(ဂ) ၁၁/၀.၄ ကေဗွီ၊ (၃၁၅)ကေဗွီအေ ထရန်စဖော်မာ(၃)လုံး တည်ဆောက်ခြင်းတို့ကို ၂၀၁၂- ၂၀၁၃ တွင် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါတယ်။

ခက်ခဲမှုကြောင့် စီးပွားရေး နှောင့်နှေး မဖွံ့ဖြိုးသေးသည့်အတွက် လူနေမှု အဆင့်အတန်း နိမ့်ကျ၍ ဆင်းရဲမွဲတေသည့် ဘဝသို့ ရောက်ရှိခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၄င်းကျေးလက် (၂)ခု အတွက် လမ်းဖောက်လုပ်ပေးနိုင်ရေး အစီအစဉ် ရှိ/မရှိ ရှိပါက မည်သည့်အချိန် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဒုတိယမေးခွန်းလည်း ပါပြီးပြီလား။ ပါပြီးပြီနော်။

**ဦးယာကုပ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ပါပြီးပြီ။**

**ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။**

**ဦးစိုင်းဆာလူ၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယာကုပ် ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးမှ ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းအမှတ်(၁)ဖြစ်တဲ့ မိုင်းခတ် မြို့နယ်၊ နောင်လုံကျေးရွာအုပ်စု၊ လားဟူပန်တောက်ရွာ အိမ်ခြေ (၃၇)အိမ်တို့အား လမ်းဖောက်လုပ်ပေးနိုင်ရေး အစီအစဉ် ရှိ/မရှိ ရှိပါက မည်သည့်အချိန် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလို ပါသည်နှင့် ပတ်သက်၍ မိုင်းခတ်မြို့နယ်၊ နောင်လုံကျေးရွာအုပ်စု၊ လားဟူပန်တောက်ကျေးရွာသွားလမ်းသည် မိုင်းခတ်-မိုင်းညွင်း ကျေးရွာသွားလမ်း မိုင်တိုင်အမှတ်(၁၄)မှ ပန်တောက် ကျေးရွာအထိ (၁၂)မိုင်ရှည်လျားပြီး လက်ရှိမြေသားလမ်းအကျယ်မှာ (၅)ပေရှိ၍ မော်တော်ဆိုင်ကယ်နှင့် ခြေလျင်ခရီးသာ သွားလာအသုံးပြု





ခွင့်ပြုရန်ပုံငွေ ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ် ခင်ဗျာ။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးက ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**

ရှမ်းပြည်နယ်၊လင်းခေးခရိုင်အတွင်းရှိ ခိုလမ်- ကျိုင်းတောင်းလမ်း၊ မိုးနဲ-ကျိုင်းတောင်း-ဆိုက်ခေါင်-ကွန်ဟိန်းလမ်း၊ ကျိုင်းတောင်း- မိုင်းပန်လမ်းတို့အား ဆောင်ရွက်ပေးမည့် အခြေအနေကို သိရှိလိုသည့် မေးခွန်းဖြစ်ပါတယ်။ မေးခွန်းပါ လမ်းပိုင်းများသည် ယခင် အစိုးရမင်း လက်ထက်၌ သစ်ထုတ်လမ်း၊ ဆင်သွားလမ်း များသာ ဖြစ်ပါတယ်။ ထုံးကြမ်းခင်းပြီးတော့ လမ်းအင်မတန်မှ ကြမ်းတမ်းတဲ့ လမ်းပိုင်းများ ဖြစ်ပါတယ်။ သို့သော်လည်းဘဲ လက်ရှိ အစိုးရလက်ထက်မှာ နိုင်ငံတော်မှ ချမှတ် ပေးသော ဘတ်ဂျက်များနဲ့ ဒေသခံများ အိမ်မက်ပင် မမက်ဘူးတဲ့ အနေအထားမျိုး ဖြစ်ပေါ် တိုးတက်လျက်ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ရှမ်းပြည်နယ်၊ လင်းခေး ခရိုင်အတွင်းရှိ ခိုလမ်-ကျိုင်းတောင်းလမ်း၊ မိုးနဲ-ကျိုင်းတောင်း- ဆိုက်ခေါင်-ကွန်ဟိန်းလမ်း၊ ကျိုင်းတောင်း-မိုင်းပန်လမ်းတို့အား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းများအဖြစ် တည်ဆောက်ပေးနေသော လုပ်ငန်းအစီအမံများကို မည်သည့် အချိန်၌ စီမံကိန်း အပြီးသတ် ဆောင်ရွက်ပေးမည့် သတင်းကောင်း ကို မဲဆန္ဒရှင် လုပ်သားပြည်သူများထံအပါး သတင်းကောင်း ပေးနိုင်ဖို့ မေးခွန်းတင်ပြ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါ တယ်ခင်ဗျာ။



D/real(wide) (1

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျာ။ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ကြီး မေးမြန်းတဲ့ လမ်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် စိုင်းနော်ခမ်း က ဖြေကြားပေးပါ့မယ်။ ခိုလမ်-ကျိုင်းတောင်း လမ်းဟာ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော လမ်းဖြစ်ပြီးတော့ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင် တာဝန်ယူ ဆောင်ရွက်တဲ့ လမ်းဖြစ်ပါတယ်။ မိုင်တိုင်အမှတ် (၀-၀)ကနေ (၄၁-၀)အထိ (၄၁)မိုင် ဖြစ်တဲ့ လမ်းဖြစ်ပါတယ်။ ၎င်းလမ်းပိုင်းဟာ ၃၀-၃-၂၀၁၄ ရက်နေ့ အထိ အမျိုးအစားကတော့ ကျွန်တော်တို့ ဘတ်ဂျက်တွေ ပြီးတော့မယ့် လမ်းအမျိုးအစား အနေနဲ့ ကတ္တရာလမ်း ၁၃ မိုင် ၅ ဖာလုံ၊ ကျောက်လမ်း ၂၇ မိုင် ၃ဖာလုံ) ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ဘတ်ဂျက်နှစ်မှာ ကျောက်လမ်းကနေ ကတ္တရာလမ်း အဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၂ မိုင် ၅ ဖာလုံ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရန် ကျန်ရှိတဲ့ ကျောက်လမ်း ၄ မိုင် ၆ ဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် လျာထားရေးဆွဲတင်ပြပြီး ရန်ပုံငွေရရှိပါက လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ပြီးတာနဲ့ ခိုလမ်-ကျိုင်းတောင်းလမ်းပိုင်းဟာ ကတ္တရာလမ်းအဖြစ် စီမံကိန်း အပြီးသတ် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မိုးနဲ(နားခံ)-ကျိုင်းတောင်း-ဆိုက်ခေါင်-ကွန်ဟိန်းလမ်းဟာ လင်းခေးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ ဆောင်ရွက်ပြီး





နိုင်သော တောလမ်းသာ ဖြစ်ပါသည်။ အဆိုပါ လမ်းအရှည် (၁၂)မိုင်အား မြေသားလမ်းဖောက်လုပ်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေစရိတ် ငွေကျပ်(၁၈၀)သန်းခန့် ကုန်ကျမည်ဖြစ်ပြီး အိမ်ခြေ(၃၇)အိမ်၊ လူဦးရေ(၁၄၆)ဦးအား အကျိုးပြုနိုင်မည် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော လမ်းအရှည်(၁၂)မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းအား ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်နိုင်ခြင်း မရှိပါသဖြင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေ ရရှိနိုင်ရေး လျာထားတင်ပြ၍ ခွင့်ပြုရန်ပုံငွေ ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး မေးခွန်းအမှတ်(၂)ဖြစ်တဲ့ မိုင်းခတ်မြို့နယ်၊ ဝမ်အွန်ကျေးရွာအုပ်စု၊ လားဟူဝမ်ပုံကျေးရွာ အိမ်ခြေ(၅၀)အိမ်တို့အား လမ်းဖောက်လုပ် ပေးနိုင်ရေး အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန် ဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုပါသည် မေးခွန်းနှင့်ပတ်သက်၍ မိုင်းခတ်မြို့နယ်၊ ဝမ်အွန်ကျေးရွာအုပ်စု၊ လားဟူဝမ်ပုံ ကျေးရွာသွားလမ်းသည် ပန်တောက်ကျေးရွာမှ ဝမ်ပုံကျေးရွာအထိ (၅)မိုင်ရှည်လျားပြီး လက်ရှိ မြေသားလမ်း အကျယ်မှာ (၅)ပေသာရှိ၍ မော်တော်ဆိုင်ကယ်နှင့် ခြေလျင်ခရီးသာ သွားလာအသုံးပြုနိုင်သော လမ်းဖြစ်ပါတယ်။ အဆိုပါ လမ်းအရှည် (၅)မိုင်အား မြေသားလမ်း ဖောက်လုပ်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် (၇၅)သန်းခန့် ကုန်ကျမည်ဖြစ်ပြီး အိမ်ခြေ(၅၀)အိမ်၊ လူဦးရေ(၂၃၉)ဦးအား အကျိုးပြုနိုင်မည် ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော လမ်းအရှည်(၅)မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းအား ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်နိုင်ခြင်း မရှိပါသဖြင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေရရှိရေး လျာထားတင်ပြ၍

၎င်းလမ်းပိုင်းဟာ မိုင်တိုင်အမှတ်(၀)ကနေ (၄၅-၀)အထိ၊ မိုင်တိုင်
အမှတ်(၅၀)ကနေ (၇၅-၀)အထိ စုစုပေါင်း(၇၀)မိုင် တည်ရှိပါတယ်။
၎င်းလမ်းပိုင်းရဲ့ ၁၃-၃-၂၀၁၄ ရက်နေ့ လမ်းအမျိုးအစားကတော့
ကတ္တရာလမ်း ၁၃ မိုင် ၅ ဖာလုံ၊ အမာခံလမ်း ၃၁ မိုင် ၃ ဖာလုံ၊
မြေလမ်း(၂၅)မိုင် ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ
အမာခံလမ်းမှ ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း ၁၉ မိုင် ၄ ဖာလုံ
၃၀၀ ပေ တိတိ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆
ဘဏ္ဍာရေးနှစ်မှာ အမာခံလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်
မြှင့်တင်ခြင်း ၁၁ မိုင် ၆ ဖာလုံနဲ့ ၃၆၀ ပေ ဆောင်ရွက်ရန် လျာထား
ရေးဆွဲထားပြီးတော့ ရန်ပုံငွေရရှိမည်ဆိုပါက ၎င်းဘဏ္ဍာရေးနှစ်
အကုန်မှာ မိုင်တိုင်အမှတ်(၀-၀) ကနေပြီး မိုင်တိုင် (၄၅-၀)အထိ
(၄၅)မိုင်အားလုံးကို ကတ္တရာလမ်းအဖြစ် တစ်ဆက် တစ်စပ်တည်း
အသုံးပြု၍ ရတော့မယ့်လမ်းတစ်လမ်း ဖြစ်ပါတယ်။ ကျိုင်းတောင်း-
မိုင်းပန်လမ်းဟာ မိုင်တိုင်အမှတ်(၀-၀)သည် (၄၆-၀)အထိ ၄၆
မိုင် တည်ရှိပြီး လင်းခေးခရိုင်မှ တာဝန်ယူဆောင်ရွက်ရတဲ့ လမ်းဖြစ်ပါ
တယ်။ ၎င်းလမ်းပိုင်းဟာ ၃၁-၃-၂၀၁၄ ရက်နေ့၊ လမ်းအမျိုးအစား
အနေနဲ့ ကတော့ ကတ္တရာလမ်း ၁၅ မိုင် ၄ ဖာလုံ ဖြစ်ပြီး၊ အမာခံလမ်း
၃၀ မိုင် ၄ ဖာလုံ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ
အမာခံလမ်းမှ ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း ၁၀ မိုင် ၁ ဖာလုံ
ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ
အမာခံလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း ၁၃ မိုင် ၄
ဖာလုံအား ဆောင်ရွက်ရာတွင် လျာထားရေးဆွဲ တင်ပြထားပြီး
ရန်ပုံငွေရရှိပါက ၎င်းဘဏ္ဍာရေးနှစ်အကုန်တွင် ဖြစ်ပေါ်လာမယ့်
လမ်းအမျိုးအစား ကတော့ ကတ္တရာလမ်း ၃၉ မိုင် ၁ ဖာလုံ၊
အမာခံလမ်း ၆ မိုင် ၇ ဖာလုံ ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်
ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။



D/real(wide) (1



ရန်ပုံငွေနဲ့ ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ခြင်း၊ အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာနရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ နဲ့
ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်းများကို အခါအားလျော်စွာ
ဆောင်ရွက်ပေးခဲ့ရတဲ့ လမ်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျာ-
၎င်းကျေးရွာများ ဖြတ်သန်းသွားတဲ့ ကျေးရွာများဟာလည်း
မိုးတွင်းကာလအတွင်း ပျက်စီးသောလမ်းပိုင်းများကို ကျေးရွာ
သားများ အစီအစဉ်ဖြင့် ကျောက်များဖြည့်ပေးခြင်း၊ ချောင်းသဲများ
သယ်ဆောင် ဖြည့်ပေးခြင်းဖြင့် သွားလာမှုအဆင်ပြေအောင် နှစ်စဉ်
နှစ်တိုင်း ကိုယ့်အားကိုယ်ကိုးနှင့် ဆောင်ရွက်ခဲ့တဲ့ အခြေအနေအရ
အချို့ သောလမ်းပိုင်းများဟာ ကျောက်ချောလမ်းအဖြစ် တည်ရှိ
နေတာကို တွေ့ရှိရပါတယ်။ အထူးသဖြင့် နှစ်စဉ် မိုးတွင်း ကာလ
တောင်ကျချောင်းရေများ စီးဆင်းလာတဲ့အခါ အထက်က
ကျွန်တော်တင်ပြခဲ့တဲ့ ပြည်ထောင်စုလမ်းမကြီး ဖြစ်တဲ့ ဝမ်ဟတ်-
တာဆွတ်တိန်းလမ်း၊ ပြည်နယ်လမ်းဖြစ်တဲ့ မောက်မယ်-ဝမ်ဟတ်-
လင်းခေးလမ်းတွေဟာ ရေများ လွှမ်းမိုးပြီး ယာဉ်ကြီးယာဉ်ငယ်များ
သွားလာ၍ မရတဲ့ အခြေအနေမျိုးမှာ အဆိုပါကျေးလက်လမ်းအား
လမ်းရှောင်၊လမ်းလွှဲ အဖြစ် အသုံးပြုဖြတ်သန်းသွားလာ
နေခဲ့ရပါတယ်။ နှစ်စဉ်လိုလို ယာဉ်ကြီးယာဉ်ငယ်များ အဲဒီ
ကျေးလက်လမ်းကို ဖြတ်သန်းအသုံးပြုခဲ့တဲ့အတွက် နှစ်စဉ်လိုလို
ပျက်စီးမှုများဟာ ကျေးရွာသားများကိုယ်တိုင် နှစ်စဉ် ပြုပြင်
ဆောင်ရွက်နေပါသော်လည်း မိုးတွင်းကာလ ပြန်လည်ရောက်ရှိ
တိုင်း ပြန်လည်ပျက်စီး ယိုယွင်းနေတဲ့ အနေအထားရှိခဲ့ပါတယ်။
ဥက္ကဋ္ဌကြီးခင်ဗျာ- အထက်ပါ တင်ပြခဲ့တဲ့ အခြေအနေများကြောင့်
ကျေးလက်လမ်းဖြစ်တဲ့ နားကုန်း-တီညူ-နမ့်ဆိုင်း-မကျိုင်းမွန်း
လမ်းကို ကျောက်ချောလမ်း မဟုတ်ပဲ ကတ္တရာလမ်းအဖြစ် ပြင်ဆင်
ဆောင်ရွက်ပေးရန် အထူးလိုအပ်လျက်ရှိပါတယ်။ ဒါ့ကြောင့်မို့လို့

ပြည်ထောင်စုလမ်း၊ ပြည်နယ်လမ်းတို့ရဲ့ လမ်းရှောင်၊လမ်းလွှဲအဖြစ် အသုံးပြုနေရတဲ့ ၄င်းကျေးလက်လမ်းအား လာမည့်ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ပိုမိုခိုင်ခံ့ပြီး ရေရှည်တည်တံ့နိုင်မည့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလိုပြီးတော့ ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ်အား သိရှိလိုတဲ့ တင်ပြလိုက်ရတဲ့ ပထမ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျာ။

ဆက်လက်ပြီး ဒုတိယမေးခွန်း အနေနဲ့ ရှမ်းပြည်နယ် အတွင်းမှာရှိတဲ့ မြို့နယ်များမှာ မြေစာရင်းဦးစီးဌာနက ထုတ်ပေးရတဲ့ မြေစာရင်းပုံစံ(၁၀၅)လျှောက်ထားခြင်းနှင့်ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ- မြို့နယ်အသီးသီးများရဲ့ မြို့ပေါ်ရပ်ကွက် များမှာ မြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်း နှင့်ပတ်သက်ပြီးတော့မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်လျက် ရှိတဲ့နေရာမှာ-(၁)မူရင်းလျှောက်လွှာ၊(၂) မြေစာရင်းပုံစံ(၁၀၅)၊ မြေရာဇဝင်ဖော်ပြသည့် မြေစာရင်းပုံစံ(၁၀၆)၊ (၃)ပိုင်ဆိုင်မှုအထောက်အထား၊မြေပေးမိန့်(သို့မဟုတ်)စာချုပ်စာတမ်း ၊(၄)ဆောက်လုပ်ထားသည့် အဆောက်အဦပုံစံ၊(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊(၆)လျှောက်ထားသူမှတ်ပုံတင်၊ အိမ်ထောင်စုဇယားမိတ္တူ စသည့်အချက်အလက်များ လိုအပ်ကြောင်းကို လေ့လာသိရှိရပါတယ်။ တစ်ဖန် မြေငှားဂရန် လျှောက်ထားရန် အထက်ပါ လိုအပ်ချက် (၆)ချက်အနက် ဒုတိယအချက်ဖြစ်တဲ့ မြေစာရင်းပုံစံ(၁၀၅)ရရှိရေး တစ်ခုတည်းကို ဆောင်ရွက်ရာမှာ လိုအပ်ချက်ပေါင်း(၁၅)ချက် ပြည့်စုံပါက ဆောင်ရွက်ပေးနိုင်ကြောင်း ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးမှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးတာကိုလည်း မှတ်သားမိပါတယ်။လေးစားအပ်ပါတဲ့





ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင် က မေးခွန်းအမှတ်(၁နှင့်၂) ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျာ။ ယနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်း ပို့သအပ်ပါတယ်။ ကျွန်တော် ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် အနေနဲ့ ယနေ့အစည်းအဝေးမှာ မေးခွန်း(၂)ခု မေးမြန်းရတဲ့ အခြေအနေမှာ ပထမမေးခွန်း အနေနဲ့ လင်းခေးမြို့နယ်၊ ဝမ်ဟတ်တိုက်နယ်(၄)အုပ်စုအတွင်း ဖြတ်သန်းသွားလာတဲ့ ကျေးလက်လမ်းအား ကတ္တရာလမ်းအဖြစ် လာမယ့်ဘဏ္ဍာနှစ်မှာ ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လင်းခေးမြို့နယ်ရဲ့ တောင်ဘက်ခြမ်းမှာ ဝမ်ဟတ်တိုက်နယ်(၄)အုပ်စုလို့ခေါ်တဲ့ ဝမ်တိန်း၊ ဝမ်ဟတ်၊ မဝမ်၊ လောင်နားကုန်း ကျေးရွာ(၄)ရှိပြီးတော့မှ ကျေးရွာပေါင်း(၃၃၆)ရွာနှင့် အိမ်ထောင်စုပေါင်း (၂၆၀၀)ကျော်ရှိတဲ့ဒေသ ဖြစ်ပါတယ်။ ၄င်းကျေးရွာများရဲ့ အုပ်စုများဘက်မှာဆိုရင် ပြည်ထောင်စုလမ်းမကြီး ဖြစ်တဲ့ ဝမ်ဟတ်-တာဆွတ်တိန်း-ဟိုမိန်း လမ်းနှင့် ပြည်နယ်လမ်းဖြစ်တဲ့ ဝမ်ဟတ်-လင်းခေးလမ်းတို့လည်း ရှိပါတယ်။ ဒါ့အပြင် ကျွန်တော် အခု တင်ပြလိုတဲ့ လမ်းအရှည်အားဖြင့် ၄ မိုင် ဝန်းကျင်ရှိတဲ့ ကျေးလက်လမ်းဖြစ်တဲ့ နားကုန်း- တိညု-နမ့်ဆိုင်း-မကျိုင်းမွမ်းလမ်းလည်း ရှိပါတယ်။ ၄င်းကျေးလက်လမ်းဟာ ယခင်က စည်ပင်သာယာရေးအဖွဲ့

ဥက္ကဋ္ဌကြီးခင်ဗျာ- မြေစာရင်းပုံစံ(၁၀၅)ထုတ်ပေးခြင်းကို ပြည်နယ်အစိုးရရဲ့ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်နိုင်စေတာဟာ ဌာနရဲ့(၁၀၅)ပုံစံနှင့်ပတ်သက်ပြီးတော့ ငွေရေးကြေးရေး ပြဿနာများကို ကြိုတင် ကာကွယ်ခြင်းဖြစ်တယ်ဆိုတာကို သိရှိ နားလည်ပါတယ်။ မြို့နယ်ဦးစီးမှူးရဲ့ လုပ်ငန်းတာဝန်ကို ငွေကြေးပြဿနာ မဖြစ်ပေါ်ရေးအတွက် ပြည်နယ်အစိုးရက ထိန်းကျောင်းရာမှာ ကောင်းမွန်တဲ့အကျိုးသက်ရောက်မှု ရှိသလို တစ်ဖက်ကလည်း မလိုလားအပ်တဲ့ ဆိုးကျိုးဖြစ်ပေါ်တာကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့်- ပုံစံ(၁၀၅)ကို ပြည်နယ်အစိုးရအထိ ခွင့်ပြုချက်ရယူဆောင်ရွက်ရလို့ ဆိုပြီးတော့မှ ယခင်ကထက် ကျသင့်တဲ့ ကုန်ကျစရိတ်ထက် ပိုမိုကုန်ကျပေးအပ်ရတဲ့ အနေအထားမျိုး၊ တန်ဖိုးပိုမိုကြီးမြင့် လာတဲ့ အနေအထားမျိုး၊ အချိန်ပိုမို ကြာမြင့်လာတဲ့ အနေအထားမျိုး ဖြစ်ပေါ်လာတဲ့ အနေအထားမျိုး ဖြစ်ပေါ်လာတယ်လို့ဘဲ တင်ပြလိုပါတယ်။ အလားတူစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကိုင်တွယ်ဆောင်ရွက်ခဲ့တဲ့ မြို့မြေငှားဂရန်ထုတ်ပေးရေးကိစ္စမှာ (၅)ဧက အောက်ဆိုရင် ကော်လိတ်တွော်အရာရှိလို့ခေါ်တဲ့ ကျွန်တော်တို့ ခရိုင်အုပ်ချုပ်ရေးမှူးများက ထုတ်ပေးပိုင်ခွင့်ရှိတယ်လို့ ဥပဒေအရ ပြဋ္ဌာန်းခဲ့ပေမယ့် ဂရန်နှင့် ပတ်သက်ပြီး ငွေကြေးပြဿနာတွေ ပေါ်ပေါက်ခဲ့လို့ ပြည်နယ်အဆင့်အထိ တင်ပြခွင့်ပြုချက်ရမှ ဆောင်ရွက်ရမှာ ဆိုတဲ့ ညွှန်ကြားချက်မျိုး ရှိခဲ့ဘူးပါတယ်။ တစ်ပြည်နယ်လုံးမှာရှိတဲ့ မြေငှားဂရန်အမှုတွဲများဟာ ပြည်နယ်မှာ လာရောက်စုပုံနေပြီးတော့မှ ဂရန်အမှုတွဲတစ်ခုကို နှစ်ချီကြာအောင် ဆောင်ရွက်ရတဲ့ အနေအထားမျိုး ရှိခဲ့တာကို သိရှိရပါတယ်။ အထက်ပါ အခြေအနေများအရ နိုင်ငံတော်အစိုးရအနေနဲ့ လုပ်သားပြည်သူများနှင့် ထိတွေ့ဆက်ဆံရတဲ့ လုပ်ငန်းတွေမှာ ဖြေလျှော့မှုတွေကို အဘက်ဘက်က





မေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ ဖြစ်ပါတယ်။ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် မေးမြန်းသွားတဲ့ မေးခွန်း(၂)ခုနှင့်ပတ်သက်ပြီး ပထမမေးခွန်းကို ဖြေကြားမယ် ဆိုရင်- လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နားကုန်း-တီညု-နမ့်ဆိုင်း-မကျိုင်းမွမ်းလမ်းသည် စုစုပေါင်းအရှည်(၃. ၃)မိုင်ရှိပြီး စည်ပင်သာယာရေးဌာနနှင့် လွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် (၀. ၂)မိုင်ခန့်သာ ကျောက်ချောလမ်း ဖြစ်ပြီး ကျန်ရှိသော လမ်းအရှည်(၃. ၁)မိုင်မှာ မြေသားလမ်းဖြစ်ပါသည်။ အဆိုပါ လမ်းအရှည်(၃. ၃)မိုင်အား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်မည် ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေကျပ်(၃၁၂. ၉၃)သန်း ဖြစ်ပြီး၊ ၄င်းလမ်းပေါ်ရှိ ကွန်ကရစ်တံတား(၄၅)ပေတည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်ငွေ(၂၂. ၅)သန်း၊ စုစုပေါင်းကုန်ကျ စရိတ်ကျပ်(၃၃၅. ၄၃)သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးပါက ကျေးရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာ(၂၆)ရွာ၊ အိမ်ခြေ(၂၂၆၀)အိမ်၊ လူဦးရေ(၁၄၇၁၄)ဦးအား အကျိုးပြုနိုင်မည် ဖြစ်ပါသည်။ နားကုန်း-တီညု-နမ့်ဆိုင်း= မကျိုင်းမွမ်းလမ်း(၃. ၃)မိုင်နှင့် တံတားအရှည်(၄၅)ပေ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းစတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် (၃၃၅. ၄၃)သန်း အား ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ လျာထားပြီး ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ဘဏ္ဍာရေးနှစ်အလိုက် လမ်းပိုင်းအလိုက် အကောင်အထည်ဖော်

ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ပြောကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မြေစာရင်းဦးစီးဌာနမှ ထုတ်ပေးရသည့် မြေစာရင်းပုံစံ(၁၀၅) လျှောက်ထားမှုအပေါ် မြေစာရင်းပုံစံ(၁၀၅)ထုတ်ပေးရေးကိစ္စတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် ပြည်နယ်အစိုးရက စိစစ်ခွင့်ပြုသည့်အချက်ကို ပြန်လည်ဖြေလျှော့ပေးရန်နှင့် ငွေကြေးကိစ္စနှင့်ပတ်သက်ပြီး ပြဿနာမရှိစေရေး အခြားသောစီမံခန့်ခွဲရေးနည်းလမ်းအရ ဆောင်ရွက်သင့်ပါကြောင်းနှင့် မိမိ တင်ပြမေးမြန်းချက်အပေါ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို သိရှိလိုပါသည်နှင့်ပတ်သက်၍ ရှမ်းပြည်နယ် မြေစာရင်းဦးစီးဌာနမှ ရွှေနှင့်သတ္တုများစမ်းသပ်တူးဖော်ခွင့်ရရှိရေး သက်ဆိုင်ရာ ကာယကံရှင်များအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြလျှောက်ထားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့် ခွင့်ပြုမိန့်ရရှိပါက သက်ဆိုင်ရာကာယကံရှင်များအနေဖြင့် မြေစာရင်းပုံစံ(၁၀၃) လျှောက်လွှာဖြင့် မြေစာရင်းပုံစံ (၁၀၅)ရရှိရေး သက်ဆိုင်ရာမြို့နယ် မြေစာရင်းဦးစီးဌာနမှူးထံ ဆက်လက်တင်ပြလျှောက်ထားရမည် ဖြစ်ပါသည်။

မြေစာရင်းပုံစံ(၁၀၅)ရေးကူးခြင်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ကြာမြင့်ချိန် လျှော့ချနိုင်ရေးအတွက် သက်သေခံမြေပုံ၊ မြေရာဇဝင်ရေးကူးခြင်းလုပ်ငန်းအား အငြင်းပွားမှုမရှိသည့် သာမန်ကိစ္စရပ်များတွင် ကွင်းဆင်း စိစစ်ခြင်း၊ မြေပုံမြေရာဇဝင်များ တိုက်ဆိုင်စစ်ဆေးခြင်း၊ မြေပုံရေးကူးခြင်းကိစ္စရပ်များ အပါအဝင် လုပ်ငန်းဆောင် ရွက်ရန် လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ မြေပုံမြေရာဇဝင်များ ပြန်လည်ထုတ်ပေးသည့်နေ့အထိ အချိန်ကာလအား အနည်းဆုံး(၁၅)ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်



D/real(wide) (2



ဆောင်ရွက်နေတဲ့အချိန်မှာ မြေစာရင်း ပုံစံ(၁၀၅)နှင့်ပတ်သက်ပြီး တော့မှ မဖြေလျှော့နိုင်ပဲ အဆင့်တိုးပြီးတော့မှ တင်းကြပ်နေတဲ့ အနေအထားရောက်ရှိသွားတယ်လို့ ယေဘူယျအားဖြင့် မြင်တွေ့နိုင်ပါတယ်။ မြေစာရင်းပုံစံ(၁၀၅)နှင့်ပတ်သက်ပြီး ငွေကြေးကိစ္စ ပါဝင်ပတ်သက်မှုမရှိရလေအောင် အခြားသော စီမံခန့်ခွဲမှုနည်းလမ်းများအရလည်းကောင်း၊ ပုံစံ(၁၀၅) ထုတ်ယူရာမှာ ကျသင့်တဲ့ ငွေကြေးပမာဏ၊ ဌာနရဲ့တရားဝင်သတ်မှတ်ချက်ကို အများပြည်သူ သိရှိအောင် ချပြဆောင်ရွက်ပြီးတော့မှ ဒေသန္တရအမိန့်၊ ညွှန်ကြားချက်များနှင့် ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခြင်းဖြင့်လည်းကောင်း ဆောင်ရွက်စေခြင်းက ပိုမိုသင့်လျော်တယ်လို့ တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ မြေစာရင်းပုံစံ(၁၀၅) ထုတ်ပေးရေးကိစ္စမှာ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် လက်ရှိ တည်ဆဲဥပဒေများအရ ဆောင်ရွက်ပိုင်ခွင့်ရှိတဲ့ မြို့နယ်အဆင့်မှာဘဲ ပြီးပြတ်စေဖို့အတွက် ပြည်နယ်အစိုးရက စိစစ်ခွင့်ပြုခြင်းဆိုတဲ့ အချက်ကို ပြန်လည်ဖြေလျှော့ပေးဖို့နဲ့ ငွေကြေးများနှင့်ပတ်သက်ပြီး ပြဿနာမရှိရလေအောင် အခြားသော စီမံခန့်ခွဲမှုနည်းလမ်းများအရ ဆောင်ရွက်သင့်ပါကြောင်း ကျွန်တော်ရဲ့ တင်ပြမေးမြန်းချက်အပေါ် ရှမ်းပြည်နယ်အစိုးရက ဆောင်ရွက်ပေးနိုင်တဲ့ အခြေအနေကို သိရှိလိုတဲ့ ဒုတိယမေးခွန်းကို တင်ပြ၍ မေးမြန်းလိုက်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဆုတောင်း

နိုင်ရေး ရှမ်းပြည်နယ်မြေစာရင်းဦးစီးဌာန ၏ (၁၁-၇-၂၀၁၄)ရက်စွဲပါ စာအမှတ်၊၃၃၅၇/အထ-၁ ဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ်မြေစာရင်း ဦးစီးဌာနအားလုံးသို့ ညွှန်ကြားထားပြီး ဖြစ်ပါသည်။

(၂၃-၈-၂၀၁၄)ရက်နေ့ ရှမ်းပြည်နယ်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ် မြေစာရင်းဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ပထမ(၆)လပတ် ဌာနဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်း အဝေးတွင်လည်း ပြည်သူဗဟိုပြုဝန်ဆောင်မှုလုပ်ငန်းများကို ဌာနအနေဖြင့် မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရေး ခရိုင်/မြို့နယ်မြေစာရင်းဦးစီးဌာနမှူးအားလုံးအား လမ်းညွှန်မှာကြားခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်၏ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး မြေစာရင်းပုံစံ(၁၀၅) မိတ္တူမှန်ရေးကူးပေးရန် လျှောက်ထားခြင်းများကို သက်ဆိုင်ရာလျှောက်ထားသည့် အကြောင်းအရာ အလိုက် အချက်အလက်အထောက်အထား ပြည့်စုံစွာ ပါရှိပါက လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ရှမ်းပြည်နယ်အတွင်းရှိ လင်းခေးမြို့နယ် အပါအဝင် မြို့နယ်မြေစာရင်းဦးစီးဌာနအားလုံးမှ ကြန့်ကြာမှုမရှိဘဲ မြေစာရင်းပုံစံ(၁၀၅)မိတ္တူမှန်ရေးကူး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအိုက်အေး က မေးခွန်း(၁၊၂နှင့်၃) ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။



D/real(wide) (2



မေးခွန်းနံပါတ်(၃)- လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- ဝမ်စလောင်းရွာသည် လင်းခေးမှ မိုင်ပေါင်း(၄၀)ကျော်(၅၀)နီးပါး ဝေးကွာပြီး လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပါသည်။ ဝမ်စလောင်းမှ အရေးပေါ်လူနာကို လင်းခေးသို့ သွားရောက်ကုသရန် ငွေကုန်ကြေးကျများပြီး လမ်းမှာလည်း အလွန်ကြမ်းတမ်း လှပါသဖြင့် ကျန်းမာရေးဆရာမရှိမှ အဆင်ပြေပါမည်။ အစားထိုး ကျန်းမာရေးဆရာမ အမြန်ဆုံးပို့ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအိုက်အေး ရဲ့ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခုနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်း (၁)ခုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ လင်းခေးမြို့နယ်၊ ဝမ်စလောင်းကျေးရွာအုပ်စု၊ ဝမ်စလောင်းရွာ မူလတန်းကျောင်းတွင် ရပ်ဝေးမှ လာရောက်ထမ်းဆောင်သော ဆရာမ(၄)ဦး၊ ကျောင်းအုပ်ဆရာကြီး(၁)ဦးတို့အတွက် ဝန်ထမ်း နေအိမ် မရှိ၍ နေထိုင်ရေးအခက်အခဲ ရှိနေပါသဖြင့် ဝန်ထမ်းအိမ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန အနေဖြင့် ပြည်နယ်ရုံး၊ ခရိုင်ရုံးများတွင်သာ ဝန်ထမ်းအိမ်ရာများ

ဆောက်လုပ်ပေးခဲ့ပြီး အခြေခံပညာကျောင်း များတွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် ရန်ပုံငွေ ခွဲဝေချထားပေးခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၂)ဖြစ်တဲ့ ဝမ်စလောင်းကျေးရွာ မူလတန်းကျောင်းမှာ စာသင်ခန်းများ တစ်ခန်းနှင့် တစ်ခန်း ကာရံထားခြင်း မရှိ၊ Hall ကြီး ဖြစ်နေ၍ အခန်းလိုက် ကာရံပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း၍ လင်းခေးမြို့နယ်၊ ဝမ်စလောင်းကျေးရွာအုပ်စုရှိ အမက-ဝမ်စလောင်းကျောင်းသည် (၁၂၀×၃၀)ပေ အင်္ဂတေခင်း၊ အုတ်ကာ သွပ်မိုးအဆောင်တစ်ဆောင် ရှိပါတယ်။ ၄င်းကျောင်းတွင် မူလတန်းဆင့် ကျောင်းသား(၁၂၇)ဦး၊ အလယ်တန်းဆင့် ကျောင်းသား(၂၈)ဦး၊ စုစုပေါင်းကျောင်းသား၊ကျောင်းသူ(၁၅၅)ဦး ရှိပြီး ကျောင်းအုပ်ဆရာကြီး (၁)ဦး၊ အလယ်တန်းပြ(၂)ဦး၊ မူလတန်း ဆရာ/ဆရာမပြ(၂)ဦး၊ အထွေထွေလုပ်သား(၁)ဦးနှင့် စုစုပေါင်း ဝန်ထမ်း (၆)ဦး ရှိပါတယ်။ စာသင်ခန်းများတွင် အခန်းကန့်ရန် လိုအပ်သော ရန်ပုံငွေအား တွက်ချက်၍ အမှတ်(၂) အခြေခံပညာ ဦးစီးဌာနသို့ တင်ပြတောင်းခံရန် ရှမ်းပြည်နယ်ပညာရေးညွှန်ကြား ရေးမှူးရုံးမှ ကြီးကြပ် ဆောင်ရွက်ပေးသွားဖို့ မှာကြားပြီး ဖြစ်ပါတယ်။ ပညာရေးဌာန အနေဖြင့် ကျောင်းဆောင်များ ကောင်းမွန်ရေး၊ ပရိဘောဂ ဖြည့်ဆည်းပေးနိုင်ရေး၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး၊ မူကြိုအခန်းများ ဖြည့်ဆည်းပေးနိုင်ရေးတို့ကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်းအမှတ်(၃)ဖြစ်တဲ့ ဝမ်စလောင်းရွာအတွက် သားဖွား ကျန်းမာရေးဆရာမတစ်ဦး ရှိပါတယ်။ ၄င်းဆရာမပြောင်းရွှေ့သွားပြီး အစားထိုးဆရာမ ပြန်မရသေးသည်မှာ (၄)လကျော်ပြီဖြစ်ပါ၍ အစားထိုး ကျန်းမာရေးဆရာမ အမြန်ဆုံး ပို့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်စွဲပါ





ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော် ကတော့ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအိုက်အေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား- ဝမ်စလောင်းကျေးရွာသည် အိမ်ခြေ(၃၀၀) ရှိပြီး လင်းခေးမြို့နှင့် အဝေးဆုံးကျေးရွာ ဖြစ်ပါသည်။ လင်းခေးမှ ဟိုမိန်းမြို့နယ်ခွဲသွား လမ်းမှာရှိပြီး ရာသီဥတု မှာလည်း အလွန်ပူပြင်းလှပါတယ်။ စီးပွားရေးလုပ်ငန်း အနေနှင့် လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး အခြား လုပ်ငန်း အနည်းငယ် အနည်းအကျဉ်းရှိကြပြီး ဆင်းရဲကြပါသည်။ ၄င်းတို့ရွာတွင် မူလတန်းကျောင်း(၁)ကျောင်းရှိပြီး ဆရာမ(၄)ဦး၊ ဆရာ(၂)ဦး ရှိပါတယ်။ ဆရာမ(၄)ဦးနှင့် ကျောင်းအုပ်ဆရာကြီး တို့သည် ရပ်ဝေးမှလာရောက် တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်း များဖြစ်ကြ၍ နေထိုင်ရန် နေအိမ်မရှိကြပါ။ သို့ဖြစ်ပါ၍ ဆရာ၊ ဆရာမ များ နေထိုင်ရန် ဝန်ထမ်းနေအိမ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါသည်။

မေးခွန်း(၂)- လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- ဝမ်စလောင်းကျေးရွာ မူလတန်း ကျောင်းမှာ အခန်း သူငယ်တန်းမှ (၄)တန်းအထိ အခန်း(၅)ခန်းရှိပါသည်။ စာသင်ခန်း များကို ကန့်၍ ကာရံ ပေးထားခြင်း မရှိပါသဖြင့် Hall ကြီး ဖြစ်နေပါသည်။ စာသင်ရာတွင် တစ်ခန်းနှင့်တစ်ခန်း မြင်တွေ့နေကြပြီး ဆရာမများစာသင်ရာတွင် ရောထွေးနေပြီး ကျောင်းသူကျောင်းသား များမှာလည်း အာရုံရောထွေးနေကြပါသဖြင့် တစ်ခန်းနှင့်တစ်ခန်း အကာအရံ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။

စာအမှတ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ သားဖွားသစ်လွင် ဆရာမစုစုပေါင်း (၅၇)ဦးကို ရှမ်းပြည်နယ် တောင်ကြီးဒေသမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် ခန့်ထားရန် ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ ၄င်းတို့အနက် သားဖွား ဆရာမ(၄၈)ဦးသည် လုပ်ငန်းခွင်ဝင်ရန် သတင်းပို့ပြီးဖြစ်၍ အလုပ်ခန့် အပ်ပေးပြီး ဖြစ်ပါတယ်။ လုပ်ငန်းခွင်သို့ ဝင်ရောက်ရန် သတင်းပို့လာရောက်ခြင်း မရှိသေးတဲ့ ကျန်(၉)ဦးအနက် (၃)ဦးသည် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ထပ်မံ လာရောက် သတင်းပို့ပြီး ဖြစ်ပါတယ်။ ၄င်း(၃)ဦးအနက် ခုံအမှတ် -က ၉၈/ ၂၀၁၀ နိုဝင်ဘာ သားဖွားဆရာမ ဒေါ်စုရည်မွန် အား ဝမ်စလောင်း ကျေးလက်ကျန်းမာရေး ဌာနခွဲအတွက် လျာထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးက တတိယ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား- မေးခွန်းနှင့်ပတ်သက်၍ မိုးနဲမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်း လျက်ရှိသော နမ့်တွန်ချောင်း၏ ဘေးတစ်ဘက်တစ်ချက်စီတွင် နောင်မြိုင်ကွင်း၊ နမ့်မော်ဆွမ်းကွင်းမှ မိုးစပါး(၂၅၀၀)ဧက စိုက်ပျိုး ဆောင်ရွက်လျက် ရှိပါသည်။ နမ့်တွန်ချောင်းသည် ယခင်က အကျယ်(၁၀)ပေ၊ အနက်(၁၀)ပေခန့်ရှိသော်လည်း ယခုအခါ အကျယ်(၁၅)ပေ၊ အနက်(၆)ပေခန့်အထိ တိမ်ကောကျဉ်းမြောင်း လျက်ရှိသဖြင့် မိုးရာသီကာလ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် မူလအကျယ်(၃၀)ပေ၊ အနက်(၁၀)ပေ၊ အရှည် (၁၆၀၀၀)ပေအား ဆည်မြောင်းဦးစီးဌာနမှ



D/real(wide) (2



ပင်းတာများဖြင့် ရေရယူလျက်ရှိသော တောင်သူများအား အခြား သင့်လျော်သော နေရာများမှ ရေရယူနိုင်ရေးအတွက် ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ချောင်းအတွင်း စီးဝင်သော ချောင်းလက်တက် ပေါင်း များစွာရှိ၍ စီးဝင်ရေနှင့်အတူ သဲနုန်းများ ဖြစ်ပေါ်မှုများ ဖြစ်ပေါ်ခြင်း၊ ချောင်းကမ်းပါးများနှင့် ထိစပ်လျက် ရှိသော တောင်သူ များမှ ချောင်းဧရိယာများသို့ လယ်မြေချဲ့ထွင်မှုများနှင့် အတူ ခုတ်ထွင်ရှင်းလင်းသော သစ်ပင်ခြုံနွယ်များ ချောင်းအတွင်းသို့ စွန့်ပစ်မှုများကြောင့် ရေစီးနှင့်အတူပါလာသော သဲနုန်းများအား ထိန်းဖမ်းထားသကဲ့သို့ ဖြစ်ပေါ် မှုများကြောင့် ချောင်းကျဉ်း၊ ချောင်းကောမှုများ ဖြစ်ပေါ်လာရပါတယ်။ နမ့်တွန် ချောင်းပေါ်ရှိ ဖိုင်လုံဆည်မှ အောက်ဖက်ပေတိုင်(၁၇/၁၀၀)နှင့် (၃၃/၁၀၀) အကြားရှိ သဲနုန်းများ ဖမ်းထိန်းထားသော ရေရဟတ် (၂၄)လုံးအား ရှင်းလင်းခြင်းနှင့် ချောင်းချဲ့ထွင်သဲနုန်းတူးဖော်ခြင်းများ အား ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်တွင် ဆည်မြောင်းဦးစီးဌာန၏ ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခြင်း၊ ဒေသခံတောင်သူများ စုပေါင်း ထည့်ဝင်ငွေဖြင့် ပေ တိုင်(၃၃/၁၀၀)နှင့် မိုးနဲ-လင်းခေး ကားလမ်းရှိ နမ့်တွန်ချောင်းကူးတံတားအထိ ချောင်းချဲ့ထွင် သဲနုန်းတူးဖော်ခြင်း ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် ဆည်မြောင်းဦးစီဌာန၏ ပြည်ထောင်စုရန်ပုံငွေဖြင့် ဖိုင်လုံဆည်မှ အထက်ဘက် ပေတိုင်(၀ မှ ၆၅၀၀)အထိ ချောင်းချဲ့ထွင် သဲနုန်း တူးဖော်ပေးခြင်းများအပြင် ဒေသခံတောင်သူအများစုအား ချောင်း ဧရိယာအတွင်း လယ်မြေ ချဲ့ထွင်မှုနှင့် ရှင်းလင်းသစ်ပင်ခြုံနွယ်များ ချောင်းအတွင်းသို့ စွန့်ပစ်မှု များကြောင့် ဖြစ်ပေါ်မည့် ဆိုးကျိုး အခြေအနေများကိုလည်း သိရှိ နားလည်နိုင်ရန် ပညာပေး ဆွေးနွေးမှုများလည်း ဆောင်ရွက် ပေးထားပြီး ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၏

လုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ် (P.O.W) အား ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်၍ မူလရန်ပုံငွေ တောင်းခံမှုတွင် ပါဝင်မှုမရှိနိုင်သော်လည်း ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၏ ဖြည့်စွက်ရန်ပုံငွေစာရင်း R.E တွင် ရန်ပုံငွေ ရရှိရေးအတွက် ဆက်လက်တင်ပြ တောင်းခံသွားမည် ဖြစ်ပါတယ်။ ဆောင်ရွက်မည် ဆိုပါကလည်း ချောင်းဧရိယာနှင့် ထိစပ်လျက် ရှိသော ဒေသခံတောင်သူများ၏ သဘောတူညီမှု တောင်းခံရရှိမှသာ ဆောင်ရွက်သင့်သောလုပ်ငန်း ဖြစ်ပါတယ်။ တင်ပြတောင်းခံသည့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက် ရန်ပုံငွေ ရရှိပါက ဦးစားပေး အစီအစဉ်အရ လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစောလုံ က မေးခွန်းကို မေးမြန်းသွားဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစောလုံ၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ဒီလွှတ်တော်အစည်းအဝေးခန်းမအတွင်း တက်ရောက်လာကြသော ပုဂ္ဂိုလ်ကြီးများအားလုံး ဆောင်းရာသီ ကာလနှင့်အညီ ကိုယ်စိတ်နှစ်ဝမ်း အေးချမ်းကြပါစေကြောင်း၊ ကိုယ်စိတ်နှလုံး ရွှင်ပြုံးကြစေကြောင်း ဆုမွန်ကောင်း တောင်းပေးအပ်တယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစောလုံ ဖြစ်ပါတယ်။ ကျွန်တော်မေးမည့် မေးခွန်းကတော့ ခလရ(၂၄၈)တပ်ရင်းနှင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်စားသောက်လျက်ရှိတဲ့ ခြံလုပ်သားများရဲ့ကိစ္စကို တင်ပြလို



D/real(wide) (2



ပြန်လည်တူးဖော်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်မှတစ်ဆင့် မေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ခင်ဗျား- မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး ရဲ့ မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး နမ့်တွန်ချောင်း၏ ရေဆင်းဧရိယာမှာ (၅၁)စတုရန်းမိုင်ရှိပြီး၊ ရေအမြဲမပြတ် စီးဆင်းလျက်ရှိသော ချောင်းတစ်ခု ဖြစ်ပါတယ်။ ချောင်းတစ်လျှောက် မှီတင်းနေထိုင်ကြသော ဒေသခံတောင်သူများ စိုက်ပျိုးရေးအတွက် များစွာ အထောက်အကူပြုသော ချောင်းတစ်ခုလည်း ဖြစ်ပါတယ်။ ရေဆင်းဧရိယာနှင့် ဒေသအတွင်း မိုးကြီးချိန်များတွင် ရုတ်တရက်ရေကြီးပြီး လယ်မြေများ ရေနစ်မြုပ်မှု ဖြစ်ပေါ်နိုင်ပါသောကြောင့် ဆောင်ရွက်ပေးရန် လိုအပ်ရခြင်း ဖြစ်ပါတယ်။ နမ့်တွန်ချောင်း ရေစီးရေလာကောင်းမွန်ပြီး လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် ချောင်းချဲ့ထွင် သဲနုန်းတူးဖော်ခြင်းဖြင့် နမ့်မော်ဆွန်း၊ နောင်မြိုင်ကွင်းနှင့် ဝမ်ဟေကွင်းများရှိ လယ်မြေဧက(၂၅၀၀) အား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည့်အပြင် ဖိုင်လုံရေလွှဲဆည် လက်ဝဲရေသောက်စနစ်ရှိ လယ်မြေဧက (၁၀၀၀)ကျော်ခန့်အား လုံလောက်သော စိုက်ပျိုးရေများ ပေးဝေနိုင်မည် ဖြစ်ပါတယ်။ နမ့်တွန်ချောင်း တစ်လျှောက် သဲနုန်းတူးဖော်ပေးရန် လိုအပ်မည့်ဧရိယာများအား အသေးစိတ်တိုင်းတာခြင်းများ ဆောင်ရွက်ထားပြီး ချောင်းအတွင်း

ပါတယ်။ ဖော်ပြပါတပ်ရင်းသည် ၁၉၉၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပါသည်။ သက်တမ်းအားဖြင့် ၂၄ နှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ ခေတ်ကာလအားဖြင့် ဆိုရပါလျှင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး၊ စစ်အုပ်ချုပ်ရေးခေတ်က ဖြစ်ပါသည်။ ယခင်က တပ်ရင်းအနေဖြင့် တပ်ပိုင်မြေအဖြစ် (၉၆၀. ၇၀)ဧကအဖြစ် သတ်မှတ်ခဲ့ရာတွင် မြေလွတ်မြေလပ်ဟု ဖော်ပြခဲ့ပြီး တရားဝင် အထောက်အထားများ စီမံ ဆောင်ရွက်ထားခဲ့ပါသည်။ သို့ပါသော်လည်း မူလဓါးမဦးချ လက်ရှိ ပိုင်ရှင်များ ဖြစ်ကြသည့် လွိုင်ချိုကျေးရွာအုပ်စု၊ ကွန်နားကျေးရွာအုပ်စု၊ နမ့်မော်ဆွမ့်ကျေးရွာအုပ်စုတွင် နေထိုင်ကြသည့် တောင်သူများမှာ ၂၀၁၃ ခုနှစ်မှ တပ်ပိုင်မြေဖြစ်ကြောင်း သိရှိရ၍ ဝမ်းနည်းစွာဖြင့် လာရောက်တင်ပြညှိနှိုင်းကြပါတယ်။ ၎င်းတို့ အသိတရားနောက်ကျရခြင်း အကြောင်းအရင်းများမှာ စာပေမတတ်မြောက်ကြ၍ ဥပဒေပိုင်း ဆိုင်ရာများနှင့် ဝေးကွာရခြင်း ဖြစ်သဖြင့် ခိုင်မာသည့်အထောက်အထားများ မပြုလုပ်ထားရခြင်း၊ သက်ဆိုင်ရာတပ်ရင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြို့နယ်အဆင့်၊ ကျေးရွာအုပ်စုအဆင့်၊ မြေစာရင်းဦးစီးဌာနမှ ပုဂ္ဂိုလ်များတို့မှ အသိပေးရှင်းလင်းခြင်း၊ ညှိနှိုင်းတိုင်ပင်ခြင်း၊ ထင်ရှားမြင်သာသည့် အမှတ်အသားများ သတ်မှတ်ထားရှိခဲ့ခြင်း မရှိသည့် အချက်အလက်များတို့သည် ပါဝင်ပတ်သက်သူတို့အားလုံး နှင့် သက်ဆိုင်ကြပါသည်။ ဖော်ပြပါစိုက်ပျိုးမြေ ဧကများသည် ၎င်းတို့အနေဖြင့် ဘိုးဘွားစဉ်ဆက်မှစပြီးတော့ သားစဉ်မြေးဆက်အထိ စိုက်ပျိုးရေး လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်း ပြုခဲ့ကြပါသည်။ယခုအခါ တောင်သူများဘက်မှ ပိုင်ဆိုင်မှုရရှိရေးအတွက် လိုအပ်သည့် အထောက်အထားများ ဆောင်ရွက်ပေးပါရန်နှင့် တပ်ရင်းဘက်မှလည်း တပ်ပိုင်မြေ အဓိက တိုင်းတာပေးပါရန် မြေစာရင်းဦးစီးဌာနသို့ နှစ်ဦးနှစ်ဘက် အပြိုင်





ထားရှိပါတယ်။ အဆိုပါမြေ (၉၆၄. ၇၀)ဧကတွင် အမှတ်(၂၄၈) တပ်ရင်းမြေအဖြစ် တပ်ရင်း၏ဖွဲ့စည်းပုံအရ အဆောက်အဦများ ဆောက်လုပ်ထားရှိပြီး ဖြစ်ပါကြောင်း၊ လွိုင်လင်းကျေးရွာနေ ဦးလုံးလောင်း(တောင်သူလယ်သမား ကိုယ်စား လှယ်)၏ (၂၄-၅-၂၀၁၄)ရက်စွဲပါစာဖြင့် တင်ပြချက်အရနှင့် မြေကွင်းဆင်း စိစစ်ချက်အရ အဆောက်အဦး ဆောက်လုပ်ထားရှိခြင်း မရှိသော ကျန်မြေဧရိယာများအနက် မြေဧရိယာ(၉၆. ၄၀)ဧကတွင် ကွန်နားကျေးရွာ အုပ်စု၊ ကုန်းကျောင်းရွာ၊ ဆိုမရမ်းရွာနှင့် လွိုင်လင်းရွာနေ တောင်သူ(၇၁)ဦးတို့က ရာသီသီးနှံဖြစ်သော အစေ့ထုတ် ပြောင်း၊ ပဲပုပ်၊ ယာစပါး၊ ပဲစင်းငုံအစရှိသော သီးနှံများကို ကွက်ကျားပြန့်ကျဲ စိုက်ပျိုးထားပါတယ်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောလုံ၏ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါမြေဧရိယာ (၉၆၄. ၇၀)ဧကသည် ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၄-၉-၁၉၉၂) ရက်စွဲပါစာအမှတ်၊၁၂/၆/အခ(၄)အရ အမှတ်(၂၄၈)ခြေလျင် တပ်ရင်းပိုင်မြေအဖြစ် လွှဲပြောင်းပေးထားသော မြေနေရာဖြစ်ကြောင်း ဖြေကြားအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ **ယခု နေ့လည်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို (၁)နာရီမိနစ်(၃၀)ခန့်နားမှာ ဖြစ်ပါတယ်။**

# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (ပထမနေ့)မှတ်တမ်း
## ၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း (၁၀)ရက်
## ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ လ (၁) ရက်
## [ တနင်္လာနေ့ ]
## နေ့လည်ပိုင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပထမနေ့) နေ့လည်ပိုင်း အစီအစဉ် ပြန်လည်စတင်မှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။အားလုံးထိုင်နိုင်ပါပြီခင်ဗျား။





အဆိုင်တင်ပြလာကြပါတယ်။ ၄င်းမြေဧကများ လိုအပ်ချက်အရ ပျက်စီးအသုံးပြုထားသည့်အပြင် တပ်ရင်းအတွက် အဆောက်အဦ တိုးချဲ့ရန် စစ်ရေးလေ့ကျင့်ကွင်း၊ အားကစားကွင်းများ ချန်ထားပြီး ကျန်မြေဧကများအား မူလလက်ရှိလက်ငုတ်ပိုင်ရှင်ထံသို့ ပြန်လည် စွန့်လွှတ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ သက်ဆိုင်ရာသို့ ညှိနှိုင်းပေးစေလိုပါတယ်။ ညှိနှိုင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်အချိန်တွင် ညှိနှိုင်းပေးမည်ကို သိရှိလိုပါကြောင်း စိုက်ပျိုးရေးလုပ်ငန်းအဖြစ် အသက်မွေးဝမ်းကြောင်းပြုသူ ခြံလုပ်သားများကိုယ်စား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား-မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောလုံ မေးမြန်းထားတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး အဆိုပါမြေနေရာသည် လင်းခေးခရိုင်၊ မိုးနဲမြို့၏မြောက်ဘက်ကပ်လျက် မိုးနဲ-နမ့်စန်ကားလမ်း၏ အနောက်ဘက်ခြမ်းရှိ မြေဧရိယာ(၉၆၄. ၇၀)ဧကဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါမြေနေရာသည် ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၄-၉-၁၉၉၂)ရက်စွဲပါစာအမှတ်၊၁၂/၆/အခ(၄)ဖြင့် မြန်မာနိုင်ငံတော်အောက်ပိုင်း မြေခွန်တော် ဥပဒေ အမိန့်ဆင့်ဆိုချက်(၃၃၃)အရ အမှတ်(၂၄၈)တပ်ရင်းပိုင်မြေအဖြစ် လွှဲပြောင်းပေးထားတာဖြစ်ပါတယ်။ မိုးနဲမြို့နယ် မြေစာရင်းဦးစီးဌာန၏ စာရင်းမြေပုံများတွင်လည်း အမှတ်(၂၄၈)တပ်ရင်းမြေအဖြစ် စာရင်းမှတ်သား

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုတစ်ရပ် တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် မှတ်တမ်းတင်ခြင်း ။

ဥက္ကဋ္ဌ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုတစ်ခုကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါ့ကြောင့် ဒီအဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ကျွန်တော်ကတော့ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအိုက်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခုကျင်းပနေတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ဝမ်းနည်းကြောင်း အဆိုတစ်ခုကို တင်သွင်းလိုပါတယ်။ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းမြင့် သည် (၁၆-၉-၂၀၁၄)ရက်နေ့တွင် ၎င်း၏နေအိမ်၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသည်။ ၎င်းသည် လွန်ခဲ့သည့် ကွယ်လွန်သည့် အချိန်အထိ လွှတ်တော်တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကို ရှမ်းပြည်နယ်လွှတ်တော် က အသိအမှတ်ပြု မှတ်တမ်းထားရှိပြီး ဦးစိုင်းထွန်းမြင့် ကွယ်လွန်အနိစ္စရောက်သည့်အတွက် ဝမ်းနည်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။







ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြု ရန်ပုံငွေ စာရင်း၊ ပြုပြင်ပြီး ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလရသုံးခန့်မှန်းခြေ ငွေစာရင်းအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ အဆို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး။အားလုံးပဲ မင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ နှင့် အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။**

**ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလ ရသုံးခန့်မှန်းခြေငွေစာရင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ကျွန်တော့် အနေနဲ့ ပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။**

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအိုက်အေး က မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းမြင့်သည် (၁၆-၉-၂၀၁၄)ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ဝမ်းနည်းကြောင်းအဆိုကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ(၁၂၁)၊ပုဒ်မခွဲ(က)အရ လွှတ်တော်သို့ တင်သွင်းလာပါတယ်။ ဒီအဆိုဟာ လွှတ်တော်၏အများဆန္ဒနှင့် ကိုက်ညီပြီး လွှတ်တော်က သဘောတူတယ်လို့ မှတ်ယူပါတယ်။ ဒါ့ကြောင့် မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းမြင့် ကွယ်လွန်အနိစ္စရောက်ရှိခြင်းအတွက် လွှတ်တော်က ဝမ်းနည်းကြောင်း အဆိုအား အတည်ပြုမှတ်တမ်းတင်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ
ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၄-၂၀၁၅ ခု
ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊
ပြုပြင်ပြီး ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၄-၂၀၁၅
ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ
ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်
ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆
ဘဏ္ဍာရေးနှစ် မူလရသုံးမှန်းခြေ ငွေစာရင်းအား
ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၉)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်





ကျွန်တော်တင်သွင်းမယ့် ကဏ္ဍကတော့ (၂)ပိုင်းဖြစ်ပါတယ်။ ပထမတစ်ခုကတော့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဖြည့်စွက်ခွင့်ပြု ငွေစာရင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာန အဖွဲ့အစည်းများရဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား (၅-၉-၂၀၁၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ အတည်ပြုချက် ရယူခဲ့ပြီးဖြစ်ပါ၍ ၄င်းစာရင်းများအား ဥပဒေအဖြစ် ပြည်နယ်လွှတ်တော်မှာ အတည်ပြု ပြဋ္ဌာန်းရမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရဲ့ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှ တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်အစိုးရအဖွဲ့များသို့ လိုငွေများ ဖြည့်သွင်းပေးခြင်းအတွက် ထောက်ပံ့ငွေများပါဝင်တဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရဲ့နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၉)အား ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ(၂၀)ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရဲ့ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ ကြမ်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ- ၁၉၃(ခ)နှင့်အညီ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်အစိုးရ အဖွဲ့ကသာ တင်သွင်းခွင့်ရှိတဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၅၃ အရ ပြည်နယ်ဝန်ကြီးချုပ်ရဲ့ ထောက်ခံတင်ပြချက်ဖြင့် ပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ ၂၀၁၄ -၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများမှ မူလ ခွင့်ပြုငွေဖြင့် မလုံလောက်ပါသောကြောင့် တင်ပြ

တောင်းခံလာသည့် ဖြည့်စွက်ခွင့်ပြုငွေမှာ ကျပ်သန်းပေါင်း (၂၆၄၂၈. ၄၅၈)သန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရဲ့ ၂၀၁၄ -၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြု ငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ တင်ပြတောင်းခံထားတဲ့ ဖြည့်စွက်ခွင့်ပြုငွေ ဖြစ်ပါတယ်။ ဌာနအဖွဲ့အစည်းများအနေနဲ့ ဗဟိုအဖွဲ့အစည်းများမှာ သာမန် အသုံးစရိတ်ကို ကျပ်သန်းပေါင်း(၂၁၇၇. ၆၃၇)သန်း တင်ပြထားပြီး၊ ငွေလုံးငွေရင်း အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း(၁၁၁၆၉. ၁၂၁)သန်း ဖြစ်တဲ့အတွက် စုစုပေါင်း (၁၃၃၄၆. ၇၅၈)သန်း ဖြစ်ပါတယ်။ ဦးစီးဌာနများ အနေဖြင့် တင်ပြတောင်းခံထားတဲ့ သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၁၈၅၇. ၁၈၃)သန်း ဖြစ်ပြီး၊ ငွေလုံး ငွေရင်း အသုံးစရိတ် အနေနဲ့ ကျပ်သန်းပေါင်း(၁၈၃၅. ၃၇၆)သန်း ဖြစ်ပါတယ်။ ပေါင်း(၁၂၂၅. ၇၄၁)သန်း ဖြစ်တဲ့အတွက် စုစုပေါင်းဦးစီးဌာနများ တင်ပြတောင်းခံထားတဲ့ ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှာ ကျပ်သန်း ပေါင်း(၄၉၁၈. ၃၀၀)သန်း ဖြစ်ပါ တယ်။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် သာမန်အသုံးစရိတ်မှာ တင်ပြတောင်းခံထားခြင်းမရှိပါဘူး၊ငွေလုံးငွေရင်း အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း (၅၇၀၆. ၁၈၇)သန်း ဖြစ်တဲ့အတွက် စုစုပေါင်း (၅၇၀၆. ၁၈၇)သန်းဖြစ်ပါတယ်။ လျှပ်စစ်လုပ်ငန်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့ အနေနဲ့ သာမန်အသုံးစရိတ်ကို (၄၆၄. ၄၈၅)သန်း တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်ကို ကျပ်သန်းပေါင်း (၁၉၉၂. ၇၂၈)သန်း တင်ပြတောင်းခံထားတဲ့အတွက် စုစုပေါင်း ကျပ်သန်းပေါင်း(၂၄၅၇. ၂၁၃)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့အတွက်ကြောင့် ၂၀၁၄-၂၀၁၅



D/real(wide) (3



ဖြစ်ပါတယ်။ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဖြစ်ပါတယ်။ အမှတ်စဉ်(၅)မှာ အားကစားဝန်ကြီးဌာန ဖြစ်ပါတယ်။ သာမန်အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း(၉၂. ၃၄၄)သန်း တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်း အသုံးစရိတ်အနေနဲ့ (၆၈၀. ၂၀၀)သန်း တင်ပြတောင်းခံတဲ့အတွက် စုစုပေါင်း(၇၇၂. ၅၄၄)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာန အနေနဲ့ သာမန်အသုံးစရိတ် (၄၉. ၀၃၀)သန်း၊ ကြွေးမြီအသုံးစရိတ်(၁၂၂၅. ၇၄၁)သန်း တောင်းခံထားတဲ့အတွက် ကျပ်သန်းပေါင်း (၁၂၇၄. ၇၇၁)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အမှတ်စဉ်(၇)မှာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဖြစ်ပါတယ်။ ကျပ်သန်းပေါင်း(၁၁၆. ၄၅၀)သန်းဖြစ်ပြီး၊ သာမန်အသုံးစရိတ်အနေနဲ့ တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်းအသုံးစရိတ် တင်ပြတောင်းခံထားခြင်း မရှိပါဘူး၊အဲဒီမှာ အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနမှ တင်ပြတောင်းခံထားခြင်း ဖြစ်ပါတယ်။ အမှတ်စဉ်(၈)မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဖြစ်ပါတယ်။ စုစုပေါင်း တင်ပြတောင်းခံထားတဲ့ သာမန်အသုံးစရိတ်မှာ (၁၅၄၁. ၅၃၅)သန်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်း အသုံး စရိတ် တင်ပြတောင်းခံထားခြင်း မရှိပါဘူး။ အဲဒီအောက်မှာဖြစ်တဲ့ ဦးစီးဌာနများ၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနနှင့် အဆောက်အဦ၊လမ်းတံတားပြင်ဆင်ထိန်းသိမ်းရေးဟာ ဖော်ပြထားတဲ့အတိုင်း  တင်ပြတောင်းခံထားခြင်း ဖြစ်ပါတယ်။ အမှတ်စဉ်(၉)မှာ အလုပ်သမား၊ အလုပ်အကိုင်ဖြစ်ပါတယ်။ ဦးစီးဌာန ဖြစ်ပါတယ်။ အဲဒီမှာ သာမန်အသုံးစရိတ်အနေနဲ့ (၀. ၃၉၉)သန်း တင်ပြတောင်းခံထားခြင်း ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့ အနေနဲ့ ကျွန်တော်တို့ သာမန်အသုံးစရိတ်မှာ (၄၆၄. ၄၈၅)သန်းနဲ့ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၁၉၉၂. ၇၂၈)သန်း တင်ပြတောင်းခံတဲ့အတွက် စုစုပေါင်း(၂၄၅၇.

၂၁၃)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့ကြောင်မို့လို့
ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေ တင်ပြတောင်းခံ
တဲ့ အနေအထားမှာ သာမန်အသုံးစရိတ် စုစုပေါင်းသည် ကျပ်သန်း
ပေါင်း(၄၄၉၉. ၃၀၅)သန်း၊ ငွေလုံး ငွေရင်းအသုံးစရိတ် ကျပ်သန်း
ပေါင်း(၂၀၇၀၃. ၄၁၂)သန်း နှင့် ကြွေးမြီအသုံးစရိတ် (၁၂၂၅. ၇၄၁)
သန်း ပါဝင်တဲ့အတွက် စုစုပေါင်း ကျပ်သန်းပေါင်း(၂၆၄၂၈. ၄၅၈)
သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်နယ်အဆင့် ဌာနအဖွဲ့
အစည်းများမှ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံပြီးနောက် ဖြစ်ပေါ်
လာသည့် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေရငွေ၊
သုံးငွေမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေ
ပါပြီးတဲ့နောက် ဖြစ်ပေါ်လာတဲ့ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း
ဖြစ်ပါတယ်။ ဌာနအဖွဲ့အစည်းများ အနေနဲ့ ဝန်ကြီး၊ဦးစီးဌာန အနေနဲ့
မူလလျာထားတုန်းက ရငွေသည် ကျပ်သန်းပေါင်း(၁၂၀၀၀. ၁၂၉)
သန်း ဖြစ်ပြီး၊ မူလလျာထားငွေ သုံးငွေ အနေနဲ့ ကျပ်သန်းပေါင်း
(၂၂၆၄၈၁. ၁၀၀)သန်း ဖြစ်တဲ့အတွက် မူလမှာ လိုငွေ ကျပ်သန်း
ပေါင်း(၂၁၄၄၈၀. ၉၇၁) ဖြစ်ပါတယ်။ ပြုပြင်ပြီးတဲ့အခါမှာ ရငွေသည်
ကျပ်သန်းပေါင်း(၂၂၈၁၅. ၂၀၇)သန်းဖြစ်ပြီး၊ သုံးငွေသည် ကျပ်
သန်းပေါင်း(၂၄၄၇၄၆. ၁၅၈)သန်း ဖြစ်တဲ့အတွက် ပြုပြင်ပြီးခန့်မှန်းခြေ
လိုငွေသည် ကျပ်သန်းပေါင်း (၂၂၁၉၃၀. ၉၅၁)သန်း ဖြစ်ကြောင်း
တင်ပြအပ်ပါတယ်။အမှတ်စဉ်(၂)မှာ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်
စီးပွားရေး အဖွဲ့အစည်းများရဲ့ မူလလျာထားငွေ ရငွေ၊သုံးငွေ၊လိုငွေ
ဖြစ်ပါတယ်။ မူလ လိုငွေသည် ကျပ်သန်းပေါင်း (၈၄၉. ၂၂၇)သန်း
ဖြစ်ပါတယ်။ ပြုပြင်ပြီး ခန့်မှန်းခြေမှာ ရငွေ၊ သုံးငွေဖြစ်ပြီး လိုငွေ
အနေဖြင့် ကျပ်သန်းပေါင်း (၆၉၅၆. ၂၃၀)သန်းဖြစ်ကြောင်း
တင်ပြအပ်ပါတယ်။ လိုငွေပိုလာတဲ့ အနေအထားဖြစ်ပါတယ်။
အမှတ်စဉ်(၃)မှာ စည်ပင်သာယာရေးအဖွဲ့ ဖြစ်ပါတယ်။ မူလ





ခုနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေအနေနဲ့ သာမန်အသုံးစရိတ်မှာ ကျပ်သန်း
ပေါင်း(၄၄၉၉. ၃၀၅)သန်းဖြစ်ပြီး၊ ငွေလုံးငွေရင်းအနေနဲ့ ကျပ်သန်း
ပေါင်း(၂၀၇၀၃. ၄၁၂)သန်း ဖြစ်ပါတယ်။ ကြွေးမြီအသုံးစရိတ် အနေနဲ့
ကျပ်သန်းပေါင်း(၁၂၂၅. ၇၄၁) သန်း ဖြစ်တဲ့အတွက် ၂၀၁၄-၂၀၁၅
ခုနှစ် ဖြည့်စွက်ခွင့်ပြုငွေသည် ကျပ်သန်းပေါင်း (၂၆၄၂၈. ၄၅၈)သန်း
ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါတော့ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာ
ရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း အသေးစိတ် ဖြစ်ပါတယ်။ အမှတ်စဉ်
(၁)မှာ ဗဟိုအဖွဲ့အစည်းများ အနေနဲ့ သာမန်အသုံးစရိတ်ကို ကျပ်သန်း
ပေါင်း (၂၀၇၇. ၆၃၇)သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ကို ကျပ်သန်း
ပေါင်း(၁၁၁၆၉. ၁၂၁)သန်း ဖြစ်တဲ့အတွက် စုစုပေါင်း ဗဟိုအဖွဲ့အစည်း
အနေနဲ့ ကျပ်သန်းပေါင်း(၁၃၃၄၆. ၇၅၈)သန်း ဖြစ်ပါတယ်။ ဗဟိုအဖွဲ့
အစည်းထဲမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် စာရင်းရုံးများမှ တင်ပြ
တောင်းခံထားခြင်း ဖြစ်ပါတယ်။ အမှတ်စဉ်(၂)မှာဝန်ကြီးဌာန၊ ဦးစီး
ဌာနနှင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှာ- သာမန်အသုံး
စရိတ် အနေနဲ့ ကျပ်သန်းပေါင်း (၁၈၅၇. ၁၈၃)သန်းနဲ့ ငွေလုံးငွေရင်း
အသုံးစရိတ် ကျပ်သန်းပေါင်း(၇၅၄၁. ၅၆၃)သန်း၊ ကြွေးမြီအသုံးစရိတ်
အနေနဲ့ ကျပ်သန်းပေါင်း (၁၂၂၅. ၇၄၁)သန်း ဖြစ်တဲ့အတွက် စုစုပေါင်း
ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှ
တင်ပြတောင်းခံတဲ့ ဖြည့်စွက်ခွင့်ပြုငွေသည် စုစုပေါင်းကျပ်သန်းပေါင်း
(၁၀၆၂၄. ၄၈၇)သန်းဖြစ်ပါတယ်။ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့်
နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ အောက်မှာ ပြည်ထဲရေး
ဝန်ကြီးဌာန ပါပါမယ်။ သမဝါယမဝန်ကြီးဌာန ပါပါမယ်။ လယ်ယာ
စိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာန ပါပါမယ်။ အမှတ်စဉ်(၄)မှာ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ တင်ပြတောင်းခံထားတဲ့ အနေအထား
မှာ သာမန်အသုံးစရိတ်မှာ တင်ပြတောင်းခံထားခြင်း မရှိဘဲ ငွေလုံး
ငွေရင်း အသုံးစရိတ်မှာ ကျပ်သန်းပေါင်း(၅၇၀၆. ၁၈၇)သန်း

လျာထားချက်ရငွေ ကျပ်သန်းပေါင်း(၉၀၉၇. ၂၅၀)၊ သုံးငွေသည် ကျပ်သန်းပေါင်း (၉၄၄၇. ၆၈၆)သန်းဖြစ်တဲ့အတွက် လိုငွေအနေနဲ့ ကျပ်သန်းပေါင်း(၃၅၀. ၄၃၆)သန်း လိုငွေ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ သို့သော်လည်း ပြုပြင်ပြီး အခြေအနေအရ ရငွေ ကျပ်သန်းပေါင်း(၁၁၉၀၅. ၃၃၃) ဖြစ်ပါတယ်။ ရငွေပိုလာပါတယ်။ သုံးငွေအနေနဲ့ ကျပ်သန်းပေါင်း(၁၁၉၀၄. ၈၉၉)သန်း ဖြစ်တဲ့အတွက် ပြုပြင်ပြီး ခန့်မှန်းခြေမှာ လိုငွေမပေါ်ပေါက်တော့ဘဲ ပိုငွေ(၀. ၄၃၄) သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီးခန့်မှန်းခြေစာရင်း ကို နှိုင်းယှဉ်တဲ့အခါမှာ မူလလိုငွေသည် ကျပ်သန်းပေါင်း (၂၅၆၈၀. ၆၃၄)သန်း ဖြစ်ပါတယ်။ပြုပြင်ပြီးခန့်မှန်းခြေ ရငွေအနေနဲ့ ကျပ်သန်းပေါင်း(၁၅၀၉၀၀. ၃၄၅)သန်းနဲ့ သုံးငွေအနေနဲ့ ကျပ်သန်းပေါင်း(၁၇၉၇၈၇. ၀၉၂)သန်း ဖြစ်တဲ့အတွက် ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ရှမ်းပြည်နယ်၏လိုငွေသည် ကျပ်ပေါင်း(၂၂၈၈၈၆. ၇၄၇)သန်းဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ဦးစီးဌာနအလိုက် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းပဲဖြစ်ပါတယ်။ ပြည်နယ်အဆင့်ဌာနအဖွဲ့ အစည်းများမှာ လိုအပ်နေတဲ့ငွေ ကျပ်သန်းပေါင်း(၂၂၈၈၈၆. ၇၄၇)သန်း ပေါ်ပေါက်သဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေအဖြစ်(၂၂၈၈၈၆. ၃၁၃)သန်း ရရှိမှာ ဖြစ်ပါတယ်။ ခြားနားခြင်းကတော့ စည်ပင်သာယာရေးအဖွဲ့ကနေ ရငွေ(၀. ၄၃၄) သန်း ဖြစ်တဲ့အတွက် ထောက်ပံ့ငွေ အနည်းငယ်ကွာဟမှု ရှိကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါ ဖြည့်စွက်ခွင့်ပြုငွေများကို ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် လျာထား သော ရန်ပုံငွေ များအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲပြီး နောက် ထပ်မံလိုအပ်ပါသောကြောင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပုဒ်မ-၄၊ပုဒ်မခွဲ(က)၊ ပုဒ်မ-၄၊





ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း အပြင် နောက်ထပ် ခွဲဝေသုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။ ပုဒ်မ-၃၊ ပုဒ်မခွဲ(က) ပုဒ်မ(၂)ပါတာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။ ပုဒ်မခွဲ(ခ)မှာ သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင် ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးပြီးတော့ အတည်ပြု ပြီးတဲ့အခါမှာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကနေ လက်မှတ် ရေးထိုးပြီး ထုတ်ပြန်ပေးရမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ-၁၉၃(ခ)၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ-၃၅နှင့် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၄၅ တို့နှင့်အညီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ရှမ်းပြည်နယ် လွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် ကျွန်တော့်အနေနဲ့ တင်သွင်းအပ်ပါသည်။ ပထမပိုင်း ဖြည့်စွက်ခွင့်ပြုငွေ တင်ပြခြင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ဆက်လက်ပြီး ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေမှာ ပါဝင်သော ဌာန၊အဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ် ရသုံးမှန်း

ခြေငွေစာရင်းကို ကျွန်တော့်အနေနဲ့ ဆက်လက်တင်ပြသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုတင်ပြတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များ အသေးစိတ်ကြည့်ရှုလေ့လာနိုင်ရန်အတွက် ကျွန်တော့်အနေနဲ့ စာအုပ်များ ကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှစ၍ ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရာတွင် အခြေခံမူအားဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော အဖွဲ့အစည်းများသည် ရငွေများကို ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်းပြီး သုံးငွေများကိုလည်း ရသုံးခန့်မှန်း ခြေငွေစာရင်း လျာထားချက်ဘောင်အတွင်း တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ထုတ်ယူသုံးစွဲလျက်ရှိပါသည်။

၂၀၀၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းပဲဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအပါအဝင် ပြည်နယ်အဆင့်/အဖွဲ့အစည်းများ၏ သာမန်နှင့်ငွေလုံးငွေရင်း၊ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် အခွန်ရငွေခန့်မှန်းခြေငွေစာရင်း များစုစည်း ပေါင်းချုပ်၍ ရေးဆွဲထားပါသည်။ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် လိုငွေနှင့်ဂျီဒီပီအချိုးကို ချိန်ဆရေးဆွဲရမည် ဖြစ်သောကြောင့် ဌာနအဖွဲ့အစည်းများ၏ စာရင်းများအား ဦးစားပေး အစီအစဉ်အလိုက် ခွဲခြားရေးဆွဲပြုစု တင်ပြထားပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်များ ရေးဆွဲရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ရေးဆွဲထားကြောင်း တင်ပြအပ်ပါသည်။ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ



D/real(wide) (3



ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ-၈ပုဒ်မခွဲ(က)နှင့် ပုဒ်မ-၁၀ ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြည့်စွက်ခွင့်ပြုငွေအဖြစ် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး၌ အတည်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါ၍ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေကြမ်းအား တင်သွင်းအပ်ပါတယ်။ ဒါကတော့ ဥပဒေဖြစ်မယ့် ပြကွက် ဖြစ်ပါတယ်။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ၊ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ်ထည့်သွင်းပေးရမှာ ဖြစ်ပါတယ်။ ၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း၊ရက်၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ၊ရက် ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ အခန်း(၁)မှာ အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ ဖြစ်ပါတယ်။ ဒါကို လွှတ်တော် ကိုယ်စားလှယ်များကို ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အသေးစိတ် လေ့လာနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ အခန်း(၂)မှာတော့ နောက်ထပ်အသုံးစရိတ် များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း ဖြစ်ပါတယ်။ အဲဒီမှာ အပိုဒ်(၂)မှာ ပုဒ်မ-၂ပုဒ်မခွဲ(က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယားတွင် ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေး အပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကိုသုံးစွဲနိုင် ပါသည်လို့ ပြဋ္ဌာန်းထားပါတယ်။ပုဒ်မခွဲ(ခ)မှာ ပုဒ်မခွဲ(က)တွင်ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၄ ခုနှစ်

ငွေစာရင်းများကို အထက်ပါမှုများနှင့်အညီ ရေးဆွဲပြုစုပြီး ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါသည်။ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၄ အရ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာရေး ကော်မရှင်က ချမှတ်ထားသော မူဘောင်အတွင်းမှ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာနက ရေးဆွဲပြုစုပေးသော တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ လျာထားချက်ကို လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် တင်သွင်းရမှာ ဖြစ်ပါသည်။ ရှမ်းပြည်နယ်လွှတ်တော်တွင် ဆွေးနွေးအတည်ပြုပြီးသော ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း များကို ဒုတိယသမ္မတမှ စိစစ်သည့်အချိန်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနက ရေးဆွဲတင်ပြထားသည့် ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများအတွက် ကာလလတ် ဘဏ္ဍာရေးမူဘောင်ကို အခြေခံလျက် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်များသို့ ပြည်ထောင်စုက ထောက်ပံ့ပေးသင့်သည့် ထောက်ပံ့ငွေဘောင်အတွင်း ဖြစ်စေရန် ညှိနှိုင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီဝန်ကြီးဌာန အမည်ပြောင်းခြင်းနှင့် သက်ဆိုင်ပြီး ကျွန်တော်တို့ ဘဏ္ဍာငွေကို ရေးဆွဲတဲ့ အနေအထားလေး အနည်းငယ် ရှင်းပြပါမယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ပြည်သူ့လုပ်ငန်း၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲလိုက်ပါတယ်။ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းကို အဆောက်အဦနှင့် ဆောက်လုပ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် လမ်းဦးစီးဌာနအမည်တို့ဖြင့် ဦးစီးဌာန(၂)ခု



D/real(wide) (3



၂၀၁၄-၂၀၁၅ ခုနှစ်၊ ပြုပြင်ပြီးမှာ ကျွန်တော်တို့ ရငွေ(၂၂. ၆၁၉)သန်း၊ အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း (၁၈၈၄၀၉. ၄၅၀)သန်း ဖြစ်တဲ့အတွက် လိုငွေအနေနဲ့ ငွေလုံးငွေရင်းမှာ ကျပ်သန်းပေါင်း (၁၈၈၃၈၆. ၈၃၁)သန်း ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာတော့ ကျွန်တော်တို့ ငွေလုံးငွေရင်း အနေနဲ့ ရငွေမရှိပါဘူး၊ ကျွန်တော်တို့ အသုံးစရိတ်မှာ ကျပ်သန်းပေါင်း(၃၆၆၂၉၄. ၅၉၉)သန်း ဖြစ်တဲ့အတွက် ငွေလုံးငွေရင်းလိုငွေ အနေနဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ကျပ်သန်းပေါင်း(၃၆၆၂၉၄. ၅၉၉)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ကျွန်တော်တို့ ကြွေးမြီအနေနဲ့ ရငွေကျပ်သန်းပေါင်း(၁၂၂၅. ၇၄၁)သန်း၊ အသုံးစရိတ်အနေနဲ့လည်း ကျွန်တော်တို့(၁၂၂၅. ၇၄၁)သန်း ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ မှာတော့ ကြွေးမြီမရှိပါဘူး၊ ဒါ့ကြောင့်မို့လို့ စုစုပေါင်း အနေနဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ကျွန်တော်တို့ရဲ့ ရငွေသည် ကျပ်သန်းပေါင်း (၁၅၀၉၀၀. ၃၄၅)သန်း ဖြစ်ပြီး အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း (၃၇၉၇၈၇. ၉၀၂)သန်းဖြစ်တဲ့အတွက် ခုနက ကျွန်တော်တင်ပြပြီးဖြစ်တဲ့ လိုငွေသည် ကျပ်သန်းပေါင်း(၂၂၈၈၈၆. ၇၄၇)သန်း ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ မှာတော့ ကျွန်တော်တို့ လျာထားတဲ့ခန့်မှန်းခြေအနေနဲ့ ရငွေသည် ကျပ်သန်းပေါင်း(၂၇၆၆၆. ၆၆၆)သန်း ဖြစ်ပါတယ်။ အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း(၄၅၂၀၅၅. ၁၉၃) သန်း ဖြစ်တဲ့အတွက် ၂၀၁၅-၂၀၁၆ ခုရေးဆွဲထားတဲ့ အနေအထားသည် လိုငွေသည် ကျပ်သန်းပေါင်း(၄၂၄၃၈၈. ၅၂၇)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါ ၂၀၁၄-၂၀၁၅ ခုနှစ်နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ရငွေ အခွန်အကောက်ရငွေဖြစ်ပါတယ်။ ယှဉ်တွဲပြီးတော့ ဖော်ပြထားခြင်းဖြစ်ပါတယ်။ အစိုးရအဖွဲ့ အနေနဲ့ ရငွေမှာ ရေခွန်နှင့် ဆည်မြောင်းခွန်ဖြစ်ပါတယ်။ ပြုပြင်ပြီးခန့်မှန်း ခြေမှာ (၂၈. ၁၈၀)သန်းဖြစ်ပါတယ်။ သို့သော်လည်းဘဲ ကောက်ခံရရှိခြင်း

မရှိသေးတဲ့အတွက် ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ထည့်သွင်း လျာထားခြင်း မရှိပါဘူး၊ အမှတ်စဉ်(၂)မှာကတော့ ကျွန်တော်တို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပါတယ်။ ရရှိတဲ့ အခွန်ကတော့ ယစ်မျိုးခွန်၊ မြေယာပေါ်မှာကောက်ခံတဲ့အခွန်၊ ဓါတ်သတ္တုပစ္စည်းခွန်ဖြစ်ပါတယ်။ ၂၀၁၄-၁၅ ပြုပြင်ပြီးကတော့ ကျွန်တော်တို့(၅၂၇. ၄၅၄)သန်းဖြစ်ပြီး၊ ၂၀၁၅-၁၆ မှာတော့ ကျွန်တော်တို့ (၆၆၉. ၅၀၂)သန်း ရရှိမယ်လို့ ကျွန်တော်တို့ လျာထားပါတယ်။အမှတ်စဉ်(၃)ကတော့ ငါးလုပ်ငန်း ဖြစ်ပါတယ်။အင်းအိုင်ခွန် ဖြစ်ပါတယ်။ ၂၀၁၄-၁၅ မှာ (၉. ၅၀၈)သန်း ရရှိပြီး၊ ၂၀၁၅-၂၀၁၆ ခန့်မှန်းခြေမှာ(၆. ၆၈၆)သန်း လျာထားကြောင်း တင်ပြအပ်ပါတယ်။အမှတ်စဉ်(၄)ကတော့ သစ်တော ဖြစ်ပါတယ်။ သစ်တောများမှ ပစ္စည်းများထုတ်ယူရရှိတဲ့ အခွန်ဖြစ်ပါတယ်။ အမှတ်စဉ်(၅)ကတော့ ကျွန်တော်တို့ စည်ပင်ဖြစ်ပါတယ်။ စည်ပင်ကနေ ကောက်ခံရရှိတဲ့အခွန် ကတော့ ပစ္စည်းခွန်၊ ဘီးခွန်နှင့် အခွန်ဝေစုဖြစ်ပါတယ်။စည်ပင်သာယာရေးမှာ ကျွန်တော်တို့ ၂၀၁၄-၁၅မှာ ကျပ်သန်းပေါင်း(၂၂၃၇. ၀၇၀)သန်းရရှိမှာဖြစ်ပြီး၊ ၂၀၁၅-၁၆ မှာတော့ ကျွန်တော်တို့ ခန့်မှန်းခြေလျာထားတာ ကျပ်သန်းပေါင်း (၂၅၃၁. ၈၀၅)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါက ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ အခွန်အကောက်ရငွေစာရင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဖော်ပြပါဇယားကတော့ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းဘဲ ဖြစ်ပါတယ်။ ရငွေမှာ သာမန်အနေနဲ့ ကျပ်သန်းပေါင်း (၂၇၆၆၆. ၆၆၆)သန်းဖြစ်ပြီး၊ သာမန်အသုံးစရိတ်သည် ကျပ်သန်းပေါင်း (၈၅၇၆၀. ၅၉၄)သန်း ဖြစ်တဲ့အတွက် သာမန်လိုငွေသည် ကျပ်သန်းပေါင်း(၅၈၀၉၃. ၉၂၈)သန်းဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ငွေလုံးငွေရင်း အနေနဲ့ ကျွန်တော်တို့ ရငွေမရှိဘဲနဲ့ အသုံးစရိတ်မှာ



D/real(wide) (3



အဖြစ်လည်းကောင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အမည်ဖြင့်လည်းကောင်း ပြောင်းလဲ ပြင်ဆင်ထားပါတယ်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ယခင်ဘဏ္ဍာရေး နှစ်များက ရေးဆွဲခဲ့တဲ့ အဆောက်အဦ၊ လမ်းတံတား များပြင်ဆင်ထိန်း သိမ်းခြင်း(လမ်းဦးစီး)နှင့် စီးပွားရေးအဖွဲ့အစည်းဖြစ်သည့် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ လမ်းဦးစီးဌာနအမည်ဖြင့် ဦးစီးဌာန ရသုံးခန့်မှန်းခြေ ငွေစာရင်း တစ်ခုတည်း ပူးပေါင်းရေးဆွဲတင်ပြထားပါကြောင်း တင်ပြ အပ်ပါတယ်။ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဝန်ကြီး/ဦးစီး ဌာနများ၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့်သစ်တောရေးရာဝန်ကြီးဌာနတွင် ပါဝင်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာနရဲ့ ရသုံးခန့်မှန်းခြေ ငွေစာရင်းကို ပြည်နယ်အဆင့်ဦးစီး ဌာန တစ်ခုအဖြစ် သတ်မှတ်၍ ထည့်သွင်းရေးဆွဲ ထားပါတယ်။ ဒါ ကျွန်တော်တို့ ဒီဦးစီးဌာနတစ်ခု ပြည်နယ်ဘတ်ဂျတ် ထဲထည့်သွင်း ရေးဆွဲရတဲ့အကြောင်း တင်ပြခြင်းဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်၊ မူလခန့်မှန်း ခြေငွေစာရင်းကို ကျွန်တော်တို့ နှိုင်းယှဉ်ပြီး ဖော်ပြထားပါတယ်။ ငွေစာရင်းခေါင်းစဉ်အနေနဲ့ ကျွန်တော်တို့ သာမန် ၂၀၁၄-၂၀၁၅ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းသည် ကျွန်တော်တို့ ရငွေ၊ သုံးငွေ၊ လိုငွေ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ မှာ ကျပ်သန်းပေါင်း(၄၀၄၉၉. ၉၁၆)သန်း ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ရေးဆွဲတဲ့အခါမှာ ရငွေသည် ကျပ်သန်း ပေါင်း(၂၇၆၆၆. ၆၆၆)သန်းဖြစ်ပြီး၊ အသုံးစရိတ်သည် ကျပ်သန်းပေါင်း (၈၅၇၆၀. ၅၉၄)သန်းဖြစ်တဲ့အတွက် ၂၀၁၅-၂၀၁၆ မှာ ကျွန်တော် တို့ရဲ့ လိုငွေသည် ကျပ်သန်းပေါင်း(၈၅၀၉၃. ၉၂၈) သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။သာမန်လိုငွေဖြစ်ပါတယ်။ ငွေလုံးငွေရင်းအနေနဲ့

ကျပ်သန်းပေါင်း(၃၆၆၂၉၄. ၅၉၉)သန်းဖြစ်ပါတယ်။ လိုငွေအနေနဲ့ ကျပ်သန်းပေါင်း(၃၆၆၂၉၄. ၅၉၉)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ ၂၀၁၄-၁၅ မှာ ရငွေသည် ကျပ်သန်းပေါင်း(၂၇၆၆၆. ၆၆၆)သန်းဖြစ်ပြီး၊ အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း (၄၅၂၀၅၅. ၁၉၃)ဖြစ်တဲ့အတွက် လိုငွေသည် ကျပ်သန်းပေါင်း(၄၂၄၃၈၈. ၅၂၇)သန်းဖြစ်ပါတယ်။ ဒါကတော့ ဦးစီးဌာနတွေကနေ ရရှိတဲ့ငွေနဲ့ သုံးစွဲမယ့်ငွေဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ထည့်သွင်း ရေးဆွဲထားတာကတော့ ထောက်ပံ့ငွေဖြစ်ပါတယ်။ ဆင်းရဲမှုလျှော့ချရေးအတွက် ကျွန်တော်တို့ ရငွေအနေနဲ့ ကျပ်သန်းပေါင်း(၄၀၀၀)ရရှိမှာ ဖြစ်ပြီးတော့၊ အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း(၄၀၀၀) ပြန်လည်လျာထားပါတယ်။ နောက်တစ်ခုကတော့ ပြည်ထောင်စုလွှတ်တော်မှ သတ်မှတ်ပေးသောလုပ်ငန်းများအတွက် ထောက်ပံ့မှာဖြစ်ပြီး ထောက်ပံ့ငွေမှာ (၅၅၀၀)ဖြစ်ပြီးတော့ အသုံးစရိတ်အနေနဲ့ ကျွန်တော်တို့ ကျပ်သန်းပေါင်း(၅၅၀၀) သုံးစွဲသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒေသငြိမ်းချမ်းရေးလုပ်ငန်းတွေမှာ ဆောင်ရွက်မှုအတွက် ကျွန်တော်တို့ ကျပ်သန်းပေါင်း(၁၀၀၀) လျာထားပါတယ်။ အသုံးစရိတ်အနေနဲ့လည်း ကျပ်သန်းပေါင်း (၁၀၀၀) ပြန်လည်သုံးစွဲသွားမှာ ဖြစ်တဲ့အတွက် စုစုပေါင်း ၂၀၁၅-၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ရငွေသည် ကျပ်သန်းပေါင်း စုစုပေါင်း (၃၈၁၆၆. ၆၆၆)သန်းဖြစ်ပြီး၊ အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း (၄၆၂၅၅၅. ၁၉၃)သန်းဖြစ်တဲ့အတွက် ၂၀၁၅-၂၀၁၆ ခုနှစ်မှာ လိုငွေလျာထားမှုသည် ကျပ်သန်းပေါင်း(၄၂၄၃၈၈. ၅၂၇)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီဇယားကတော့ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းကို





ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန ပါဝင်မှာ ဖြစ်ပါတယ်။ အသေးစိတ်စာရင်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ သမဝါယမ ဝန်ကြီးဌာန ပါဝင်မှာဖြစ်ပါတယ်။ သမဝါယမအောက်မှာ သမဝါယမဦးစီးဌာနနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေ ပါဝင်မှာ ဖြစ်ပါတယ်။ ဦးစီးဌာန ပါဝင်မှာ ဖြစ်ပါတယ်။ အမှတ်စဉ်(၃)ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဖြစ်ပါတယ်။ အဲဒီအောက်မှာ ရေအရင်း အမြစ်အသုံးချရေးဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေး ပါလာမှာ ဖြစ်ပါတယ်။ ရငွေအနေနဲ့ ကျွန်တော်တို့ စုစုပေါင်း(၂၃. ၅၂၂)သန်း ရရှိမှာဖြစ်ပြီး၊ သာမန်အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း(၄၇၄၃. ၄၅၇) သန်းဖြစ်ပါတယ်။ လိုငွေအနေနဲ့ ကျပ်သန်းပေါင်း(၄၇၁၉. ၉၃၅)သန်းဖြစ်မှာ ဖြစ်ပါတယ်။ငွေလုံးငွေရင်း အသုံးစရိတ်အနေနဲ့ ရငွေမရှိပါဘူး၊ သုံးတဲ့ငွေမှာ(၃၅၆၆. ၀၂၅)သန်း ဖြစ်တဲ့အတွက် လိုငွေသည် ငွေလုံးငွေရင်းမှာ (၃၅၆၆. ၀၂၅)သန်း ဖြစ်ပါတယ်။ စုစုပေါင်းအနေနဲ့ ကျွန်တော်တို့ ရငွေ၊သုံးငွေ၊လိုငွေဖြစ်ကြောင်း တင်ပြအပ်ပါ တယ်။ အမှတ်စဉ်(၄)မှာ ကျွန်တော်တို့ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဝန်ကြီးဌာန ဖြစ်ပါတယ်။ အဲဒီ အောက်မှာ ငါးလုပ်ငန်း ဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဖြစ်ပါတယ်။ ဖော်ပြပါအတိုင်း ကျွန်တော်တို့ရဲ့ သာမန်ရငွေ၊သုံးငွေ၊လိုငွေဖြစ်ပြီးတော့ ငွေလုံးငွေရင်း ရငွေ၊သုံးငွေ၊လိုငွေဖြစ်ပါတယ်။ကျွန်တော်တို့ နောက်မှာ စုစုပေါင်း ရငွေအနေနဲ့(၂၀. ၂၄၈)သန်းဖြစ်ပြီး သုံးငွေအနေနဲ့ ကျပ်သန်းပေါင်း(၁၁၂၆. ၁၆၀)သန်းဖြစ်တဲ့အတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းကျေးလက်ဝန်ကြီးဌာနရဲ့အောက်မှာရှိတဲ့ ဦးစီးဌာနများရဲ့လိုငွေသည် ကျပ်သန်းပေါင်း (၁၁၀၅. ၉၁၂) သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အမှတ်စဉ်(၅)ကတော့ ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ

ဝန်ကြီးဌာန ဖြစ်ပါတယ်။ သူရဲ့အောက်မှာ သစ်တောဦးစီးဌာနနဲ့ ခုန ကျွန်တော်တင်ပြတဲ့ အသစ်တိုးလာတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဖြစ်ပါတယ်။ စုစုပေါင်းရငွေသည် ကျပ်သန်းပေါင်း (၁၆၇. ၅၈၅)သန်းဖြစ်ပြီး သုံးမယ့်ငွေသည် ကျပ်သန်းပေါင်း(၂၈၅၂. ၀၉၂)သန်းဖြစ်တဲ့အတွက် လိုငွေသည် ကျပ်သန်းပေါင်း(၂၆၈၄. ၅၀၇)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အမှတ်စဉ်(၆)ကတော့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဖြစ်ပါတယ်။သာမန်အသုံးစရိတ်မှာ တင်ပြတောင်းခံထားခြင်းမရှိပါဘူး၊ ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း(၄၁၁၅၂. ၂၃၈)သန်းဖြစ်ပါတယ်။ လိုငွေလည်း ဒီလောက်ဖြစ်ပါတယ်။ ကျွန်တော်တို့ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများမှာ ဆောင်ရွက်ရမယ့် ဓါတ်တိုင်များလဲခြင်း၊ထရန်စဖော်များ တပ်ဆင်ခြင်း တွေမှာ သုံးစွဲသွားမှာဖြစ်တဲ့အကြောင်း တင်ပြအပ်ပါတယ်။အမှတ်စဉ်(၇)ကတော့ အားကစားဝန်ကြီးဌာန ဖြစ်ပါတယ်။ စုစုပေါင်းရငွေအနေနဲ့ ( ၉၂. ၇၇၈)သန်းဖြစ်ပြီး၊သုံးငွေအနေနဲ့ ကျပ်သန်းပေါင်း(၅၁၅၅. ၁၇၃) သန်း ဖြစ်တဲ့အတွက် အားကစားဝန်ကြီးဌာန အောက်မှာရှိတဲ့ အားကစားနှင့်ကာယပညာဦးစီးဌာနလိုငွေသည် ကျပ်သန်းပေါင်း (၅၀၆၂. ၃၅၉)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။အမှတ်စဉ်(၈) ကတော့ သတ္တုတွင်းဝန်ကြီးဌာန အောက်မှာရှိတဲ့ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒလုပ်ငန်းဖြစ်ပါတယ်။သာမန်စာရင်းရဲ့ ရငွေ၊ သုံးငွေ၊လိုငွေ ဖြစ်ပါတယ်။ငွေလုံးငွေရင်းမှာ ရငွေမရှိသလို၊ သုံးငွေလည်း တင်ပြတောင်းခံထားခြင်း မရှိပါဘူး၊ ဒါ့ကြောင့်မို့လို့ သတ္တုတွင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒ လုပ်ငန်းအနေနဲ့ ရငွေ(၃. ၀၀)သန်း ဖြစ်ပြီး၊ သုံးငွေ(၂၂. ၆၂၇)သန်းဖြစ်တဲ့အတွက် လိုငွေသည် (၁၉. ၆၂၇)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အမှတ်စဉ်(၉)ကတော့ ဘဏ္ဍာရေးဝန်ကြီး



D/real(wide) (3



ဝန်ကြီး၊ ဦးစီးဌာန၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ အနေနဲ့ ကျွန်တော်တို့ ခွဲခြားပြီး ရငွေ/ သုံးငွေ/လိုငွေကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဖော်ပြပါဇယားကတော့ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းရဲ့ အသေးစိတ်စာရင်း ဖြစ်ပါတယ်။ သာမန်စာရင်း၊ ငွေလုံးငွေရင်းစာရင်းနှင့် စုစုပေါင်းစာရင်းဖြစ်ပါတယ်။ ဗဟိုအဖွဲ့အစည်းများမှာ မူလကျွန်တော် တင်ပြထားပြီး ဖြစ်ပါတယ်။ သာမန်ရငွေ၊ သုံးငွေ၊ လိုငွေဖြစ်ပါတယ်။ ငွေလုံးငွေရင်းရဲ့ ရငွေမရှိပါဘူး၊ သုံးငွေ/လိုငွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဗဟိုအဖွဲ့အစည်းများ အနေနဲ့ ကျွန်တော်တို့ ရငွေစုစုပေါင်း ကျပ်သန်းပေါင်း (၁၃၇၅၄. ၁၅၂)သန်း ဖြစ်ပြီးတော့ သုံးမယ့်ငွေသည် ကျပ်သန်းပေါင်း (၁၁၀၄၂၉. ၃၆၈)သန်း ဖြစ်တဲ့အတွက် ဗဟိုအဖွဲ့အစည်းများအနေနဲ့ လိုငွေကျပ်သန်းပေါင်း(၁၀၀၂၇၅. ၂၁၆)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ဗဟိုအဖွဲ့အစည်းများထဲမှာ ပြည်နယ်အစိုးရ အဖွဲ့ ပါဝင်ပါမယ်။ ပြည်နယ်လွှတ်တော်၊ တရားရုံးများ၊ ဥပဒေများ၊စာရင်းစစ်ရုံးများ ဖော်ပြပါကိန်းဂဏန်းများ အတိုင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အမှတ်စဉ်(၂)မှာ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့များဖြစ်ပါတယ်။သာမန်အနေနဲ့ ရငွေ ကျပ်သန်းပေါင်း(၁၂၃၀. ၃၅၄)သန်း၊ သုံးမယ့်ငွေသည် ကျပ်သန်းပေါင်း (၆၈၃၀၀. ၉၅၃)သန်း၊ လိုငွေအနေနဲ့ သာမန်လိုငွေမှာ ကျပ်သန်းပေါင်း (၅၇၀၇၀. ၅၉၉)သန်းဖြစ်ပါတယ်။ ငွေလုံး ငွေရင်းအသုံးစရိတ်အနေနဲ့ သုံးမယ့်ငွေသည် ကျပ်သန်းပေါင်း(၂၆၇၀၄၂. ၇၁၂)သန်း ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့ရဲ့ ရငွေစုစုပေါင်းသည် ကျပ်သန်းပေါင်း (၁၂၃၀. ၃၅၄)သန်းဖြစ်ပြီး၊ သုံးငွေအနေနဲ့ ကျပ်သန်းပေါင်း (၃၂၅၃၄၃. ၆၆၅)သန်းဖြစ်တဲ့အတွက် လိုငွေအနေနဲ့ ကျပ်သန်းပေါင်း (၃၂၄၁၁၃. ၃၁၁)သန်းဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။အဲဒီထဲမှာ

ဌာနအောက်မှာရှိတဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာန ဖြစ်ပါတယ်။ သာမန်အသုံးစရိတ်မှာ ရငွေမရှိပါဘူး၊ လျာထားခြင်း မရှိပါဘူး၊ သုံးငွေ၊ လိုငွေ ဖြစ်ပါတယ်။ ငွေလုံးငွေရင်း သုံးငွေ၊ လိုငွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စုစုပေါင်း ကျွန်တော်တို့ ဘဏ္ဍာရေး ဝန်ကြီးဌာန အောက်မှာရှိတဲ့ ရသုံးခန့်မှန်း ခြေငွေစာရင်းဦးစီးဌာနမှာ သုံးမယ့် သုံးစွဲမယ့်ငွေသည် ကျပ်သန်းပေါင်း(၃၀၆. ၇၆၀)သန်း ဖြစ်တဲ့အတွက် လိုငွေသည်လည်း ဒီလောက်ပဲ ဖြစ်သွားမှာ ဖြစ်ပါတယ်။အမှတ်စဉ်(၁၀)ကတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဖြစ်ပါတယ်။ သာမန်စာရင်းမှာ ရငွေ၊သုံးငွေ၊လိုငွေ ဖြစ်ပါတယ်။ငွေလုံးငွေရင်းမှာ ရငွေမရှိပါဘူး၊ သုံးငွေ အနေနဲ့ ကျပ်သန်းပေါင်း(၁၃၄၆. ၄၁၀)သန်းဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ရဲ့လိုငွေသည် ကျပ်သန်းပေါင်း (၂၇၉၉. ၄၆၇)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အမှတ်(၁၁)ကတော့ ကျွန်တော်တို့ပြည်သူ့လုပ်ငန်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဖြစ်ပါတယ်။ ပြောင်းလဲတဲ့ဝန်ကြီးဌာန ဖြစ်ပါတယ်။သူ့ရဲ့သာမန်စာရင်းမှာ သာမန်ရငွေ သည် (၂၁၇. ၄၀၉)သန်း ဖြစ်ပြီး၊သုံးငွေအနေနဲ့ ကျပ်သန်းပေါင်း(၃၃၄၄၀. ၈၄၆)သန်း ဖြစ်တဲ့အတွက် လိုငွေသည် ကျပ်သန်းပေါင်း(၃၃၂၂၃. ၄၃၇)သန်းဖြစ်ပါတယ်၊ ငွေလုံးငွေရင်း အသုံးစရိတ်အနေနဲ့ ကျွန်တော်တို့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ဆောင်ရွက်တဲ့အတွက် ကျပ်သန်းပေါင်း သုံးမယ့်ငွေသည် (၁၉၆၁၆၇. ၄၆၀)သန်းဖြစ်ပါတယ်။ ဒါ့ကြောင့် မို့လို့ စုစုပေါင်း ကျွန်တော်တို့ရဲ့ လိုငွေသည် ပြည်သူ့လုပ်ငန်း၊မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးမှု ဝန်ကြီးဌာနအောက်မှာ ရှိနေတဲ့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လမ်းတံတားဦးစီးဌာနသည် ကျပ်သန်းပေါင်း (၂၂၉၃၉၀. ၈၉၇)သန်း လိုငွေရှိကြောင်း တင်ပြအပ်ပါတယ်။ အမှတ်စဉ်(၁၂)ကတော့ အလုပ်သမား၊အလုပ်အကိုင် ဖြစ်ပါတယ်။





(၄၂၂၂၈၄. ၉၁၆)သန်း ဖြစ်တဲ့အတွက် လိုငွေ လည်းလျော့သွားပါမယ်။ ကျပ်သန်းပေါင်း (၁၉၄၆၁၈. ၂၅၀)သန်းဖြစ်ပါတယ်။ပထမဦးစားပေးအနေနဲ့ ကျွန်တော် တို့ ရငွေအနေနဲ့ မပြောင်းလဲပါဘူး၊ အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း(၁၇၅၈၆၁. ၁၄၀)သန်း သုံးမှာ ဖြစ်တဲ့ အတွက် လိုငွေသည် ကျပ်သန်းပေါင်း(၁၄၈၁၉၄. ၆၇၄)သန်း ရှိမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါက ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ် ဖြစ်ပါတယ်။ ဦးစီးဌာနများနှင့် ကျွန်တော်တို့ အဲဒီထဲမှာ ပါဝင်တဲ့ အသုံးစရိတ်များကတော့ လစာစရိတ်ပါဝင်မှာ ဖြစ်ပါတယ်။ ခရီးစရိတ်၊ ပစ္စည်းလုပ်အားစရိတ်၊ ဓါတ်ဆီ၊ စက်ဆီစရိတ်၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့်စီမံခြင်းနှင့်သုတေသနလုပ်ငန်းအတွက် စရိတ်ပါပါမယ်။လွှဲပြောင်း ငွေပါပါမယ်။ ဧည့်ခံမယ့်စရိတ်ပါပါမယ်။ ပင်စင်နှင့်ရုပ်ရှင်အတွက် ပါပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ပါမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကကျွန်တော်တို့ သာမန်အသုံးစရိတ်ဖြစ်ပါတယ်။ စုစုပေါင်း သုံးစွဲမယ့် ပမာဏ အနေနဲ့ ကျပ်သန်းပေါင်း(၈၅၇၆၀. ၅၉၄)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါတော့ ငွေလုံးငွေရင်းအသုံးစရိတ်ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် ဖြစ်ပါတယ်။ တစ်ဖက်ကတော့ အမှတ်စဉ် ဌာနအဖွဲ့အစည်းများရဲ့ အမည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းမှာ ကျွန်တော်တို့ ရုံးဆောက်လုပ်ခြင်း ပါဝင်မှာ ဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပါမယ်။ ၂၀၁၄-၂၀၁၅ တုံးက မပြီးပြတ်သေးတဲ့ ဖြည့်စွက်လုပ်ငန်းများကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ စက်ပစ္စည်း၊ ပရိဘောဂ ပါပါမယ်။ ယာဉ်ပါပါမယ်။ အခြား အသုံးတွေ ပါပါမယ်။ နောက်တစ်ခုက ဒေသဖွံ့ဖြိုးရေးသုံးစွဲမယ့်ငွေ ဖြစ်ပါတယ်။ စုစုပေါင်း ကျွန်တော်တို့ရဲ့ ငွေလုံးငွေရင်းအသုံးစရိတ် သုံးစွဲမယ့်ငွေသည် ကျပ်သန်းပေါင်း(၁၆၆၂၉၄. ၅၉၉)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါ

တယ်။ ဖော်ပြပါဇယားကတော့ ကျွန်တော်တို့ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေမှာ ပါဝင်သော ဌာနအဖွဲ့အစည်းများရဲ့ အသုံးစရိတ်မှာ ပါဝင်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များ ဆောင်ရွက် မယ့်လုပ်ငန်းများ ဖြစ်ပါတယ်။ ဆောင်ရွက်မယ့် ရှင်းလင်းချက်ဖြစ်ပါ တယ်။ ဌာနအနေနဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထဲမှာ (က) ပါဝင်တဲ့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းမှာ ဆောင်ရွက်ဖို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရရှိတဲ့ငွေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များကို ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကုန်းမြင့်လယ်ယာ အနေနဲ့ကတော့ ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်း (၁/၂/၄)ကို သုံးသွားမှာ ဖြစ်ပါတယ်။ စက်မှုလယ်ယာမှာကတော့ စနစ်တကျလယ်ယာမြေ ဖော်ထုတ်ရေးဧက(၄၀၀)အတွက် သုံးစွဲသွားမှာ ဖြစ်ပါတယ်။ မြစ်ချောင်းဖြိုးဖြစ်ပါတယ်။နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ တစ်နည်းအားဖြင့် နတလလို့ အခေါ် များတဲ့ ကိစ္စဖြစ်ပါတယ်။ လမ်း၊တံတား၊ရေရရှိရေး၊ စွမ်းအင်၊ သာသနာရေး၊ တူးမြောင်း သာသနာရေးလုပ်ငန်းတွေမှာ ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။အမှတ်စဉ်(စ)ကတော့ ကျွန်တော်တို့ ဆည်မြောင်းဦးစီးဌာနဖြစ်ပါတယ်။သုံးစွဲမယ့်လုပ်ငန်းကတော့ တူးမြောင်း၊ ချောင်းပြုပြင်ခြင်း၊ ရေလွှဲဆည်၊ ရေတံခါး၊ ရေပိုလွှဲ ဆည်၊ ကန်၊တာတမံ၊တံတား ဆောက်လုပ်ရေးအခြေအနေတွေမှာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အမှတ်စဉ်(၂) မှာ မီးသတ်ဦးစီးဌာန ဖြစ်ပါတယ်။အဲဒီမှာသုံးစွဲမယ့် တင်ပြတောင်းခံထားတဲ့ ငွေလုံး ငွေရင်းကို မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်များဝယ်ယူတဲ့ နေရာမှာ သုံးစွဲမှာ ဖြစ်ပါတယ်။ အမှတ်စဉ်(၃)က အသေးစားစက်မှုလက်မှု ဖြစ်ပါတယ်။ အသက်မွေးဝမ်းကျောင်း သင်တန်းအတွက် အသုံးပြု သွားမှာ ဖြစ်ပါတယ်။ အမှတ်စဉ်(၄)မှာ ရေအရင်းအမြစ် အသုံးချရေး



D/real(wide) (4



အဲဒီမှာ ဗဟိုပြည်တွင်းကုန်တင်ကုန်ချလုပ်ငန်း ဖြစ်ပါတယ်။ အမှတ်စဉ်ကြီး(၃)မှာ စည်ပင်သာယာရေးအဖွဲ့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ သာမန်ရငွေမှာ ကျပ်သန်းပေါင်း (၁၂၆၈၂. ၁၆၀)သန်း ဖြစ်ပြီး၊ သာမန်အသုံးစရိတ်ငွေ အနေနဲ့ ကျပ်သန်းပေါင်း(၅၇၅၇. ၂၁၈)သန်းဖြစ်တဲ့အတွက် ပိုငွေအနေနဲ့ ကျပ်သန်းပေါင်း(၆၉၂၄. ၉၄၂)သန်းရှိမှာ ဖြစ်ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်မှာ သုံးမယ့်ငွေသည် ကျပ်သန်းပေါင်း(၆၉၂၄. ၉၄၂)သန်း ဖြစ်ပြီး လိုငွေအနေနဲ့လည်း ဒီလောက်ဘဲဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ စုစုပေါင်း ရငွေနဲ့သုံးငွေကို ကျွန်တော်တို့ အပိုအလို မရှိအောင် အခုလောလောဆယ်မှာ ရေးဆွဲ ထားပါတယ်။ နောက်မှ ပြန်လည်ပြုပြင်ပြီး ရေးဆွဲရမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့ကြောင့်မို့လို့ စုစုပေါင်း ၂၀၁၅-၂၀၁၆ မူလဘတ်ဂျက်အနေနဲ့ ကျွန်တော်တို့ ရေးဆွဲတဲ့အခါမှာ စုစုပေါင်း ရငွေသည် ကျွန်တော်တင်ပြ ခဲ့တဲ့အတိုင်းဘဲ ကျပ်သန်းပေါင်း (၂၇၆၆၆. ၆၆၆)သန်းဖြစ်ပြီး၊ သုံးငွေသည် ကျပ်သန်းပေါင်း(၄၅၂၀၅၅. ၁၉၃)သန်း ဖြစ်တဲ့အတွက် ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ဖြစ်ပေါ်လာမယ့်လိုငွေသည် ကျပ်သန်းပေါင်း(၄၂၄၃၈၈. ၅၂၇) သန်း ဖြစ်ကြောင်း တင်ပြအပ်ပါ တယ်။ ကျွန်တော်တို့ ရေးဆွဲလိုက်တဲ့ အနေအထားမှာ ဦးစားပေး အလိုက် ရေးဆွဲထားတဲ့ အနေအထားကို ဖော်ပြခြင်း ဖြစ်ပါတယ်။ ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေး စုစုပေါင်း ရငွေ၊ သုံးငွေနှင့်လိုငွေ ဖြစ်ပါတယ်။(၃)ခုစလုံး ကျွန်တော်တို့ ခွင့်ပြုပေး မယ်ဆိုလို့ရှိရင် ကျပ်သန်းပေါင်း အသုံးစရိတ်သည် (၄၅၂၀၅၅. ၁၉၃)သန်း၊ လိုငွေသည် (၄၂၄၃၈၈. ၅၂၇)သန်းဖြစ်ပါတယ်။ အဲဒီထဲမှာမှ ကျွန်တော်တို့ ပထမဦးစားပေး၊ ဒုတိယဦးစားပေးကိုဘဲ ရရှိမယ်ဆိုလို့ရှိရင် ရငွေအနေနဲ့တော့ ပြောင်းလဲမှုမရှိပါဘူး၊ အသုံးစရိတ်မှာ အနည်းငယ်လျော့သွားပါမယ်။ ကျပ်သန်းပေါင်း

ဖြစ်ပါတယ်။ ရရှိမယ့် တင်ပြထားတဲ့ ငွေလုံးငွေရင်းအသုံးစရိတ်များကို စိမ့်စမ်း၊ သောက်သုံး ရေသွယ်လုပ်ငန်းနှင့် တိုင်းတာရေးလုပ်ငန်းများ၊ ဒါးဆိပ်နှင့် ကျောက်နီရေတင်လုပ်ငန်းများမှာ သုံးစွဲသွားမှာ ဖြစ်ပါတယ်။အမှတ်စဉ်(၅)မှာ စိုက်ပျိုးရေး ဦးစီးဌာန ဖြစ်ပါတယ်။ စံပြစိုက်ကွင်း၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်သုံးစွဲနိုင်ရေးနှင့် အင်းစိမ်းလုပ်ငန်းများ ဆောင်ရွက်ရန် တင်ပြတောင်းခံခြင်း ဖြစ်ပါတယ်။ အမှတ်စဉ်(၆)မှာတော့ ငါးလုပ်ငန်းဖြစ်ပါတယ်။ အင်းလေးကန်ရေရှည်တည်တံ့ထိန်းသိမ်း ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းတွေမှာ  သုံးစွဲသွားမှာ ဖြစ်ပါတယ်။ အမှတ်စဉ်(၇)ကတော့ မွေးမြူရေးနှင့် ကုသရေးဖြစ်ပါတယ်။ နို့ပြုပြင်ထုတ်လုပ်ရေးစက်ကို ဝယ်ယူ အသုံးပြုပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒါကတော့ (လွိုင်လင်၊ လားရှိုး၊ နောင်ချို)တို့မှာ ရှိပါတယ်။အမှတ်စဉ်(၈)ကတော့ လျှပ်စစ်ဖြစ်ပါတယ်။ တင်ပြတောင်းခံထားတဲ့ ငွေလုံး ငွေရင်း အသုံးစရိတ်ကို တိုးချဲ့ရင်းနှီးမြှုပ်နှံမှု(မြို့ရွာ **11KV/400 V Line** တွေ၊ ထရန်စဖော်မာတွေ သုံးစွဲ သွားမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ အစားထိုးရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်ပါတယ်။ သစ်သားတိုင်များကို ကွန်ကရစ်တိုင်နှင့် လဲခြင်းတွေမှာ သုံးမှာ ဖြစ်ပါတယ်။ ကြိုးတွေကိုလဲမှာ ဖြစ်ပါတယ်။ အမှတ်စဉ်(၉)မှာ အားကစား ဖြစ်ပါတယ်။ အားကစားပြိုင်ပွဲနှင့် အားကစားကွင်းများ တိုးချဲ့ပြင်ဆင်ခြင်းမှာ သုံးစွဲသွားမှာ ဖြစ်ပါတယ်။ အမှတ်စဉ်(၁၀)မှာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးမှာတော့ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း အဲဒီထဲမှာ(တောင်ကြီး၊ ဟိုပုံး၊ မူဆယ်)တွေမှာလည်း ပါဝင်သွားမှာ ဖြစ်ပါတယ်။ အမှတ်စဉ်(၁၁) ကတော့ ကျွန်တော်တို့ပြောင်းလဲလိုက်တဲ့ လမ်းဦးစီး ဖြစ်ပါတယ်။ အခုလည်း ရေးဆွဲထားပါတယ်။ အဲဒီနေရာမှာ ရရှိမယ့် ခွင့်ပြုငွေများကို





ရမည့် အချက်များမှာ  တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး ရှိနေတဲ့ လူဦးရေ၊ ဆင်းရဲမှုနှုန်း၊ ဂျီဒီပီတို့ကို အခြေခံပြီးတော့ ထောက်ပံ့ငွေ ခွဲဝေသွားမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များဟာ မိမိရရှိသည့် ထောက်ပံ့ငွေများအပေါ် မူတည်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ ပြည်သူကို တိုက်ရိုက်အကျိုးပြုတဲ့ ပြည်သူလူထုကို ချက်ချင်းအကျိုးခံစားရမည့် **Quick Win** ရရှိမည့် လုပ်ငန်းများကိုသာ ဦးစားပေး ဆောင်ရွက်ဖို့ ရေးဆွဲထားကြောင်း တင်ပြအပ်ပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်း အသုံးစရိတ်များ၊ ဦးစီးဌာနသည် ငွေစာရင်းများတဲ့ဟာကို ကျွန်တော်တို့ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီမှာ လမ်းဦးစီးဌာန ပါပါတယ်။ အသေးစိတ် ဆောက်လုပ်မယ့် စီမံကိန်းနှင့်လုပ်ငန်းတွေ ဖြစ်ပါတယ်။ နောက်တစ်ခု ဆည်မြောင်းဦးစီးဌာန ဖြန့်ဝေပေးထားပါတယ်။ နောက်တစ်ခုကတော့ ရှမ်းပြည်နယ်ဒေသဆိုင်ရာလုပ်ငန်း ကော်မတီရုံး တစ်နည်းအားဖြင့် နတလ လုပ်ငန်းကို အသေးစိတ် ဖော်ပြထားပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှာ သုံးစွဲမယ့် ဆောင်ရွက်မယ့် လုပ်ငန်း ဖြစ်ပါတယ်။ ဒါကိုလည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ နောက်တစ်ခုက စည်ပင်သာယာရေးအဖွဲ့ရဲ့ ဆောင်ရွက်ရမယ့်လုပ်ငန်းများကိုလည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် အသေးစိတ် လေ့လာဆွေးနွေးနိုင်ဖို့ အတွက် ဖြန့်ဝေပေးထားခြင်းလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၏ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလ ရသုံးမှန်းခြေငွေစာရင်းအား ရှမ်းပြည်နယ် လွှတ်တော်သို့ ကျွန်တော့်အနေနဲ့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အစီအစဉ် (၁၀)ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက် ခွင့်ပြုရန်ပုံငွေစာရင်း၊ ပြုပြင်ပြီး ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလရသုံးမှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၄)ရက် (ကြာသပတေးနေ့)မှာ ဆွေးနွေး ပါမယ်။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ဒီကနေ့ အစည်းအဝေး ရပ်နားတဲ့အခါမှာ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းရန် ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်၊အင်္ဂါနေ့၊နံနက်(၁၀၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။



D/real(wide) (4



ကတ္တရာ လမ်းခင်းခြင်း၊ ပြင်ဆင်ခြင်း၊ သံကူကွန်ကရစ်တံတားနှင့် ရေပြွန် တည်ဆောက်ခြင်း၊ ကျောက်စီရေမြောင်းနှင့် မြေကနုရံတည်ဆောက် ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းတို့ ဖြစ်ပါတယ်။ လမ်းခင်းတဲ့နေရာမှာ ရေကျော်တဲ့လမ်းတွေမှာ ခင်းခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အမှတ်(၁၂)ကတော့ စည်ပင်သာယာရေးအဖွဲ့ ဖြစ်ပါတယ်။ရရှိတဲ့ ငွေလုံးငွေရင်းများကို လမ်းတံတားတည်ဆောက်ရေးလုပ်ငန်း၊ ရေပေး ဝေရေးလုပ်ငန်း၊ ကတ္တရာဝယ်ယူခြင်းလုပ်ငန်း၊ အဆောက်အဦ ဆောက်လုပ်ခြင်း၊ စက်ကိရိယာဝယ်ယူခြင်း လုပ်ငန်းနှင့် အခြား လုပ်ငန်းများမှာ သုံးစွဲသွားမှာဖြစ်ကြောင်း တင်ပြသွားပါတယ်။ ပြည်ထောင်စုမှ ထောက်ပံ့ငွေ ထောက်ပံ့မည့် အခြေအနေများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည် နယ်၏ ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် ရငွေလျာထားချက်နှင့် အသုံးစရိတ်လျာထားချက်အရ ဖြစ်ပေါ်လာသော လိုငွေများအား ပြည်ထောင်စုမှ ထောက်ပံ့ငွေဖြင့် ရရှိမှာ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများအတွက် ကာလလတ် ဘဏ္ဍာရေးမူဘောင်ကို အခြေခံလျက် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များသို့ ပြည်ထောင်စုက ထောက်ပံ့ပေးသင့်သည့် ထောက်ပံ့ငွေဘောင် အတွင်းဖြစ်ရန် ညှိနှိုင်းစစ်ဆေးသွားမည်ဖြစ်ပါကြောင်း ဖော်ပြပါ ရှိပါတယ်။ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ကို အကောင် အထည်ဖော်တဲ့နေရာမှာ တိုင်းဒေသကြီး နဲ့ ပြည်နယ်များသို့ ပြည်ထောင်စုက ထောက်ပံ့ငွေပေးသည့် ပုံစံကို ပိုမိုမျှတပြီး ပကတိ အခြေအနေနှင့် ကိုက်ညီသည့်ပုံစံဖြင့် ထောက်ပံ့နိုင်ရန် အခြေခံစဉ်းစား

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (4



ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာ ယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား- ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို(၁၁၃)ဦး တက်ရောက် ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၈၁ ဒသမ ၂၉ )% ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၈၀)၊ ပုဒ်မခွဲ(က) နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၃၄)၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေးထမြောက်ကြောင်း နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ(၃၅)၊ နည်းဥပဒေခွဲ (ဂ)၊ တို့အရ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃) ဖြစ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေ ထားသော အစီအစဉ်များ အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်း ကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။





# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)
# မှတ်တမ်း
## ၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း (၁၁)ရက်
## ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်
## [ အင်္ဂါနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေး ခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ လွှတ်တော်ရုံးအကြီးအကဲက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်း အဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့်

**ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီ။**

**အားလုံးမင်္ဂလာပါ။**လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ဥက္ကဋ္ဌ ဦးစိုင်းညွန့်ဝင်း ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမ အကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်း အဝေး(ဒုတိယနေ့)သို့ အကြောင်း အမျိုးမျိုး နဲ့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း (၃)ဦးအား လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီမှ စိစစ်တွေ့ရှိတဲ့အတွက် ကင်းလွှတ်ခွင့် ပြုပေးနိုင်ပါရန် လျှောက်ထား တင်ပြလာမှုအပေါ်တွင် ခွင့်ယူသူ အားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါတယ်။

(၁) ဗိုလ်မှူးကြီးအောင်သူ၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိသဖြင့် ခွင့်(၂)ရက်

(၂) ဗိုလ်ကြီးဖြိုးမိုးအောင်၊ တပ်မတော်သား ကိုယ်စား လှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိသဖြင့် ခွင့်(၂)ရက်

(၃) ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိသဖြင့် ခွင့် (၃)ရက်

နောက်ထပ် ခွင့်လျှောက်ထားသူ (၃)ဦးရှိပါကြောင်း တင်ပြအပ်ပါသည်။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။



D/real(wide) (4



ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို
သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်
ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ
ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား၊ ပြည်နယ်လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းတင်ပြထားသည့် ကြယ်ပွင့်ပြမေးခွန်း များကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက မေးမြန်းထား သည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်မှ တာဝန်ရှိပုဂ္ဂိုလ်က ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ၊ ပထမဦးစွာ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုင်းမောင်ကြီးက မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား-လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ အားလုံး ကျန်းမာချမ်းသာ ကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါဝရပြု အပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ပထမမေးခွန်းကတော့ မိုးနဲမြို့နယ် (၂၅)ကုတင်ဆံ့ဆေးရုံမှာ လစ်လပ်လျက်ရှိတဲ့ ဝန်ထမ်း များ အမြန်အစားထိုးခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့်ပတ်သက်၍ ကျွန်တော်တို့ မိုးနဲမြို့နယ်မှာ ကျန်းမာရေးလုပ်ငန်း သုံးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများ ပြည့်စုံစွာထားရှိပြီး

ဖြစ်ပါတယ်။ သို့ပါသော်လည်း အရေးပေါ်ဆောင်ရွက်ရန် ကျန်းမာရေးကိစ္စများ ပေါ်ပေါက်ပါက (၁၀၃)မိုင်ခန့်ဝေးတဲ့ ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့မှာ အခါအားလျော်စွာ လာရောက်ကုသရတဲ့ အနေအထားမှာ ရှိပါတယ်။ တစ်ခါတစ်ရံမလိုအပ်ဘဲ ပြည်သူလူထုများ အသက်ဆုံးရှုံးနစ်နာမှုများ ရှိခဲ့ပါတယ်။ သို့ပါသောကြောင့် မိုးနဲမြို့နယ် (၂၅)ကုတင်ဆံ့မြို့နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန် (၂)ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန်(၁)ဦး၊ ဓါတ်မှန်ကျွမ်းကျင်(၁)ဦး လစ်လပ်လျက်ရှိပါသဖြင့် အမြန်အစားထိုး ခန့်ထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် မေးခွန်းအမှတ်(၂)ကို ဆက်လက်တင်သွင်းပါ့မယ်။ ကျိုင်းတောင်းမြို့နယ်တွင် (၂၅)ကုတင်ဆံ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော ဆရာဝန်(၁)ဦးနှင့် အခြားဝန်ထမ်းများ အမြန်အစား ထိုးခန့်ထားပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိကို တစ်ဆက်တစ်ဆက်တည်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။**

**ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးရဲ့ ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်း (၂)ခုကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။





ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည် )

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦး၊ ယခင် ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၂၆)ဦး ရှိပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ၊ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။( သုံးကြိမ်တိုင်တိုင် မေးပါသည်၊ လွှတ်တော်က သဘောတူပါသည် )

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ မိုးနဲမြို့နယ်၊ (၂၅)ကုတင်ဆံ့ မြို့နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိတဲ့ လက်ထောက် ဆရာဝန်(၂)ဦး၊ သွားဘက်ဆိုင်ရာဆရာဝန်(၁)ဦး၊ ဓါတ်မှန်ကျွမ်းကျင်(၁)ဦး လစ်လပ်လျက်ရှိသဖြင့် အမြန်အစားထိုး ခန့်ထားပေးပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ မိုးနဲမြို့နယ်(၂၅)ကုတင်ဆံ့ မြို့နယ်ဆေးရုံတွင် လက်ရှိမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး(၁)ဦးနှင့် လက်ထောက်ဆရာဝန်(၁)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်နေ့တွင် ရှမ်းပြည်နယ်အတွင်း လစ်လပ်လျက်ရှိသော လက်ထောက် ဆရာဝန် ရာထူးအတွက် အနည်းဆုံးခန့်ထားရန် လိုအပ်သော လက်ထောက်ဆရာဝန်(၉၆)ဦးနှင့် လစ်လပ်လျက်ရှိသော သွားဘက်ဆိုင်ရာ ဆရာဝန်များ ရာထူးများအတွက် (၃၇)ဦး ရွေးချယ်ပြီးဖြစ်ပါသည်။ အဆိုပါ လက်ထောက်ဆရာဝန်များနှင့် သွားဘက်ဆိုင်ရာဆရာဝန်များသည် ဇီးပင်ကြီးကျေးရွာအနီးရှိ ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်)၌ (၁၆-၁၂-၂၀၁၄) ရက်နေ့မှ (၁၉-၃-၂၀၁၅)ရက်နေ့အထိ ဖွင့်လှစ်မည့် (၃)လ ခွဲကြာ အရာထမ်းလောင်း အခြေခံသင်တန်း အမှတ်စဉ်(၁၅)သို့ တက်ရောက်ပြီးမှ အလုပ်ဝင်ရောက်ကြမည် ဖြစ်ပါသည်။ သစ်လွင်ဆရာဝန်များသည် အတွေ့အကြုံရရှိရန် အထူးကုဆရာဝန်ကြီးများရှိသော ပြည်သူ့ ဆေးရုံကြီးများတွင် တစ်နှစ်ဝင်ရောက် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ၎င်းတို့ တာဝန်စတင်ထမ်းဆောင်ချိန်မှစတင်၍ ပြည်သူ့ဆေးရုံကြီးများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော လက်ထောက်ဆရာဝန်များကို လစ်လပ်နေသော မြို့နယ်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများသို့ ခန့်ထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ဓါတ်မှန်ကျွမ်းကျင်(၁)ဦး ခန့်ထားပေးရေး



D/real(wide) (4



လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါ စေကြောင်း ဆုမွန်ကောင်းတောင်း ဂါဝရပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်း ဖြစ်ပါတယ်။ နမ့်လန်ကျေးရွာအုပ်စုတွင် CDMA 450,800 တာဝါတိုင်စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုမှာ မိဘပြည်သူများဟာ CDMA 450,800 အသုံးပြုနေသူ ထောင်ချီရှိနေပြီး နမ့်လန်တပ်ရင်း ဂိုတာစနစ်ဖြင့် လွှင့်ထူတားတဲ့ တာဝါတိုင်နဲ့သာ ပေါင်းသုံးနေရတဲ့အတွက်ကြောင့် ပြည်သူများအတွက် အဆင်မပြေမှုများ ကြုံတွေ့နေရပါတယ်။ သီပေါမြို့ တစ်မြို့နယ်လုံးအနေနဲ့လည်း လူဦးရေနှင့်တွက်ဆမည်ဆိုပါက ဖုန်းတာဝါတိုင်နည်းနေသေးကြောင်း ယူဆမိပါတယ်။ နမ့်လန်နဲ့အတူ တစ်မြို့နယ်လုံးအနေနဲ့လည်း ဖုန်းတာဝါ တိုင်များ ထပ်မံတိုးချဲ့ပေးပါရန်နှင့် တိုးချဲ့မည့် အစီအစဉ် ရှိ/ မရှိ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊

ကိစ္စနှင့်ပတ်သက်၍ ၂၀၁၄ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးဒေသအတွက် ဆေးဘက်ကျွမ်းကျင်(၄)ဓါတ်မှန်သင်တန်း ခွဲတမ်းစာရင်း (၁၅)ဦးရရှိထားပြီး လျှောက်လွှာခေါ်ယူနေဆဲဖြစ်ပါသည်။ ဓါတ်မှန်သင်တန်းဆင်းများရရှိပါက မိုးနဲမြို့နယ်ဆေးရုံအတွက် ဓါတ်မှန်ကျွမ်းကျင်(၁)ဦး ခန့်ထားဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါသည်။

ဒုတိယမေးခွန်းဖြစ်တဲ့ ကျိုင်းတောင်းမြို့နယ် (၂၅)ကုတင်ဆံ့ ဆေးရုံတွင် လစ်လပ်လျက်ရှိသော ဆရာဝန် (၁)ဦးနှင့် လစ်လပ်လျက်ရှိသော အခြားဝန်ထမ်းများ အမြန်ဆုံးအစားထိုးခန့်ထားပေးပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျိုင်းတောင်းမြို့ ပြည်သူ့ဆေးရုံ ဝန်ထမ်းအင်အားဖွဲ့စည်းပုံအရ တာဝန်ခံဆရာဝန်(၁)ဦး၊ လက်ထောက်ဆရာဝန်(၃)ဦး၊ သွားဘက်ဆိုင်ရာဆရာဝန်(၁)ဦး၊ အခြားဝန်ထမ်း(၃၆)ဦး ခွင့်ပြုထားပါသည်။ ဆရာဝန်လစ်လပ်နေသော ကာလအတွင်း လွိုင်လင်ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန်(၁)ဦးစီကို လစဉ်တာဝန်ခွဲဝေချထားပေးလျက်ရှိပါသည်။ ကျိုင်းတောင်းမြို့ ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသာ တာဝန်ခံ ဆရာဝန်၊ လက်ထောက်ဆရာဝန်၊ သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် အခြားဝန်ထမ်းများ ခန့်ထားပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသို့ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းစိန်ဝင်းက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်နယ်





ဦးစိုင်းစိန်ဝင်း မေးခွန်းမေးမြန်းထားတဲ့ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုတွင် CDMA 450,800 တာဝါတိုင်စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးအောင်သူ ကိုယ်စား ကျွန်တော့်အနေနဲ့ ဖြေကြားပေးသွားမှာဖြစ် ပါတယ်။ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုတွင် အော်တိုအိတ်ချိန်းနှင့် GSM BTS စခန်း(၁)ခု တပ်ဆင် သုံးစွဲလျက်ရှိပါတယ်။ CDMA 450,800 တာဝါတိုင်စိုက်ထူပေးရန် လောလောဆယ် အစီအစဉ် မရှိကြောင်းနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်၊ဘဏ္ဍာရေးနှစ်အတွင်းမှာ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးက မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အခါသမယဖြစ်ပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ နမ္မတူမြို့နယ်နှင့် ပတ်သက်သည့် အကြောင်းများကို မေးမြန်းသွားမှာဖြစ်ပါတယ်။ နမ္မတူမြို့နယ်၊ မိုင်းရယ်ကျေးရွာအုပ်စုရှိ နားနာကျေးရွာ အမက ကျောင်းဟာ ကျောင်းသားဦးရေ(၃၄)ယောက်ရှိပါတယ်။ လွန်ခဲ့သည့် (၆)နှစ်ကတည်းက ကိုယ်ထူကိုယ်ထစနစ်နဲ့ တည်ဆောက်ထားတဲ့



D/real(wide) (4

သက္ကယ်မိုး၊ ဝါးထရံကာထားတဲ့ တဲမှာဘဲ ကျောင်းဆောင်အနေနဲ့ အသုံးပြုနေရပါတယ်။ အဲဒါကြောင့် နားနာကျောင်းအား မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးခွန်းနံပါတ်(၁)အနေနဲ့ မေးမြန်းပါတယ်။ ဆက်လက်ပြီး နမ္မတူမြို့နယ်၊ လွယ်ပြေးကျေးရွာအုပ်စုရှိ ပန်လော့ကျေးရွာဟာ ၂၀၁၅ခုနှစ်မှာ ကျောင်းတက်နိုင်တဲ့ ကျောင်းသားပေါင်းဟာ (၅၀)ယောက်ရှိပါတယ်။ ပန်လော့ရဲ့ အနီးဆုံး မူလတန်းကျောင်းဟာ (၆)မိုင်ကျော်ခန့် ရှိပါတယ်။ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲမှုနှင့် ကျောင်းနဲ့ဝေးကွာတဲ့အတွက်ကြောင့် ကျောင်းနေကလေးတွေဟာ စာသင်ကြားနိုင်ခြင်း မရှိပါဘူး။ အဲဒါကြောင့် ပန်လော့ကျေးရွာအား မူလတန်းကျောင်းဆောင်သစ်နှင့်မူလတန်းကျောင်းအဖြစ် ချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ ဆက်လက်ပြီး တတိယ မေးခွန်းအနေနဲ့ နမ္မတူမြို့နယ်၊ ချောင်းဆာကျေးရွာအုပ်စုမှာရှိတဲ့ ညောင်ပန်လှကျေးရွာဟာ ကျောင်းသားဦးရေ(၇၀)ယောက်ရှိ ပါတယ်။ ကျောင်းအတွက် မြေနေရာ ရှိနေပါပြီ။ ကိုယ်ထူကိုယ်ထ စနစ်နဲ့လည်း ဘုန်းကြီးကျောင်းမှာ (၈)နှစ်တာ ပညာသင်ကြားနေခဲ့ပါတယ်။ အဲဒီကျောင်းနဲ့ ပတ်သက်ပြီး ၂၀၁၃ခုနှစ်ကတည်းက တင်ပြထားပါသော်လည်းပဲ ယခုထိ ချမှတ်ပေးခြင်း မရှိတဲ့အတွက်ကြောင့် ညောင်ပန်လှကျောင်းကို မူလတန်းကျောင်းဆောင်အသစ် ချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။



D/real(wide) (4



ကိုယ်ကိုး ကျောင်းဆောက်လုပ်ပြီးပါက အမက(ခွဲ)ဆိုင်ရှင် (သို့မဟုတ်)အမကဆိုင်ရှင်အဖြစ် တင်ပြတောင်းခံနိုင်ပါကြောင်းနှင့် အဆင့်တိုး(ဆိုင်ရှင်)တင်ပြရာတွင် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာ ရေးမှူးများမှ ထောက်ခံချက် အဆင့်ဆင့်ဖြင့် ပညာရေးညွှန်ကြားရေးမှူးရုံးခွဲ (လားရှိုး)မှ အမှတ်(၂) အခြေခံပညာ ဦးစီးဌာနသို့ ဆက်လက်တင်ပြဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ပညာရေးဌာနအနေဖြင့် ကျေးလက်ဒေသရှိ ကျောင်းနေအရွယ်ကလေးများ ပညာသင်ယူမှု အခွင့်အလမ်းများရရှိစေရန် ကျောင်းသား(၅၀)ဦး နှင့်အထက်ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းများအား အစိုးရမူလတန်းကျောင်းများအဖြစ်လည်းကောင်း၊ ကျောင်းသား (၅၀)ဦးအထက် နည်းပြီး သွားလာရေးခက်ခဲသည့်ကျောင်းများအား မူလတန်းကျောင်း(ခွဲ)အဖြစ် လည်းကောင်း၊ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးပြီး ဆရာ/ဆရာမများ ဖြည့်စွက်ခန့်ထားပေးလျက်ရှိပါကြောင်းနှင့် ကျောင်းဆိုင်ရှင် ရရှိမှသာ မူလတန်းကျောင်းဆောင်ကို ဆောက်လုပ်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။

မေးခွန်းအမှတ်(၃)ဖြစ်တဲ့ နမ္မတူမြို့နယ်၊ ချောင်းဆာကျေးရွာအုပ်စုရှိ ညောင်ပန်လှကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအား ကျောင်းဆောင်သစ်ချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ အမက(ခွဲ) ညောင်ပန်လှကျောင်းအား ၂၀၁၄ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စာသင်ဆောင်(၁)ဆောင် ရှိပါသည်။ ယခုအခါ ကျောင်းသားအင်အား(၂၇)ဦးကို မူလတန်းပြ ဆရာ(၂)ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိပါသည်။ အမက(ခွဲ) ညောင်ပန်လှကျောင်းအား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စီမံကိန်းတွင် ထည့်သွင်းလျာထားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းနှင့် အမှတ်(၂)အခြေခံ

ပညာဦးစီးဌာနသို့ ဆက်လက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားပေးအပ်ပါသည်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုင်းမောင်ကြီးမှ တတိယ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- UNODC နှင့် မူးယစ်ဗဟိုမှ မိုးနဲဒေသ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရန် စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေ သရှိလိုပါသည်နှင့် စပ်လျဉ်း၍ မိုးနဲမြို့ဒေသခံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို စိတ်ပါဝင်စားသူ မိုးနဲဒေသခံလူငယ်များက စုပေါင်းပြီး တန်ဖိုးငွေ ကျပ်သိန်း (၄၀၀)ခန့်ရှိ ရှစ်သုံးလုံး BC ပြောင်းဖူးမျိုးစေ့များကို အတိုးမဲ့ အရင်းပြန်ယူစနစ်ဖြင့် တောင်သူများသို့ ထုတ်ချေးခဲ့ပါတယ်။ ထို့အတူ မူးယစ်ဆေးဝါး သုံးစွဲ၊ စိုက်ပျိုး၊ ထုတ်လုပ်ခြင်း ဆိုးကျိုး များလည်း ပြည်သူများသို့ အခါအားလျော်စွာ အလျဉ်းသင့်သလို ကွင်းဆင်းအသိပညာပေးခဲ့ပါသော်လည်း ကုလသမဂ္ဂ ရာဇဝတ်မှုနှင့် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးအဖွဲ့ UNODC နှင့် မူးယစ် ဗဟိုမှ သက်ဆိုင်ရာခေါင်းဆောင်သော သက်ဆိုင်ရာအဖွဲ့များ ပါဝင် သောအဖွဲ့သည် မိုးနဲဒေသ၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ဘိန်းအစားထိုး သီးနှံများ စိုက်ပျိုးရန် စီမံချက်များကို တစ်ဆင့်ချင်း စတင်အကောင်အထည်ဖော်ရန် လူထုနှင့်တွေ့ဆုံညှိနှိုင်းခဲ့ပြီး ဖြစ်ပါတယ်။ သို့ပါသော်လည်း ယနေ့ထက်ထိတိုင် စီမံကိန်းကို အဘယ်ကြောင့် အကောင်အထည် မဖော်နိုင်သည်ကို သိရှိလို ပါကြောင်းနှင့် ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့မှာ UNODC



D/real(wide) (5



ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်တူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး၏ ပညာရေးဆိုင်ရာ မေးခွန်း(၃)ခုနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

နမ့်တူမြို့နယ်၊ မိုင်းရင်ကျေးရွာအုပ်စုရှိ နားနကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နမ့်တူမြို့နယ်၊ မိုင်းရင်ကျေးရွာ အုပ်စုရှိ နားနအခြေခံပညာမူလတန်း ကျောင်းအား ၂၀၁၃ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စာသင်ဆောင် (၁)ဆောင်ရှိ၍ ယခုအခါတွင် ကျောင်းသားအင်အား (၃၆)ဦးကို မူလတန်းပြ ဆရာ/ဆရာမ(၂)ဦးဖြင့် ပညာသင်ကြားပေးလျက် ရှိ ပါသည်။ နားနကျေးရွာအခြေခံပညာမူလတန်းကျောင်းအား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်စီမံကိန်းတွင် ထည့်သွင်းလျာထား ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်းနှင့် အမှတ်(၂) အခြေခံ ပညာဦးစီးဌာနသို့ ဆက်လက် တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

မေးခွန်းအမှတ်(၂)ဖြစ်တဲ့ နမ့်တူမြို့နယ်၊ လွယ်ပြေးကျေးရွာ အုပ်စုရှိပန်လော့ကျေးရွာအား မူလတန်း ကျောင်းဆောင်နှင့် မူလတန်း ကျောင်းအဖြစ် ချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပန်လော့ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုးကျောင်းအဖြစ် စတင်ဖွင့်လှစ် ရမည်ဖြစ်ပြီး ကိုယ့်အားကိုယ်ကိုးကျောင်းများအား ပညာရေးဝန်ကြီး ဌာနမှ ဌာနရန်ပုံငွေဖြင့် ဆောက်လုပ်ပေးခြင်းမရှိပါ။ ကျောင်းခွဲ (သို့မဟုတ်)မူလတန်း ကျောင်းဖြစ်မှသာ ဌာနရန်ပုံငွေဖြင့် တည်ဆောက်ပေးခွင့် ရှိပါကြောင်း တင်ပြအပ်ပါသည်။ ကိုယ့်အား

နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ မူးယစ်ဆေးဝါး ပူးပေါင်းတားဆီးနှိမ်နင်းရေး စာချုပ်ကို သဘောတူလက်မှတ် ရေးထိုးပြီး ဖြစ်ပါတယ်ဆိုတဲ့အကြောင်း မှတ်သားမိပါတယ်။ ယခင်ကလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုရှိခဲ့သော်လည်း ယခုမှ တရားဝင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်တယ်လို့လည်း မှတ်သား ရပါတယ်။ သို့ပါသောကြောင့် စီမံကိန်းကို အဘယ်ကြောင့် အကောင်အထည်မဖော်နိုင်သေးသည်ကို သိရှိလိုပါသဖြင့် ဤမေးခွန်းကို ရိုသေလေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ် ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါ စေကြောင်း ဆုမွန်ကောင်းတောင်း ဂါဝရပြု အပ်ပါတယ်။ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး မေးမြန်းထားတဲ့ မေးခွန်းဖြစ်တဲ့ ကမ္ဘာ့ကုလသမဂ္ဂ ရာဇဝတ်မှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ UNODC နှင့် မူးယစ်ဗဟိုမှ ရဲမှူးကြီး မင်းအောင် ခေါင်းဆောင်သော အဖွဲ့ သည် မိုးနဲဒေသ၌ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် ဘိန်း အစားထိုး သီးနှံများ စိုက်ပျိုးရန် စီမံချက်များကို တစ်ဆင့်ချင်း စတင် အကောင်အထည် ဖော်ရန် လူထုနှင့်တွေ့ဆုံညှိနှိုင်းခဲ့ပြီးဖြစ်ပါသည်။ ယနေ့ထက်တိုင်ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ / မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီး အောင်သူ ကိုယ်စား ရှမ်းပြည်နယ်





ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအိုက်အေး ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- ဝမ်စလောင်း ရွာသည် အိမ်ခြေ (၁၀၀)ရှိပြီး ရွာလယ်ကိုဖြတ်ပြီး စီးဆင်းနေသည့် နမ့်ဟွေဟေးချောင်းတစ်ချောင်းရှိပါသည်။ ၎င်းချောင်းပေါ် တံတား(၁)စင်းရှိပြီး လုပ်ငန်းခွင်သွားလာရာတွင် မရှိမဖြစ်အရေး ပါသော တံတားဖြစ်ပါသည်။ အဆိုပါတံတားကို ရပ်ရွာမှ ကိုယ်ထူ ကိုယ်ထဖြင့် ဆောက်လုပ်ခဲ့ပြီး ယခုအခါ တံတားမှာ ပျက်စီးယိုယွင်း ပြီး သွားလာရာတွင် အန္တရာယ်များပါသည်။ ၎င်းတံတားအား သက်ဆိုင်ရာမှ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလို ပါသည်။ နောက်မေးခွန်း(၁)ခုကတော့ ဝမ်ဟတ်ကျေးရွာဟာ ဝမ်စလောင်းရွာကို ဖြတ်ပြီး တာဆွတ်တိန်းအထိ မိုင်(၂၀)ကားလမ်း ကို တိုးချဲ့ဖောက်လုပ်ရန် ရှိနေပါသည်။ အဆိုပါ ကားလမ်းကို ဝမ်စလောင်းရွာထဲ ဖြတ်သန်း၍ ဖောက်လုပ်ပါက လမ်းတိုးချဲ့ရမည် ဖြစ်ပါသည်။ လမ်းတိုးချဲ့ပါက ရွာလယ် ဘုန်းတော်ကြီးကျောင်း၏ အုတ်ခြံစည်းရိုးထိခိုက်ခြင်း၊ အခြားတစ်ဘက်ရှိ ဇရပ်(၂)ဆောင်ကို ထိခိုက်ခြင်းနှင့် ရွာလယ်ရှိအိမ်ခြံကို ထိခိုက်မည်ဖြစ်ပါသည်။ ၎င်းလမ်းကို ဝမ်စလောင်းရွာထိပ် အဝင်လမ်းမှ ရွာ၏အရှေ့ဘက် ခြမ်းအတိုင်း ဖောက်လုပ်သွားပါက အားလုံးအဆင်ပြေပါမည်။ သို့ဖြစ်ပါ၍ ကားလမ်းဖောက်လုပ်တည်ဆောက်ခြင်း လုပ်ငန်းကို ရွာထဲဖြတ်သန်းဖောက်လုပ်မည့်အစား ရွာ၏အရှေ့ဘက်ခြမ်းကို

လမ်းဖောက်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ လင်းခေးမြို့နယ်မဲဆန္ဒနယ်မှ မေးမြန်းတဲ့ မေးခွန်း နံပါတ်(၁)ဟာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်တဲ့ လမ်းတံတားမဟုတ်တဲ့အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တံတားဆောင်ရွက်ပေးနိုင်ခြင်း မရှိတဲ့အတွက် ဆောင်ရွက်ပေးရန် အစီအစဉ် မရှိကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ဝမ်ဟတ်-ဝမ်စလောင်း-တာဆွတ်တိန်း-ဟိုမိန်းလမ်း(မိုင်၀/၀-၃၃/၂-၃၂မိုင် ၂ဖာလုံ)သည် လင်းခေးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ရသော လမ်းတစ်လမ်း ဖြစ်ပါသည်။ လက်ရှိ လမ်းမျိုးအစားမှာ ကတ္တရာ လမ်း(၁၁မိုင်)၊ ကျောက်လမ်း(၆မိုင် ၁ ½ဖာလုံ)၊ အမာခံလမ်း(၁၆မိုင်)ရှိပြီး ရာသီမရွေးသွားလာနိုင်သောလမ်းဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မူလအမာခံ လမ်းနှင့် ကျောက်လမ်းတို့အား ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း(၁၉မိုင် ၇ဖာလုံ) ဆောင်ရွက်ပေးလျက် ရှိပါတယ်။ အဆိုပါ ဝမ်စလောင်းရွာသည် မိုင် ၂၀/၃မှ မိုင် ၂၁/၁အတွင်း ၆ဖာလုံ ပေ၃၀၀ ရှိပါသည်။ ၄င်းလမ်းမရှည်မှ ၆ဖာလုံ ပေ ၁၀၀မှာ လက်ရှိလမ်းတာအကျယ် ၃၄ပေ ခန့်ရှိပြီး ပေ ၂၀၀ မှာ လမ်းတာအကျယ် ၁၉ ပေရှိပါသည်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဝမ်စလောင်းရွာအတွင်း





အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ကျွန်တော် ဦးခွန်းသိန်းမောင်မှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ် မေးမြန်းသည့်ကိစ္စနှင့်ပတ်သက်၍ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေး အလှူရှင်နိုင်ငံ ကိုယ်စားလှယ် များဖြစ်သည့် အမေရိကန် သံအမတ်ကြီး၊ ဥရောပယူနီယံ သံအမတ်ကြီးနှင့် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးဌာန၊ ရဲမှူးကြီးမြင့်အောင် တို့ဟာ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ(၂) ရက်နေ့မှ (၆)ရက်နေ့အထိ စီမံကိန်းဖော်ဆောင်မည့် လွိုင်လင်၊ မိုးနဲနှင့် မိုင်းပန်ဒေသများသို့ လေ့လာရေး သွားရောက်ခဲ့ပြီး ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဒေသခံအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ စီမံကိန်းဒေသ အစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေနှင့် ပတ်သက်၍ UNODC ရုံး တောင်ကြီးသို့ စုံစမ်း မေးမြန်းခဲ့ရာ အမေရိကန် သံအမတ်ကြီး၊ EU သံအမတ်ကြီးနှင့် အဖွဲ့သည် အထက်ဖော်ပြပါ လွိုင်လင်၊ မိုးနဲနှင့် မိုင်းပန်ဒေသများအတွင်း ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးအတွက် ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဒေသဆိုင်ရာ အချက်အလက် လေ့လာခြင်းများ ပြုလုပ်သွားခဲ့ကြပြီး စီမံကိန်းဆောင်ရွက်ရန် အလှူရှင်နိုင်ငံ အဖွဲ့အစည်းများမှ ရံပုံငွေရရှိရေးဆောင်ရွက်ဆဲဖြစ်၍ ရံပုံငွေရရှိခဲ့ပါက စီမံကိန်းလုပ်ငန်းများအား ၂၀၁၅ ခုနှစ် အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအိုက်အေးက မေးခွန်း(၂)ခုကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဖြတ်သွားသောအပိုင်းအား လမ်းချဲ့ခြင်းလုပ်ငန်း များဆောင်ရွက်ရန် လုပ်ငန်းစီမံချက်လျာထားဆောင်ရွက်ခြင်းမရှိပါ။ လက်ရှိအမာခံ လမ်းမှ ၁၂ပေ အကျယ် ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်း သာဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဝမ်စလောင်းရွာ ဖြတ်၍ လမ်းတိုးချဲ့ ဖောက်လုပ်ခြင်းလုပ်ငန်း မရှိတဲ့အတွက် လက်ရှိအခါမှာ ရွာဘုန်းတော်ကြီးကျောင်း၊ ဇရပ် (၂)ဆောင်နှင့် လူနေအိမ် အချို့အား ထိခိုက်ခြင်းနိုင်ခြင်းမရှိသေးပါသဖြင့် ရွာရှောင်လမ်းအား ဖောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည် ဖြေကြားအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလွင်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ မင်္ဂလာပါခင်ဗျား- ကျွန်တော် ဦးစိုင်းလွင် လင်းခေး မြို့နယ်မဲဆန္ဒ နယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ဒီနေ့အစည်းအဝေးမှာ တက်ရောက် လာတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် မေးရမည့် မေးခွန်းကတော့ လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာအုပ်စု၊ နားကုန်း အလက (ခွဲ)အတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့် ရရှိရေးနှင့် ပတ်သက်တဲ့ မေးခွန်းပဲဖြစ်ပါတယ်။ လင်းခေးမြို့နယ်၊ နားကုန်း ကျေးရွာအုပ်စု၊ နားကုန်း ကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းခွဲဟာ သွပ်မိုးအုတ်ကာ၊ အင်္ဂတေခင်း ကျောင်းဆောင်များ နှင့် သွပ်မိုး ဝါးထရံကာကျောင်းဆောင်တစ်ခုရှိပါတယ်။ ကျောင်းဆောင်များအား ပညာရေးဌာနနဲ့ မိဘပြည်သူများပူးပေါင်း





ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား- လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် မေးမြန်းတဲ့ လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာအုပ်စု၊ နားကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ အတွက် ကျောင်းဆောင်သစ်တစ်ဆောင် အား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ခွင့်ရရှိရေး ဆောင်ရွက်ပေး နိုင်ပါရန် တင်ပြချက်နှင့်အတူ ရှမ်းပြည်နယ် အစိုးရက ဆောင်ရွက်ပေးမည့် အခြေအနေအား သိရှိလိုပါသည် မေးခွန်းနှင့်စပ်လျဉ်း၍ လင်းခေးမြို့နယ်၊ အလယ်တန်းကျောင်းခွဲ (နားကုန်း)တွင် ပင်မဆောင်(၁)(၉၀×၃၀)ပေ၊ (သွပ်မိုး၊ အုတ်ကာ၊ မြေခင်း)အဆောင်(၁)ဆောင်၊ ပင်မဆောင်(၂)(၉၀×၃၀)ပေ၊ (သွပ်မိုး၊ အုတ်ကာ၊ မြေခင်း)အဆောင်(၁)ဆောင်၊ အားမာန်ဆောင် (၉၀×၃၀)ပေ၊ (သွပ်မိုး၊ အုတ်ကာ၊ မြေခင်း)အဆောင်(၁)ဆောင်၊ ယာယီဆောင်(၆၀×၁၈)ပေ၊ (သွပ်မိုး၊ အုတ်ကာ၊ မြေခင်း) (၁)ဆောင်စုစုပေါင်း ကျောင်းဆောင်(၄)ဆောင်ရှိ ပြီး အားမာန် ဆောင်မှာ (၉၀×၃၀)ပေ တစ်ဆောင်သာ ကောင်းမွန်လျက်ရှိ ပါသည်။ ကျောင်းသားဦးရေမှာ အလယ်တန်းအဆင့် (၁၀၃)ဦး၊ မူလတန်းအဆင့်(၇၈)ဦး စုစုပေါင်း (၁၈၁)ဦး ရှိပါသည်။ ကျောင်းသားဦးရေအရ ကျောင်းဆောင် ထပ်မံလိုအပ်ခြင်း မရှိသော်လည်း ပျက်စီးမှုများသည့် ကျောင်းဆောင် ဟောင်းအား ဖျက်သိမ်းပြီး (၁၂၀×၃၀)ပေ RC တစ်ထပ်ဆောင် ဆောက်လုပ်ရန် လိုအပ်ချက်အား မြို့နယ်ပညာရေးမှူးမှ ကွင်းဆင်းစိစစ်ပြီး ရန်ပုံငွေ

တောင်းခံသည့် အမှုတွဲအား ပြည့်စုံစွာပြုစုတင်ပြရန် ညွှန်ကြားထားပြီး ဖြစ်ပါသည်။ အမှုတွဲရရှိပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း(သို့မဟုတ်)ပြင်ဆင်ထိန်းသိမ်းစရိတ်ခေါင်းစဉ်မှ ရန်ပုံငွေ ရရှိရေး အမှတ်(၂)အခြေခံပညာဦးစီးဌာနသို့ ဆက်လက်ညှိနှိုင်းပေး သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးက စတုတ္ထမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါ စေရှင်။ ကျွန်မ ကတော့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးဖြစ်ပါတယ်။ ပထမ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှာ နိုင်ငံတကာမှ ရယူမည့်ကူညီ ထောက်ပံ့ငွေ၊ ချေးငွေတွေအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM BANK မှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ရယူပြီးဆောင်ရွက်မည့် သမဝါယမအသေးစားငွေကြေးဝန်ဆောင်မှုချေးငွေလုပ်ငန်းနှင့်ပတ်သက်ပြီ မေးခွန်း မေးမြန်းမှာဖြစ်ပါတယ်။ ဒီချေးငွေကို သမဝါယမဝန်ကြီး ဌာနကနေပြီးတော့ Excative Agent အဖြစ်ဆောင်ရွက်ပြီး ဗဟိုသမဝါယမအသင်းကို လွှဲပြောင်းထုတ်ချေးပါတယ်။ ဗဟိုသမဝါ ယမအသင်းကနေပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်သမဝါယမ အသင်းစုချုပ်များ၊ ပြည်နယ်သမဝါယမအသင်းစုချုပ်ကနေပြီးတော့ မြို့နယ်သမဝါယမ အသင်းစု၊ မြို့နယ်အသင်းစုကနေပြီးတော့ အခြေခံသမဝါယမ၊ အခြေခံသမဝါယမကနေတစ်ဆင့် သမဝါယမ





ဆောင်ရွက်ခဲ့တာများလည်း ရှိပြီးတော့မှ နှစ်ပေါင်းများစွာ ကြာမြင့်လာသည်နှင့်အမျှ ပြင်ဆင်ထိန်းသိမ်းဆောင်ရွက် ရမှုမရှိတဲ့ အတွက် လက်ရှိအခြေအနေမှာ ယိုယွင်းပျက်စီးပြီးတော့မှ ကျောင်းသားကလေးငယ်များ စိတ်လက် ချမ်းမြေ့စွာနဲ့ ပညာသင်ကြား နိုင်တဲ့ အခြေအနေမရှိတာကို တွေ့ရှိရပါတယ်။ ကျောင်းသား(၂၀၀) ကျော်အတွက် လည်း စာသင်ခန်းမလုံလောက်မှုဖြစ်ပေါ်မှုများ ကိုလည်း တွေ့ရှိပါတယ်။ ကျောင်းဆောင်သစ်ရရှိရေး အတွက် နှစ်စဉ်နှစ်တိုင်းလိုလို ခွင့်ပြုချက်တင်ပြတောင်းခံခဲ့တဲ့ ကျောင်းလည်း ဖြစ်ပါတယ်။ ပညာရေးဌာနအနေနဲ့ မြို့နယ် များမှာရှိတဲ့ ကျောင်းများ အား ဥပဓိရုပ်ကောင်းမွန်ခြင်းမရှိသည့်ကျောင်း၊ ဘေးအန္တရာယ်ဖြစ် နိုင်သည့် ကျောင်း၊ ကျောင်းသားဦးရေနှင့် စာသင်ခန်းမလုံလောက်မှု ရှိသည့်ကျောင်း အစရှိသည့်ကျောင်းများ နှစ်စဉ်အဆိုပြု တင်ပြဖို့ ညွှန်ကြားထားတယ်လို့လည်းသိရှိရပါတယ်။ လင်းခေးမြို့နယ်မှာ ပညာရေးကျောင်းဆောင်များနှင့် ပတ်သက် ပြီးတော့ အထက်ပါလို အပ်ချက်များ ဖြစ်ပေါ်နေတဲ့ စာသင်ကျောင်းများစွာရှိနေပါ သော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ခရိုင်ပညာရေးမှူးအပါအဝင် ကျောင်းဆောင်ဆောက်လုပ်ခွင့်(၄)ခုသာ ရရှိခဲ့ပါတယ်။ ဒါကြောင့်မလို့ လိုအပ်ချက် များစွာရှိနေသေးတဲ့ လင်းခေးမြို့နယ်ရဲ့ ပညာရေး ဆိုင်ရာကျောင်းဆောင် အဆောက်အဦများနဲ့ ပိုမိုလိုအပ်လျက်ရှိတဲ့ နားကုန်းကျေးရွာ အခြေခံအလယ်တန်းကျောင်းခွဲအတွက် ကျောင်းဆောင်သစ်(၁)ဆောင် အား လာမည့်ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ခွင့်ရရှိရေးအတွက် ဆောင်ရွက် ပေးနိုင်ပါရန် တင်ပြချက် နှင့်အတူ ရှမ်းပြည်နယ်အစိုးရက ဆောင်ရွက်ပေးမည့်အခြေအနေကို သိရှိလိုတဲ့အတွက် မေးမြန်းတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အသင်းသားများကို ဆက်လက်ထုတ်ချေးခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်းတွေ ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒီသမဝါယမ အသေးစားငွေကြေးဝန်ဆောင်မှုချေးငွေလုပ်ငန်းနှင့်ပတ်သက်ပြီး သမဝါယမဝန်ကြီးဌာန၏ စာအမှတ်၊ ၁/၄/၁၀(၆၂၈၄)သမဝ-၂၀၁၃ ဒီဇင်ဘာလ(၁၂)ရက်နေ့တွင် ဖြန့်ဝေသည့် အစီအစဉ် ညွှန်ကြားလွှာအရ ချေးငွေ ဒေါ်လာသန်း(၁၀၀)အတွက် ချေးငွေ သက်တမ်းကာလဟာ (၁၀)နှစ်ဖြစ်ပါတယ်။ ပထမ(၂)နှစ်မှာ အတိုးငွေကို (၆)လ တစ်ကြိမ်ပေးဆပ်ရမှာဖြစ်ပြီးတော့ ကျန်တဲ့ (၈)နှစ်မှာ အရင်းနှင့် အတိုးကို (၆)လတစ်ကြိမ်နှုန်းဖြင့် (၁၆)ကြိမ် ပေးဆပ်ရမှာဖြစ်ပါတယ်။ အဲဒါကြောင့် အခြေခံသမဝါယမ အသင်းကနေပြီးတော့ မြို့နယ်သမဝါယမအသင်းစုကို ဇန်နဝါရီလ (၅)ရက်နေ့နဲ့ ဇူလိုင်လ(၅)ရက်နေ့အရောက် ချေးငွေနဲ့အတိုးကို ပြန်လည်ပေးဆပ်ရမှာဖြစ်ပါတယ်။ အဲဒါကြောင့် အသင်းသားများဟာ အခြေခံသမဝါယမအသင်းကို ဇွန်လ(၃၀)ရက်နေ့နဲ့ ဒီဇင်ဘာလကုန်မှာ ပြန်လည်ပေးဆပ်နေရပါတယ်။ ညွှန်ကြားလွှာအရ ပထမ(၂)နှစ်မှာ အတိုးတွေကို ပေးရမယ်လို့သာပါရှိထားပါတယ်။ လက်တွေ့မှာကြတော့ ဒီဇွန်၊ ဇူလိုင်လမှာတင် အတိုးနဲ့ အရင်းပေါင်းကို တောင်းသူတွေဟာ သမဝါယမ အသင်းတွေဟာ ပြန်ဆပ်နေရပါတယ်။ အဲဒါကြောင့် သမဝါယမရဲ့ ဒီစည်းမျဉ်းစည်းကမ်းမူဘောင်နဲ့ ကိုက်ညီမှု မရှိတာကို တွေ့ရှိနေရပါတယ်။ ဇွန်နဲ့ ဇူလိုင်လများဟာ စိုက်ပျိုးသီးနှံပေါ်ချိန်မဟုတ်တဲ့အတွက် ဒီလိုနှစ်လယ်အတွင်း မှာ အတိုးနဲ့အရင်းကို ပြန်လည်ပေးဆပ်ရတဲ့ စနစ်ဟာ ရှမ်းပြည်နယ်မှာရှိတဲ့ တစ်သီးစားစိုက်ပျိုးရေးသမားများ၊ အသေးစားစိုက်ပျိုးရေးသမားများ၊ အနာဂါတ်အတွင်း ရုန်းကန်နေရတဲ့ ဒေသခံများအတွက် ကိုက်ညီမှုမရှိတာကို တွေ့နေရပါတယ်။ အသင်းသားများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေပါတယ်။



D/real(wide) (5



အစီအစဉ် ရှိ/မရှိ နှင့် မရှိပါက အဘယ့်ကြောင့် မရှိသည်ကို သိရှိလိုပါသည်ဆိုပြီး ဖြစ်ပါတယ်။ ကျွန်မ မေးခွန်းနံပါတ်(၂နဲ့ ၃)က အကယ်၍များ ရှမ်းပြည်နယ်မှာရှိနေတဲ့ သမဝါယမအသင်းစုချုပ်က ညွှန်ကြားလွှာကို လိုက်နာမယ်ဆိုရင် ဆက်မေးစရာမလိုပါဘူး။ ဒါပေမယ့် ကျွန်မ ဆက်ပြီးမေးထားပေးပါမယ်။ မေးခွန်းနံပါတ်(၂) ညွှန်ကြားလွှာအတိုင်း ကျင့်သုံးနိုင်ခြင်းမရှိပါက ပထမအကြိမ် ဇွန်လ(၃၀)ရက်နေ့မှာ ပြန်လည်ပေးသွင်းရသော တိုးရင်းပေါင်းအနက် အရင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခေတ္တစိုက်ထုတ် ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ။ မေးခွန်းနံပါတ်(၃)အနေနဲ့ ရှမ်းပြည်နယ်အတွက် ချေးငွေကို တစ်နှစ်လုံးအတွက် အတိုးကိုသာ ပေးသွင်းစေပြီး ဒီဇင်ဘာလမှသာ တိုးရင်းပေါင်းကို တစ်ပြိုင်တည်း ပြန်လည်အပ်နှံသည့် စနစ်ကို ကျင့်သုံးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးအောင်ကျော်ညွှန့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။ အားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မေးတဲ့မေးခွန်းမှာ ကျွန်တော် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ဦးအောင်ကျော်ညွှန့် မှ ပြန်လည်ပြီးတော့ အပိုင်း(၃)ပိုင်းနဲ့ ရှင်းလင်းသွားမှာဖြစ်ပါတယ်။ အခုလို ကျွန်တော်တို့ရဲ့ လွှတ်တော်ကာလ (၄)နှစ်မှာ သမဝါယမဝန်ကြီးဌာနကိုလည်း အခုလို အားလုံးကို သိစေချင်တာကလည်းတစ်ခု အသင်းသူ အသင်းသားတွေဟာ

လိုက်ပါဆောင်ရွက်အောင်လည်း ကျွန်တော့်အနေနဲ့ သမဝါယမဖွံ့ဖြိုးတိုးတက်ရေး ကနေပြီးတော့ ကော်မတီနဲ့ခေါင်းဆောင်ပြီး လုပ်နေတာဟာ ရှမ်းပြည်နယ်မှာ အောင်မြင်မှုတွေရရှိနေပြီဖြစ်တဲ့အတွက် အခုလို သမဝါယမနဲ့ပတ်သက်ပြီးတော့ အခုလိုမေးခွန်းမေးမြန်းတဲ့အတွက်လည်း နမ္မတူမဲဆန္ဒနယ်(၂)မှ ဒေါ်နန်းခမ်းအေးကို အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ကျွန်တော့်အနေနဲ့ ဦးစွာပထမပြောကြားလိုပါတယ်။

CHINA EXIM BANK မှ ဒေါ်လာ သန်း(၁၀၀)ရယူ၍ ဆောင်ရွက်သည့် လုပ်ငန်း (သမဝါယမ အသေးစားငွေကြေးဝန်ဆောင်မှု ချေးငွေလုပ်ငန်း)နှင့်ပတ်သက်၍ သမဝါယမဝန်ကြီးဌာန၏ စာအမှတ်၊ ၁/၄/၁၀(၆၈၂၄) သမဝ-၂၀၁၃ ဒီဇင်ဘာ(၁၂)ရက်တွင် ဖြန့်ဝေသည့် အစီအစဉ် ညွှန်ကြားလွှာအရ ချေးငွေ(၂)နှစ် ကာလတွင် သမဝါယမအသင်းသား တစ်ဦးက အတိုးသာ ပေးရမည်ဖြစ်ပါသည်။ လက်တွေ့တွင် ပထမနှစ် ဇွန်လ(၃၀)ရက်နေ့တွင် တိုးရင်းပေါင်းပြန်လည်ပေးရမည်။ ဤသို့ပြန်လည်ပေးရခြင်းကြောင့် တစ်သီးစားသာ စိုက်ပျိုးနိုင်သည့် ရှမ်းပြည်နယ်ရှိပြည်သူများအတွက် အကြပ်အတည်းများစွာ ရင်ဆိုင်နေရပါသည်။ သို့ဖြစ်ပါ၍ ဤဒုတိယနှစ်မှစ၍ အသင်းသားတစ်ဦး၏ ပေးဆပ်ရမည့် ငွေကြေးများကို လုပ်ငန်းအစီအစဉ် ညွှန်ကြားလွှာနောက်ဆက်တွဲပုံစံအတိုင်းသာ ကျင့်သုံးရန် အစီအစဉ် ရှိ/မရှိ၊ မရှိပါက အဘယ်ကြောင့် မရှိသည်ကို သိရှိလို ပါသည်ဆိုတဲ့ ပထမအပိုဒ်မေးခွန်းကို ရှင်းလင်းတင်ပြပေးသွားမှာ ဖြစ်ပါတယ်။ သမဝါယမဝန်ကြီးဌာနသည် နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်တွင် ပါဝင်သော သမဝါယမလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်(၂)ရပ်နှင့် လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ပြီး



D/real(wide) (5



အဲဒါအပြင် လုပ်ငန်းအစီအစဉ် ညွှန်ကြားလွှာမှာဆိုရင် တိုင်းဒေသကြီး/ပြည်နယ်အဆင့်သမဝါယမအသေးစားငွေကြေးဝန်ဆောင်မှုချေးငွေ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များဆိုပြီးတော့ အမှတ်စဉ် ၁၆(က)မှာ မိမိတို့ဒေသအလိုက် စိုက်ပျိုးတဲ့သီးနှံနဲ့ထုတ်လုပ်တဲ့ ကုန်ပစ္စည်းများဟာ ရာသီကာလအပေါ်မူတည်ပြီး ချေးငွေထုတ်ချေးပေးရမယ့် ကာလနဲ့ ပြန်လည်ပေးဆပ်ရမယ့်ကာလကို ဗဟိုအဆင့်လုပ်ငန်းကော်မတီသို့ တင်ပြဆောင်ရွက်ရန်လို့လည်းပါရှိထားပါတယ်။ ဒါပေမယ့် လက်တွေ့မှာ ပြည်နယ်သမဝါယမအသင်းစုချုပ်ဟာ ဒေသခံတွေရဲ့ ရာသီကာလအပေါ် မူတည်ပြီးတော့ တင်ပြဆောင်ရွက်မှုမရှိတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့် ပြည်နယ်သမဝါယမအသင်း စုချုပ် ကနေပြီးတော့ မိမိပြည်နယ်နဲ့ကိုက်ညီမယ့်ကာလကို ဗဟိုကိုတင်ပြဖို့လိုအပ်နေပါတယ်။ ဆက်လက်ပြီး အမှတ်စဉ် ၁၆(စ)မှာ သတ်မှတ်ကာလအတွင်း အရင်းအတိုးပေးဆပ်နိုင်ရေးအတွက် ဒေသဆိုင်ရာအစိုးရအဖွဲ့၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ရန်ဆိုပြီးပါရှိထားပါတယ်။ ကျွန်မတို့ ပြည်ထောင်စုဝန်ကြီးရဲ့ ညွှန်ကြားလွှာအရဆိုရင် ပြည်နယ်မှာရှိနေတဲ့ ပြည်သူတွေအတွက် ဧကန်မုချအကျိုးရှိမှာဖြစ်ပါတယ်။ ဒါပေမယ့် လက်တွေ့မှာ ဝန်ကြီးဌာနရဲ့ လုပ်ငန်းအစီအစဉ်ညွှန်ကြားလွှာပါအတိုင်း စနစ်တကျလိုက်နာ ဆောင်ရွက်မှုမရှိတဲ့အတွက်ကြောင့် ဝန်ကြီးရဲ့ ညွှန်ကြားချက်တွေကို အောက်ခြေကမလိုက်နာသလိုဖြစ်နေပါတယ်။ အဲဒါကြောင့် သမဝါယမအသင်းသားများအကျိုးကို ရှေးရှုပြီးတော့ သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ညွှန်ကြားလွှာ အတိုင်း လိုက်နာကျင့်သုံးဖို့ လိုအပ်နေပါပြီ။ အဲဒါကြောင့် ကျွန်မရဲ့ မေးခွန်းနံပါတ်(၁)အနေနဲ့ ဒီဒုတိယနှစ်ကနေစပြီး တော့ အသင်းသားတစ်ဦးရဲ့ပေးဆပ်ရမယ့် ငွေကြေးများကို လုပ်ငန်းအစီအစဉ်ညွှန်ကြားလွှာ နောက်ဆက်တွဲပုံစံ အတိုင်းသာ ကျင့်သုံးရန်

စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သမဝါယမအသေးစား ငွေကြေးဝန်ဆောင်မှု ချေးငွေလုပ်ငန်း (Co-operative Microfinance Loan )ကို ထိရောက်လျင်မြန်စွာ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank ချေးငွေကို မြန်မာအစိုးရ၏ အာမခံစာ(Soveregin Guarantee )ဖြင့် ရယူထုတ်ချေးခဲ့ပြီး အမေရိကန် ဒေါ်လာ သန်း (၁၀၀)နှင့် ညီမျှသော မြန်မာကျပ်ငွေကို အသင်းအဆင့်ဆင့်သို့ လွှဲပြောင်းထုတ်ချေးပြီး သမဝါယမအသင်းသား တောင်သူများသို့ ထုတ်ချေးခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank မှ ချေးငွေပမာဏမှာ အမေရိကန် ဒေါ်လာ သန်း(၁၀၀)ဖြစ်ပြီး နိုင်ငံတော်နှင့် စာချုပ်ချုပ်ဆိုရာတွင် ချေးငွေ သက်တမ်း(၁၀)နှစ ဖြစ်ပါသည်။ ဆိုင်းငံ့ကာလ(၂)နှစ်၊ ပြန်ဆပ်ကာလ(၈)နှစ်ဖြစ်ပြီး ပထမ(၂)နှစ်တွင် အတိုးငွေကို (၆)လတစ်ကြိမ် ပေးဆပ်ရမည်ဖြစ်ပြီး ကျန်(၈)နှစ်တွင် (အရင်း+အတိုး)ကို (၆)လ တစ်ကြိမ်ဖြင့် (၁၆)ကြိမ် ပေးဆပ်ရန် နိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တို့အကြား သဘောတူစာချုပ်ချုပ်ဆို ခဲ့ပါသည်။ သမဝါယမ ဝန်ကြီးဌာနအနေဖြင့် သမဝါယမအသင်းသား တောင်သူများသို့ ထုတ်ချေးရာတွင် သမဝါယမအသင်း အဆင့်ဆင့်အနေဖြင့် နှစ်စဉ် ဇန်နဝါရီလ (၅)ရက်မှ ဇူလိုင်လ(၅)ရက်နေ့အရောက် အရင်းနှင့် အတိုးများကို ပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး အရင်း၊ အတိုး ပြေကျေစွာ ပေးဆပ်ပြီး ထပ်မံ၍ ပြန်လည်ထုတ်ချေး သွားမည်ဖြစ် ပါသည်။ ပြန်လည်ထုတ်ချေးပေးရာတွင်လည်း အသင်းသား တောင်သူများမှ မိမိပိုင်ငွေများ စုဆောင်းတတ်လာစေရန် ထုတ်ချေး ငွေ၏ ၁၀%ကို စုဆောင်းစေလျက် နောင်(၄/၅)နှစ်တွင် ငွေချေးရန် မလိုတော့ဘဲ မိမိစုဆောင်းငွေဖြင့် ရပ်တည်နိုင်အောင် စီစဉ် ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။ ချေးငွေများကို စဉ်ဆက်မပြတ်





ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ကျပ်သန်း(၁၉၀၀. ၈၂)၊မွေးမြူရေးနှင့် သားငါး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ကျပ်သန်း (၅၄၄. ၄၀)၊ သမဝါယမလုပ်ငန်းများကဏ္ဍတွင် ကျပ်သန်း(၇၂၆)၊ ကျေးလက် စွမ်းအင်ကဏ္ဍတွင် ကျပ်သန်း(၆၈၃)ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေး နှစ်တွင် အတိုးနှုန်း(၁%)ဖြင့် လည်းကောင်း၊ ၂၀၁၄ခုနှစ် ဧပြီလ နောက်ပိုင်းတွင် အတိုးနှုန်း (၀. ၇၅%)ဖြင့်လည်းကောင်း ထုတ်ချေး ပေးခဲ့ပြီး သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍတွင် ထောက်ပံ့ ငွေကျပ်သန်း (၁၀၀)ကို လည်းကောင်း ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ အစီအမံဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။ သမဝါယမ ဝန်ကြီးဌာနမှ သမဝါယမလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank ချေးငွေကို မြန်မာ အစိုးရ၏ အာမခံစာ (Soveregin Guarantee )ဖြင့် ရယူထုတ်ချေး ခဲ့သည့် အမေရိကန် ဒေါ်လာ သန်း(၁၀၀)အား သမဝါယမ အသင်းသား တောင်သူများသို့ ထုတ်ချေးရာတွင် သမဝါယမ ဝန်ကြီးဌာန အစီအမံဖြင့် ထုတ်ချေးဆောင်ရွက်ခြင်းဖြစ်၍ ပထမအကြိမ် ဇွန်လ(၃၀)ရက်နေ့တွင် ပြန်လည်ပေးသွင်းရသော အတိုး၊ အရင်းပေါင်းအနက် အရင်းကို ရှမ်းပြည်နယ်အစိုးရမှ ခေတ္တစိုက်ထုတ် ဆောင်ရွက်ပေးရန် မရှိကြောင်း ဖြေကြား အပ်ပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- တတိယအပိုဒ်မေးခွန်းအနေနဲ့ ရှမ်းပြည်နယ်အတွက် ချေးငွေကို တစ်နှစ်လုံးအတွက် အတိုးကိုသာ ပေးသွင်းစေပြီး ဒီဇင်ဘာလမှသာ တိုးရင်းပေါင်းကို တစ်ပြိုင်တည်း ပြန်လည်အပ်နှံသည့် စနစ်ကို ကျင့်သုံးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ဆက်လက် ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ သမဝါယမဝန်ကြီးဌာနသည်

ထုတ်ချေး သွားရန် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ချေးငွေ ပထမ(၂)နှစ်တွင် အတိုးသာ ပေးဆပ်ရမည့် ကိစ္စမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံ သဘောတူညီချက် တစ်ရပ်သာဖြစ်ပြီး သမဝါယမ အသင်းသားများနှင့် သက်ဆိုင်မှု မရှိပါကြောင်း၊ သမဝါယမ အသင်းသားများအနေဖြင့် ချေးငွေများကို ရယူ ဆောင်ရွက်ရာတွင် အသင်းသားများနှင့် အသင်းအဆင့်ဆင့် အတွက် ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့် အညီစိုက်ပျိုးရေး ကာလ(၆)လတစ်ကြိမ် အရင်း၊ အတိုးကို ပြန်လည်ပေးဆပ်ရန်သာ ဖြစ်ပါသည်။ သို့မှသာ (၆)လ ပြည့်တိုင်း ချေးငွေအပေါ် ၁၀% စုဆောင်းစေခြင်းဖြင့် ငွေချေးစရာမလိုတော့ဘဲ နောင်(၄/၅)နှစ်တွင် မိမိပိုင် စုဆောင်းငွေဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ဒုတိယမေးခွန်း အပိုဒ်(၂)အနေနဲ့ ဒေါ်နန်းခမ်းအေး မေးထားတဲ့ အပိုဒ်မှာ ညွှန်ကြားလွှာအတိုင်း ကျင့်သုံးနိုင်ခြင်းမရှိပါက ပထမအကြိမ် ဇွန်လ (၃၀)ရက်နေ့မှာ ပြန်လည်ပေးသွင်း ရသော တိုးရင်းပေါင်းအနက် အရင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခေတ္တ စိုက်ထုတ်ကူညီ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့မေးခွန်းကို ဆက်လက်ရှင်းလင်းတင်ပြသွားပါမယ်။ မေးခွန်း နံပါတ်(၃)အနေနဲ့ ရှမ်းပြည်နယ်အတွက် ချေးငွေကို တစ်နှစ်လုံးအတွက် အတိုးကိုသာ ပေးသွင်းစေပြီး ဒီဇင်ဘာလ မှသာ တိုးရင်းပေါင်းကို တစ်ပြိုင်တည်း ပြန်လည် အပ်နှံသည့် စနစ်ကို ကျင့်သုံးနိုင်ရန် ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို ကျွန်တော် ဆက်လက် ရှင်းလင်းတင်ပြ ပေးသွားပါမည်။ နိုင်ငံတော်မှ ချမှတ် ဆောင်ရွက်လျက်ရှိသည့် ကျေးလက် ဒေသဖွံ့ဖြိုးနှင့် ဆင်းရဲမှုလျှော့ချ ရေးလုပ်ငန်း(၈)ရပ်တွင် ရှမ်းပြည်နယ်အစိုးရအနေဖြင့် လယ်ယာ





နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ် တွင်ပါဝင်သော သမဝါယမလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမ ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ EXIM Bank ချေးငွေကို မြန်မာအစိုးရ၏ အာမခံစာ (Soveregin Guarantee )ဖြင့် ရယူ ထုတ်ချေးခဲ့သည့် အမေရိကန် ဒေါ်လာ သန်း(၁၀၀)အား သမဝါယမ အသင်းသား တောင်သူများသို့ ထုတ်ချေးရာတွင် နေပြည်တော် ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် (၁၄)ခုအား စည်းမျဉ်း စည်းကမ်း တစ်ပြေးညီသတ်မှတ်၍ ထုတ်ပေးခြင်း ဖြစ်သည့်အတွက် ရှမ်းပြည်နယ်သို့ ချေးငွေကို တစ်နှစ်လုံးအတွက် အတိုးကိုသာ ပေးသွင်းစေပြီး ဒီဇင်ဘာလမှသာ တိုးရင်းပေါင်းကို တစ်ပြိုင်တည်း ပြန်လည်အပ်နှံသည့် စနစ်ကို ကျင့်သုံးနိုင်ရန် ရှမ်းပြည်နယ်အစိုးရမှ ဆောင်ရွက် ပေးနိုင်ခြင်းမရှိကြောင်းဖြေကြား အပ်ပါသည်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် ကျွန်မ မရှင်းတာကို ပြန်လည်မေးမြန်း ခွင့်ပြုပါ။ ဝန်ကြီးမှ ကျွန်မကိုဖြေသွားပါတယ်။ ဒီညွှန်ကြားလွှာထဲမှာ ပါရှိတဲ့ ဒီဒုတိယနှစ် ပထမနှစ် နဲ့ ဒုတိယနှစ်မှာ အတိုးကိုမပေးရဘူး ဆိုတာ အသင်းသားတွေနဲ့မသက်ဆိုင်ဘူးဆိုပြီး ကျွန်မကို ဖြေသွား တာ ဟုတ်ပါတယ်နော်။ ဟုတ်ကဲ့ပါ။ အဲဒီ လုပ်ငန်းအစီအစဉ် ညွှန်ကြားလွှာ ပြည်ထောင်စုဝန်ကြီးကနေထုတ်တဲ့ ညွှန်ကြားလွှာ မှာဆိုရင် အမှတ်စဉ်(၂၄)မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank မှ ထုတ်ချေးတဲ့ ဒေါ်လာ သန်း(၁၀၀)ကို သမဝါယမအသေး စားငွေကြေးဝန်ဆောင်မှုချေးငွေလုပ်ငန်း ဆောင်ရွက်ရာတွင် ချေးငွေများ ထုတ်ချေးခြင်းနှင့် သတ်မှတ်ကာလအတွင်း အရင်း

အတိုးပြန်လည်ပေးဆပ်ခြင်းတို့ကို ဤလုပ်ငန်းအစီအစဉ် ညွှန်ကြားလွှာပါ တာဝန်သတ်မှတ်ချက်များအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ပြီး ရရှိလာသည့်ငွေများကို စနစ်တကျသုံးစွဲရေး သမဝါယမအသင်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမဦးစီးဌာနအဆင့်ဆင့်နှင့် သမဝါယမအသင်းအဆင့်ဆင့်တို့မှ တာဝန်ရှိသူများအားလုံးနဲ့ ဖွဲ့စည်းထားတဲ့ကော်မတီအဆင့်ဆင့်တို့မှ တာဝန် ရှိသူများအားလုံး တက်ညီလက်ညီဖြင့် အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ရမယ်လို့ဖော်ပြထားပါတယ်။ ဤနောက်ဆက်တွဲ ဒီပုံစံ ညွှန်ကြားလွှာဟာဆိုရင် အသင်းသားတွေနဲ့မသက်ဆိုင်ဘူးလို့ဖော်ပြထားခြင်းမရှိပါဘူး။ အကယ်၍သာ တရုတ်နဲ့သာ ချုပ်ဆိုထားတယ်ဆိုရင် ဒီညွှန်ကြားလွှာကို ထုတ်စရာ မရှိပါဘူးလို့ ကျွန်မဟာ နားလည်ထားပါတယ်။ ပြီးတော့ ကျွန်မဆိုလိုတာက ကျွန်မတို့ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ရရှိတဲ့ ဘဏ္ဍာငွေနဲ့ ကျွန်မတို့ ဒေသဖွံ့ဖြိုးရေးအတွက် လုံလောက်အောင် လုပ်ဆောင်နေရတယ်ဆိုတာ ကျွန်မနားလည်ပါတယ်။ခေတ္တခဏ စိုက်ထုတ်ထားခြင်းဆိုတာက ဒီဇွန်လမှာ ပေးရမယ့် အတိုးနဲ့အရင်းကို ဘဏ်မှာပဲ တစ်ပတ်အသွင်း ပြရပါ တယ်။ ပြီးတော့ အဲဒီငွေကို ပြန်ထုတ်ကြရပါတယ်။ အဲဒါကြောင့် ခေတ္တခဏစိုက်ထုတ်ထားခြင်းဆိုတာ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ပြည်သူတွေရဲ့ အကျိုးကို တကယ်ဘဲ အကျိုးကိုလုပ်ဆောင်မယ်ဆိုရင် တစ်ပတ်အတွင်း ငွေ amount စိုက်ရတယ်ဆိုတာ ရှမ်းပြည်နယ်အတွက် ဘာမှမခဲရင်းဘူးလို့ ကျွန်မမြင်ယောင်လို့ ဒီမေးခွန်းကို မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဝန်ကြီးက ဆွေးနွေးဖို့ရှိရင် ဆွေးနွေးနိုင်ပါတယ်။





အခမ်းအနားမှူး။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး တတိယနေ့ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၁၀)နာရီအချိန်မှာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း လေးစားစွာ အသိပေး တင်ပြအပ်ပါတယ် ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးတင်ပြန်ရန် ရှိပါသဖြင့် ခေတ္တစောင့်ဆိုင်းပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- လွှတ်တော် ကိုယ်စားလှယ်များကို အေးသာယာမှာ မြေကွက်များကို ချထားပေးပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ မြေစာရင်းပုံစံ(၁၀၅)ရရှိဖို့အတွက် လျှောက်ထားဖို့ လိုအပ်ပါတယ်။ မြေစာရင်း ပုံစံ(၁၀၅) လျှောက်ထားရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ကို လိပ်မူပြီးတော့မှ အိမ်ထောင်စုဇယားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ်မိတ္တူ၊ မြေပေးမိန့်မိတ္တူနဲ့ ငွေသွင်းချလံမိတ္တူများနှင့် တင်ပြလျှောက်ထားဖို့ တင်ပြအပ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့မှ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး ထံ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးတင်ပြ အပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မြေကွက်အတွက် ပထမ(၈) သိန်းခွဲသွင်းထားတဲ့ နေရာ မှာ infrastructure ဖြစ်တဲ့ လမ်း၊ တံတား၊ မီး ကိစ္စတွေ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီကိစ္စတွေ အားလုံး ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ မြေစာရင်း ပုံစံ(၁၀၅) လျှောက်ထား

တဲ့ကိစ္စမှာ ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေ အတွက် (၁)ပေပတ်လည်ကို (၁၀၀)နှုန်းနဲ့ ပေးသွင်းရမှာ ဖြစ်တဲ့ အတွက် (၂)သိန်းနဲ့ (၄)သောင်း ပေးသွင်းရမှာဖြစ်ပါတယ်။ ဒါကိုတော့ ငွေစာရင်းအမှတ်(CF-001523)ကို ပေးသွင်းနိုင်ကြောင်း တင်ပြအပ် ပါတယ်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။





ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။ ကျေးဇူးတင်ပါတယ်။ ကျွန်တော့အနေနဲ့ ပထမ တစ်ချက်ကတော့ တစ်ကယ်လို့ နောက်ဆက်တွဲညွှန်ကြားလွှာမှာ ကိုက်ညီမှုမရှိဘူးဆိုရင် ဒီဟာနဲ့ပတ်သက်ပြီးတော့ အချိန်အတိုင်းအတာ ကျွန်တော့်ကိုပေးပါ။ ကျွန်တော်ပြန်လည်ဖြေကြားပေးပါမယ်။ ဒုတိယအနေနဲ့ကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဟာ ခုနက ကျွန်တော်တင်ပြထားသလိုဘဲ သမဝါယမဖွံ့ဖြိုးတိုးတက်ရေးမှာ သိန်းပေါင်း(၇၂၆၀) စိုက်ထုတ်ပေးတယ်ဆိုတာကို သက်ဆိုင်ရာ ရှမ်း(ရှေ့)၊ ရှမ်း(မြောက်)၊ ရှမ်း(တောင်)ဘက်ကို ငွေတွေကိုဖြန့်ထားတာ သီးသန့် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ထပ်ပြီးတော့ EXIM Bank နှင့်ပတ်သက်ပြီး မပေးနိုင်တာကို ရှင်းပြခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က သီးသန့်လုပ်ထား ခုနက ကျွန်တော်ရှင်းပြပြီး ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး တတိယနေ့ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါသည်။

# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (တတိယနေ့)မှတ်တမ်း
# ၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း (၁၂)ရက်
# ၂၀၁၄ ခုနှစ်၊ဒီဇင်ဘာလ (၃) ရက်
# [ ဗုဒ္ဓဟူးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌စတင်ကျင်းပ ပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး ၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး (လွှတ်တော်ရုံးအကြီးအမှူး)က ဆောင်ရွက်ပါသည်။

အခမ်းအနားမှူး။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ် မြောက်ပုံမှန် အစည်းအဝေး တတိယနေ့အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာတွင် နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။



D/real(wide) (6



## ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာနည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပါမယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်ဒီကနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွှန့်ဝင်း၊** ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၊ **အားလုံး မင်္ဂလာပါ။**လေးစားအပ်

ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌဦးညွန့်ဝင်း ဖြစ်ပါတယ်။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့သို့ အကြောင်းအမျိုးမျိုးဖြင့် တက်ရောက်နိုင်ခြင်း မရှိသည့် အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း(၄)ဦးအား လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှုကို ခွင့်ယူသူအားလုံးရဲ့ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါသည်-

(၁) ဦးစိုင်းထွန်းရင်၊ ပြည်နယ်လျှပ်စစ်နှင့်စက်မှုဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်ခွင့် (၂)ရက်

(၂) ဦးစိုင်းသန်းမောင်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၂)ရက်

(၃) ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့်ခွင့်(၂)ရက်

(၄) ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့်(၂)ရက်

ထပ်မံခွင့်လျှောက်ထားသူ (၄)ဦးရှိကြောင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။





## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး**။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။ အားလုံး ထိုင်နိုင် ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၃၉)ဦး ရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို(၁၁၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက် ခွင့်ရှိတဲ့ ကိုယ်စားလှယ် စုစုပေါင်းရဲ့ (၇၉ ဒသမ ၁၄) ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁၈၀)၊ ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာ နည်းဥပဒေပုဒ်မ(၃၄)၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာနည်းဥပဒေပုဒ်မ(၃၅)၊ နည်းဥပဒေခွဲ (ဂ)၊ တို့အရအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ဉက္ကဋ္ဌ။ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။ (သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။) သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၉)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅)ဦး၊ ယနေ့ခွင့် ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၂၉)ဦးရှိပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ (၄)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ၊ ယခုလွှတ်တော် ကိုယ်စားလှယ်များရဲ့ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ် လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါ့မယ်။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ )

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။



D/real(wide) (6



ပြန်လည်စိစစ် ခန့်ထားရန် လိုအပ်နေခြင်း၊ လက်ထောက်ဆရာဝန် ခွင့်ပြု (၁၂)ဦး၊ ခန့်ထား(၁)ဦး၊ ယာယီတွဲဖက်(၁)ဦးသာ ရှိပါသဖြင့် လိုအပ်နေသော လက်ထောက်ဆရာဝန်များ ခန့်ထားပေးနိုင်ပါရန် တင်ပြခြင်းဖြစ်ပါတယ်၊ မေးခွန်း နံပါတ်(၂)အနေနဲ့ သီပေါမြို့နယ်၊ ဆင်ကျော့ကျေးရွာအုပ်စုတွင် တိုက်နယ်ဆေးရုံအဆင့်မှ တိုက်နယ်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ပေးနိုင်ပါရန် ကိစ္စဖြစ်ပါတယ်။ ဆင်ကျော့ တိုက်နယ်ကျန်းမာရေး ဌာနတွင် တိုက်နယ်ဆေးရုံတစ်ခုသာရှိပြီး တိုက်နယ် ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ မရှိခြင်းကြောင့် စံကိုက်ဖွဲ့စည်းပုံအရ လိုအပ်နေသော တိုက်နယ်ကျန်းမာရေးဌာန၊ ကျေးလက် ကျန်းမာရေးဌာနခွဲများ နှင့်အတူ ဝန်ထမ်းများအား ပူးတွဲချထား ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ၄င်းနည်းတူသီပေါမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း(၇၈)အုပ်စုနှင့် ကျေးရွာပေါင်း(၄၉၇)ရွာရှိပြီး တိုက်နယ်ကျန်းမာရေးဌာန(၂)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၄)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၁၇)ခု၊ စုစုပေါင်း ကျန်းမာရေးဌာန ခွဲပေါင်း(၂၃)ခု သာရှိပါသဖြင့် ကျေးရွာအုပ်စု(၇၈)အုပ်စုနှင့် ကျေးရွာပေါင်း(၄၉၇)ရွာ အနေအထားဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှုအားနည်းနိုင်ခြင်း၊ မွေးမိခင်သေနှုန်း၊ (၅)နှစ် အောက် ကလေးသေနှုန်းမြင့်တက်ခြင်းတို့ကြောင့် သမ္မတကြီး၏ မိန့်ခွန်းအရ လူ့သက်တမ်းအား မျှော်မှန်းသက်တမ်း(၇၀)နှစ် မပြည့်မီနိုင်ခြင်း၊ ကာကွယ်ဆေးရရှိမှု လွှမ်းခြုံမှုရာနှုန်းများ ကျဆင်းနိုင် ပါသဖြင့် ထပ်မံတိုးချဲ့ရန်လိုအပ်နေခြင်း၊ သုံးသပ်မိပါတယ်။ တချို့နေရာအားတင်ပြရလျှင် နမ့်လန်တိုက်နယ်ကျန်းမာရေးဌာနပိုင် မြို့ပေါ်(၁၁)ရပ်ကွက်နှင့် ကျေးရွာ(၅)ရွာ ကျန်းမာရေးဌာန၏စာရင်း အရ ၂၀၁၄ခုနှစ်တွင်ရှိမည့် ခန့်မှန်းစုစုပေါင်းလူဦးရေ(၁၇၅၇၃)ဦး၊ ခန့်မှန်း ကိုယ်ဝန်ဆောင်သူဦးရေပေါင်း(၄၂၀)ဦး၊ ခန့်မှန်းတစ်နှစ်

အောက်ကလေး(၄၁၀)ဦး၊ ခန့်မှန်း(၅)နှစ်အောက်ကလေး (၁၈၆၀)ဦး ရှိပြီး၊ သားဖွားဆရာမ(၁)ဦးသာရှိသဖြင့် လိုအပ်နေသောသားဖွား ဆရာမအင်အား ထပ်မံခန့်ထား ပေးနိုင်ရန်လိုအပ်နေခြင်းဖြစ် ပါတယ်။ မေးခွန်း(၃)အနေနဲ့ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စု တွင် နမ့်လန် တိုက်နယ်ဆေးရုံမှ လိုအပ်ချက်များ- (က)ခွဲစိတ်ခန်း အသစ် အင်္ဂါရပ်နှင့်မပြည့်စုံခြင်း၊ ကန်ထရိုက်ယူသောကုမ္ပဏီမှ အဆောက်အဦအား မြို့နယ်ကျန်းမာရေးဌာနသို့အပ်နှံထားခြင်း မရှိခြင်းကိစ္စအား ယခင်တိုက်နယ်ဆရာဝန်မှ (၂၆)ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၁ခုနှစ်ရက်စွဲဖြင့်တင်ပြသော်လည်း တာဝန်ယူဖြေရှင်းထားခြင်း မရှိခြင်းနှင့် ယခုတာဝန် ကျသောတိုက်နယ်ဆရာဝန်မှ (၁၅)ရက်၊ နိုဝင်ဘာလ၊ ၂၀၁၄ခုနှစ်ရက်စွဲဖြင့် ထွက်စာအမှတ် တန၊ အဆောက် အဦ၀၀၄၊ ၂၀၁၄ဖြင့်တင်ပြလာပါသဖြင့် ပြန်လည်စိစစ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အထက်ပါကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော် ဘဏ္ဍာငွေဖြင့် ဆောက်လုပ်သောအဆောက်အဦများသည် ပြင်ပ အရည်အသွေးစစ် အဖွဲ့၏ စစ်ဆေးချက် စာတမ်း လိုအပ်ပါသဖြင့် ပြည်နယ်အစိုးရမှ ပြင်ပအရည်သွေးစစ်အဖွဲ့အား ငှားရမ်း ပေးနိုင်ရန် လိုအပ်နေပါကြောင်း သုံးသပ်မိပါတယ်။ (ခ)ဓါတ်မှန်စက်အား ပြန်လည် စိစစ်ပြုပြင်ပေးနိုင်ပါရန်အတွက် တိုက်နယ်ဆရာဝန်မှ ဆွေးနွေးလာပါတယ်။ (ဂ)လက်ရှိဝန်ထမ်းအိမ်ရာများသည် ချို့ယွင်း ပျက်စီးမှုများရှိခြင်း၊ လုံလောက်မှုမရှိခြင်းနှင့် အသစ်ခန့်ထားသော ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများလိုအပ်နေခြင်းတို့အား ဆွေးနွေးလိုပါတယ်။ သို့ဖြစ်ပါ၍ နမ့်လန်ကျေးရွာအုပ်စု၊ တိုက်နယ် ဆေးရုံမှ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ပါရန် တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။"



D/real(wide) (6



ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို
သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက
မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်
အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြား ခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက မေးမြန်းတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များမှ ဖြေကြား သွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်း စိန်ဝင်းက မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းမှာ ဖြစ်ပါတယ်။

ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါ စေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပြီး ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ သီပေါမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်းဖြစ်ပါတယ်။ ပထမမေးခွန်းအနေနဲ့ " သီပေါမြို့နယ်၊ ပြည့်သူ့ဆေးရုံတွင် ကျန်းမာ ရေးဝန်ထမ်းများလိုအပ်နေခြင်း ကိစ္စဖြစ်ပါတယ်။ သီပေါမြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်ဆရာဝန်ပင်စင်ခံစားနေပြီဖြစ်ပါသဖြင့် ၄င်းနေရာတွင် ပြန်လည်ခန့်ထား ပေးနိုင်ရန်လိုအပ်နေခြင်း၊ သမားတော်ခန့်ထား သော်လည်း အလုပ်ဝင်ရောက်ခြင်းမရှိပါသဖြင့်

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်းမေးမြန်းတဲ့ ကျန်းမာရေးကဏ္ဍဆိုင်ရာမေးခွန်း(၃)ခုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ သီပေါမြို့နယ်၊ ပြည်သူ့ ဆေးရုံတွင် မြို့နယ်ဆရာဝန်၊ သမားတော်၊ လက်ထောက်ဆရာဝန်များလိုအပ်ခြင်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက် ရက်စွဲပါစာအမှတ်၊ ၃မက (က)/ ၂၀၁၄ / ၂-၂၀၅ ဖြင့် တောင်ကြီးစဝ်စံထွန်းဆေးရုံမှ လက်ထောက်ဆေးရုံအုပ် ဒေါက်တာနန်းရူပဟန်အား သီပေါ ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ်ရာထူးအဖြစ် ရာထူးတိုးမြှင့်ခန့်ထားပေးပြီးဖြစ်ပါသည်။ သီပေါပြည်သူ့ဆေးရုံတွင် အထူးကု(ဆေးပညာ) အဖြစ်ခန့်ထားသည့် ဒေါက်တာဝင်းမြင့်သည် အလုပ်ဝင်ရောက်ခြင်းမရှိသည့်အတွက် ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ(၁)ရက် ရက်စွဲပါစာအမှတ်၊ ရမ/လရ/ခွဲ-၄(၁)/ ၂၀၁၄/ ၂၂၆၁ ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသို့ တင်ပြထားပြီးဖြစ်ပါသည်။ သီပေါမြို့ ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန်ခွင့်ပြု (၁၈)ဦးအနက် လက်ထောက်ဆရာဝန် အထူးကု(၃)ဦးနှင့် လက်ထောက်ဆရာဝန်(၂)ဦးသာရှိသဖြင့် သီပေါမြို့နယ်ကျန်းမာရေး



D/real(wide) (6



ရေးဌာန အဆင့်သို့တိုးမြှင့်ပေးရေးကိစ္စနှင့်စပ်လျဉ်း၍ သီပေါမြို့နယ်၊ ဆင်ကျော့(၁၆-ကုတင်ဆံ့) တိုက်နယ်ဆေးရုံတွင် ကုန်းညောင်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဖာတုတ်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ နမ့်မွကျေးလက်ကျန်းမာရေးဌာနခွဲ၊ နားလျှိုကျေးလက်ကျန်းမာရေးဌာနခွဲ တို့ပါဝင်ပြီး ကျေးရွာအုပ်စု(၈)စု၊ ကျေးရွာ(၆၂)ရွာ၊ အိမ်ခြေ(၂၈၀၅)အိမ်၊ လူဦးရေ (၁၁၄၆၇)ဦးတို့ရှိပါသည်။ ဆင်ကျော့(၁၆-ခုတင်ဆံ့) တိုက်နယ်ဆေးရုံနှင့် နားညုအထူးဒေသဆေးပေးခန်းတို့ကိုပေါင်းစပ်၍ ဆင်ကျော့တိုက်နယ်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့် ပြောင်းလဲဖွင့်လှစ်နိုင်ရန် အခြေခံကျန်းမာရေး အချက်အလက်များ စုစည်း တင်ပြဆောင်ရွက်သွားရန် သီပေါမြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး(လားရှိုး)မှ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ(၁၉)ရက်နေ့တွင် အကြောင်းကြားဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ သီပေါမြို့နယ်၊ ကျန်းမာရေးဦးစီးဌာန မှ အမှုတွဲ ပြည့်စုံစွာ တင်ပြလာပါက ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသို့ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ နမ့်လန်တိုက်နယ်ဆေးရုံမှ လိုအပ်ချက်မေးခွန်းများကို ဆက်လက်ဖြေကြား ပေးသွားမှာ ဖြစ်ပါတယ်။ ခွဲစိတ်ခန်းအသစ် အင်္ဂါရပ်နှင့် မပြည့်စုံပါသဖြင့် ပြန်လည်ပြုပြင်မွမ်းမံပေးနိုင်ပါရန် ကိစ္စနှင့်စပ်လျဉ်း၍ သီပေါမြို့နယ်၊ နမ့်လန် တိုက်နယ်ဆေးရုံခွဲစိတ်ခန်းအား ခွဲစိတ်ခန်းအင်္ဂါရပ် နှင့်ပြည့်စုံအောင် ပြန်လည်ပြုပြင်ပေးနိုင်ရေး ရန်ပုံငွေချထားပေးနိုင်ရန် ပြုပြင်မည့် အစိတ်အပိုင်းများကို အင်ဂျင်နီယာ၏ ခန့်မှန်းတွက်ချက်မှုဖြင့် တင်ပြတောင်းခံဆောင်ရွက်သွားရန် သီပေါကျန်းမာရေးဦးစီးဌာနသို့ တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံး (လားရှိုးမြို့) မှ ၂၀၁၄

ခုနှစ်၊ နိုဝင်ဘာလ(၁၉)ရက်နေ့တွင် အကြောင်းကြားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းနှင့် တင်ပြလာပါက ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသို့ ဆက်လက်တင်ပြ သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ခါတ်မှန်စက်ပြန်လည်စိစစ်ပေးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ သီပေါမြို့နယ်၊ နမ့်လန်တိုက်နယ်ဆေးရုံရှိ ခါတ်မှန်စက်မှာ ၂၀၀၄ ခုနှစ်ခန့်က စတင်တပ်ဆင်အသုံးပြုခဲ့ပြီး ခါတ်မှန် ရိုက်သူ(ခါတ်မှန်ကျွမ်းကျင်) မရှိသည်မှာ(၉)နှစ်ခန့်ရှိပြီ ဖြစ်ပါသဖြင့် ရှမ်းပြည်နယ်၊ လားရှိုးဒေသအတွင်း ဖွင့်လှစ်သင်ကြားမည့်ခါတ်မှန် (ဒုတန်း) (၆)လ သင်တန်းတက်ရောက်ရန် ခွဲတန်း(၁၀)ဦးခွင့်ပြုပေးခဲ့ပြီး သင်တန်းပြီးဆုံးပါက ခါတ်မှန် ကျွမ်းကျင်ဝန်ထမ်း(၁)ဦးအား နမ့်လန်တိုက်နယ်ဆေးရုံတွင် ဦးစားပေးခန့်ထားရန် စီစဉ်ထားရှိပါတယ်။ ခါတ်မှန်စက်အား ပြန်လည်အသုံးပြုနိုင်ရေးအတွက် ကောင်းမွန်မှုရှိ/မရှိ သက်ဆိုင်ရာ အင်ဂျင်နီယာမှ စစ်ဆေးနိုင်ရေး ကျွမ်းကျင်အင်ဂျင်နီယာ စေလွှတ်ပေးနိုင်ရန် တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး(လားရှိုး)မြို့မှ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ၊ ၂၈ရက် ရက်စွဲပါစာအမှတ်၊ ရမ/ဆေးပစ္စည်း/၂၀၁၄/၃၁၉၉ဖြင့် ကျန်းမာရေး ဝန်ကြီး ဌာန၊ ကျန်းမာရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာများ တိုးချဲ့ ပေးနိုင်ရေးကိစ္စ နှင့်စပ်လျဉ်း၍ သီပေါမြို့နယ်၊ နမ့်လန်တိုက်နယ်ဆေးရုံတွင်ခွင့်ပြုဝန်ထမ်း(၅၅)ဦး၊ ခန့်ထားပြီးဝန်ထမ်း(၁၆)ဦး၊ အိမ်ခန်းရရှိပြီးသောဝန်ထမ်း(၇)ဦး၊ အိမ်ခန်းမရရှိသေးသောဝန်ထမ်း(၉)ဦးတို့ဖြစ်ပြီး ၎င်းအတွက် လိုအပ်လျက် ရှိသော (၂)ခန်းတွဲ ဆရာဝန်နေအိမ်(၂)လုံး၊ (၄)ခန်းတွဲနှစ်ထပ်အိမ်ရာ(၂)လုံး ဆောက်လုပ်ပေးနိုင်ရန်အတွက် ရန်ပုံငွေ ခွဲဝေရရှိရေးအင်ဂျင်နီယာ၏ ခန့်မှန်းတွက်ချက်မှုတင်ပြဆောင်ရွက်သွားရန် သီပေါမြို့နယ်





ဦးစီးဌာနမှူးရုံး၏ ၂၀၁၄ခုနှစ်၊ မတ်လ(၁၉)ရက် ရက်စွဲပါစာအမှတ် ၊ ၂၉၉/ကမရ/သပ(၃၅)ဖြင့်လစ်လပ်လျှက်ရှိသော လက်ထောက်ဆရာဝန်များ ခန့်ထားပေးနိုင်ပါရန် တင်ပြလာခြင်းအပေါ် လိုအပ်လျှက်ရှိသော လက်ထောက်ဆရာဝန်များ မခန့်အပ်ထားမီ လားရှိုးပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်တစ်ဦးအား ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၄ခုနှစ်၊ မတ်လ (၂၆)ရက် ရက်စွဲပါစာအမှတ်၊ ရမ/လရ/ခွဲ-၄(၁)/ ၂၀၁၄/၉၅၃ဖြင့် သီပေါပြည်သူ့ဆေးရုံတွင် တွဲဘက်တာဝန် ချထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ၎င်းအပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လက်ထောက်ဆရာဝန်(၉၆)ဦးနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်(၃၇)ဦးရွေးချယ်ထားပြီးဖြစ်ပါသည်။ အဆိုပါ လက်ထောက်ဆရာဝန်များနှင့် သွားဘက်ဆိုင်ရာဆရာဝန်များသည် ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ(၁၆)ရက်နေ့မှ ၂၀၁၅ခုနှစ်၊မတ်လ(၁၉)ရက်နေ့အထိ ဖွင့်လှစ်မည့် အရာထမ်းလောင်း အခြေခံသင်တန်း အမှတ်စဉ်(၁၅)သို့ တက်ရောက်ပြီးမှ အလုပ်စတင် ဝင်ရောက်ကြရမှာဖြစ်ပါတယ်။ သစ်လွင်လက်ထောက်ဆရာဝန်များ အတွေ့အကြုံ ရရှိရန် အထူးကုဆရာဝန်ကြီးများရှိသော ဆေးရုံကြီးများတွင် စတင်တာဝန်ထမ်းဆောင် ရမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာရှိတဲ့ အထူးကုဆရာဝန်ကြီးများရှိသည့် တောင်ကြီးစဝ်စံထွန်းဆေးရုံ၊ တောင်ကြီးအမျိုးသမီးနှင့် ကလေးဆေးရုံ၊ လွိုင်လင်ဆေးရုံ၊ ကျိုင်းတုံဆေးရုံ၊ တာချီလိတ်ဆေးရုံ၊ လားရှိုးဆေးရုံ၊ ကျောက်မဲဆေးရုံ၊ မူဆယ်ဆေးရုံနှင့် သီပေါဆေးရုံတို့တွင် ဦးစွာခန့်ထားမှာဖြစ်တဲ့အတွက် သီပေါဆေးရုံတွင်လည်း လက်ထောက် ဆရာဝန်သစ်(၄)ဦးခန့်ထားပေးနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပေးသွားမှာ ဖြစ်ကြောင်း ဖြေကြား အပ်ပါသည်။

ဆက်လက်ပြီးဒုတိယမေးခွန်းဖြစ်တဲ့ သီပေါမြို့နယ်၊ဆင်ကျော့ကျေးရွာအုပ်စုတွင် တိုက်နယ်ဆေးရုံ အဆင့်မှ တိုက်နယ်ကျန်းမာ

ကျန်းမာရေးဦးစီးဌာနမှူးရုံး သို့ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ လားရှိုးမြို့မှ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ(၁၉)ရက်နေ့တွင် အကြောင်း ကြားဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ သီပေါမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးမှ အမှုတွဲတင်ပြလာပါက ဘဏ္ဍာရေးနှစ် စီမံကိန်းတွင် လျာထားထည့်သွင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမုန့်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမုန့်၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ အားလုံး မင်္ဂလာပါခင်ဗျာ။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမုန့်ဖြစ်ပါတယ်။ ယနေ့ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ တိုင်းရင်းသားပြည်သူများဆန္ဒလိုလားတောင့်တ နေတဲ့ အကြောင်းအရာတစ်ခုကို ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရမှ ပြည်သူတို့ရဲ့လိုအပ်ချက်များကို အရှိန်အဟုန်မြှင့်တင်ပြီး လျှင်လျှင်မြန်မြန်ဖြည့်ဆည်းပေးနိုင်ရေးအတွက် (Third wave) အစီအစဉ်ဖြင့် ဆောင်ရွက်နေကြောင်း၊ သတင်းစာ၊ စာစောင်၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့တွင် ကြားရမြင်နေရတာဖြစ်ပါတယ်။ ထိုအတွက်ကြောင့် မိုင်းခတ်မြို့အတွင်းတွင် GSM တာဝါတိုင် ထူထောင်ခြင်းလုပ်ငန်းကို (၁၃-၄-၂၀၁၄)





တာဝါတိုင်အား အသက်ဝင်ပြီး တယ်လီဖုန်းဆက်သွယ်မှုရရှိရေးအတွက် မည်သည့်အချိန်တွင် စက်တပ်ဆင်ပေးမည်ကို သိရှိလိုပါသည်ဆိုသည့်မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ GSM ဆက်သွယ်ရေးနှင့်ပတ်သက်သော စက်ပစ္စည်းများမှာ နိုင်ငံခြားမှ မှာယူတင်သွင်းရခြင်းဖြစ်ပြီး မှာယူတင်သွင်းရသောနိုင်ငံမှ ပေးပို့ မှုနောက်ကျရခြင်းဖြစ်ပြီး ယခုအခါမှာ မှာယူထားတဲ့စက်ပစ္စည်းများ ရောက်ရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ မိုင်းခတ်မြို့သို့ မကြာမီအချိန်အတွင်း စက်ပစ္စည်းများရောက်ရှိမည်ဖြစ်ပြီး GSM နှင့်ပတ်သက်လို့ စက်ပစ္စည်းများအားလုံး တပ်ဆင်စမ်းသပ်ပြီးစီးပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်အသုံးပြုနိုင်မည် ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦးက မေးခွန်း (၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မြန်မာ-တရုတ် (၂)နိုင်ငံနယ်နိမိတ်ကိစ္စနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား တရုတ်နိုင်ငံ၊ ရွှေလီခရိုင်နဲ့ နယ်နိမိတ်ချင်းဆက်စပ်

နေသော ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ ဆယ်ဟိုင်းကျေးရွာအုပ်စု၊ ကုန်းဆာရွာ၊ မက်နောင်ရွာနဲ့ ဟာရင်ကျေးရွာအုပ်စု၊ ကျေးခွန်ရွာအပိုင်နယ်မြေများတွင် တစ်ဆက်တည်းရှိတဲ့ နယ်ခြားမှတ်တိုင် အမှတ်S ၆၂-၁ မှ S ၆၃ ကြား နယ်နိမိတ်များကို (၂၇-၅-၂၀၁၄)မှ (၃၁-၅-၂၀၁၄)ရက်နေ့အထိ ပြန်လည်တိုင်းတာခဲ့ကြောင်း၊ ထိုသို့တိုင်းတာ၍ ယာယီနယ်ခြားမှတ်တိုင်သစ်သားတိုင်ပေါင်း (၆၂)တိုင်စိုက်ထူရာ၌ မိမိနိုင်ငံဘက်မှ မြေဧက (၁၀၀)ကျော်ခန့်သည် တစ်ဖက်နိုင်ငံ ပိုင်ဆိုင်မှုဘက် ယာယီပါသွားကြောင်းသိရှိရပါတယ်။ ထိုသို့ တိုင်းတာရာတွင် မိမိတို့ နိုင်ငံဘက်မှ မြန်မာနိုင်ငံ နယ်နိမိတ်တိုင်းတာရေးဌာန ညွှန်ကြားရေးမှူး ဦးချမ်းအေး ဦးဆောင်သောအဖွဲ့ဝင် (၁၇)ဦးပါအဖွဲ့နဲ့ တရုတ်နိုင်ငံဘက်မှ ညွှန်ကြားရေးမှူးအဆင့်ရှိပုဂ္ဂိုလ်တစ်ဦး ဦးဆောင်သောအဖွဲ့ဝင်(၁၄)ဦးပါ နယ်နိမိတ်တိုင်းတာရေးအဖွဲ့တို့ ပူးပေါင်းတိုင်းတာခဲ့ကြကြောင်း သိရှိရပါတယ်။ တိုင်းတာ တဲ့ နယ်မြေဒေသများတွင် (၁၉၆၀)ခုနှစ် နှစ်နိုင်ငံနယ်နိမိတ်စာချုပ်အရလည်းကောင်း၊ ပြန်လည်တိုင်းတာ စစ်ဆေးခဲ့တဲ့ (၁၉၈၅) ခုနှစ်၊ (၁၉၉၃)ခုနှစ်များ၌ ချုပ်ဆိုခဲ့တဲ့ နယ်နိမိတ်ဆိုင်ရာစာချုပ်များအရလည်းကောင်း၊ ယခုထက်တိုင် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းကြောင်းများပြောင်းလဲမှုမရှိဘဲ ထိုနယ်စပ်များရှိ နှစ်ဖက်နိုင်ငံသားများသည် မိမိပိုင် မြေများ ပေါ်တွင်သာမိဘ၊ ဘိုးဘွားစဉ်ဆက် စိုက်ပျိုးလုပ်ကိုင်စားသောက်လာခဲ့ကြပါတယ်။ နယ်နိမိတ်မျဉ်းအတိုင်း နှစ်ပေါင်း(၅၄)နှစ်ကျော်ကြာမျှ သူပိုင်ကိုယ်ပိုင်နယ်မြေများပေါ်တွင်သာ နှစ်ဖက်နိုင်ငံသားများ လုပ်ကိုင် စားသောက်လာခဲ့ကြပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ ရွှေလီမြစ်ရေစီးကြောင်းပြောင်းလဲမှုကြောင့် ရေထိန်း ကျောက်စီနံရံများမတည်ဆောက်နိုင်ခဲ့သော ကျွန်တော်တို့နိုင်ငံဘက်မှ နမ့်ခမ်းမြို့နယ်၊ မက်နောင်ရွာကဲ့သို့ကျေးရွာ အချို့သည် ကမ်းပါးပြိုခြင်း



D/real(wide) (6



ရက်နေ့တွင် တည်ဆောက် ပြီးစီးခဲ့ပြီး၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းကိုလည်း (၁၉-၅-၂၀၁၄)ရက်နေ့တွင် လာရောက် တပ်ဆင်ခဲ့ပြီး ဖြစ်ပါတယ်။ ခြံစည်းရိုးကာရံခြင်းကို (၁၅-၈-၂၀၁၄)ရက်နေ့တွင် ကာရံဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ မီးစက်စက်ရုံကိုလည်း တည်ဆောက်ပြီး၍ မီးစက်လည်း တပ်ဆင်ပြီးဖြစ်ပါတယ်။ သို့သော် ယနေ့ထက်တိုင် တယ်လီဖုန်း ဆက်သွယ် ပြောဆိုနိုင်ရေးအတွက် စက်များလာရောက် တပ်ဆင် ပေးနိုင်ခြင်းမရှိသေး၍ ဒါကြောင့် ပြည်သူများ ပြောနေသည်မှာ GSM တာဝါတိုင်နှင့် မီးသတ် အဆောက်အအုံ ကပ်လျက်ဆောက် လုပ်ထားသည့်အတွက် မီးသတ်မျှော်စင်လားလို့ ပြောဆိုနေကြပါတယ်။ ပြည်သူများအတွက် လိုအပ်ချက်များကို လျင်လျင် မြန်မြန်နှင့် ဖြည့်ဆည်းပေးမည်ဆိုတဲ့ တတိယအဆင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခြင်းလုပ်ငန်း (Third wave)နှင့် ကိုက်ညီမှု မရှိဖြစ်နေ သည်ကို ကျွန်တော်မှယူဆမိပါတယ်။ ထို့အတွက်ကြောင့် ကျွန်တော် က တိုင်းရင်းသား ပြည်သူများကိုယ်စား မေးမြန်းလိုသည်မှာ မိုင်းခတ်မြို့ရှိ GSMတာဝါတိုင်အား အသက်ဝင်ပြီး တယ်လီဖုန်း ဆက်သွယ် ပြောဆိုနိုင်ရေး အတွက် မည်သည့်အချိန်ကာလတွင် စက်တပ်ဆင်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)က ဦးစိုင်းမုန့် မေးမြန်းထားတဲ့ မိုင်းခတ်မြို့ရှိ GSM

ကြောင့်အတွင်းပိုင်းဖက်သို့ ပြောင်းရွှေ့ခဲ့ရသည်များရှိပါတယ်။ တိုင်းတာပြီးနောက် တရုတ်နိုင်ငံဘက်ပါသွားသော မြေများထဲမှာ ရွှေလီမြစ်ရေတိုက်စားတဲ့အတွက် ရွာလုံးကျွတ် ပြောင်းရွှေ့ရပြီး မြစ်ရေလယ်၌ရှိသော ကျေးခွန်ရွာဟောင်းမြေနေရာများပါရှိတာကို တွေ့ရပါတယ်။ (၂၈-၆-၂၀၁၄) ရက်နေ့၌ နမ့်ခမ်းမြို့နယ်သို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ခရီးစဉ်မှာ တရုတ်-မြန်မာနယ်နိမိတ် အငြင်းပွားဖွယ်ဖြစ်နေသောနေရာသို့ ကိုယ်တိုင်ကွင်းဆင်း စစ်ဆေးကြည့်ရှုပြီးဖြစ်ပါတယ်။ မြို့နယ်မြေစာရင်းဌာနမှ ဝန်ကြီးချုပ်ကို ပြသသော နယ်နိမိတ်မြေပုံသည် အရင်မြေပုံအဟောင်းနှင့် ကွာခြားမှုရှိပြီး အသစ်ပြန်လည်ရေးဆွဲထားသည်ဟု သံသယ ပွားဖွယ်တွေ့ရှိ ရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ ယခုအချိန်ထိ တရုတ်-မြန်မာနှစ်နိုင်ငံနယ်နိမိတ် အငြင်းပွားမှုကိစ္စသည် နိုင်ငံတော်အစိုးရမှထုတ်ပြန်ထားသော ပွင့်လင်းမြင်သာသည့် ထုတ်ပြန်ချက်များ၊ အတည်ပြု ချက်များမရှိသေးဘဲနဲ့ (၂၁-၁၀-၂၀၁၄)ရက်စွဲပါ စာအမှတ် ၃/၁-၄/ဦး ၁(၁၂၇၉) နမ်ခမ်းမြို့၊ မြို့နယ်အုပ်ချုပ်ရေးမှူး မှ နှစ်နိုင်ငံနယ်နိမိတ် မှတ်တိုင်အမှတ် S ၆၂-၁ မှ S ၆၃ အကြားစိုက်ပျိုးလျက်ရှိသော တောင်သူများအား သီးနှံများထပ်မံစိုက်ပျိုးရန် ပြင်ဆင်နေခြင်းကို တားမြစ်ထားသောစာ ထွက်ထားသည့်အတွက် ကျွန်တော်တို့ ပြည်သူများ၊ တောင်သူလယ်သမားများသည် မိမိတို့ပိုင်ဆိုင်ထားတဲ့ မြေများကို လက်လွှတ် ဆုံးရှုံးရမည်ကို စိုးရိမ်ပူပန် ထိတ်လန့်မှုများ ဖြစ်ကြရပါတယ်ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်တို့ရဲ့ နိုင်ငံအချုပ်အခြာ အာဏာနဲ့ နယ်နိမိတ် တည်တံ့ခိုင်မြဲရေး၊ နယ်နိမိတ်ပိုင်ဆိုင်မှုကို ထိပါးစေမယ့်အရေးကို ကာကွယ်ရန်အတွက် နှစ်နိုင်ငံနယ်နိမိတ် စာချုပ်များနဲ့အညီ တိုင်းတာဖြေရှင်းဆောင်ရွက်ဖို့နဲ့ နယ်နိမိတ် ပြောင်းလဲသတ်မှတ်ခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီသာ



D/real(wide) (6



လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးအောင်သူက ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ် မြန်မာ-တရုတ် (၂)နိုင်ငံ နယ်နိမိတ်ကိစ္စကို (၂၇-၆-၂၀၁၄)ရက်နေ့မှ (၂၉-၆-၂၀၁၄)ရက်နေ့အထိ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ နယ်နိမိတ် ကျောက်တိုင် ၅၃(၅)မှ ၆၆ထိ ၃၀ရှိပြီး ကျောက်တိုင် အမှတ် ၆၂(၁)နှင့် ၆၃(၂)အကြား ကျောက်တိုင်စိုက်ထူထားခြင်း မရှိဘဲ နှစ်နိုင်ငံနယ်နိမိတ်ပြ မျဉ်းအရ ရွှေလီမြစ်သည် တရုတ်နိုင်ငံဘက်တွင် ကျရောက်လျက်ရှိကြောင်း၊ မြေပုံမှတ်တမ်းများအရ တွေ့ရှိရပြီး တောင်သူများတင်ပြချက်အရ မြေ(၁၁၀)ဧကမှာ တစ်ဖက်နိုင်ငံအတွင်းပါဝင်သွားသည်ဟု ဆိုသော်လည်း တောင်သူ စုစုပေါင်း (၁၉)ဦး၏ (၄၂)ဧကခန့်သာ တရုတ်နိုင်ငံအတွင်းပါဝင်သွားကြောင်း တွေ့ရှိရပါတယ်။ နှစ်နိုင်ငံ ပူးပေါင်းကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ နယ်နိမိတ်မှတ်တိုင် S ၆၂-၁ မှ S ၆၃ ကြား နယ်နိမိတ် မျဉ်းယေဘုယျ သွယ်တန်းပုံကို သိရှိနိုင်ရန် (၁၇၅၀)မီတာ တိုင်းတာခဲ့ပြီး နယ်နိမိတ်ထင်ရှားမှုရှိစေရန် မြေတိုင်းအမှတ်အသား ယာယီသစ်သားငုတ်တိုင် (၃၃)ခုစိုက်ထူခဲ့ပါတယ်။ နယ်နိမိတ်ကျောက်တိုင် အမှတ် ၆၂(၁)မှ ၆၃(၂)ငုတ် အမှတ်(၂)ခုကြား ပြန်လည် တိုင်းတာရန် လိုအပ်မည် ဖြစ်ပါသည်။ နှစ်နိုင်ငံ ပူးပေါင်းကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် နယ်နိမိတ်မှတ်တိုင် S ၇၈-၁ မှ S ၇၉ ကြား နယ်နိမိတ် သွယ်တန်းမှုကိုသိရှိနိုင်ရန် (၁၇၉၀)မီတာ တိုင်းတာခဲ့ပြီး မြေတိုင်းအမှတ်အသား ယာယီသစ်သားငုတ်တိုင် (၂၉)ခုစိုက်ထူခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်အရ တရုတ်ဘက်မှ လှေဆိပ်(၁)ခု၊ လျှပ်စစ်ဓါတ်အားခွဲတိုင်နှင့် အဆောက်အဦ(၁)လုံး၊ စွန့်ပစ်ပစ္စည်း စက်ရုံတို့၏ အစိတ်အပိုင်းများ နယ်နိမိတ်မျဉ်းပေါ် ကျရောက်နေကြောင်းတွေ့ရှိရပါသည်။ ယင်းနေရာတွင်

မြန်မာဘက် ပန်းခင်းရွာမှ တောင်သူနှစ်ဦး၏ ကြံနှင့်ပြောင်းစိုက်ဧက (၃. ၅)သည် တရုတ်ဘက်သို့ ကျော်လွန် စိုက်ပျိုးထားကြောင်း တွေ့ရှိရပါတယ်။ ကုန်းသာကျေးရွာနှင့်မန့်ကန်ကျေးရွာကြား ကူးတို့ဆိပ်အား တရားမဝင်ဝင်ထွက်သွားလာမှုမရှိစေရေးအတွက် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်းတို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ (၉-၇-၂၀၁၄) ရက်စွဲပါစာအမှတ် ၈၄၄၈/၆-၃၆၄ အစရ(ရှမ်း)ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး သို့တင်ပြထားပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၆-၈-၂၀၁၄)ရက်စွဲပါစာအမှတ် ၊ ၁၉၀၂/၃၀၅/နယ်စပ် ၂-၉/အဖရ(၂၀၁၄)အရ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆောင်ရွက်သွားရန် ညွှန်ကြားထားပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဦးစိုင်းတင်ဦးရဲ့မေးခွန်းနံပါတ်(၂) ဖြစ်သော(၂၁-၁၀-၂၀၁၄)နေ့စွဲပါ စာအမှတ် ၃/၁-၄/ဦး ၁(၁၂၇၉) နမ်ခမ်းမြို့၊ မြို့နယ်အုပ်ချုပ်ရေးမှူးမှ နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင်အမှတ် S ၆၂-၁ မှ S ၆၃ အကြား တွင် သီးနှံများထပ်မံစိုက်ပျိုးရန် ပြင်ဆင်နေခြင်းကို တားမြစ်ထားသောစာထွက်ထားသည်နှင့် စပ်လျဉ်းပြီး ပြည်နယ်အစိုးရမှ မည်ကဲ့သို့သိရှိ ညွှန်ကြားထားသည်ကို သိရှိလိုပါသည် ဆိုတဲ့မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော်ဆက်လက်ပြီး တစ်ဆက်တည်း ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာ-တရုတ် နယ်နိမိတ်ကွင်းဆင်းတိုင်းတာ စစ်ဆေးရေးအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရတို့ ချုပ်ဆိုကြသည့် ဒုတိယအကြိမ် မြန်မာ-တရုတ်နယ်နိမိတ်ပူးတွဲစစ်ဆေးရေးဆိုင်ရာ အခြေပြစာချုပ်တွင်ပါရှိသည့် ၁၉၆၀ခုနှစ် ၊ ၁၉၈၅ခုနှစ်၊ ၁၉၉၃ခုနှစ်၊ မြန်မာ-တရုတ်နယ်နိမိတ်မှတ်တိုင်နှင့် နယ်နိမိတ်မျဉ်းသွယ်တန်းမှု သတ်မှတ်ချက်





ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍မေးခွန်းနံပါတ်(၁) အနေနဲ့ နမ့်ခမ်း မြို့နယ်၌ မြန်မာ-တရုတ်(၂)နိုင်ငံ နယ်နိမိတ်နယ်စပ်မျဉ်းအတိုင်း နှစ်ပေါင်း(၅၄)နှစ်ကျော် ကြာမှ သူပိုင် ကိုယ်ပိုင်နယ်မြေများတွင် နေထိုင်လုပ်ကိုင် စားသောက်လာခဲ့ကြရာ မြန်မာနိုင်ငံပိုင် နယ်မြေများကို တရုတ်နိုင်ငံဘက်ပိုင်အဖြစ်သို့ တိုင်းတာသတ်မှတ်ခြင်း မခံရလေအောင် အစိုးရမှမည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုပါတယ်။ မေးခွန်းနံပါတ်( ၂ )(၂၁-၁၀-၂၀၁၄) နေ့စွဲပါစာအမှတ်၊ ၃/၁-၄/ ဦး ၁ (၁၂၇၉) နမ့်ခမ်းမြို့၊ မြို့နယ်အုပ်ချုပ်ရေးမှူးမှနှစ်နိုင်ငံနယ်နိမိတ် မှတ်တိုင်အမှတ် S ၆၂-၁ မှ S ၆၃ အကြားတွင် သီးနှံများထပ်မံစိုက်ပျိုးရန် ပြင်ဆင်နေခြင်းကို တားမြစ်ထားသော စာထွက်ထားသည်နှင့်စပ်လျဉ်းပြီး ပြည်နယ်အစိုးရမှ မည်ကဲ့သို့သိရှိ ညွှန်ကြားထားသည်ကိုသိရှိလို၍မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းတင်ဦးရဲ့ နမ့်ခမ်းမြို့နယ်၌ မြန်မာ-တရုတ်(၂)နိုင်ငံ နယ်နိမိတ် နယ်စပ်မျဉ်းအတိုင်း နှစ်ပေါင်း(၅၄)နှစ်ကျော်ကြာမှ သူပိုင်ကိုယ်ပိုင်နယ်မြေများတွင် နေထိုင်လုပ်ကိုင်စားသောက်လာခဲ့ကြရာ မြန်မာနိုင်ငံပိုင် နယ်မြေများကို တရုတ်နိုင်ငံဘက်ပိုင်အဖြစ်သို့ တိုင်းတာသတ်မှတ်ခြင်း မခံရလေအောင် အစိုးရမှ မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်

များအတိုင်း နှစ်နိုင်ငံကွင်းဆင်းစစ်ဆေးတိုင်းတာခြင်းဖြစ်ပြီး နှစ်နိုင်ငံနယ်နိမိတ်မျဉ်းတစ်လျှောက်တွင် ယာယီအဆောက်အဦ ဆောက်လုပ်နေထိုင်ခြင်း၊ စိုက်ပျိုးလုပ်ကိုင်ခြင်းများ မပြုလုပ်ကြပါရန် ရှိပါသည်။ယင်းအတွက်ကြောင့် မြန်မာဘက်အခြမ်းမှ ယာယီ တိုင်းတာသတ်မှတ်ထားသည့် တရုတ်ဘက်အခြမ်းဟု ယူဆနိုင်သည့် ယာမြေပေါ်တွင် နယ်နိမိတ်မျဉ်းအနီး သီးနှံများထပ်မံစိုက်ပျိုးရန် ဆောင်ရွက်နေမှုအပေါ် ရွှေလီပြည်ပရေးရာဌာနမှ ညှိနှိုင်းအကြောင်းကြားလာမှုကြောင့် နှစ်နိုင်ငံနယ်နိမိတ်မျဉ်း တိတိကျကျ မသိရှိသေးမီ မလိုလားအပ်သော ဖြစ်စဉ်များ မပေါ်ပေါက်စေရေးအတွက် ကြိုတင်ထိန်းသိမ်း ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ၎င်းအပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၁၆-၇-၂၀၁၄)ရက်စွဲပါ စာအမှတ် ၈၆၅၆/၆-၃၄၈/အစရ(ရှမ်း)ဖြင့် မြန်မာ-တရုတ် နယ်နိမိတ်သွယ်တန်းမှုကိစ္စအပေါ် ဒေသခံပြည်သူများ သိရှိစေနိုင်ရေး အတွက် ဒုတိယအကြိမ် နယ်နိမိတ်ပူးတွဲစစ်ဆေးခြင်းဆိုင်ရာ အခြေပြစာချုပ် (၁၉၉၅)စာချုပ်ပါအတိုင်း ပူးတွဲပါမြေပုံများကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံသို့ မြေတိုင်းဦးစီးဌာနမှ ထပ်မံဖြန့်ဝေပေးနိုင်ရေး၊ နယ်နိမိတ်မျဉ်းကြောင်း သွယ်တန်းပုံနှင့် မြေပြင်အခြေအနေပြောင်းလဲမှုများကို ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့များနှင့် ဒေသခံပြည်သူများ သိရှိစေနိုင်ရေး ချပြရှင်းလင်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစောလုံက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစောလုံ၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။
လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ



D/real(wide) (7



များကို ပြေလည်စေရန် ကျွန်တော့်အနေနဲ့ နည်းလမ်းနှစ်သွယ် မြင်မိပါတယ်။ (၁) မိုးနဲမြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းဌာနပိုင် ဖိုင်ဘာဆက်ကြောင်း သီးသန့် တည်ဆောက်ပေးပါရန်၊ (၂) လက်ရှိစနစ်အတိုင်း ဆက်လက် အသုံးပြုမည်ဆိုပါက ဖုန်းလိုင်း ပြတ်လျှင် ချက်ချင်း ပြင်ဆင်နိုင်ရန်အတွက် နည်းပညာ ကျွမ်းကျင်သူ အင်ဂျင်နီယာများ အမြဲတမ်းထားရှိပေးနိုင်ပါရန်၊ ဖော်ပြပါအချက် နှစ်ချက်အား ရှမ်းပြည်နယ်အစိုးရက စီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူလူထုများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။
လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က ဦးစိုင်းစောလုံရဲ့ မိုးနဲမြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းကိုယ်ပိုင် ဖိုင်ဘာဆက်ကြောင်း သီးသန့် တည်ဆောက်ပေးပါရန်နှင့် လက်ရှိစနစ်အတိုင်း ဆက်လက်အသုံးပြုမည်ဆိုပါက ဖုန်းလိုင်းပြတ်လျှင် ချက်ချင်းပြင်ဆင်နိုင်ရန်အတွက် နည်းပညာ ကျွမ်းကျင်သူ အင်ဂျင်နီယာများ ထားရှိပေးနိုင်ပါရန် ရှမ်းပြည်နယ် အစိုးရက စီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန် ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် ဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မိုးနဲမြို့နယ်ရှိ မိုဘိုင်းတယ်လီဖုန်းများ၏

အဝေးဆက်သွယ်မှုများကို တပ်မတော်ဖိုင်ဘာဆက်ကြောင်းဖြင့်
ငှားရမ်းဆောင်ရွက်ထားပြီး ယင်းဖိုင်ဘာ ဆက်ကြောင်း
ပြတ်တောက် ပါကလည်း တပ်မတော်မှ တာဝန်ယူပြုပြင်ပေးလျက်
ရှိပါသည်။ မိုးနဲမြို့နယ်၌ မိုဘိုင်းဖုန်းလိုင်းဆက်သွယ်မှုများ
ပိုမိုကောင်းမွန်စေရေးအတွက် ပိုမိုကောင်းမွန်သင့်လျော်သော
အဝေးဆက်ကြောင်းဖြင့် ဆောင်ရွက်နိုင်ရေးအား မြန်မာ့
ဆက်သွယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ ဆက်လက်အစီရင်ခံ တင်ပြ
သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ဒါ့အပြင် မိုဘိုင်း
ဖုန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်
ပေးထားပြီးဖြစ်သဖြင့် ပုဂ္ဂလိကကုမ္ပဏီများကလည်း ဒေသလိုအပ်
ချက်အရလည်းကောင်း၊ ၄င်းတို့၏ ကုမ္ပဏီ အကျိုးအမြတ်အတွက်
လည်းကောင်း၊ ၄င်းတို့ ကုမ္ပဏီအစီအစဉ်ဖြင့် ဖိုင်ဘာဆက်ကြောင်း
ခင်းခြင်းများဆောင်ရွက်ရန် စီမံထားရှိပြီး ဖြစ်ကြောင်း
ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်
ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်
လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို
ရပ်နားပါ့မယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မနက်ဖြန်
၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်၊ ကြာသပတေးနေ့ နံနက်(၁၀း၀၀)
အချိန်တွင် ဆက်လက်ကျင်းပ မှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်
ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ
ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်
ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မနက်ဖြန် ၂၀၁၄ခုနှစ်၊





ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊
ဤအစည်းအဝေးခန်းမအတွင်း၌ ရောက်ရှိနေကြသော ပုဂ္ဂိုလ်ကြီး
များအားလုံး ကိုယ်စိတ်နှစ်ဝမ်း အေးချမ်းကြပါစေကြောင်း၊ ဆုမွန်
ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်၊
မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစောလုံ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်
မေးခွန်းကတော့ ဆက်သွယ်ရေးကဏ္ဍနဲ့ ပတ်သက်တဲ့မေးခွန်းဖြစ်
ပါတယ်။ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊
ဝန်ထမ်းများ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စ
ရပ်များ ဆက်သွယ်ပြောဆိုမှု လွယ်ကူအဆင်ပြေစေရေးအတွက်
ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မြန်မာ့ဆက်သွယ်ရေး
လုပ်ငန်းမှ CDMA-450၊ GSM၊ WCDMA Sim card များ
ရောင်းချပေးပြီး မိုဘိုင်းဖုန်းများဖြင့် ၂၀၁၃ခုနှစ်၊ ဩဂုတ်လမှစတင်၍
ဆက်သွယ်အသုံးပြုလျက်ရှိပါသည်။ ဆက်သွယ်ချိတ်ဆက်ရန်
အတွက် ခမရ(၅၁၈)တပ်ရင်းရှိ တပ်မတော်ဆက်သွယ်ရေး
ကေဘယ်လ်လိုင်းအား ငှားရမ်းအသုံးပြုလျက် ရှိပါသော်လည်း
လိုင်းကြပ်ခြင်း၊ လိုင်းကျခြင်း လိုင်းမကြာခဏပြတ်တောက်ခြင်းများ
ဖြစ်ပေါ်ခဲ့ပါတယ်။ ဤကဲ့သို့ ဖြစ်ပေါ်မှုအပေါ် သုံးသပ်ကြည့်ပါလျှင်
ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ဝင်ငွေဘတ်ဂျက် ထိခိုက်စေခြင်း၊
လူထုများမှ ပုဂ္ဂလိကပြင်ပ IP Star ဖုန်းဖြင့်ငှားရမ်းအသုံးပြုရသည့်
အတွက် အချိန်ကုန်လူပန်း ငွေကုန်ကြေးကျများစေခြင်း စသည့်အခက်
အခဲများ ကြုံတွေ့ရပါတယ်။ဆက်သွယ်ရေးမရလောက်အောင်
ပြတ်တောက်ခဲ့သည့် နေ့ရက်များကိုတင်ပြရမယ်ဆိုရင် ကျွန်တော်
မေလနဲ့ ဇွန်လအတွင်းမှာ (၂၄)ရက် ပြတ်တောက်ခဲ့ပါတယ်။ ဇူလိုင်လ
အတွင်းမှာ (၉)ရက်၊ ဩဂုတ်လအတွင်းမှာ (၁၁)ရက်၊ စက်တင်
ဘာလမှာ (၃)ရက်၊ အောက်တိုဘာလမှာ (၁၀)ရက်၊ နိုဝင်ဘာလမှာ
ရက်(၂၀)အဆက်အသွယ် ပြတ်တောက်ခဲ့ပါတယ်။ ဤအခက်အခဲ

ဒီဇင်ဘာလ(၄)ရက်၊ ကြာသပတေးနေ့ နံနက်(၁၀း၀၀) အချိန်တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ကြောင်း လေးစားစွာ အသိပေးတင်ပြ အပ်ပါတယ် ခင်ဗျား။ ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာ နိုင်ပါပြီခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။





နေရာများမှာ နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါ တယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂) ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို(၁၁၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကိုတက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၈၁ ဒသမ ၂၉)% ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၈၀)၊ ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ(၃၄)၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက် ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ(၃၅)၊ နည်းဥပဒေခွဲ (ဂ)၊တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၄)၊ နည်းဥပဒေခွဲ(ခ) အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ်ကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေ ခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးညွှန့်ဝင်း၊ ဥက္ကဋ္ဌ၊**ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်



D/real(wide) (7



# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(စတုတ္ထနေ့)မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက်**

**၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ လ (၄) ရက်**

**[ ကြာသပတေးနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ လွှတ်တော်ရုံးအကြီးအမှူး က ဆောင်ရွက်ပါသည်။

### ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား၊ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော

ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြစေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုင်းညွန့်ဝင်း ဖြစ်ပါတယ်။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ အကြောင်းအမျိုးမျိုးနဲ့ မတက်ရောက်နိုင်သည့် အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၃)ဦးသည် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးပါရန် လျှောက်ထားတင်ပြလာမှုအပေါ် ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါသည်-

(၁) ဗိုလ်ကြီးဖြိုးမိုးအောင်၊ တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်

(၂) ဦးထူးကိုကို၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်

(၃) ဦးစိုင်းလိတ်၊နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁) ရက် ဒီကနေ့ ထပ်မံခွင့်တင်ပြလျှောက်ထားသူ (၃)ဦး ရှိပါကြောင်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါလားခင်ဗျား။





## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့်ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းထားတဲ့မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ် အဖွဲ့အစည်းဝင် တာဝန်ရှိသူများကဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ပထမဦးစွာ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းစိန်ဝင်းက မေးခွန်း(၁ နှင့် ၂) ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစိန်ဝင်း၊သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာကြစေပြီး ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ ပထမ မေးခွန်းအနေနှင့်"သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာ အုပ်စုတွင် အမှတ်(၅) အခြေခံမူလတန်းကျောင်းဆောင်သစ်တည်ဆောက်ပေးနိုင်ပါရန် တင်ပြခြင်းကိစ္စဖြစ်ပါတယ်။ သီပေါမြို့နယ်၊ နမ့်လန်အမက(၅) ကျောင်းသည် နမ့်လန်အဝင်တွင် တည်ရှိပြီး၊ နမ့်လန်အဝင်ရဲ့ ဂုဏ်ကျက်သရေ ဆောင်မည့်ကျောင်း ဖြစ်ပါသဖြင့် ယခုလက်ရှိ

ကျောင်းမှာ နှစ်ပေါင်းများစွာကြာမြင့်နေပြီးဖြစ်၍ ယိုယွင်း ပျက်စီးနေပြီးဖြစ်ပါသည်။ လက်ရှိ ၂၀၁၄-၂၀၁၅ပညာ သင်နှစ်တွင် ကျောင်းသားဦးရေ (၁၄၀)ဦးရှိပါတယ်။ ကျောင်းဆောင်နှင့်ကျောင်း သားဦးရေ ကျဉ်းကြပ်စွာ စာသင်နေရပါ သဖြင့် လိုအပ်နေသော ကျောင်းဆောင်သစ် တစ်ဆောင်ပေ (၁၂၀×၃၀)တစ်ဆောင်တိုးချဲ့ ဆောင်ရွက်ပေးနိုင်ပါရန် ကျောင်းအကျိုးတော်ဆောင်ကော်မတီမှ ဆွေးနွေးတင်ပြလာ ပါတယ်။ သို့ဖြစ်ပါ၍ အမှန်တကယ်လိုအပ် သော ကျောင်းဆောင် လိုအပ်ချက်အား ၂၀၁၅-၂၀၁၆ဘဏ္ဍာရေး နှစ်စီမံကိန်းတွင် ထည့်သွင်းရေးဆွဲပေးနိုင်ပါရန် တင်ပြမေးမြန်းအပ် ပါတယ်။

မေးခွန်းနံပါတ်(၂)ကတော့ “ သီပေါမြို့နယ်၊ နမ့်လန် ကျေးရွာအုပ်စုတွင် အမှတ်(၃)အလက(ခွဲ)ကျောင်းအားလိုအပ် နေသည့်ကျောင်းဆောင်သစ်နှင့်ကျောင်းဆောင်ဟောင်းကိုလည်း ပြန်လည် ပြုပြင်ပေးရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား အမှတ်(၃) အလကခွဲ နမ့်လန်ကျောင်းသည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ(၆၈၄)ဦးရှိပါတယ်။ ယခု လက်ရှိကျောင်းဆောင်ဟောင်း ပေ(၈၀×၃၀) ပျက်စီးမှုများနှင့် ကျောင်းဥပမိရုပ်ပုံပျက်နေပါသဖြင့် ပြန်လည်ပြုပြင်ပေးနိုင်ပါရန်နှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီမှ ဆွေးနွေးတင်ပြလာ ပါတယ်။နောင်နှစ်တွင်တိုးလာမည့် ကျောင်းသားဦးရေနှင့်အတူ ကျောင်းဆောင်သစ် ပေ(၁၂၀×၃၀)တစ်ဆောင် တည်ဆောက်ပေး နိုင်ပါရန် တင်ပြဆွေးနွေးလိုပါတယ်။ သို့ဖြစ်ပါ၍ အမှန်တကယ် လိုအပ်နေသော ကျောင်းဆောင်လိုအပ်ချက်အား ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းစဉ်းစားပေးနိုင်ပါရန် တင်ပြမေးမြန်းအပ်ပါတယ်။ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။



D/real(wide) (7



(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည် )

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စား လှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့် ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၉)ဦး၊ ယခင် ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦးရှိပြီးစုစုပေါင်း ခွင့်ပြုထားသူ (၃၂)ဦးရှိပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ၊ ယခုလွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ် လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမ အကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်း အဝေး စတုတ္ထနေ့ တက်ရောက်မှု အခြေအနေကို အတည်ပြုပါ သလားခင်ဗျား။

( သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်က အတည်ပြုပါသည် )

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်း တောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းစိန်ဝင်းမေးမြန်းတဲ့ ပညာရေးကဏ္ဍာဆိုင်ရာမေးခွန်း(၂)ခုကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် လူမှုရေးဝန်ကြီး၊ ကျွန်တော်ဒေါက်တာမျိုးထွန်းမှဖြေကြား ပေးပါမယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား-

ပထမဦးစွာ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းစိန်ဝင်း၏ ပထမမေးမြန်းဖြစ်သော သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုတွင် အခြေခံမူလတန်းကျောင်း၊ အမှတ်(၅) ကျောင်းဆောင်သစ်ပေ(၁၂၀×၃၀)တစ် ဆောင် တိုးချဲ့ပေးနိုင်ရန် အတွက် အခြေခံမူလတန်းကျောင်း အမှတ်(၅)ကျောင်း အကျိုးတော်ဆောင်ကော်မတီမှ ညှိနှိုင်းတင်ပြခဲ့ရာ(၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်အတွင်း ထည့်သွင်းပေးနိုင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုရှိ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းအား ၁၉၈၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စာသင်ဆောင်(၃)ဆောင်၊ စာသင်ခန်း(၆)ခန်းရှိ၍ ကျောင်းသားအင်အား(၁၃၇)ဦးကို ဆရာအင်အား(၃)ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိပါသည်။



D/real(wide) (7



အခြေခံပညာဦးစီးဌာနသို့ ဆက်လက်တင်ပြ ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးက မေးခွန်း(၁)၊(၂)၊ (၃)တို့ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။

မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးဖြစ်ပါတယ်။ကျွန်တော့်ရဲ့မေးခွန်း နံပါတ်(၁) ကတော့ မိုးနဲမြို့နယ်၊ကျိုင်းတောင်းမြို့ပေါ်(၇)ရပ်ကွက်ရှိ အိမ်ခြေ(၁၄၀၇)လုံး၊ အိမ်ထောင်စု (၁၄၅၃)စု၏ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား(၅၀)ဦး စုစည်းလေ့ကျင့် ထားပြီးဖြစ်သော်လည်း မီးသတ်ယာဉ်မရှိပါသဖြင့် မီးသတ်ယာဉ်(၁)စီးပံ့ပိုးဆောင်ရွက်ပေးနိုင်ပါရန်လိုအပ်လျက်ရှိပါတယ် ပံ့ပိုးဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ပထမမေးခွန်းအနေနှင့်တင်သွင်းအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းအနေနဲ့ မိုးနဲမြို့နယ်၊ ဒေသခံပြည်သူများ အသုံးပြုရန် GSM မိုဘိုင်းနှင့် CDMA-450 မိုဘိုင်းဖုန်း များကို တပ်မတော်ဆက်ကြောင်းဖြင့် ချိတ်ဆက်အသုံးပြုလျက်ရှိရာ ဆက်ကြောင်း ပြတ်တောက်မှုကြောင့် မကြာခဏဖုန်းအဆက်အသွယ်ပြတ်တောက်လျက်ရှိရာ ဒေသခံပြည်သူများ ဆက်သွယ်မှု အခက်အခဲများ တွေ့ကြုံ နေရပါသဖြင့် ယခင်အသုံးပြုခဲ့သည့် IP

Star လိုင်းသို့ CDMA-450 မိုဘိုင်း ဖုန်းအား ပြန်လည်တပ်ဆင် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးခွန်း(၂)အနေဖြင့် လေးစားစွာတင်သွင်းအပ် ပါတယ်။

မေးခွန်းနံပါတ်(၃)အနေဖြင့် ရှမ်းပြည်နယ်အတွင်း အစိုးရမူလတန်းကျောင်းများနှင့် တွဲဖက်၍သော် လည်းကောင်း၊ အစိုးရစာသင်ကျောင်းဖွင့်လှစ်နိုင်ခြင်းမရှိသော ကျေးရွာများ၌ သက်ကယ်မိုး၊ ဝါးထရံကာတဲများ ဆောက်လုပ်၍ ကိုယ်ထူကိုယ်ထ သီးခြားဖွင့်လှစ်သည့် စာသင်ဆောင်များ၌ တိုင်းရင်းသားစာပေများ သင်ကြားပေးနေသော လူထုခန့်ဆရာ/ဆရာမများကို ကာကွယ် စောင့်ရှောက်မှုပေးရန် အစီအစဉ်ရှိ/မရှိ နှင့် ပတ်သက်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၂၂(က)မှလည်း တိုင်းရင်းသား များ၏စကားစာပေ၊ အနုပညာ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက် စေရန် ကူညီဆောင်ရွက်မည်ဟုပြဋ္ဌာန်း ထားပြီးဖြစ် ပါတယ်။ ဤအစည်းအဝေး ပထမနေ့၌ လေးစားရပါသော ဝန်ကြီးချုပ် မှလည်း ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးတိုးတက်မှု ကွာဟမှု ကျဉ်းမြောင်း စေရေးအတွက်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံချက် လုပ်ငန်းစဉ် များတွင် ကျေးလက်ကလေးငယ်များ အခြေခံပညာ တတ်မြောက် အောင် ဆောင်ရွက်ပေးနိုင်ရေးကို အဓိကအခန်းကဏ္ဍမှ အလေး ထား ဆောင်ရွက်နိုင်ပါရန် မိန့်မှာကြားသွားသာ မှတ်သားမိပါတယ်။ ရှမ်းပြည်နယ်ကျေးလက်တောရွာနေ ကျောင်းနေအရွယ်ကလေး များရဲ့ သင်ယူနိုင်မှု သင်ယူနိုင်စွမ်းရှိမှု တတ်ကျွမ်းနားလည် နိုင်စွမ်းရှိမှုနှင့် နီးစပ်လွယ်ကူမှုအရှိဆုံးဖြစ်သော မိခင်ဘာသာ စာပေများဖြင့် အခြေခံပညာအသိဘဝနေနီး အခြေခံကျန်းမာရေး ပညာ အသိအသက်မွေးနည်းပညာများကို ထောက်ပံ့မှုတစ်စုံ တစ်ရာမျှမရှိသော် စွန့်လွှတ်အနစ်နာခံသည့် တိုင်းရင်းသား စာပြဆရာများဖြင့် ကိုယ်ထူ ကိုယ်ထ စာသင်ဆောင်များ



D/real(wide) (7



နမ့်လန်ကျေးရွာအမှတ်(၅)အခြေခံပညာမူလတန်းကျောင်းအတွက် ကျောင်းဆောင်သစ်ဆောက်လုပ် ပေးနိုင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စီမံကိန်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ကြောင်း ရှမ်းပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံး (ရုံးခွဲ)လားရှိုးမြို့မှ အမှတ်(၂)အခြေခံပညာဦးစီးဌာနသို့ဆက်လက်တင်ပြဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးဒုတိယမေးခွန်းဖြစ်တဲ့ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုတွင် အမှတ်(၃)၊ အခြေခံပညာ အလယ်တန်း ကျောင်း(ခွဲ)ရှိ ကျောင်းဆောင်ဟောင်းပြုပြင် ပေးနိုင်ပါရန်နှင့် ကျောင်းဆောင်သစ် (၁၂၀×၃၀)ပေ တစ်ဆောင်တိုးချဲ့ပေးနိုင်ရန် အမှန်တကယ် လိုအပ်နေသည်ကို ကျောင်းအကျိုးတော်ဆောင် ကော်မတီမှ တင်ပြလာခြင်းကိစ္စနှင့်စပ်လျဉ်း၍ သီပေါမြို့နယ်၊ နမ့်လန် ကျေးရွာအုပ်စုရှိ အမှတ်(၃)အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ) အား ၁၉၈၅ ခုနှစ်တွင် မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် အလယ်တန်း ကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိခဲ့ရာ စာသင်ဆောင်(၃)ဆောင်၊ စာသင်ခန်း(၁၀)ခန်းရှိ၍ စုစုပေါင်းကျောင်းသား/သူအင်အား(၆၆၈)ဦးကို ဆရာ/ဆရာမ (၁၂)ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိပါသည်။

နမ့်လန်ကျေးရွာရှိ အမှတ်(၃)အခြေခံပညာ အလယ်တန်း ကျောင်း ခွဲရှိ ကျောင်းဆောင်ဟောင်းအား ပြုပြင်ပေးနိုင်ရန် ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်ပြင်ဆင်ထိန်းသိမ်းရေးခေါင်းစဉ်အောက်မှ ကျောင်းဆောင်သစ် တစ်ဆောင်အားဆောက်လုပ်ပေးနိုင်ရန် ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်စီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး(ရုံးခွဲ)လားရှိုးမြို့မှ အမှတ်(၂)

ဖွင့်လှစ်သင်ကြားလျက်ရှိပါတယ်။ ရှမ်းပြည်နယ် တစ်ဝှမ်းရှိမြို့များ၌ အာရပ်ဗီနှင့်တရုတ် စာပေများကို အတားအဆီးမရှိ သင်ကြားခွင့်ရှိကြသော်လည်း၊ ကျေးလက် တောရွာများ၌ မိခင်တိုင်းရင်းသား စာပေသင်ကြားမှုများကို နယ်မြေစိုးမိုးရေး၊ လက်နက်ကိုင် စစ်ကြောင်းများက တရားမဝင်ကျောင်းများဟု တိုင်းရင်းသား ဘာသာ စာသင်ဆရာများကို ခြိမ်းခြောက်တားဆီး နှောက်ယှက်လျက်ရှိကြောင်း ကြားသိရပါတယ်။ ဥပမာအနေဖြင့် (၃၁-၁၀-၂၀၁၄) ရက်နေ့၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ လွယ်အိုင်အမကနှင့် တွဲဖက် ဖွင့်လှစ်ထားသော စာသင်ဆောင်ရှိ ကျောင်းသား(၆၀)ဦးကျော်၏ ရှမ်းစာသင်ကြားပေးနေသော စိုင်းလျန်ဝှန်၏ လက်ကိုင်ဖုန်း CDMA အမှတ်၊ ၀၉၄၉၃၈၇၀၁၈ နှင့်ငွေ(၁)သိန်းကျော်တို့ကို အမည်မသိ နယ်မြေစိုးမိုးရေး စစ်ကြောင်းတစ်ခုမှ ခြိမ်းခြောက်ပြောဆိုယူဆောင် သိမ်းဆည်းခြင်းခံရပါသည်။ တောပန်းရိုင်းများနှင့်တူသော ကျေးလက်ကလေးငယ်များသည် ဥယျာဉ်မှူးများနှင့်တူသော ဆရာများကို မွတ်သိပ်လိုလား တောင်းတ လျက်ရှိပါတယ်။ ယခုကဲ့သို့ တိုင်းရင်းသားဘာသာ သင်ကြားသည့် ဆရာ/ ဆရာမနှင့်အနာဂတ်မျိုးဆက်များ အတွက် ကြီးမားစွာ အနစ်နာခံ၍ ပညာဒါနပြုနေကြသော တောကျောင်းဆရာ/ ဆရာမ များအား ခြိမ်းခြောက် ဟန့်တား နှောက်ယှက် ခြင်းမှ ကင်းဝေးအောင် ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ပြည်သူ လူထုများနှင့် ကွင်းဆင်း တွေ့ဆုံပြီး ရရှိတဲ့ အတွေ့အကြုံကို အနည်းငယ်တင်ပြပြီးနိဂုံးချုပ် ပါမယ်။ ပြည်သူများရဲ့ဆန္ဒ လိုအပ်ချက်များ သိရှိရန် ဒီမိုကရေစီ၊ ဂျီဒီပီ ၊Decentralization တို့ကို လွှတ်တော်ကိုယ်စားလှယ်





စုစည်းလေ့ကျင့်ထားပြီး ဖြစ်သော်လည်း မီးသတ်ယာဉ်မရရှိသဖြင့် မီးသတ်ယာဉ်(၁)စီး ပံ့ပိုးဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ဆိုသည့်မေးခွန်းနှင့်ပတ်သက်လို့၊ ကျွန်တော် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးအောင်သူမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့အတွက် မီးသတ်ယာဉ်(၁)စီးအား ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း ပေးအပ်ရန် တောင်ကြီး မြို့တွင် မီးသတ်ယာဉ်များ ရောက်ရှိနေပြီဖြစ်ပါသည်။ မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြီးစီးပါက ကျိုင်းတောင်းမြို့အတွက် မီးသတ်ယာဉ်(၁)စီးအား ပေးအပ်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြန်လည်ဖြေကြား အပ်ပါသည်။

မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီး မေးမြန်းတဲ့ မေးခွန်းနံပတ်(၂)ဖြစ်တဲ့ မိုးနဲမြို့နယ်၊ ဒေသခံ ပြည်သူများ အသုံးပြုရန် GSM မိုဘိုင်းနှင့် CDMA-450 မိုဘိုင်းဖုန်းများကို တပ်မတော်ဆက်ကြောင်းဖြင့် ချိတ်ဆက်အသုံးပြုလျက်ရှိရာ ဆက်ကြောင်း ပြတ်တောက်မှုကြောင့် မကြာခဏ ဖုန်းအဆက် အသွယ် ပြတ်တောက်လျက်ရှိရာ မေလနှင့်ဇွန်လအတွင်းတွင် (၂၄)ရက်၊ ဇူလိုင်လတွင်(၉)ရက်ခန့် အသုံးပြု၍ မရရှိသဖြင့် ဒေသခံပြည်သူများဆက်သွယ်မှု အခက်အခဲများဖြင့် တွေ့ကြုံနေရပါသဖြင့် CDMA-450ဖုန်းအားယခင်အသုံးပြု သည့် IP Star လိုင်းဖြင့် ပြန်လည်တပ်ဆင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ ဆိုသည် မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီး အောင်သူမှ တစ်ဆက်တည်း ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊

မိုးနဲမြို့တွင် CDMA-450 မိုဘိုင်းစခန်းနှင့် GSM မိုဘိုင်း စခန်းတပ်ဆင်အသုံးပြုခဲ့ပါသည်။ CDMA- 450 မိုဘိုင်းစခန်းမှာ အဝေးဆက်သွယ်မှုလိုင်းအဖြစ် MPT Satellite Terminal (IP Star)ဖြင့် တပ်ဆင်အသုံးပြုခဲ့ပါသည်။

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit)၏ ရှမ်းပြည်နယ် (တောင်ပိုင်း) ခရီးစဉ်အတွင်း လွိုင်လင်မြို့၌(၂-၁၁-၂၀၁၃)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်သူလူထု၊ မြို့နယ်/ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့အစည်းများနှင့်တွေ့ဆုံပွဲအခမ်းအနားတွင် ဦးစိုင်းကျော်ဝင်း၊ ဥက္ကဋ္ဌ၊ မိုးနဲမြို့နယ်၊ စည်ပင်သာယာရေးကော်မတီမှ မိုးနဲမြို့တွင် လက်ရှိအသုံးပြုနေသော CDMA-450 စနစ်မှာ MPT Satellite Terminal (IP Star)ဖြင့်ချိတ်ဆက်အသုံးပြုနေရပါသဖြင့် ဆက်သွယ် မှုခက်ခဲခြင်း၊ လိုင်းကြည်လင်ပြတ်သားမှု မရှိခြင်းတို့ကြောင့် ဆက်သွယ်မှုကောင်းမွန်စေရန်အတွက် ဆောင်ရွက်ပေး နိုင်ပါရန် တင်ပြချက်အရ မိုးနဲမြို့ရှိ မိုဘိုင်းစခန်း အတွက် MPT Satellite Terminal (IP Star) အဝေး ဆက်သွယ်မှုမှ တပ်မတော်ဖိုင်ဘာအဝေးဆက်သွယ်မှုမှ တပ်မတော် ဖိုင်ဘာအဝေးဆက်သွယ်မှုသို့ (၁၂-၁၂-၂၀၁၃) ရက်နေ့ (၁၁း၀၀) အချိန်မှစ၍ အဝေးဆက်သွယ်မှု(E1)ဖြင့် လိုင်းသို့ ပြောင်းလဲ တပ်ဆင်အသုံးပြုခဲ့ ပါသည်။

မိုးနဲမြို့နယ်တွင် တပ်ဆင်အသုံးပြုလျက်ရှိသော CDMA-450 မိုဘိုင်းစခန်းနှင့် GSM မိုဘိုင်းစခန်း တို့မှာ ၂၀၁၄ ခုနှစ်၊ မေလအတွင်း(၃)ကြိမ်နှင့်ဇူလိုင်လအတွင်း(၂)ကြိမ် ချို့ယွင်းမှုအား ဆက်သွယ်မှု အမြန် ပြန်လည် ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ အထက်အဆင့်ဆင့်သို့ အချိန်နှင့်တပြေးညီတင်ပြခဲ့ပြီး မိုးနဲမြို့တွင်





များကရှင်းပြရာမှာ မဲဆန္ဒရှင်၊ တောင်သူများက ဘာပြောသလဲဆိုရင် အဲဒါတွေကို ကျွန်တော်တို့ မသိပါဘူး။ ကျွန်တော်တို့သိတာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တတ်နိုင်ရင်တော့ လက်နက်ကိုင် အဖွဲ့အစည်းများ ကျွန်တော်တို့ရွာဆီမလာအောင် လုပ်ပေးပါလို့ တောင်းဆိုပါတယ် ခင်ဗျား။ ကျွန်တော့ရဲ့ လက်ကျန် ကိုယ်စားလှယ် သက်တမ်းအတွင်း အထက်ပါ မဲဆန္ဒရှင်၏ တောင်းဆိုချက်ကို တစ်စိတ်တစ်ပိုင်း ကြိုးပမ်းဖြည့်ဆည်းပေးသည့် အနေဖြင့် ရှမ်းပြည်နယ် အတွင်း အစိုးရမူလတန်းကျောင်းများ၌ တွဲဖက်၍သော်လည်းကောင်း၊ ဝါးထရံများဖြင့် ဆောက်လုပ်၍သော်လည်းကောင်း၊ တိုင်းရင်းသား စာပေများ သင်ကြားပေးနေသည့် လူထုခန့်ဆရာ/ ဆရာမများကို ကာကွယ်စောင့်ရှောက်မှုပေးရန် အစီအစဉ်ရန်ရှိ/မရှိ မေးမြန်းတင်ပြ ရခြင်းဖြစ်ပါကြောင်း ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွနဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူအဖြစ် တက်ရောက်လာ ကြသော ပုဂ္ဂိုလ်များ အားလုံးမင်္ဂလာ ပါလို့ နှုတ်ခွန်းဆက်သအပ် ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းမောင်ကြီး မေးမြန်းတဲ့ မေးခွန်းနံပတ်(၁)နဲ့ ပတ်သက်ပြီး မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့ပေါ်(၇)ရပ်ကွက်ရှိ အိမ်ခြေ(၁၄၀၇)၊ အိမ်ထောင်စု(၁၄၅၃)စု၊ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် အရန် မီးသတ်တပ်ဖွဲ့ဝင် အင်အား(၅၀)ဦး

မိုဘိုင်း ဆက်သွယ်မှုများ ကောင်းမွန်စေရေးအတွက် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်သို့ ဆက်လက် တင်ပြသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဒေါက်တာမျိုးထွန်း ၊လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးရဲ့ တတိယမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး၊ ကျွန်တော် ဒေါက်တာ မျိုးထွန်းမှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း အစိုးရမူလတန်းကျောင်းများနှင့် တွဲဖက်၍ သော်လည်းကောင်း၊ အစိုးရစာသင်ကျောင်းဖွင့်လှစ်နိုင်ခြင်းမရှိသော ကျေးရွာများ၌ သက်ကယ်မိုး၊ ဝါးထရံကာ တဲများဆောက်လုပ်၍ ကိုယ်ထူကိုယ်ထ သီးခြားဖွင့်လှစ်သည့် စာသင်ကျောင်းများ၌ ရှမ်းတိုင်းရင်းသားစာပေများ သင်ကြားပေးနေသော လူထုခန့် ဆရာ/ဆရာမများကို ကာကွယ်စောင့်ရှောက်မှု ပေးရန် အစီအစဉ် ရှိ/မရှိ ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားလူမျိုးစု အသီးသီးအတွက် မူလတန်းအောက်ဆင့်တွင် တိုင်းရင်းသားဘာသာဖြင့် သင်ကြားမည့် အစီအစဉ်များကို ဒေသအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး ညှိနှိုင်းပြီး ဆောင်ရွက် လိုသည့် အစီအမံများကို စီမံချက်ရေးဆွဲတင်ပြမှသာလျှင် ပညာရေးဝန်ကြီးဌာန အနေဖြင့် ဆရာ/ဆရာမခန့်ထားရေး၊ သင်ရိုးစာအုပ် ပုံနှိပ်ရေး အပါအဝင် လိုအပ်ချက်များအား Planning နှင့် Budgetတွင်ထည့်သွင်းရေးဆွဲ အကောင်အထည် ဖော်နိုင်မည်ဖြစ်ပါတယ်။ ဆောင်ရွက်လိုသည့် အစီအမံများကို ဒေသခံ



D/real(wide) (8



အပ်ပါသည်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှဒေါ်နန်းခမ်းအေးက မေးခွန်းမေးမြန်းဖို့ ဖြစ် ပါတယ်။

ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ကြွရောက်လာကြသော လူကြီးမင်းများ ဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံတဲ့ အခါသမယဖြစ်ပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ရဲ့ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ကျွန်မ ရပ်ကွက် ဒါမှမဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဥပဒေနဲ့ပတ်သတ်ပြီး မေးခွန်း(၄)ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ရဲ့ ပုဒ်မ(၂၈၉)မှာ ရပ်ကွက် ဒါမှမဟုတ် ကျေးရွာအုပ်စုရဲ့အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညို လေးစားပြီး သိက္ခာသမာဓိရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးဆောင်ရွက်စေရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီဥပဒေအရ ပြည်ထောင်စုလွှတ်တော်မှာ ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် (၁)၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ(၂၂)ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲလိုပြဋ္ဌာန်းချက်အရ ကျွန်မတို့ ရှမ်းပြည်နယ်မှာရှိနေတဲ့ ရပ်ကွက် ဒါမှမဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေနေရာမှာ ဥပဒေနဲ့အညီ ခန့်အပ်ထားနိုင်သလို ရှိနေသလို တစ်ချို့သော ရပ်ကွက် ဒါမှမဟုတ် အုပ်ချုပ်ရေးမှူးများဟာ ပြည်သူက လုံးဝလိုလားတဲ့

အုပ်ချုပ်ရေးမှူးတွေ မဟုတ်တာကို တွေ့ရှိနေရပါတယ်။ အဲဒီဥပဒေမှာဘဲ ကျေးရွာ ဒါမှမဟုတ် အုပ်စုအုပ်ချုပ်ရေးမှူးဟာ သူရဲ့နေရပ်ဒေသ၊ တာဝန်ထမ်းဆောင်တဲ့ နေရာကနေပြီးတော့ ခေတ္တကင်းကွာတဲ့ အချိန် ကွန်မဆိုလိုတာက ခရီးလွန်နေတဲ့ အချိန် ဆေးကုသမှု ခံယူ နေတဲ့ အချိန်တွေမှာ အဲဒီအုပ်ချုပ်ရေးမှူးအတွက် တာဝန်ကို ဘယ်သူကိုလွှဲအပ်ပေးရမယ်ဆိုသာ အဲဒီဥပဒေထဲမှာ တိတိကျကျ ပြဌာန်းထားခြင်းမရှိပါဘူးရှင်။ အဲဒီဥပဒေရဲ့ အခန်း(၁၄)မှာ ရပ်ကွက် ဒါမှမဟုတ်ကျေးရွာအုပ်စုစာရေး၊ ပုဒ်မ ၃၁ မှာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အဓိကအထောက်အကူပြု ရုံးဝန်ထမ်းမှာ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရဲ့ ရပ်ကွက် ဒါမှမဟုတ် ကျေးရွာအုပ်စုစာရေး ဖြစ်ပါတယ်။ ပုဒ်မ ၃၂ (ဆ)မှာ အဆိုပါရုံးဝန်ထမ်းရဲ့ လုပ်ငန်းတာဝန်များဟာ ရပ်ကွက် ဒါမှမဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး မှ ပေးအပ်တဲ့ တာဝန်များကို ဆောင်ရွက်ရန်ဆိုပြီး ပါရှိထားပါတယ်။ ဟုတ်ကဲ့ပါ ရပ်ကွက်စာရေးတွေဟာ မြို့ပေါ်မှာ သာအနေများပြီး မိမိတာဝန်ကျတဲ့ ကျေးရွာအုပ်စုကို တချို့ဟာ တစ်ပတ်ကို တစ်ခါသာ ရောက်တာဖြစ်ပါတယ်။ တစ်ချို့မှာ လုံးဝမရောက်တဲ့အပြင် အုပ်ချုပ်ရေးမှူးရုံးတံဆိပ်နဲ့ အုပ်ချုပ်ရေးမှူး တံဆိပ်တုံးကိုပါ မြို့ပေါ်မှာ ယူသွားတဲ့အတွက်ကြောင့် အုပ်ချုပ်ရေးမှူးမှာ ထောက်ခံစာပေးဖို့ တံဆိပ်တုံးတောင် မရိုက်နိုင်တာ တွေလည်းရှိနေပါတယ်။ အဲဥပဒေရဲ့ အခန်း(၄) ရပ်ကွက် ဒါမဟုတ်ရင် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရဲ့ လုပ်ငန်းတာဝန်များဆိုပြီးတော့ ပုဒ်မ ၂၈၊ ၂၉၊ ၃၀ ပြဌာန်းထားပါတယ်။ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူး၏ လုပ်ငန်းတာဝန်ဆိုတဲ့အတွက်ကြောင့် အရွေးခံတဲ့သူဟာ



D/real(wide) (8)



တိုင်းရင်းသား ခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျယ်ကျယ် ပြန့်ပြန့် ဆွေးနွေး ညှိနှိုင်းပြီး ရှမ်းပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးမှ စီမံချက်များ ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။ မသင်မနေရ မဟုတ်ဘဲ သင်လိုက သင်ကြားနိုင်ရန်ဖြစ်ပါသည်။

ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားစာပေသင်ကြားနိုင်ရန် (၁)တိုင်းလုံ(ခေါ် )ရှမ်းကြီး၊ (၂) တိုင်းလိုင်(ခေါ်) ရှမ်းနီ၊ (၃)ပလောင်၊ (၄)အင်း၊ (၅)ခနော့၊ (၆)ပအိုဝ်းဘာသာများဖြင့် မူလတန်းအောက်အဆင့် သင်ရိုးစာအုပ်များ ရိုက်နှိပ်ပြီး သက်ဆိုင်ရာမြို့နယ်များသို့ ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။

သင်ကြားရာတွင်သက်ဆိုင်ရာမြို့/ရွာများရှိ အခြေခံပညာကျောင်းများတွင် ကျောင်းချိန်ပြင်ပသင်ကြား နိုင်ပြီး သက်ဆိုင်ရာဘာသာစာပေ ကျွမ်းကျင်သောကျောင်းမှ ဆရာ/ ဆရာမ (သို့မဟုတ်)ပြင်ပမှ ဆရာ/ဆရာမ များက သင်ကြားပေးနိုင်ပါသည်။ သင်ကြားမည့်ဘာသာ၊ သင်ချိန်၊ သင်ကြားမည့်ဆရာ၊ဆရာမ၊ သင်ကြားမည့် ကျောင်းသား/သူ ဦးရေ စီမံချက်များကို ရှမ်းပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးသို့ တင်ပြလာပါက အမှတ်(၂) အခြေခံပညာဦးစီးဌာနသို့ ဆက်လက်တင်ပြ၍ ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ အခြေခံပညာကျောင်းများတွင် ရှမ်းတိုင်းရင်းသားစာပေများ သင်ကြားပေးနေသော လူထုခန့် ဆရာ၊ ဆရာမများသည် ဘွဲ့ရ(သို့မဟုတ်) ဆယ်တန်းအောင်မြင်ပြီး အသက်(၃၅) နှစ်ထက် မကျော်သူများကို နေ့စားလပေး မူလတန်းပြများအဖြစ် ခန့်ထား နိုင်ရေးအတွက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများနှင့် မြို့နယ်ပညာရေးမှူးတို့မှ ညှိနှိုင်းစိစစ်တင်ပြလာပါက ခန့်ထားနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြား

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဖြစ်မှ ဒီတာဝန်ကို ပုဒ်မ ၂၈၊၂၉၊ ၃၀ ကို လိုက်နာရမှာဖြစ်ပါတယ်။ ကျွန်မ ၂၈ကို နည်းနည်းဖတ်ပြပါမယ့်။ ရပ်ကွက် ဒါမှမဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် မိမိလုပ်ငန်းတာဝန်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် ဆယ်အိမ်စုမှူးများကို ခန့်ထားနိုင်ရန် ဥပဒေပုဒ်မ ၅ ပါ အရည်အချင်းနှင့်ကိုက်ညီသော ပုဂ္ဂိုလ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်တယ်ဆိုပြီး ပါရှိထားပါတယ်။ကျွန်မတို့နိုင်ငံဟာ သိကြတဲ့အတိုင်း ပါဘဲ၊ တာဝန်ခံမှု တာဝန်ယူမှုနည်းပါးတဲ့ အတွက်ကြောင့် နိုင်တဲ့ဆိုတဲ့ စကားလုံးပါကတည်းကိုက ဒီဥပဒေကို လိုက်နာတော့မှာမဟုတ်ပါဘူး။ ဥပဒေ ၃၀မှာဆိုလိုချင်ရင် ၂၉ မှာက အဲဒီတင်ထားတဲ့ ဆယ်အိမ်စုမှူးကို မြို့နယ်က အတည်ပြုပြီး အုပ်ချုပ်ရေးမှူးထံ ပြန်ပို့ပေးရပါတယ်။ ၃၀ မှာက မြို့နယ် အုပ်ချုပ်ရေးအတည်ပြုပြီး ပြန်ရလာတယ် ဆိုတဲ့ဟာကိုမှ ဆယ်အိမ်စုမှူးတွေကိုမှ လိုအပ်သလိုတာဝန်ပေးအပ်ခြင်းနှင့် ယင်းတို့၏တာဝန်ဝတ္တရားများ သတ်မှတ်ခြင်း ပြုရမယ် အဲဒီ ဆောင်ရွက်ချက်ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံတင်ပြရမယ်ဆိုပြီး ပါရှိထားပါတယ်။ ကျွန်မတို့ အခုအုပ်ချုပ်ရေးမှူး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေကို ကွင်းဆင်းပြီးစစ်တမ်းကောက်ကြည့် မယ်ဆိုလိုချင်ရင် ပုဒ်မ ၂၈၊၂၉၊ ၃၀ ကို လိုက်နာမဲ့ သူဟာ ၁၀ရာခိုင်နှုန်းတောင်ရှိမှာမဟုတ်ပါဘူး။ အဲဒါကြောင့် ကျွန်မတို့ ကျေးရွာတွေမှာ အုပ်ချုပ်ရေးမှူးဟာ သူယာယီခရီးထွက်တဲ့ အချိန်မှာသော်လည်းကောင်း၊ တာဝန် ထမ်းဆောင်တဲ့နေရာနဲ့ ယာယီကင်းကွာနေတဲ့အချိန်မှာ ရွာတွေရွာတွေမှာ အငြင်းပွားစရာ ပြဿနာကိစ္စရပ်တွေ ပေါ်ပေါက်ခဲ့လို့ရှိရင် ဖြေရှင်းပေးနိုင်မည့်သူ မရှိဖြစ်နေပါတယ်။ အဲဒါကြောင့် ပြဿနာတွေကို ပိုမိုကြီးထွားအောင် ဆောင်ရွက် ပေးသလိုဖြစ်နေပါတယ်။



D/real(wide) (8



ဒါမှမဟုတ် တာဝန်မှ ရပ်စဲခြင်းကြောင့် လစ်လပ်နေတဲ့ကာလမှာ ၎င်းရဲ့တာဝန်ကို ထမ်းဆောင်ရန် ဒုတိယဦးစားပေးအဆင့် ရရှိသူအား ယာယီတာဝန်ပေးအပ်ရမည်။ ပြီးတော့(ဃ)မှာကျတော့ ရက်ပေါင်း(၃၀)အတွင်းမှာ အစားထိုးခန့်အပ် တာဝန်ပေးအပ် ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါပေမယ့် လက်တွေ့မှာကျတော့ ရက်ပေါင်း(၃၀)အတွင်းမှာ မြို့နယ်ကနေအစားထိုးခန့်အပ် ရွေးချယ်ပေးလိုက်ပါတယ်။ ဒါပေမဲ့ ခရိုင်ကနေပြန်လာဖို့ စာဟာ (၅)လကျော်ကြာနေတဲ့အတွက်ကြောင့်မလို့ ရပ်ရွာတွေမှာ မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်ပေါ်နေတာကိုတွေ့ရှိရပါတယ်။ လစ်လပ်သွားတဲ့နေရာမှာ အစားထိုးရွေးချယ်ခန့်အပ်ဖို့ ဆိုလို့ရှိရင်လည်း ကျွန်မတို့ ရွာသားတွေဟာ ကိုယ်မလုပ်ရရင် ပြီးရောဆိုတဲ့သဘောနဲ့ တစ်ခါတစ်လေ ရပ်စဲခြင်း ခံရတဲ့သူကို ပြန်ပြီးရွေးချယ်တာတွေလည်း ရှိနေနိုင်ပါတယ်။ အဲဒီလိုကျင့်ဝတ် ဖောက်ဖျက်ရပ်စဲခံရတဲ့သူတွေကို ပြည်သူကနေပြီးတော့ ဤသက်တမ်းအတွင်းမှာ ၎င်းအားထပ်မံရွေးချယ်တင်မြှောက်ခွင့်ရှိ/ မရှိကိုလည်း ဖော်ပြ ထားခြင်းမရှိပါဘူး။ အဲဒါအပြင် အခန်း(၄)၊ ပုဒ်မ ၉ ရပ်ကွက် ဒါမှမဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ ယင်း၏သက်တမ်းသည် (၃)ကြိမ်ထက် မပိုစေရလို့သာ ပါရှိထားပါသည်။ ဟုတ်ကဲ့ ရပ်စဲခြင်းခံရသည့် အုပ်ချုပ်ရေးမှူးဟာ နောက်သက်တမ်းမှာ အရွေးချယ် ခံရမယ်၊ မခံရဘူးဆိုတာလည်း ဖော်ပြထားခြင်းမရှိပါဘူးရှင်။ ကျွန်မတို့ နိုင်ငံအနေနှင့် ပြည်သူနှင့် အနီးကပ်ဆုံးဆက်ဆံ အုပ်ချုပ်နေရသည့် အုပ်ချုပ်ရေးမှူးဟာ ပြည်သူမှ တကယ်ကြည်ညိုလေးစားသော သိက္ခာသမာဓိရှိသော ပုဂ္ဂိုလ်ဖြစ်ဖို့ လိုအပ်သလို ဥပဒေနှင့်အညီ တိတိကျကျ ပြဋ္ဌာန်းထိန်း ကျောင်းထားဖို့ လိုအပ်နေပါတယ်။ အဲဒီအပြင်ကျေးရွာနေပြည်သူ

တွေရဲ့ အုပ်ချုပ်ရေးမှူးများရဲ့ ဆောင်ရွက်ချက်များကိုလည်း ပြန်လည်ထိန်းကျောင်းတဲ့ အနေနဲ့ အထက်ကို တင်ပြတိုင်ကြားထားမှုများကို သက်ဆိုင်ရာ မြို့နယ်၊ ခရိုင် ၊ ပြည်နယ် ကလည်း အလေးထားဖို့ လိုအပ်ပါတယ်။ တိုင်ကြားမှုကိုသာ ဖွင့်ထားပေးပြီး အရေးယူမှုကို လစ်လျူရှုထားနေပါ တယ်။ တစ်နည်းအားဖြင့် ကျွန်မတို့နိုင်ငံရဲ့ အစိုးရဟာ နိုင်ငံအရွေ့ကို နှောင့်နှေးနေသလိုဖြစ်နေပါတယ်။ ကျွန်မတို့ နိုင်ငံမှာက တရားဥပဒေစိုးမိုးမှုမရှိခြင်း ဟာ ဒီလို ဥပဒေကို တိတိကျကျ ပြဌာန်းမှုမရှိခြင်းကြောင့် ဖြစ်ပါတယ်။ အခုကျွန်မ တင်ပြနေတဲ့ ဒီဥပဒေဟာဆိုလို့ရှိရင် ပြည်ထောင်စုအဆင့်နဲ့သာ သက်ဆိုင်တဲ့ အတွက်ကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ ယာယီတာဝန်ကို ဆောင်ရွက်နိုင်မည့်သူကို နည်းဥပဒေထဲမှာ တိကျစွာဖော်ပြနိုင်ပါက ပိုပြီးပြည့်စုံနိုင်မဲ့ ဥပဒေဖြစ်တဲ့အတွက်ကြောင့် ကျွန်မတို့လွှတ်တော် ရှမ်းပြည်နယ်လွှတ်တော်ကနေပြီးတော့ ပြည်ထောင်စုကို တင်ပြနိုင်မယ်လို့ ကျွန်မမျှော်လင့်နေပါတယ်။ အဲဒါကြောင့် ကျွန်မ မေးခွန်း (၄)ခုကို ဆက်တိုက်မေးမြန်းမှာဖြစ်ပါတယ်ရှင်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေနှင့် ပတ်သက်ပြီး ကျွန်မ မေးခွန်းနံပါတ်(၁)က ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ ၎င်းတာဝန်ထမ်းဆောင်ရာဒေသမှ ခေတ္တ ဝေးကွာမည် ဆိုပါက ၎င်း၏ တာဝန်ကို မည်သူ့ကိုလွှဲအပ်ရမည်ဟု ဖော်ပြထားခြင်း မရှိသဖြင့် မည်သူ့ကို လွှဲအပ်မည် ဖြစ်ကြောင်းသိရှိလိုပါတယ်။ မေးခွန်းနံပါတ်(၂)အနေနဲ့ ရပ်ကွက် ဒါမှမဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများကနေပြီးတော့ တာဝန်ဝတ္တရားများ ဆောင်ရွက်ရန် ပျက်ကွက်လျှင် ပြည်သူတွေအတွက် ပြစ်မှုနဲ့ ပြစ်ဒဏ်တွေ ချမှတ်ထားပါသော်လည်းဘဲ အုပ်ချုပ်ရေးမှူးမှ ချိုးဖောက်ပါက တာဝန်ရပ်စဲသည်မှလွဲ၍ တခြား ပြစ်ဒဏ်များချမှတ်ထားခြင်းမရှိသည့်



D/real(wide) (8



အဲဒီဥပဒေမှာဘဲ ရပ်ကွက် ဒါမှမဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူတွေရဲ့ တာဝန်ဝတ္တရား အခွင့်အရေးတွေကို ပြဌာန်းထားတဲ့အပြင် အဲဒါတွေကို ဖောက်ဖျက်မိလို့ရှိရင် အဲဒီဒေသတွေ အတွက် ပြစ်မှု၊ ပြစ်ဒဏ်၊ ထောင်ဒဏ်၊ ငွေဒဏ်တွေချမှတ်ထားပါတယ်။ ဒါပေမဲ့ အုပ်ချုပ်ရေးမှူး အတွက်ကျတော့ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်တွေ လုပ်ငန်း တာဝန်တွေသာ ဖော်ပြထားပါတယ်။ အုပ်စု အုပ်ချုပ်ရေးမှူးကနေ ပြီးတော့ ကျင့်ဝတ်လုပ်ငန်းတွေ တာဝန်ဝတ္တရားတွေကို ဖောက်ဖျက် မိရင်တောင်မှ လိုအပ်ပါက စုံစမ်းစစ်ဆေးမှု ပြုပြီး ခရိုင်အုပ်ချုပ်ရေးမှူး ၏အတည်ပြုချက်ဖြင့် နှုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီ ရပ်ဆိုင်းခြင်း (သို့မဟုတ်) ရပ်စဲခြင်းပြုနိုင်သည်လို့ဖော်ပြထားပါတယ်။ ဟုတ်ကဲ့ ကျွန်မတို့ ဒီဥပဒေကိုကြည့်လိုက်လို့ရှိရင် ဖောက်ဖျက် ကျူးလွန်နေတယ်ဆိုရင်တောင်မှ လိုအပ်မှ စုံစမ်းစစ်ဆေးမယ်၊ ပြီးတော့တာဝန်မှ ယာယီရပ်စဲခြင်း ပြုနိုင်တယ်ဆိုတဲ့ နိုင်တယ်ဆိုတဲ့ စကားလုံး ကို ထပ်သုံးထားပြန်ပါတယ်။ ဖြစ်သင့်တာက ရပ်စဲခြင်းပြုနိုင်သည် ဆိုတဲ့ နေရာမှာ နှုတ်ထွက်ရမည့် တာဝန်မှ ယာယီရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်းပြုရမည် ဆိုတဲ့ နေရာမှာ ရပ်စဲနိုင်သည်ဆိုတဲ့ နေရာမှာ ရပ်စဲခြင်းပြုရမည်ဆိုတာ ပြောင်းလဲအစားထိုးဖို့ လိုအပ်နေပါတယ်။ နောက်အခန်း(၈) နှုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း (သို့မဟုတ်)ရပ်စဲခြင်းနှင့်အစားထိုးခန့်အပ်ခြင်း ဆိုတဲ့အခန်းမှာပုဒ်မ ၁၆ (က)မှာဆိုလို့ရှိရင် နှုတ်ထွက်ခွင့်ပြုခံရတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ နေရာမှာ အစားထိုးခန့်အပ်ဖို့အတွက် ပုဒ်မ ၁၆ ရဲ့ (ခ)မှာ အစားထိုးတာဝန်ပေးခြင်းခံရတဲ့ သူ့ရဲ့သက်တမ်းကာလဟာ တာဝန်မှ ရပ်စဲခြင်းခံရသူရဲ့ သက်တမ်းကာလအတွက်သာဖြစ်ပါတယ်။ ပြီးတော့(ဂ)မှာ ရပ်စဲခြင်းခံရတဲ့ကာလမှာ ဘဲဖြစ်စေ၊ နှုတ်ထွက်ခြင်း

အတွက်ကြောင့် အခြားပြစ်ဒဏ်တွေ ချမှတ်ပေးနိုင်ခြင်းရှိ/မရှိ၊ နံပါတ်(၃) ရပ်ကွက် ဒါမှမဟုတ် အုပ်ချုပ်ရေးမှူးဟာ လုပ်ငန်း တာဝန်များကိုဆောင်ရွက်တဲ့အချိန်မှာ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များကို ဖောက်ဖျက်မိလို့ တာဝန်မှ ရပ်စဲခံရပါက ပြည်သူများမှ ဤသက်တမ်း အတွင်း ၎င်းအား ထပ်မံရွေးချယ်တင်မြှောက်ခွင့်ရှိ/မရှိ မရှိပါက ဆက်လက်ပြီး မေးခွန်းနံပါတ်(၄) ၎င်းရပ်စဲခံရတဲ့သူဟာ နောက်ရွေးကောက်ပွဲတွင် ထပ်မံရွေးချယ်ခံပိုင်ခွင့်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- နမ့္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)ကလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးရဲ့ မေးခွန်းတွေဖြစ်တဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၈၉ အရ ပြဋ္ဌာန်းထားသော ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေ နှင့်ပတ်သက်၍ မေးခွန်းကို ကျွန်တော်ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူမှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၁)ဖြစ်တဲ့ ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးမှ ၎င်းတာဝန်ထမ်းဆောင်ရာဒေသမှ ခေတ္တ ဝေးကွာမည်ဆိုပါက ၎င်း၏တာဝန်ကို မည်သူ့ကို လွှဲအပ်ရမည်ဟု ဖော်ပြထားခြင်းမရှိပါသဖြင့် မည်သူ့ကို လွှဲအပ် ရမည်ဖြစ်ကြောင်း သိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ



D/real(wide) (8



၊ ပုဒ်မ ၂၈ အရ နိုင်ငံတော်ဘဏ္ဍာငွေမှ ချီးမြှင့်ထောက်ပံ့ငွေခံစားသူဖြစ်ခြင်း တို့ကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေအရ ဝန်ထမ်းတစ်ဦးဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်ပါသည်။ ဝန်ထမ်း တစ်ဦးဖြစ်ခြင်းကြောင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပါ အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များကို ချိုးဖောက်ပါက ချိုးဖောက်သည့် ဖြစ်စဉ်သည် တည်ဆဲဥပဒေတစ်ရပ် ရပ်နှင့် ငြိစွန်းလျှင် ဥပဒေနှင့်အညီ အရေးယူခြင်းကို အခြားဝန်ထမ်းများကဲ့သို့ ခံယူရမည်ဖြစ်သဖြင့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေတွင် သီးခြားဖော်ပြမထားခြင်းဖြစ်ပါသည်။

မေးခွန်းနံပါတ်(၃) အုပ်ချုပ်ရေးမှူးသည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုက်နာ စောင့်ထိန်း ရမည့် ကျင့်ဝတ်များကို ဖောက်ဖျက်မိ၍ တာဝန်မှ ရပ်စဲခံရပါက ပြည်သူများမှ ဤသက်တမ်းအတွင်းတွင် ၎င်းအား ထပ်မံ ရွေးချယ်ပိုင်ခွင့်ရှိ/မရှိ ဆိုသည့်မေးခွန်းနှင့်ပတ်သက်လို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ အခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်မိ၍ တာဝန်မှ ရပ်စဲခံရပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအခန်း ၈၊ ပုဒ်မ ၁၅ အရ ဒုတိယမဲအများဆုံး ရရှိသူအား ယာယီ တာဝန်ပေးအပ်ပြီး ရက်ပေါင်း ၃၀ အတွင်း အစားထိုးခန့်အပ် တာဝန်ပေးရမည်ဟူ၍ လည်းကောင်း၊ အစားထိုး ခန့်အပ်တာဝန်ပေးအပ်ခံရသူသည် နုတ်ထွက်ခွင့်ပြုခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခြင်းခံရသူ၏ ကျန်သက်တမ်းအတွက်သာဖြစ်သည်ဟု ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။

မေးခွန်းနံပါတ်(၄)ဖြစ်တဲ့ ၎င်းရပ်စဲခံရသူသည် နောက်ရွေးကောက်ပွဲတွင် ထပ်မံရွေးချယ်ခံပိုင်ခွင့်ရှိ/မရှိ သိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ ရပ်ကွက် သို့မဟုတ်

ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ အခန်း (၈)၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)(ခ)(ဂ)တို့တွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (8



၎င်းတာဝန် ထမ်းဆောင်ရာဒေသမှ ခေတ္တဝေးကွာမည်ဆိုပါက ၎င်း၏တာဝန်ကို မည်သူကို လွှဲအပ်ရမည်ဟု ဖော်ပြထားခြင်း မရှိပါ။ သို့သော်လည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေပုဒ်မ အခန်း(၁၄)၊ ပုဒ်မ(၃၁)တွင် "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အဓိကအထောက် အကူပြုရုံးဝန်ထမ်းမှာ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၏ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုစာရေးဖြစ်သည် "ဟု ဖော်ပြပါရှိပါသည်။ ၎င်းအပြင် ဥပဒေပုဒ်မ ၃၂ အရ အဆိုပါ ရုံးဝန်ထမ်း၏ လုပ်ငန်းတာဝန်များ ပုဒ်မခွဲ(ဆ)တွင် "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း "ဟုဖော်ပြပါရှိသဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ ၎င်းတာဝန်ထမ်းဆောင်ရာဒေသမှခေတ္တဝေးကွာမည်ဆိုပါက ၎င်း၏တာဝန်ကို အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေးအား ခေတ္တ တာဝန် လွှဲအပ်နိုင်သည်ဟု ယူဆရမည်ဖြစ်ပါသည်။

မေးခွန်းနံပါတ်(၂)ဖြစ်တဲ့ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အတွင်း နေထိုင်သူများမှ တာဝန်ဝတ္တရား များ ဆောင်ရွက်ရန် ပျက်ကွက်လျှင် ပြည်သူများအတွက် ပြစ်မှုနှင့်ပြစ်ဒဏ်များ ချမှတ် ထားပါသော်လည်း အုပ်ချုပ်ရေးမှူးမှ ချိုးဖောက်ပါက တာဝန်ရပ်စဲ သည်မှလွှဲ၍ တခြားပြစ်ဒဏ်များ ချမှတ်ပေးထားခြင်းမရှိသောကြောင့် အခြားပြစ်ဒဏ်များ ချမှတ်ပေးနိုင်ခြင်းရှိ/မရှိဆိုသည့် မေးခွန်းနှင့် ပတ်သက်၍ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဥပဒေအရ ခန့်အပ်တာဝန်ပေးအပ်ထားသူဖြစ်ခြင်း၊ ဥပဒေအခန်း ၁၂

## ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၄ -၂၀၁၅ ခုဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုစာရင်း ပြုပြင်ပြီး ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၄ - ၂၀၁၅ ခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်ပြထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၄ -၂၀၁၅ ခုဘဏ္ဍာရေးနှစ် အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း ပြုပြင်ပြီး ရသုံးမှန်းခြေငွေ စာရင်းနှင့် ၂၀၁၄ - ၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်မရှိသည့်အတွက် အစီအစဉ်(၇)အရယင်းဥပဒေကြမ်း အားပြည်နယ်လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်၊ ဝန်**ကြီးမှ** အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။





ပါတယ်။ ယခုအခါမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းသော ၎င်းဥပဒေကြမ်းကို ကိုယ်စားလှယ်တော်များမှလည်း ဖြည့်စွက် ဆွေးနွေးရန် မရှိတော့သည့်အတွက် တိုင်း ဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၄၅ တို့နှင့်အညီ ၂၀၁၄ - ၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် အဆိုတင်သွင်းမှုကို ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌအားလေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က အစည်းအဝေး၏ ပထမနေ့၌ တင်သွင်းသည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၄ - ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက် ခွင့်ပြုငွေစာရင်း ပြုပြင်ပြီး ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၄ - ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း အား လွှတ်တော်ကိုယ်စားလှယ်များမှ အတည်ပြုရန်**(သဘောတူပါ သလားခင်ဗျား) ( သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် **ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏** ၂၀၁၄ - ၂၀၁၅ ခု ဘဏ္ဍာရေးနှစ် အတွက် ဖြည့်စွက် ခွင့်ပြုငွေစာရင်း ပြုပြင်ပြီး ရသုံးမှန်းခြေ ငွေစာရင်းနှင့် ၂၀၁၄ - ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြု ကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် မူလရသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄)ဦးအမည် စာရင်း တင်သွင်းထားပါတယ်။ ဒါကြောင့်ရှေးဦးစွာ လင်းခေး မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်က စတင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါတဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနဲ့တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ ကြပါစေလို့ ဆုမွန် ကောင်းတောင်း မေတ္တာပို့သပါတယ်။ ကျွန်တော် ဦးစိုင်းလွင် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)အနေနဲ့ ဒီနေ့အစည်းအဝေးမှာရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံ ငွေမှာ ပါဝင်တဲ့ ဌာနခွဲကြီးများရဲ့ ၂၀၁၅-၂၀၁၆ဘဏ္ဍာရန်ပုံငွေ ရသုံး မှန်းခြေ စာရင်းနှင့်ပတ်သက်ပြီးတော့ ကဏ္ဍအချို့ကိုဆွေးနွေးသွား ပါမယ်။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။(၁-၁၂-၂၀၁၄)ရက်နေ့မှာ ကျင်းပခဲ့တဲ့ ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်း အဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၅-၂၀၁၆ ခု ရှမ်းပြည်နယ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းထားရှိ ခဲ့ပါတယ်။ ပြည်နယ်ရဲ့အရ အသုံး ဆိုင်ရာလျာထားချက်ကို လွှတ်တော်မှဆွေးနွေးနိုင်ဖို့ တင်သွင်းခြင်း ဖြစ်တဲ့အတွက် ကျွန်တော် အနေနဲ့ ဒီနေ့ပါဝင်ဆွေးနွေးရခြင်းဖြစ် ပါတယ်။ ဒီလိုဆွေးနွေးရာမှာ ကျွန်တော့်အနေနဲ့ တင်သွင်းထား ရှိတဲ့ စာရင်းဇယား၊ ကိန်းဂဏန်းများအပေါ် မူတည်ပြီး တွေ့ရှိချက်၊ သုံးသပ်ချက်များကို အပြုသဘောဆောင် ဆွေးနွေးသွားမှာဖြစ်ပြီး



D/real(wide) (8



ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက် ခွင့်ပြုငွေစာရင်း ပြုပြင်ပြီး ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၄ - ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား အတည်ပြုပေးနိုင်ပါရန် တင်ပြခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါ သော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါ စေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၁၉၃(ခ)နှင့်အညီ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ကသာတင်သွင်းခွင့်ရှိသော ၂၀၁၄ -၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးပထမ နေ့ဖြစ်တဲ့ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့မှာ တင်သွင်းခဲ့ပြီးဖြစ်

ပြည်နယ်လွှတ်တော်ရဲ့ အနေအထားအရ အစည်းအဝေးကျင်းပတဲ့ ရက်တိုတောင်း တဲ့အတွက် အချိန်လေ့လာရမှုနည်းပါးလို့ လုပ်ငန်း ကဏ္ဍအားလုံးနဲ့ ပတ်သက်ပြီး ဆွေးနွေးနိုင်မှာမဟုတ်ဘူးဆိုတာ ကို ကြိုတင်ဝန်ခံလိုပါတယ်။ လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ရှမ်းပြည်နယ် အစိုးရအဖွဲ့ဟာ ပြည်နယ်ရဲ့ ဘဏ္ဍာငွေများကို စီမံခန့်ခွဲ သုံးစွဲ ဆောင်ရွက်ရသလို ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် ဟာလည်း တင်သွင်းလာတဲ့ ဘဏ္ဍာငွေအသုံးစရိတ်များကို ဒေသ အတွက် အမှန်တကယ် ပိုမိုလိုအပ်တဲ့ နေရာတွေမှာ လျာထား သတ်မှတ်သုံးစွဲခြင်းရှိ/မရှိ ချမှတ်ထားတဲ့ ဘဏ္ဍာရေးမူဝါဒ ဦးစားပေးရေးဆွဲဖို့ နိုင်ငံတော်အကြီးအကဲများ လမ်းညွှန်မှာကြား ချက်များနဲ့ကိုက်ညီမှု ရှိ/မရှိ စိစစ် ဆောင်ရွက်ရတဲ့ အဓိက တာဝန်ကြီးကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါကြောင့်ဒီနေ့တင်ပြ ဆွေးနွေးမှုများအားလုံးဟာ ရှမ်းပြည်နယ် လွှတ်တော်ရဲ့ တာဝန်များကို ထမ်းဆောင်ခြင်းဖြစ်တယ်လို့ ခံယူထားပါတယ်။ လေးစားအပ်ပါတဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ရှမ်းပြည်နယ် အစိုးရအဖွဲ့ကတင်သွင်းထားတဲ့ ၂၀၁၅ - ၂၀၁၆ ခုဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်းအရ အချုပ်အားဖြင့် သုံးစွဲရန် လျာထားငွေကျပ်သန်းပေါင်း တင်ထားတဲ့ ပထမစာအုပ် အရ ဆိုရင် ကျပ်သန်းပေါင်း (၄၅၂၀၅၅. ၁၉၃)အပေါ်မှာဘဲ စိစစ်ဆွေးနွေး အတည်ပြုရမှာဖြစ်တယ်လို့ နားလည်ထားပါတယ်။ အသုံးစရိတ် အဖြစ်တင်ပြထားတဲ့ကဏ္ဍ(သို့မဟုတ်) ဌာနများဖြစ်တဲ့ လမ်း တံတားဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ နတလလိုခေါ်တဲ့ (ရှမ်းပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီရုံး)၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနဲ့ စည်ပင်သာယာရေးဝန်ကြီးဌာနအစရှိတဲ့ ဌာန၊ ကဏ္ဍ တွေများထဲက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသုံးစရိတ် လျာထား





လွှတ်တော်ကတိကဝတ်နှင့်အရေးပေါ် အစားထိုး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းခေါင်းစဉ်အောက်နှင့် ကျေးလက်မီးလင်းရေးခေါင်းစဉ် အောက်က ပထမဦးစားပေးလုပ်ငန်း အပါအဝင် လုပ်ငန်း(၁၇)ခုဟာ ကျပ်သန်း(၁၄၀၀)ကျော် ဒုတိယဦးစားပေးလုပ်ငန်း(၃)ခု၊ လျာထားငွေ ကျပ်သန်း (၁၇၁)သန်း၊ စုစုပေါင်းကျပ်သန်း (၁၆၀၀)နီးပါးကို မူလတင်ပြထားတဲ့ ဇယားစာအုပ်ထဲမှာ ထည့်ဝင်လျာထား ပြီးဖြစ်ပါတယ်။ ဒီလျာထားချက်ဟာလဲ အခြားသော ကျပ်သန်း(၃၀၀)(၄၀၀)ခန့်ရှိသည့် မြို့နယ်များထက် အဆများစွာပိုသာနေပြီးဖြစ်ပါတယ်။ ဒါအပြင်ဒုတိယတင်ပြထားတဲ့ စာရင်းနဲ့ ထပ်ပေါင်းလိုက်ရင် ရပ်စောက် မြို့နယ်အတွက် လျှပ်စစ် လုပ်ငန်း ဆောင်ရွက်ခြင်းလုပ်ငန်းနှင့်ပတ်သက်ပြီး လျာထားငွေ တွေဟာ ကျပ်သန်းပေါင်း(၆၁၀၀)ရှိပြီး ပြည်နယ်တစ်ခုလုံးရဲ့ လျှပ်စစ် ဓာတ်အားလုပ်ငန်းဆိုင်ရာ လျာထားချက်ရဲ့ ၇ ပုံ ၁ ပုံကို လျာထား ပေးတဲ့ အနေအထား ရှမ်းပြည်နယ်(တောင်ပိုင်း)တစ်ခုလုံးရဲ့ ၄ပုံ ၁ ပုံကို လျာထားပေးတဲ့ အနေအထား ကိုတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ဒီနေရာမှာအဓိကအားဖြင့် ကျွန်တော်ထောက်ပြ ဆွေးနွေးချင်တာ ကတော့ ပြည်နယ်ဘဏ္ဍာသည် ပြည်နယ်တစ်ခု လုံးတွင်ရှိသော မြို့နယ်အားလုံးနှင့်သက်ဆိုင်သလို ရှမ်းပြည်နယ် အစိုးရသည်လည်း ပြည်နယ်တစ်ခုလုံးတစ်ပြေးညီဖွံ့ဖြိုး တိုးတက်ရေးကို ဦးတည်ပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးများမှာ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အစိုးရက ဒေသဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများ အတွက်ဘဏ္ဍာငွေများခွဲဝေဆောင်ရွက်ရာမှာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရဲ့အရသော်လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)အရသော်လည်းကောင်း၊ မြို့နယ်များ အလိုက်သော်လည်းကောင်း အချိုးညီညီ ဖွံ့ဖြိုးတိုးတက်မှုကို



D/real(wide) (8

ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းရှိ/မရှိ မေးမြန်းချက်အပေါ်
တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း
ပြန်လည်ဖြေကြားချက်နှင့် ကွဲလွဲမှုရှိနေတယ်ဆိုတာကို
ရိုးရိုးသားသားယူဆမိပါတယ်။ ဒီတော့ ဒီလျှပ်စစ်ကဏ္ဍနှင့်
ပတ်သက်ပြီး စာရင်းဇယား (၂)ခုဖြစ်နေတဲ့ကိစ္စကို ကွဲကွဲပြားပြား
ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြန်လည်ရှင်းလင်းပေးဖို့ လိုအပ်
ပါမယ်။ ဒုတိယဇယားအား မည်သည့်အတွက်ကြောင့်ဖော်ပြ
တင်သွင်းထားရတာကိုလည်း ရှင်းလင်းပေးစေလိုပါတယ်။ လျှပ်စစ်
ဝန်ကြီးဌာနရဲ့ ပထမစာအုပ်စာရင်းမှာ ဘဏ္ဍာငွေလျာထားချက်
ကျပ်သန်းပေါင်း (၄၁၁၅၂. ၂၃၈)သည် ရှမ်းပြည်နယ်၏ ၂၀၁၅ -
၂၀၁၆ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းတွင်ပါရှိသော
လျှပ်စစ်စွမ်းအား ဝန်ကြီး ဌာန၏ ဘဏ္ဍာငွေလျာထားချက်အတိုင်း
ကိန်းဂဏန်းအရ တူညီနေပြီးဖြစ်တဲ့အတွက် ဒီဒုတိယဇယား ထပ်တိုး
ကျေးရွာများစာရင်း ပါဝင်သောဇယားကို နဂိုကတည်းက
လွှတ်တော်သို့ တင်သွင်းဖို့မလိုအပ်သလို အတည်ပြုပေးဖို့
လိုအပ်မှာလည်းမဟုတ်ကြောင်း ကျွန်တော့အနေဖြင့် ဆွေးနွေး
တင်ပြလိုပါတယ်။

ဒုတိယကဏ္ဍအနေဖြင့် ဆက်လက်ပြီးတော့ စည်ပင်
သာယာရေးအဖွဲ့၏ ဘဏ္ဍာငွေလျာထားချက် တင်ပြမှုနှင့်
ပတ်သက်ပြီး ဆွေးနွေးလိုပါတယ်။ စည်ပင်သာယာရေးအဖွဲ့ရဲ့
သာမန်နှင့်ငွေလုံးငွေရင်းစာရင်းများကို လွှတ်တော်သို့ စိစစ်
အတည်ပြုနိုင်ရန်တင်ပြဖော်ပြထားရာမှာ ငွေစာရင်းခေါင်းစဉ်နှင့်
ဘဏ္ဍာငွေလျာထားချက် ကိုသာဖော်ပြထားကြောင်းတွေ့ရှိရ
ပါတယ်။ မြို့နယ်အလိုက်လျာထားချက်သတ်မှတ်ငွေ လုပ်ငန်း
သတ်မှတ်ချက် များကို သိရှိနိုင်ခြင်းမရှိတဲ့အတွက် လွှတ်တော်
ကိုယ်စားလှယ်များက ကိန်းဂဏန်းအပေါ်မှာ ထောက်ပြဆွေးနွေး





ချက်နဲ့ ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ ရှမ်းပြည်နယ်တစ်ခုလုံး
အတွက်၂၀၁၅-၂၀၁၆ ပြည်နယ်အစိုးရ BE ဘတ်ဂျက် ဖြင့်
ဆောင်ရွက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ
တည်ဆောက်ခြင်းနှင့် အစားထိုးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆိုတဲ့
တင်ပြချက်စာရင်းစာအုပ်မှာ ငွေလုံးငွေရင်းကျပ်သန်းပေါင်း
(၄၁၁၅၂. ၂၃၈)သန်းလို့ ဖော်ပြ ထားတာကို တွေ့ရှိရပါတယ်။ ဒါနဲ့
တစ်ဆက်တည်းဘဲ ရှမ်းပြည်နယ်အစိုးရ BE ဘတ်ဂျက်ဖြင့်
ဆောင်ရွက်လိုသည့် လုပ်ငန်းများ လျာထားချက်ဆိုပြီး ဒုတိယဇယား
နောက်တစ်ခုမှာ အသုံးစရိတ်လျာထားချက် ကျပ်သန်းပေါင်း
(၄၅၆၆၃. ၄၈၃)လို့ ထပ်မံဖော်ပြထားတာကိုလဲတွေ့ရပါတယ်။
ဒီဒုတိယဇယားရဲ့ ဖော်ပြချက်ကို အသေးစိတ် လေ့လာကြည့်ရာမှာ
ရှမ်းပြည်နယ် စီမံကိန်းရုံးရဲ့ (၂၈-၁၁-၂၀၁၄)ရက်စွဲပါစာအမှတ်၊
၃၂၇/၀၂၀၃/၂၀၁၄ (၁၈၃၈)ကို ရည်ညွှန်းပြီး ထပ်တိုးသည့်
ကျေးရွာစာရင်းခေါင်းစဉ်အောက်မှာ ပထမဦးစားပေးလုပ်ငန်း (၁၄)ခု၊
လျာထားငွေကျပ်သန်း(၂၆၂၃. ၈၀၀)၊ ဒုတိယဦးစားပေးလုပ်ငန်း
(၁၁)ခုအတွက် လျာထားငွေကျပ် သန်း(၁၂၃၉. ၀၀၀)သန်း နဲ့
တတိယ ဦးစားပေးလုပ်ငန်း(၄) ခုလျာထားငွေကျပ်သန်း(၆၄၈. ၄၀၀)၊
စုစုပေါင်းအနေနဲ့ လုပ်ငန်းပေါင်း(၄၁)ခုအတွက် လျာထားငွေကျပ်သန်း
ပေါင်း (၄၅၁၁. ၂၀၀)လို့ဖော်ပြထားတာကိုတွေ့ရှိရပါတယ်။ ပြီးတော့
ထပ်တိုးကျေးရွာစာရင်းကို ကြည့်တဲ့အခါမှာ အခြား မြို့နယ်များရဲ့
စာရင်းပါဝင်တာမတွေ့ရဘဲနဲ့ ရပ်စောက်မြို့နယ်တစ်ခုတည်း
အတွက်သာ ဖော်ပြထားသာကိုတွေ့ရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ
လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ဝန်ကြီးဌာနက
ပထမတင်သွင်းသော စာရင်းစာအုပ်မှာ ခရီးစဉ်လမ်းညွှန်ချက်နှင့်

နိုင်မှာ မဟုတ်ပါဘူး။ လွန်ခဲ့သော ဘဏ္ဍာနှစ်များက စည်ပင်သာယာရဲ့ ဘဏ္ဍာငွေလျာထားချက်အပေါ် မြို့နယ်အလိုက်ဖော်ပြပေးခဲ့လို့ မြို့နယ်တစ်ခုချင်းရဲ့ ခွဲဝေလျာထားမှုများကို သိရှိခွင့်ရရှိခဲ့ပါတယ်။ သိရှိခွင့်ရရှိခဲ့လို့လည်း ကျွန်တော်အနေနဲ့ စည်ပင်သာယာရေးဆိုင်ရာ ဘဏ္ဍာငွေခွဲဝေရေးနှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရ၏ မူဝါဒ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရေးအဆိုကို လွှတ်တော်မှာ တင်သွင်းနိုင်ခဲ့ဖူးပါတယ်။ အခုတင်သွင်းတဲ့ စည်ပင်ဘတ်ဂျက်ကတော့ အသေးစိတ်စာရင်းမပါရှိလို့ ငွေစာရင်းခေါင်းစဉ်ကိုဘဲ ကြည့်ပြီးတော့မှ သင့်လျော်မှုရှိ/မရှိ ဆီလျော်မှုရှိ/မရှိ၊ သုံးသပ်ဆုံးဖြတ်ပေးရမယ့် အနေအထားဟာလွှတ်တော်အတွက် မသင့်လျော်ပါဘူး။ ဒါကြောင့်မလို့ မြို့နယ်အလိုက် အသုံးစရိတ်လျာထားခြင်းကို မည်သည့်အတွက်ကြောင့် ဖော်ပြခြင်းမရှိကြောင်းကို သက်ဆိုင်ရာတာဝန်ရှိသူက လွှတ်တော်သို့ ပြန်လည်ရှင်းလင်းတင်ပြပေးရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေး တင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၅-၂၀၁၆ ရှမ်းပြည်နယ်ဘဏ္ဍာငွေ ရငွေနှင့်အသုံးစရိတ်ကို ရှမ်းပြည်နယ်လွှတ်တော်အနေနှင့် စိစစ်အတည်ပြုခြင်း ဆောင်ရွက်ရာမှာ လွှတ်တော်ကြီး ရဲ့ကိုယ်စားပြုတဲ့ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မှန်ကန်တဲ့ ဆုံးဖြတ်ချက်တစ်ခုကို ပေးနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ကျွန်တော့်ရဲ့ ဆွေးနွေးတင်ပြချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (9



ဖြစ်ကြောင်းတင်ပြအပ်ပါတယ်၊ နောက်တစ်ချက်အနေနဲ့ ကျွန်တော်တို့ဒီ ပထမဦးစားပေး တိုးချဲ့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနံပါတ်(၂)မှာ သူကကျတော့ ဝန်အားနိုင်နင်းမှုရှိစေရန်၊ ဗို့အားကျဆင်းမှုရှိစေရန် ဆားဗစ်ကြိုး ရှုပ်ထွေးမှု လျော့နည်းစေရန်ဆိုတဲ့ ခေါင်းစဉ်အောက်မှာရှိမှာဖြစ်ပါတယ်၊တိုးချဲ့ရင်းနှီးမြှုပ်နှံမှုမှ ပရောဂျက် (၃၂) ခုတင်ပြထားတာဖြစ်ပါတယ်၊ (၃၂)ထဲမှာ နံပါတ် (၂) မှာဖြစ်တဲ့ တောင်ကြီးမြို့၊အဆုတ်ဆေးရုံ ထရန်စဖော်မာဝန်အားပြည့်နေတဲ့အတွက် ကန်ရှေ့ရပ်ကွက် ၊ မဟာသုခလမ်းမှာ (၁၁ ကေဗီအေဓါတ်အားလိုင်း၊ ပေ(၁၀၀၀)၊ (၁၀၀ ကေဗီအေ) ထရန်စဖော်မာ (၁) လုံး၊ (၄၀၀)ဗို့ဓါတ်အားလိုင်း (၈၀၀ ပေ) တိုးချဲ့တည်ဆောက်ခြင်းကို (၃၉. ၅၉) သန်း အနေနဲ့တင်ပြထားပါတယ်၊ ဒီပရောဂျက်ကိုပဲ တတိယဦးစားပေးတိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမှတ်စဉ်(၉)မှာ တောင်ကြီး၊ ကန်ရှေ့ရပ်ကွက်၊ မဟာသုခလမ်း ဆိုပြီးတော့ ထပ်ထည့်ထားတာတွေ့ရပါတယ်၊ ပရောဂျက်ချင်းအတူတူ နံပါတ်(၂)မှာဖြစ်တဲ့ အပိုဒ်ခွဲ(၂) ဖြစ်တဲ့ ဒီပထမဦးစားပေး လုပ်ငန်းမှာကျတော့ (၁၀၀ ကေဗီအေ) ထရန်စဖော်မာ(၁)လုံး အပါကို တောင်မှ (၃၉. ၅၉) လို့တင်ပြထားပြီး တတိယဦးစားပေး တိုးချဲ့ရင်းနှီးမြှုပ်နှံမှုအမှတ်စဉ်(၉)မှာပါတဲ့ ပရောဂျက်မှာကျတော့ (၂၀၀ ကေဗီအေ)ထရန်စဖော်မာ(၁)လုံးဆိုပြီးတော့ရေးထားတာတွေ့ရပါတယ်၊ အဲ့ဒီအချက်အလက် ပရောဂျက်မှာ(၁၀၀ ကေဗီအေ) ပရောဂျက်က (၃၉. ၅၉)သန်း ဖြစ်ပြီးတော့ (၂၀၀ ကေဗီအေ)ထရန်စဖော်မာပါတဲ့ ပရောဂျက်ကကျတော့ (၃၄. ၈၄) သန်းဖြစ်နေတာတွေ့ရှိရပါတယ်၊ နောက်တစ်ချက်အနေနဲ့ ပထမဦးစားပေး အပိုဒ် နံပါတ် (၂၇) မှာ နမ့်ဆန်မြို့၊ အမှတ် (၄) ရပ်ကွက်၊ (၃၁၅ ကေဗီအေ)လျှပ်စစ်ရုံးအတွင်းထရန်စဖော်မာ နေပြီးတော့ ဓါတ်အားဖြန့်ဖြူးမှု ဧရိယာအတွင်းမှာရှိတဲ့ရှည်လျားဆားဗစ်သို့

ဓါတ်အားပေးရန် (၄၀၀ ဗို့) ဓါတ်အားလိုင်း (၁)မိုင်တည်ဆောက်ခြင်းအတွက် ကျပ်သန်း (၃၀. ၄၈) သန်း တင်ပြစီမံကိန်းထည့်သွင်းထားတာတွေ့ရပါတယ်၊ ဒီစီမံကိန်းကိုဘဲ ဒု-အစားထိုး ရင်းနှီး မြှုပ်နှံမှုအမှတ်စဉ်(၈) မှာထပ်ထည့်ထားတာ တွေ့ရမှာ ဖြစ်ပါတယ်၊ နောက်ထပ်တစ်ချက်က အစောနက ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးသွားသလိုပဲ ကျွန်တော်တို့ကို လျှပ်စစ်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းစာအုပ်တွေလာပေးတဲ့ အချိန်မှာတပ်မံဆိုတဲ့ပူးတွဲပြီးပါလာတာလည်းတွေ့ရပါတယ်၊ အဲ့ဒီ ထပ်မံဆိုတဲ့ပူးတွဲပါလာတဲ့ စီမံကိန်းက ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းပြောပြသွားခြင်း မရှိတဲ့အတွက် ကျွန်တော်တို့မှာ နားမလည်နိုင်စရာဖြစ်ခဲ့ရပါတယ်၊ ဒီအထဲကနေပြီးတော့လည်း ထပ်နေတဲ့ စီမံကိန်းကပထမဦးစားပေးအမှတ်စဉ် (၆၀) ကနေပြီးတော့မှ (၆၇) အထိကိုဒီထပ်မံဆိုတဲ့ အထဲမှာကျတော့ (၅၉)ကနေ(၆၇)အထိကို ထပ်မံအထဲမှာကျတော့ ဒုတိယဦးစားပေး၊ ပထမဦးစားပေးအနေနဲ့အလီလီခွဲပြီးတော့ ထပ်ပြီးတော့ ထပ်နေတဲ့ဟာတွေကို တွေ့ရမှာဖြစ်ပါတယ်၊ နောက်တစ်ချက်အနေနဲ့ ပထမဦးစားပေးအမှတ်စဉ်(၈၂)၊ သူကကျေးလက်မီးလင်းရေး ဆောင်ရွက်လိုတဲ့တစ်မြို့နယ်ကပါ(၈၁) နှင့် (၈၂) မှာ ဖယ်ခုံ၊ လွယ်ပါသာရွာဆိုပြီးတော့ (၈၂)မှာလည်းဖယ်ခုံ၊ လွယ်ပါသာရွာအတွက်စီမံကိန်းတစ်ခုတည်းကို နီးကပ်စွာ နှစ်ခုထပ်နေတာ တွေ့ရမှာဖြစ်ပါတယ်၊ နောက်ထပ်အောက်မှာပဲ (၈၅)နဲ့ (၈၆) မှာခေါင်းပိုင်းရွာအတွက် ဆိုပြီးတော့ ဒီနှစ်ခုကိုတစ်ခါတည်းထပ်နေတာ တွေ့ရမှာဖြစ်ပါတယ်၊ နောက်ထပ်တတိယဦးစားပေး တိုးချဲ့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေမှာ အမှတ်စဉ်(၂၆) အေးသာယာမြို့၊ အမှတ်(၃)ရပ်ကွက်၊ နယ်မြေ(၂၉) သုသာန်လမ်းမှာ အမှတ်စဉ် (၂၆)မှာ ပရောဂျက်တင်ထားပါတယ်၊ အမှတ်စဉ်(၂၇)မှာလည်း ထပ်ထည့်ထားတာ





ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းသူရိန်ဦးက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းသူရိန်ဦး။ ကြွရောက်လာကြတဲ့ လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်နယ်အစိုးရတာဝန်ရှိသူများ လွှတ်တော်ကိုယ်စားများခင်ဗျား မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ် ပါတယ်၊ ကျွန်တော်လည်းရတဲ့အချိန်(၂)ရက်၊ (၃) ရက်အတွင်းမှာ အဓိကအားဖြင့်လေ့လာ တွေ့ရှိချက်ထဲက (၂) ပိုင်းခွဲပြီး ဒီဘတ်ဂျက်ကို ဆွေးနွေးတင်ပြသွားပါမယ်၊ ပထမ အပိုင်းကတော့ လင်းခေးမြို့ လွှတ်တော်ကိုယ်စား လှယ် ဦးစိုင်းလွင်လေ့လာသုံးသပ်သွားတဲ့ လျှပ်စစ်ကဏ္ဍအပိုင်းကို ပထမဆုံး ကျွန်တော်လေ့လာထားတဲ့ စာရင်းဇယားတစ်ခုချင်းစီအလိုက် စီမံကိန်းတွေထပ်နေတာတွေ၊ တင်ပြီးသားဟာခေါင်းစဉ်ခွဲပြီးပါနေတာတွေ ၊ ပြီးတော့ ပရောဂျက်ခြင်းတူတာတောင်မှ ကုန်ကျစရိတ်ကွာနေတဲ့အကြောင်းအရာတွေကို ခေါင်းစဉ်တစ်ခုချင်း အလိုက်၊ နံပါတ်ချင်းအလိုက် နည်းနည်း ပြောပြသွားချင်လို့ အချိန်နည်းနည်းကြာရင်ခွင့်ပြုပေးပါလို့ကြိုတင်တောင်းခံအပ်ပါတယ်၊ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား၊ ပထမဆုံးအနေနဲ့ တစ်ခုထောက်ပြချင်တာ ကတော့ ကျွန်တော်တို့ ဒီလျှပ်စစ်ဝန်ကြီးဌာနမှ တင်လာတဲ့ အစားထိုးရင်းနှီးမြှုပ်နှံမှုမှာ ခရိုးစဉ်လမ်းညွှန်ချက်နှင့်လွှတ်တော်ကတိကဝတ်များဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပရောဂျက်က (၂၆)ခုဆိုပြီးတော့ ရေးထားပါတယ်၊ ပြန်သွားကြည့်လိုက်တဲ့အခါကြတော့ ကျွန်တော်တို့ ဒီပထမဆုံးလွှတ်တော်ကတိကဝတ်မှာ နံပါတ် (၁၉)နှင့် (၂၁) ကြားမှာ(၂၀) ဆိုပြီး Blank ဒီအတိုင်းပဲ ထားထားတာဖြစ်ပါတယ်၊ သွားချုပ်လိုက်တော့ ပထမဦးစားပေး လုပ်ငန်း အရေအတွက်ကော ၊ စုစုပေါင်းလုပ်ငန်း အရေအတွက်ကော တင်ပြထားတာက (၄၁၉) ဆိုပေမယ့် (၄၁၈)ပဲရှိမှာ

တွေ့ရမှာဖြစ်ပါတယ်၊ နောက်ထပ်အမှတ်စဉ်(၂၄) နဲ့ အမှတ်စဉ်(၂၅) မှာ (၄၀၀ ဗို့) ဓါတ်အားလိုင်း (၂၂၀၀)ပေ တည်ဆောက်တာကို ကုန်ကျစရိတ် (၃၉. ၉၂) လို့ တင်ပြထားပါတယ်၊ အဲ့သည့် အောက်မှာဘဲ ပရောဂျက် အမှတ်စဉ်(၂၅)အပိုဒ်ခွဲငယ် (ဂ)မှာ (၄၀၀ ဗို့)ဓါတ်အားလိုင်းကိုပဲ ပေ(၇၀၀) တည်ဆောက်တာကိုလည်း (၃၉. ၉၂)ဆိုပြီးတော့ ကုန်ကျ စရိတ်၊(၄၀၀ ဗို့) ဓါတ်အားလိုင်းပေ (၁၅၀၀) ကွာတာတောင်မှ ပရောဂျက်ကုန်ကျစရိတ် အတူတူ တင်သွင်းထား ကြောင်းတွေ့ရမှာဖြစ်ပါတယ်၊ နောက်တစ်ချက် အနေနဲ့ တတိယဦးစားပေးအမှတ်စဉ်(၃၈)မှာ အေးသာယာမြို့၊ စဉ့်ဟယ်၊ အမှတ်(၂)ရပ်ကွက် ဆိုပြီးတော့ ပရောဂျက်တင်ထားတာ တွေ့ရှိပါတယ်၊ သူနဲ့အမှတ်စဉ်(၄၂) အေးသာယာမြို့၊အမှတ်(၂) ရပ်ကွက်တွင် ၊စဉ့်ဟယ် ဆိုပြီး ရှေ့နောက် စကားလုံးပြောင်းပြီး ပရောဂျက်တစ်ခုတည်း ထပ်နေတာကိုတွေ့ရမှာဖြစ်ပါတယ်၊ နောက်ထပ်တတိယဦးစားပေးတိုးချဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှာ အမှတ်စဉ်(၆၆)၊ (၆၈) မှာလည်း (၄၀၀)ဗို့ ဓါတ်အားလိုင်း ပေ(၃၀၀) ကွာပြီးတော့ ကုန်ကျစရိတ်စာရင်းတူတယ်လို့ တင်သွင်း ထားတာ တွေ့ရမှာဖြစ်ပါတယ်၊ အမှတ်စဉ်(၆၄)နဲ့(၆၅)မှာကျတော့(၄၀၀ ဗို့) ဓါတ်အားလိုင်း ပေ(၁၅၀၀)အတွက် (၁၂. ၁၉)သန်း ဆိုပြီးတော့ ကုန်ကျစရိတ် တင်သွင်းထားတာတွေ့ရပါတယ်၊ အဲ့သည်ရဲ့ အောက်မှာဘဲ တစ်မြို့နယ်ထဲမှာဘဲ လုပ်တဲ့စီမံကိန်း တစ်ခုထဲမှာ (၄၀၀ ဗို့) ဓါတ်အားလိုင်း ပေ(၁၀၀၀) ကို (၆. ၁၀)သန်းလို့ ပရောဂျက် စီမံကိန်းကုန်ကျစရိတ် တင်သွင်းထားတာ တွေ့ရ ပါတယ်၊ ပေ(၁၀၀၀) ကိုတောင်မှ (၆. ၁၀)ဘဲ ရှိပါတယ်၊ပေ (၂၀၀၀) ဆိုရင် ကျွန်တော်တို့က (၁၂)သန်းကျော်လို့ ကျွန်တော်တို့ သတ်မှတ်ထားပါတယ်၊နောက်ထပ်ပေ (၅၀၀) ဘဲတိုးတာတောင်မှ သူရဲ့စရိတ်က နှစ်ဆ တိုးသွားတာဖြစ်ရမှာတွေ့ပါတယ်၊ နောက်





လာတဲ့ Amount ကို ပြန်ကြည့်လိုက်မယ်ဆိုရင် အားလုံးရဲ့ ကုန်ကျငွေဖြစ်တဲ့ ကျပ်သန်းပေါင်း (၁၀၀၀. ၈၄)ကို တင်ပြထားတာ တွေ့ရမှာဖြစ်ပါတယ်၊ နောက်တစ်ချက်အနေနဲ့အမှတ်စဉ်(၃)၊(၅) နှစ်ခုမှာရှိတဲ့ (၄၀၀ ဗို့)လိုင်းတည်ဆောက်ခြင်းဆိုတဲ့ လိုင်းကြိုးတွေ တည်ဆောက်တဲ့ကုန်ကျစရိတ် ကွာခြားမှုကို တင်ပြချင်ပါတယ်၊ နံပါတ်(၃)(က)မှာ(၄၀၀ ဗို့)ဓါတ်အားလိုင်း (၅)မိုင်တည်ဆောက် တာကို(၁၅၂. ၇၅)သန်းလို့တင်ပြထားပါတယ်၊ အမှတ်စဉ်(၅) အပိုဒ်ခွဲ(ဂ)မှာကျတော့ (၄၀၀ ဗို့)လိုင်း(၂) မိုင်တည်ဆောက်တာကို (၂၉. ၀၃၆)သန်းလို့ တင်သွင်း ဖော်ပြတောင်းခံထားတာ တွေ့ရမှာဖြစ်ပါတယ်၊ (၂)မိုင်နှင့်(၅)မိုင်ရဲ့ကွာခြားချက်နဲ့တင် သန်း(၃၀) နီးပါးနှင့်သန်း(၁၅၀)ကျော်၊သန်းပေါင်း(၁၂၀)ကျော်နီးပါး ကွာခြားချက်ရှိ နေတာတွေ့ရမှာ ဖြစ်ပါတယ်၊နောက်ထပ် ပထမ ဦးစားပေး တိုးချဲ့ ရင်းနှီးမြှုပ်နှံခြင်း အမှတ်စဉ်(၆)ရဲ့(ဂ)၊ (၄၀၀ ဗို့) ဓါတ်အားလိုင်း(၁. ၅) မိုင် တိုးချဲ့တည်ဆောက်ခြင်းမှာ (၄၅. ၈၂၅)သန်းဆိုပြီးတော့၊ အမှတ်စဉ်(၁၃)၊(ဂ)မှာရှိတဲ့ နမ္မတူ၊ နားဆိုင်းမှာကျတော့(၄၀၀ဗို့) လိုင်း (၁. ၅)မိုင်ကို နမ္မတူမှာကျတော့ (၄၉. ၉၄၇)သန်းဆိုပြီးတော့ သန်း(၅၀)နီးပါး၊ လားရှိုးမြို့နယ်၊ သံလွင်ကျေးရွာအတွက် တင်သွင်းထားတဲ့ (၄၀၀ဗို့)အားလိုင်း (၁. ၅)မိုင် တိုးချဲ့တည်ဆောက်ခြင်းမှာတော့ (၄၅. ၈၂၅)သန်း ဆိုပြီးတော့ ပရောဂျက်တူပြီးတော့ သိန်း(၄၀)နီးပါး ကွာဟ တင်ပြ ထားတာကို တွေ့ရပါတယ်၊ နောက်ထပ် ပထမဦးစားပေး အစားထိုး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှာ အမှတ်စဉ်(၄)မှာရှိတဲ့ တန့်ယန်း မြို့၊ အမှတ်(၂)ရက်ကွက်၊ ဦးလောတုန်းလမ်း တိုင်အမှတ် ၃၃၂၊ ၃၃၃၊ ၃၃၄၊ ၃၃၅ ဆိုတဲ့ တိုင်လေးတိုင် အတွက်(၁. ၂၈၈)သန်း တင်ပြ တောင်းခံထားပါတယ်၊ အဲဒီအောက်မှာပဲ တန့်ယန်းမြို့၊ အမှတ်

(၅)ရပ်ကွက်၊ မဟာမြတ်မုနိရှေ့ သစ်သားတိုင်များဖြစ်သော တိုင်အမှတ် ၊၂၀၀၊ ၂၀၁၊ ၂၀၂၊ ၂၀၃၊ ၂၁၀၊ ၂၁၁၊ ၁၂၂ ဆိုပြီး(၇) တိုင်ကို(၃. ၉၂)သန်း တင်ပြတောင်းခံထားတာတွေ့ရပါတယ်၊ (၄)တိုင်အတွက်က(၁. ၂၈၈)၊(၁. ၃)သန်း နီးပါး၊ (၇)တိုင်အတွက်ကို (၃. ၉၂)၊(၄)သန်းနီးပါး၊ တောင်းခံထားတာတွေ့ရပါတယ်။ နှစ်ဆမကဘူး ဖြစ်နေပါတယ်၊ နောက်ထပ် ရှမ်းပြည်နယ် အရှေ့ပိုင်းမှာရှိတဲ့ ပထမဦးစားပေးဆောင်ရွက်လိုတဲ့ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပရောဂျက်မှာ မိုင်းဖြတ်မြို့မှာရှိတဲ့ (၃၁၅)ကေဗွီအေ Step Up Transformer (၁)လုံး တည်ဆောက်ခြင်း ကုန်ကျ စရိတ်က (၁၄. ၅၂)သန်းတင်ပြထားပြီးတော့ ၊အမှတ်(၇)မှာရှိတဲ့ မိုင်းယန်းမြို့တွင်(၃၁၅)ကေဗွီအေ Step Up Transformer (၂)လုံး တည်ဆောက်တာကိုလည်း (၁၄. ၅၂)သန်းပဲ တင်ပြထားတာတွေ့ရပါတယ်၊ (၁)လုံး ဈေးနှင့် (၂)လုံးဈေး တူလား မတူလားဆိုတာ ကျွန်တော်လည်း မစုံစမ်းခဲ့ရပါဘူး၊လျှပ်စစ်ဝန်ကြီးဌာနမှတင်လာတဲ့ ပြည်နယ်ဘတ်ဂျက်နဲ့ ဆောင်ရွက်မည့်ဓါတ်အားလိုင်းနှင့် ဓါတ်အားလိုင်းခွဲ တိုးချဲ့တည်ဆောက်တာတွေ၊ ကျေးလက်ဒေသ မီးလင်းရေးလုပ်ငန်းများတိုးချဲ့တည်ဆောက်ခြင်း အစားထိုး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင်တွေ့ ရှိလာတဲ့အချက်များကို လွှတ်တော်သို့ တင်ပြခြင်းဖြစ်ပါတယ်၊နောက်တစ်ချက်အနေနဲ့ ကျွန်တော်တို့ဒီဌာနဆိုင်ရာ အဖွဲ့အစည်းများရဲ့ ငွေလုံးငွေရင်းအသုံးစရိတ် အသေးစိတ်စာရင်းမှာပါရှိတဲ့ အချက်တွေထဲက အနည်းငယ်ကို တင်ပြ ဆွေးနွေးသွားချင်ပါတယ်၊ ဒီထဲမှာ ဉပဒေရုံးကတင်သွင်းလာတဲ့ စက်ကိရိယာ၊ ပရိဘောဂ၊ ယာဉ်များဆိုတဲ့ ခေါင်းစဉ်အောက်မှာ Cannon Copier (၁)လုံး အတွက်(၁. ၂)သန်းတင်ပြတောင်းခံထားပါတယ်၊အဲဒီရဲ့ အောက်မှာ စာရင်းရုံးက စက်ကိရိယာအတွက် Copier (၁၁)လုံးလို့ တင်ပြတောင်းခံထားတာရှိပါတယ်၊ (၁၁)လုံးအတွက်ကတော့





တစ်ချက်အနေနဲ့ တတိယဦးစားပေးအမှတ်စဉ် (၁၄)၊(၁၆)၊(၁၇)၊(၁၉) စတာတွေဟာ (၁၁ ကေဗွီ)လိုင်း (၆၀၀)ပေဆွဲမယ်၊(၂၀၀ ကေဗွီအေ) ထရန်စဖော်မာ(၁) လုံး တိုးချဲ့တည်ဆောက်မယ်ဆိုပြီးပါပါတယ်၊ အမှတ်စဉ်(၁၄)မှာကုန်ကျစရိတ်က (၂၈. ၇၅)ပါ၊ ကျန်တဲ့ပရောဂျက်တွေတူနေတဲ့ အခြားကုန်ကျစရိတ်တွေမှာ ကျတော့ (၂၁. ၆၃) ဆိုပြီးတော့ကွဲလွဲစွာ ဖော်ပြထားတာကိုတွေ့ရမှာဖြစ်ပါတယ်၊ ဒါက ကျွန်တော်တို့ဒီ ရှမ်းပြည်နယ် တောင်းပိုင်းမှာ ရှိတဲ့ ပရောဂျက်တွေကို လေ့လာစိစစ်လိုက်တဲ့အခါတွေ့ရှိရတဲ့ အကြောင်းအရာလေးတွေဖြစ်ပါတယ်၊ ကျွန်တော်တို့ ရှမ်းပြည်နယ်မြောက်ပိုင်းအနေနဲ့ နားမလည်နိုင်စရာ ကုန်ကျစရိတ် တင်သွင်းမှုတစ်ခုကို တင်ပြချင်ပါတယ်၊ ပထမဦးစားပေး တိုးချဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမှတ်စဉ်(၁)မှာ လားရှိုးမြို့မှာရှိတဲ့ ကျေးရွာ(၁၁) အုပ်စုကနေ ကျေးရွာ(၁၇)ရွာ ဓါတ်အားရရှိရေး ဆိုပြီးရှိပါတယ်၊အဲ့သည်ဟာက ကျွန်တော်တို့ နိုင်ငံတော်ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းရဲ့ (၇. ၉. ၂၀၁၄)ရက်နေ့မှ (၉. ၉. ၂၀၁၄)ရက်နေ့အထိ ရှမ်းပြည်နယ် မြောက်ပိုင်းခရီးစဉ်မှာ ကျေးရွာမီးလင်းရေး အတွက် ကျေးရွာပြည်သူများမှ တင်ပြချက်ကနေ ထွက်ပေါ်လာတဲ့ပရောဂျက် ဖြစ်ပါတယ်၊ အဲဒီအတွက် ကုန်ကျမှုတန်ဖိုးနှင့် စုဆောင်းမှုငွေကြေးတန်ဘိုး အခြေအနေဆိုပြီး ဖော်ပြထားပါတယ်၊ စုစုပေါင်းကုန်ကျမှုကို ကျပ်သန်းပေါင်း(၁၀၀၀. ၈၄)ဆိုပြီး ရေးထားပါတယ်၊ အဲဒီအာက်မှာ အပိုဒ်ခွဲ သုံးပိုဒ် ထပ်ခွဲထားပါတယ်၊ အပိုဒ်ခွဲ(က)မှာ ကျေးရွာများမှ စုဆောင်းငွေဆိုပြီးတော့ (၃၃၈) သန်း ရရှိထားတယ်လို့ ဖော်ပြထားပါတယ်၊အပိုဒ်ခွဲ(ခ)မှာ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးမှ ချေးယူမည့်ငွေက (၁၉၅)သန်း ဆိုပြီးတော့ ရေးထားတာတွေ့ရပါတယ်၊အပိုဒ်ခွဲငယ်(ဂ)မှာတော့ ထပ်မံလိုအပ်ငွေ ဆိုပြီးတော့ (၄၆၇. ၈၄)သန်း လို့တင်ပြထားပါတယ်၊ ဒါပေမဲ့ ဒီပရောဂျက်အတွက်ကုန်ကျငွေ ဆိုပြီးတော့ လွှတ်တော်ကို တင်သွင်း

(၁၉. ၂၆၁)သန်းဘဲ တင်ပြတောင်းခံထားပါတယ် ၊ဒီဥပဒေရုံးရဲ့ Copier အတွက် တင်ပြတောင်းခံငွေနှင့် စာရင်းရုံးရဲ့ Copier အတွက် တင်ပြတောင်းခံငွေ Amount ကွာခြားနေတာ တွေ့ရမှာ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနမှ Cannon Copier (၁၂)လုံး အတွက်ဆိုပြီးတော့ (၁)လုံးကိုAvrage ပျမ်းမျှ (၁. ၃)သန်း တောင်းခံထားတာ တွေ့ရပါတယ်၊ အစောနက ဥပဒေရုံးက တောင်းသွားတာက Cannon Copier (၁)အတွက် (၁. ၂)သန်းဖြစ် ပါတယ်။ နောက်ထပ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောဦးစီးဌာနမှ တင်တဲ့ EVD Player အတွက်ပါ၊ EVD Player ကို(ဝ. ၁)(၁)သိန်း လို့တင်ထားပါတယ် ကျွန်တော်တို့ ဒီမှာ ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေများ အားလုံးကော၊ တာဝန် ရှိသူများ အားလုံးကော ပြင်ပပေါက်ဈေး နှစ်သောင်းခွဲ သုံးသောင်း သာရှိတယ်ဆိုတာ ကျွန်တော်တို့ အချိန်မရွေး ဈေးကွက်ထဲမှာ စုံစမ်း လို့ရမှာဖြစ်ပါတယ်၊ဒါပေမဲ့ ဒီကောင်ကို(၄)ဆနီးပါး တင်ပြီးတော့ (ဝ. ၁)(၁)သိန်း လို့ တင်ပြထားတာတွေရပါတယ်၊ နောက်တစ်ချက် အနေနဲ့ CCTVအတွက်ဥပဒေရုံးမှ CCTV(၁)စုံအတွက်ဆိုပြီးတော့ (၁. ၅)သန်း (၁၅)သိန်း တင်ပြတောင်းခံထားတာတွေ့ရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျာ ကျွန်တော် ပြင်ပကိုစုံစမ်းလိုက်တဲ့ အခါမှာ အခုဈေးကွက်ထဲမှာ လူသုံးများ နေတဲ့Apex one-set ကင်မရာ(၄)လုံး ပါ တစ်စုံကို(၅)သိန်းကျော် ကျော်ပဲရှိပါတယ်။ တစ်ဆက်ကို ကင်မရာလေးလုံးပါ သူ့ရဲ့ Memory (1000 GB) ဖြစ်ပါတယ်။ အကယ်၍ကျွန်တော်တို့ နောက်ထပ် ကင်မရာလေးလုံးထပ်ထည့်မယ် ကင်မရာရှစ်လုံး ဆိုရင်လည်း ပထမစက်အထိုင် တစ်လုံးရှိထားပြီးဖြစ်တဲ့ အတွက် စက်အထိုင်ဖိုးကုန်စရာ မရှိတော့ပါဘူး။ ကင်မရာ (၄)လုံးစာပဲ ထပ်ထည့်ရတော့မှာဖြစ်တဲ့အတွက် (၈) သိန်းကျော်ပဲကုန်ကျမှာ



D/real(wide) (9



အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်တွေမှာလည်း စတင် ဆောင်ရွက် နေပြီဖြစ်ကြောင်း သိရှိရပါတယ်။ အဲ့ဒါကြောင့် ဘတ်ဂျက်လို ငွေပြနေတဲ့ ကျွန်တော်တို့ရှမ်းပြည်နယ်ရဲ့ဘတ်ဂျက်ကို GDP အချိုး ကိုက်ညီစေရန် လည်းကောင်း၊ ဝင်ငွေလျော့ချမှု မလိုလားအပ်ဘဲ ရုံးသစ်တည်ဆောက်ခြင်းမျိုး မဖြစ်သင့်ပါဘူး၊ အဆောက်အဦ ဆောက်တာ၊ မော်တော်ယာဉ်ဝယ်တာတွေအစား ဒေသဖွံ့ဖြိုးရေး ဖြစ်တဲ့ လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းတဲ့သောက်သုံးရေ ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားစတဲ့ပြည်သူများ Quick Win လျင်မြန်စွာ အကျိုးခံစားခွင့်ရှိတဲ့ လုပ်ငန်းတွေအတွက် ပိုမိုကျခံ သုံးစွဲ သင့်ပါတယ်။ ဝန်ထမ်းဖွဲ့စည်းပုံ မပြည့်စုံပဲနှင့် ရုံးသစ်တိုးချဲ့ ဆောက်လုပ်ခြင်း မျိုးမပြုသင့်ပါဘူး၊ ထို့နည်းတူစွာ အခြားဌာန တွေမှာလည်း အုပ်ချုပ်မှုလုပ်ငန်းသုံး မော်တော်ယာဉ်တွေ ဝယ်ယူရန် ရန်ပုံငွေတင်ပြတောင်းခံထားတာ တွေ့ရပါတယ်၊ မော်တော်ယာဉ်ဝယ်ယူရန် အတွက် ဌာနတစ်ခုနှင့်တစ်ခု တင်ပြ တောင်းခံထားတဲ့ယာဉ် အမျိုးအစားတွေ ကွဲပြားခြားနားနေပြီး တန်ဖိုးတွေ တင်ပြထားတာလည်းတူညီမှုမရှိ ကြောင်းကို တွေ့ရှိရမှာဖြစ်ပါတယ်၊ ဘတ်ဂျက်ကျ ရရင်ပြီးရော၊ မော်တော်ယာဉ် ဖြစ်ရင်ပြီးရော ပုံစံနှင့် ရန်ပုံငွေတင်ပြတောင်းခံခြင်း မပြုသင့်ပါဘူး၊ သူ့ရဲ့ရာထူးအဆင့်အလိုက်၊ ယာဉ်အမျိုးအစားကို ခွင့်ပြုပေး ပြီးတော့ ဌာနဆိုင်ရာအားလုံးကို ရန်ပုံငွေ တူညီစွာချထားပေးပြီး တော့သာ ဖွဲ့စည်းပုံအရ တစ်ပြေးညီ ဖြစ်မယ်လို့ အစီရင်ခံအပ် ပါတယ်။ ယာဉ်ဆိုတာနှင့်အတူ နောက်ဆက်တွဲယာဉ်မောင်း၊ စက်သုံးဆီခန့်အပ်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ နိဂုံးချုပ်ပါ။

ဦးစိုင်းသူရိန်ဦး။ ဟုတ်ကဲ့ပါ၊ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးမှဘတ်ဂျက်ရေးဆွဲရေးနှင့် ပတ်သက်ပြီး ပြည်သူများလျင်မြန်စွာအကျိုးရရှိရေးအတွက် အခြေခံလိုအပ်ချက် တွေဖြစ်တဲ့ လျှပ်စစ်မီး၊ သောက်ရေ၊ ပညာရေး၊ ကျန်းမာရေးတွေကို ဦးစားပေးရေးဆွဲရန်ဆိုတဲ့ လမ်းညွှန်ချက်မှာကြားချက်နဲ့ကိုက်ညီခြင်း မရှိတာကို တွေ့ရှိရပါတယ်၊စီမံကိန်းတွေထပ်နေတာ ၊ကုန်ကျစရိတ် ခြင်းမတူတာ၊ ပြင်ပပေါက်ဈေးနဲ့ကွာနေတာကိုလည်း တွေ့ရပါတယ်၊ စီမံကိန်းထပ်နေတဲ့စာရင်းဇယားတွေကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ယခု တင်သွင်းလာတဲ့ ဘတ်ဂျက်ရ / သုံးအချုပ်ဟာ လွဲချော်နေပြီ၊ စာရင်းအမှားပါနေပြီဆိုတာ သိသာထင်ရှားနေပါ တယ်၊ အဲ့ဒီအတွက် ကြောင့် ကျွန်တော်တို့ပြည်နယ်အတွက် အလွန် အရေးကြီးလှတဲ့ ဘတ်ဂျက်ကို ပညာရေး၊ ကျန်းမာရေး၊ ဒေသ ဖွံ့ဖြိုးရေးကို အလေးထားပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများရဲ့ တင်တဲ့ ဘတ်ဂျက်ကိုသော်လည်းကောင်း၊ စီမံကိန်းထပ်နေတဲ့ ကုန်ကျစရိတ် မတူတာတွေကိုလည်းကောင်း၊ ပြန်လည်စိစစ်ရေးဆွဲပြီးမှ ရှမ်းပြည်နယ်လွှတ်တော်ကို ပြန်လည်တင်သွင်းသင့်ပါကြောင်း ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသူရိန်ဦးမှ ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးမှတဆင့် ဆွေးနွေးတင်ပြအပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ကျွန်တော်တို့ တင်ပြတဲ့အခါမှာ ခုနကကျွန်တော် ပြောသလို စာရွက်တွေကိုရှာပြီးတော့မှ ဟိုလှန်ဒီလှန် လှန်ပြီးတော့မှ တင်ပြမဲ့အစား တစ်ခါတည်းကိုသေချာပြင်ဆင်ပြီးတော့မှ အချိန်ကို သက်သာအောင် တင်ပြဖို့ဖြစ်ပါတယ်၊အလားတူ ကျန်တဲ့ကိုယ်စား လှယ်များ တင်ပြတဲ့နေရာမှာလည်း ကျွန်တော်တို့ လွှတ်တော်ကို



D/real(wide) (9



ဖြစ်ပါတယ်။ သူ့ရဲ့စွမ်းဆောင်အားက ဘယ်လို ရှိလည်းဆိုရင် သူ့ကို WiFi ချိတ်ထားလိုက်ရင် အင်တာနက်ကနေ ကျွန်တော်တို့ရောက်တဲ့ နေရာကနေ ကိုယ့်CCTV ကိုပြန်ကြည့်လို့ ရပါတယ်။ နည်းပညာ မြင့်မားပြီးတော့ ဈေးကွက်ထဲမှာ လူကြိုက်များနေတဲ့ CCTV တစ်ဆက်ရဲ့ တန်ဖိုးက (၅)သိန်းကျော်ပဲ ရှိပါတယ်၊အခုဒီဥပဒေရုံးက တင်ပြလာတဲ့ CCTV တစ်စုံရဲ့ တန်ဖိုး မှာ(၁၅)သိန်း(၃)ဆနီးပါး တင်ပြ ထားတာကိုတွေ့ရပါတယ်။ နောက်ထပ် ယာဉ်ပိုင်းဆိုင်ရာနှင့်ဆိုရင်။

ဥက္ကဋ္ဌ။ လိုရင်းကိုသာ ပြောပါနော်။

ဦးစိုင်းသူရိန်ဦး။ ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့၊ဟုတ်ကဲ့။

ဥက္ကဋ္ဌ။ စာရွက်ကို ဟိုလှန်ဒီလှန်ရှာပြီးတော့မှ ဖတ်မဲ့အစား ကြိုတင်ပြင်ဆင်ပြီးတော့မှ တင်ပြဖို့လိုအပ်ပါတယ်။

ဦးစိုင်းသူရိန်ဦး။ ဟုတ်ကဲ့ပါ၊ အဓိကကတော့ အသေးစိတ် စာရင်းထဲမှာပါတဲ့တင်ပြတောင်းခံမှုတွေဟာ ပြင်ပပေါက်ဈေးနှင့် ကွဲနေပါတယ်ဆိုတာကိုအဓိကတင်ပြလိုခြင်းဖြစ်ပါတယ်။ သမဝါယမ ဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနရဲ့ ဆောက်လုပ်ရေး ကဏ္ဍကိုကြည့် လိုက်မယ်ဆိုရင်လည်း မြန်မာငွေ(၆၉၇)သန်း တင်ပြတောင်းခံထား တာကို တွေ့ရပါတယ်၊လုပ်ငန်းတွေ စီစစ်လိုက်တော့ လားရှိုးနမ့်စန်မှာ အစည်းအဝေးခန်းမ ဆောက်မယ်၊ကျန်တဲ့ မိုင်းယောင်း၊ လင်းခေး၊ လဲချား၊ မိုင်းဆတ်မှာရုံးသစ်ဆောက်မယ်။ ရပ်စောက်၊ ပင်းတယ၊ ရွာငံ၊ ကလော၊ မူဆယ်၊ မိုင်းပန်မှာ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မယ်လို့ တွေ့ပါတယ်။ ရပ်စောက်ဝန်ထမ်းအိမ်ရာ ဆောက်တာကိုလည်း အမှတ် (၆)နှင့် အမှတ်(၉)မှာ နှစ်ခါထပ်ပြီးတော့ ရန်ပုံငွေတောင်းခံ ထားတာကိုတွေ့ရပါတယ်၊ One -Stop Service ဆောင်ရွက်နိုင်ဖို့ အတွက် ဌာနဆိုင်ရာရုံးများကိုတစ်နေရာတည်းမှာ စုပေါင်းထားရှိဖို့ အတွက် ဆောင်ရွက်နေတယ်ဆိုတာသိရှိရပါတယ်။ အသစ်ထပ်မံ ဖွဲ့စည်းထားတဲ့မိုးမိတ်ခရိုင်မှာ စုပေါင်းရုံး ဆောင်ရွက် နေကြောင်းနဲ့

လေးစားသောအားဖြင့် အချိန်ကိုလိုသည်ထပ်ပိုပြီးတော့ မယူဘဲ တင်ပြဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်၊မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ထွဏ်းကဆွေးနွေးဖို့ဖြစ်ပါတယ်။

နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) မှ ဦးအောင်ထွဏ်း။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာ ခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှတင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေ သုံးစွဲရေးဥပဒေကြမ်းနှင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်းပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ လျှပ်စစ်ကဏ္ဍနဲ့ပတ်သတ်ပြီး နမ့်ဆန်မြို့နယ် တွင် ပို့လျှံလျက်ရှိသည့် ဓါတ်အားများကို (၁၁) ကေဗွီအေလိုင်းအဖြစ် ကျေးလက်တောရွာအနှံ့ လျှပ်စစ်မီးသွယ်တန်းရရှိရေးအတွက် မည်သို့မည်ပုံဆောင်ရွက်ရမည်၊ ပြည်နယ် အစိုးရဘတ်ဂျက်မှ မည်ကဲ့သို့ ကျခံပေးမည်ကိုသိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်း



D/real(wide) (9



(ဂ) ယမ်းမြောက်ကျေးရွာနှင့် ခွန်ချစ်စခန်းသာကျေးရွာများ လျှပ်စစ်ဓါတ်အားရရှိရေးအတွက် အောက်ဖော်ပြပါလုပ်ငန်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကျေးလက်မီးလင်းရေး ငွေလုံးငွေရင်းအသုံးစရိတ်မှ သုံးစွဲရန်လျာထားပေးပြီးဖြစ်ပါသည်။

(၁) ယမ်းမြောက်ကျေးရွာ(၁၁) ကေဗွီလိုင်း (၁. ၇)မိုင်၊ (၄၀၀)ဗို့လိုင်း (၀. ၆)မိုင်၊(၁၁/၀. ၄) ကေဗွီ(၂၀၀)ကေဗွီအေတစ်လုံး

(၂) ခွန်ချစ်(ခေါ်)စခန်းသာကျေးရွာ (၁၁) ကေဗွီလိုင်း (၁) မိုင် ၊ (၄၀၀)ဗို့လိုင်း(၀. ၆)မိုင်၊(၁၁/၀. ၄)ကေဗွီ(၂၀၀) ကေဗွီအေတစ်လုံး၊

(ဃ) နမ့်ဆန်မြို့၊နမ္မဝေါရပ်ကွက်နှင့် မင်္ဂလာရပ်ကွက်များ တွင်ဓါတ်အားစနစ်ကောင်းမွန်စေရေးအတွက်(၁၁)ကေဗွီလိုင်း (၂၂၅၀)ပေနှင့်(၁၁ / ၀. ၄)ကေဗွီ (၁၀၀)ကေဗွီအေနှစ်လုံး တည်ဆောက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရဘတ်ဂျက် (RE)တွင် ထည့်သွင်းလျာထားတင်ပြထားပြီးဖြစ်ပါသည်ဟု ဖြေကြားခဲ့ပါတယ်။

ဒီနေရာမှာဆွေးနွေးလိုတာကတော့ လွှတ်တော်ကတိကဝတ်မှာဖြေကြားခဲ့သည့်အတိုင်း (၆/၁၁) ကေဗွီအေ(၅)အမ်ဗွီအေ ဓါတ်အားခွဲရုံမှ ထပ်မံဓါတ်အားဖြန့်ဖြူးပေးနိုင်မည့် ကျေးရွာများမှာဖော်ပြပါ ဒသမအကြိမ်အစည်းအဝေးမှာ ဖြေကြားခဲ့သည့်အတိုင်း ပန်ဆီမိန်းကျေးရွာ အိမ်ခြေ (၁၂၅)၊ (၁၁)ကေဗွီလိုင်း (၂)မိုင် ၊ (၄၀၀) ဗို့လိုင်း (၁) မိုင် ၊(၁၁/၀. ၄)ကေဗွီ (၂၀၀)ကေဗွီအေ တစ်လုံးဟု ပါရှိသော်လည်း ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ ဘတ်ဂျက်ဖြင့် ကျေးလက်မီးလင်းရေး ဦးစားပေးလုပ်ငန်းမှာ အဆိုပါလုပ်ငန်းများပါရှိ လာသည်ကို မတွေ့ရှိရပါဘူး။ နောက်ပြီးဖြေကြားချက်ထဲမှာ (၆၆/၁၁) ကေဗွီအေ ဓါတ်အားခွဲရုံမှ (၁၁ )ကေဗွီလိုင်း (၁၃)မိုင်သွယ်တန်းရန် ဓါတ်အားပေး နိုင်သော ကျေးရွာများမှာ-

(၁) တောင်သုံးဆယ်ကျေးရွာ

(၂) ကွမ်ဟယ်ကျေးရွာ

(၃) မန်နောက်ကျေးရွာ ဟုပါရှိလာပေမယ့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်စာရင်းထဲမှာ ပါရှိလာတာကို မတွေ့ရပါဘူး။ နောက်ပြီး နမ့်ဆန်မြို့၊ နမ္မဝေါရပ်ကွက်နှင့် မင်္ဂလာရပ်ကွက်များတွင် ဓါတ်အားစနစ်ပိုမို ကောင်းမွန် စေရေးအတွက် (၁၁)ကေဗွီလိုင်း (၂၂၅၀) ပေနှင့် (၁၁/၀. ၄) ကေဗွီ (၁၀၀၀ ကေဗွီအေ) နှစ်လုံး တပ်ဆင်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ဘတ်ဂျက် (RE)မှာ လျာထားတင်ပြထာပြီး ဖြစ်ပါသည်ဟု ဖြေကြားခဲ့သော်လည်းဘဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် (BE) ဘတ်ဂျက် (ခရီးစဉ်လမ်းညွှန်ချက်နှင့် လွှတ်တော်ကတိကဝတ်) တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှာ မင်္ဂလာရပ်ကွက်သာပါရှိလာပြီး နမ္မဝေါရပ်ကွက်ပါရှိ လာတာကိုမတွေ့ရပါဘူး။ ကျွန်တော်တို့



D/real(wide) (9



အဖြစ် ကျွန်တော်မေးမြန်းခဲ့ဖူးပါတယ်။ အဲဒီမေးမြန်းချက်ကို (၅-၉-၂၀၁၄) ဒသမအကြိမ်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်နယ်လျှပ်စစ် ဝန်ကြီးက ပူးတွဲပါအတိုင်း ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ပြည်နယ်လျှပ်စစ်ဝန်ကြီးက ဘယ်လိုဖြေကြားခဲ့သလဲဆိုရင်-

(၁) နမ့်ဆန်မြို့နယ်တွင် ကျေးရွာများလျှပ်စစ်ဓါတ်အားရရှိရေးအတွက် ဌာနနှင့် ကျေးရွာ ပူးပေါင်းဆောင်ရွက်မှုဖြင့် (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ်တွင် တောင်မှတောင်မဲ၊ တန့်မင်းသား၊ မန်နယ်ကျေးရွာနှင့်လွယ်ဆိုင်တောင်ဘုရားသို့ လျှပ်စစ်ဓါတ်အားရရှိရေး အတွက် (၁၁)ကေဗွီလိုင်း(၁၀)မိုင်အား နိုင်ငံတော်ဘတ်ဂျက်မှ ကျခံ တည်ဆောက်ပေးခဲ့ပြီး ကျေးရွာတွင်း (၄၀၀)ဗို့လိုင်းနှင့် (၁၁/၀. ၄) ကေဗွီ ထရန်စဖော်မာအား ကျေးရွာကုန်ကျစရိတ်ဖြင့် တည်ဆောက်အသုံးပြုခဲ့ပြီးဖြစ်ပါသည်။

(၂) ၆၆/၁၁ ကေဗွီ(၅)အမ်ဗွီအေ ဓါတ်အားခွဲရုံမှ ထပ်မံဓါတ်အားဖြန့်ဖြူးပေးနိုင်မည့် ကျေးရွာများမှာ

(က) ဓါတ်အားခွဲရုံမှ(၂)မိုင်အတွင်းကျေးရွာ (၃)ရွာ-

(၁) ကျောက်ဖြူကျေးရွာ၊

(၂) ပန်ဆီမိန်းကျေးရွာ၊

(၃) ကယားတန်းကျေးရွာ

( ခ) ၆၆/၁၁ ကေဗွီ ဓါတ်အားခွဲရုံမှ(၁၁)ကေဗွီလိုင်း(၁၃)မိုင် သွယ်တန်း၍ဓါတ်အားပေးနိုင်သောကျေးရွာများမှာ-

(၁) တောင်သုံးဆယ်ကျေးရွာ

(၂) ကွမ်ဟယ်ကျေးရွာ

(၃) မန်နောက်ကျေးရွာ

လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့လည်းဘဲ ဒသမအကြိမ် မြောက် ပုံမှန်အစည်းအဝေးမှာ လျှပ်စစ်ဝန်ကြီးဖြေကြားခဲ့တဲ့ကတိ ကဝတ်ကို ကျွန်တော်တို့ လုပ်သားပြည်သူကို ချပြပေးပြီးသာ ဖြစ်ပါ တယ်။ တကယ်တမ်းထွက်လာတဲ့အခါကြတော့ နည်းနည်း ကွဲလွဲနေတာဖြစ်ပါတယ်။ ဒါကြောင့်မလို့ ဒသမအကြိမ် ပုံမှန်အစည်း အဝေးတွင် ဖြေကြားခဲ့သည့် လွှတ်တော်ကတိကဝတ်အတိုင်း ဆောင်ရွက်ပေးနိုင်ဖို့အတွက် လူထုကိုယ်စားတင်ပြရခြင်း ဖြစ်ပါ တယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂) မှ ဦးမြင့်စိုးနိုင်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ဦးမြင့်စိုးနိုင်။ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော် ကတော့ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) မှရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးနိုင် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည် နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ဖိတ်ကြားထား သော ဧည့်သည်တော်ကြီးများအားလုံး၊ လွှတ်တော်မှ တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာကြပါစေ လို့ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၅-၂၀၁၆ ဘဏ္ဍာ ရေးနှစ် မူလရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်းပြီးတော့မှ အကြံပြု ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ယခု ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြထားတဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှစ် မူလရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဥပဒေကြမ်းဟာဆိုရင် တင်ပြဆွေးနွေးတဲ့အချိန်ရယ် လွှတ်တော်ကို တင်ပြတာရယ်၊ဆွေးနွေးတာရယ်၊အတည်ပြုတာရယ်အချိန်ဟာလည်း





မဟာဓာတ်အားလိုင်းနှင့် (၂) မိုင်ပတ်ဝန်းကျင် ကျေးရွာများမှာ နိုင်ငံတော်အစိုးရမှ လျှပ်စစ်မီးလင်းရေးအတွက် ခွင့်ပြုဆောင်ရွက် ပေးနေပြီ ဖြစ်ပါတယ်။ ထို့အတူ မဟာဓါတ်အားလိုင်းနှင့် (၂) မိုင် ကျော်ကွာဝေးသော ကျေးရွာများမှာလည်း ပြည်သူလူထုမှ မိမိတို့၏ ထည့်ဝင်ငွေနှင့် ကိုယ့်အားကိုယ်ကိုး မဟာဓါတ်အားလိုင်းများကို တည်ဆောက်ပြီး ဆောင်ရွက်ပေးနေတာကြောင့် ရှမ်းပြည်နယ် အတွင်းနေရာဒေသအတော်များများမှာ မီးလင်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ရပ်စောက်မြို့နယ်အနေနှင့်လည်း မဟာ ဓာတ်အားလိုင်းနှင့် (၂)မိုင်အထက် ဝေးကွာတဲ့နေရာမှာ ကျွန်တော် တို့ ပြည်သူလူထု စုစုပေါင်းအင်အားဖြင့် မိုင်ပေါင်း(၃၆)မိုင်ကို ပြည်သူလူထုမှ ထည့်ဝင်အား ငွေကျပ်သိန်းပေါင်း(၂၄၀၀၀) ကျော်နှင့်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဆောင်ရွက်ပြီးတဲ့နေရာမှာ အချို့မဟာဓာတ်အားလိုင်းနှင့် (၂)မိုင်ပတ်ဝန်းကျင်ရှိ ကျေးရွာ များမှာ ရပ်ကွက်နေပြည်သူများ ငွေကြေးအင်အား မထည့်ဝင်နိုင်တဲ့ အတွက်ကြောင့် မဟာဓာတ်အားလိုင်းနှင့်နီးပြီးတော့ မီးမလင်းနိုင်တဲ့ ကျေးရွာများလည်း အများကြီးကျန်ရှိနေသေးတာကို ဝမ်းနည်း ဖွယ်ရာတွေ့ရှိရပါတယ်။ ထို့ကြောင့်ကျွန်တော်တို့ စီမံကိန်းရေးဆွဲတဲ့ အခါမှာ အထောက်အကူပြု ကော်မတီသုံးရပ်နှင့် စီမံကိန်းဦးစီး ဌာနတို့မှ ကျန်ရှိနေသေးတဲ့ ကျေးရွာများကို ဦးစားပေးပြီးတော့မှ ဆောင်ရွက်ပေးနိုင်ရန် အစည်းအဝေးဆုံးဖြတ်ပြီးတော့မှ တင်ပြ ထားတာရှိပါတယ်။ တင်ပြထားတဲ့ နေရာမှာ သက်ဆိုင်ရာ လျှပ်စစ် ဌာနရဲ့ ပူးပေါင်းတင်ပြမှု မပါဝင်တဲ့အတွက်ကြောင့် ကျန်ရှိနေတဲ့ ကျေးရွာတွေလည်း အများကြီး ကျန်ရှိနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ရပ်စောက်မြို့နယ်မှာ သာမကဘဲ ရှမ်းပြည်နယ် အတွင်းမှာရှိတဲ့ ကိုယ်ထူကိုယ်ထ ကိုယ်အားကိုယ်ကိုယ် လျှပ်စစ် မီးလင်းရေး လုပ်ကိုင်ဆောင်ရွက်ထားသော ကျေးရွာများအားလုံး



D/real(wide) (9

ရဲ့ မဟာဓာတ်အားလိုင်းနှင့် (၂) မိုင် အထက် (၁၁)ကေဗွီလိုင်းနှင့် (၂)မိုင်ပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာများ အားလုံးကို ကျေးလက်ဒေသလူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးလင်းရေး လုပ်ငန်းများကို တိုးမြှင့်ချထားပေးရန် ကျွန်တော်အနေနှင့် အထူးဘဲ တိုက်တွန်းအဆိုပြုအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ပတ်သက်လို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်ရှင်းလင်း တင်ပြရန်ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းနဲ့ ပတ်သက်လို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်ရှင်းလင်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စား လှယ် အားလုံးကိုယ်၏ကျန်းမာခြင်းစိတ်၏ ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေလို့ ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)ဦးစိုင်းလွင်မှ စည်ပင်သာယာရေးအဖွဲ့၏ ဘဏ္ဍာရေးလျာထားချက်နှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေး ဝန်ကြီး ဦးစိုင်းလှဝင်းမှ ရှင်းလင်း ဖြေကြား တင်ပြပေးသွားမှာဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့၏ သာမန်ငွေလုံးငွေရင်းစာရင်းများကို ဖော်ပြထားရာတွင် ငွေစာရင်းခေါင်းစဉ်နဲ့ ဘဏ္ဍာငွေလျာထားချက်များကိုသာ ဖော်ပြထားပါသည်။ လွန်ခဲ့သောနှစ်များက မြို့နယ်အလိုက်ခွဲဝေလျာထားချက်မှ ဖော်ပြထားရှိခဲ့ပါသည်။ ငွေစာရင်းခေါင်းစဉ်ကိုသာကြည့်၍ အတည်ပြုပေးရသည့် သဘောဖြစ်





အင်မတန်နီးကပ်နေတဲ့အတွက်ကြောင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာပုဂ္ဂိုလ်များအားလုံး အချိန်ယူပြီး လေ့လာတင်ပြနိုင်ရန်အတွက်ကြိုတင်ပြီးတော့ အချိန်ပိုပေးနိုင်မယ် ဆိုရင်တော့ အများကြီးအဆင်ပြေ နိုင်မှာဖြစ်ပါတယ်။ ယခုနိုင်ငံတော်မှ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးနေတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် များကိုဆောင်ရွက်တဲ့နေရာမှာ ကျေးရွာအုပ်စု အဆင့်အုပ်ချုပ်ရေးမှူး၊ အထောက်အကူပြု အဖွဲ့၊ ကော်မတီ နောက်ပြီး တော့ မြို့နယ်မှာရှိတဲ့ ကော်မတီသုံးရပ်နှင့် ပူးပေါင်းဆောင်ရွက်ပြီး ဒေသခံပြည်သူတို့ရဲ့ အမှန်တကယ်လိုအပ်ချက် အမှန်တကယ်လိုအပ် နေသော စီမံကိန်းများကို ပေါင်းစပ်ညှိနှိုင်းပြီး ရေးဆွဲဆောင်ရွက် ပြီးတော့မှ အဆင့်ဆင့် တင်ပြတောင်းခံခြင်းဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ကော်မတီသုံးရပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များမှာ လည်း ကျွန်တော်တို့မြို့နယ်မှာဆိုရင် တစ်လကို နှစ်ကြိမ်တွေ့ဆုံဆွေး နွေးပြီးတော့မှ ပြည်သူလူထု အမှန် တကယ်လိုအပ်တဲ့ စီမံကိန်းတွေကို ဆွေးနွေးရေးဆွဲပြီးတော့မှ မြို့နယ်စီမံကိန်းဦးစီးမှူး ကနေပြီးတော့မှ ဆွေးနွေးရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတာ ဖြစ်ပါ တယ်။ အဲဒီလိုရေးဆွဲတဲ့အခါမှာ သက်ဆိုင်ရာဌာန၊ အစိုးရဌာနတွေမှ ပူးပေါင်းပါဝင်မှု အားနည်းတဲ့နေရာမှာ အမှန်တကယ်ပြည်သူလူထု လိုအပ်နေတဲ့ စီမံကိန်းလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း အများကြီး ကျန်ရှိနေတာကိုလည်းတွေ့ရှိရပါတယ်။ ဆက်လက်ပြီး တော့ ကျွန်တော်တို့ ရပ်စောက်မြို့နယ်လျှပ်စစ်မီးနှင့်ပတ်သက်ပြီး တော့ ကျွန်တော့အနေနှင့် အထူးဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါ တယ်။ ယခုအခါ နိုင်ငံတော် သမ္မတကြီးရဲ့ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသများအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းစဉ် များကို ဆောင်ရွက်ပေးနေတာကို အားလုံးအသိပဲဖြစ်ပါတယ်။

နေပါသည်။ သက်ဆိုင်ရာမှ လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးရန် အကြံပြုဆွေးနွေးတင်ပြချက်အား ကျွန်တော့် အနေနှင့်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ကျွန်တော်တို့ ရှမ်းပြည်နယ်စည်ပင်ဥပဒေကို ၂၀၁၃ အောက်တိုဘာ (၁၅)ရက်နေ့မှာ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ်(၁၁/၂၀၁၃)ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေအခန်း(၁၄)မှာ ဘဏ္ဍာရေးနှင့် ပတ်သက်ပြီးတော့ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ပုဒ်မ- ၅၇၊ မြို့နယ်ကော်မတီသည်** (က)မြို့နယ်စည်ပင်သာယာရေးဌာနက ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကောက်ခံရရှိသည့် အခွန်၊ အခ ၊အကောက်များအား ပြည်နယ်ဘဏ္ဍာရန်ပုံငွေ သို့ ပေးသွင်းရေး ကြီးကြပ်ရမည်၊ ( ခ ) အ စိုး ရ အဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးဌာနမှ သတ်မှတ်လျာထားသော အသုံး စရိတ်အား ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေအရ အသုံးဆိုင်ရာ ဥပဒေအရ တည်ဆဲဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခြင်းကို ကြီးကြပ်ရမည်။

**ပုဒ်မ- ၅၈ (က) မြို့နယ်ကော်မတီသည်**(က)အမှုဆောင်အရာရှိ (သို့) မြို့နယ်ခွဲ တာဝန်ခံက တင်ပြလာသော နှစ်စဉ်အရ အသုံးခန့်မှန်းခြေစာရင်းကိုစိစစ်၍ ညှိနှိုင်းရေးမှူးမှတစ်ဆင့် ပြည်နယ်ကော်မတီသို့ တင်ပြရမည်။( ခ)ပြည်နယ်ကော်မတီသည် ညှိနှိုင်းရေးမှူးမှတဆင့် ပြည်နယ်ကော်မတီများက တင်ပြသည့် နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်း များကို စုစည်း၍ ဌာန၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းအဖြစ်အစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက်ရယူရမည်။





ခြေမှာ ထည့်သွင်းထားပါတယ်။ နှိုင်းယှဉ်ပြီးတော့ ၂၀၁၅-၂၀၁၆ ခန့်မှန်းခြေစာရင်းကိုလည်း ထည့်သွင်းထားပါတယ်။ အသုံးစရိတ်မှာ ဆိုရင် ငွေလုံးရာခိုင်နှုန်း၊ သာမန်ရာခိုင်နှုန်း ပေါင်း၊ ဝင်ငွေအပေါ် အသုံးစရိတ် ပို/လျော့၊ ဝင်ငွေအပေါ်အသုံးစရိတ်ဆိုပြီးတော့ အသေးစိတ် တစ်မြို့နယ်ချင်းအလိုက်တင်ပြထားပြီးဖြစ်ပါတယ်။ ဆိုတော့ကာ အဲဒီလိုတင်ပြတဲ့နေရာမှာ ကျွန်တော်တို့ ဘဏ္ဍာရေး စည်ပင်သာယာရေးရဲ့ အစိုးရအဖွဲ့ရဲ့ ချမှတ်ထားတဲ့ မူဘောင်များ အတွင်းမှာဘဲ ဆက်လက်ပြီးတော့ ဒီဘဏ္ဍာရေး ကို ဘယ်လိုပြီး တော့ အသေးစိတ်ဘယ်လိုရေးဆွဲတယ်ဆိုတာလေးကို တင်ပြခွင့်ပြုပါ။ ၂၀၁၅ - ၂၀၁၆ ကနေ ရသုံးမှန်းခြေငွေစာရင်းအောက်ပါအတိုင်း မူဘောင်အားဖြင့် ရေးဆွဲတင်ပြထားပါတယ်-

(က) ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်ရငွေအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မူလရငွေအပေါ် အနည်းဆုံး၅% တိုးမြှင့်၍ခန့်မှန်းလျာထား ရေးဆွဲရပါတယ်။

( ခ) ဝင်ငွေကျပ်သိန်း(၁၀၀၀)နှင့်အထက် မြို့နယ်များ ၏ အသုံးစရိတ်များအား ငွေလုံးငွေရင်း (၅၀)% နှင့် သာမန်(၄၀)% စုစုပေါင်းအသုံးစရိတ် (၉၀)%ရေးဆွဲထားပါတယ်။

( ဂ) ဝင်ငွေကျပ်သိန်း(၅၀၀)နှင့်ကျပ်သိန်း(၁၀၀၀) ကြားရှိမြို့နယ်များ အသုံးစရိတ်များငွေလုံးငွေရင်း (၅၀)% နှင့်သာမန်အသုံးစရိတ်အား ဝန်ထမ်း လစာ၊ ရှားပါးစရိတ်ပေါ်မူတည်၍ ရေးဆွဲထား ပါတယ်။

(ဃ) ငွေကျပ်သိန်း (၅၀၀)အောက် မြို့နယ်များအား ဌာန၏ လိုအပ်ချက်များ အရ ငွေလုံး သာမန် ရာခိုင်နှုန်းများအား သင့်တင့်သလို သတ်မှတ်ပြီး ရငွေကို (၁၀၀)%သုံးစွဲသည့်အပြင် ငွေလုံငွေရင်း အသုံးစရိတ်(၄၅)%ပြည့်မီအောင်ထပ်မံဖြည့်တင်းရေး ဆွဲထားပါတယ်။

( င) ပြည်နယ်ဌာနခွဲ ဝင်ငွေ နည်းသည့် ဝင်ငွေမရှိသော မြို့နယ်/ မြို့နယ်ခွဲဌာနများ၏ အသုံးစရိတ်များ အတွက် အသုံးစရိတ်(၉၀)%ရေးဆွဲစေသည့် ဝင်ငွေကျပ်သိန်း(၁၀၀၀)အထက် ဌာနများ၏ ကျန်ငွေ(၁၀)%မှ ဖြည့်တင်း၍ လိုအပ်ချက် များအပေါ် မူတည်၍ရေးဆွဲထားပါတယ်။

( စ) ကော်မတီဝင်များ၏ စရိတ်ချီးမြှင့်ငွေများအား သက်ဆိုင်ရာမြို့နယ်များတွင် ထည့်သွင်းလျာထား ရေးဆွဲထားပါသည်။

(ဆ) မြို့နယ်များတွင် မဖြစ်မနေ သုံးစွဲရမည့် လစာစရိတ်၊ ရှားပါးစရိတ်၊ ပင်စင်လစာ၊ အခြားအသုံး စရိတ် များကြောင့် သာမန်အသုံးစရိတ်ရာခိုင်နှုန်းဖြင့် မြင့်တက်နေပါက စည်ပင်သာယာရေး ကော်မတီ ဝင်များအတွက် တစ်နှစ်စာကုန်ကျငွေ စရိတ်ချီးမြှင့် ငွေ(၄၈)သိန်းအားပြည်နယ်ရန်ပုံငွေမှ ဖြည့်တင်း လျာထားခွင့်ပြုထားပါသည်။

( ဇ) ဝင်ငွေကျပ်သိန်း(၁၀၀၀)နှင့်အထက် မြို့နယ် စည်ပင်သာယာရေးဌာနများအနေဖြင့် ငွေလုံး (၅၀)% သာမန်(၄၀)%ဖြင့် ရေးဆွဲရာတွင် သာမန်



D/real(wide) (1



**ပုဒ်မ- ၆၀ ပြည်နယ်ကော်မတီသည်**(က) အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ပြည်နယ်စည်ပင်သာယာရေးဌာန၊ ပြည်နယ် စည်ပင်သာယာရေးဌာန ခွဲများ နှင့် မိမိ ဝင်ငွေဖြင့် ရပ်တည်နိုင်ခြင်း မရှိသော မြို့နယ်/မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများ၏ အသုံး စရိတ်များကို ပြည်နယ်ဘဏ္ဍာရေးရန်ပုံငွေမှကျခံသုံးစွဲနိုင်မည်ဟုစီမံ ဆောင်ရွက်ရမည်ဟုဖော်ပြပါရှိပြီးဖြစ်ပါသည်။ သို့ပါ၍ ရှမ်းပြည်နယ် စည်ပင်၏ အရအသုံးငွေစာရင်းများအား အထက်ပြဌာန်းချက် များနှင့်အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့အတည်ပြုချက်အရ ၂၀၁၅ - ၂၀၁၆ ခုဘဏ္ဍာရေးနှစ်အတွက် အခွန်ရငွေလျာထားချက်(၁၆)ချက် မှာဆိုရင်ကျပ်သန်းပေါင်း (၁၂၆၈၄. ၁၆) သန်းအပေါ် ငွေလုံးငွေရင်း အသုံးစရိတ်သန်းပေါင်း(၆၉၂၄. ၉၄၂)သန်း (၅၄. ၆၀)ရာခိုင်နှုန်းနှင့် သာမန်အသုံးစရိတ်ကျပ်သန်းပေါင်း(၅၇၅၇. ၂၁၈)သန်း(၄၅. ၃)ရာခိုင်နှုန်း ရေးဆွဲတင်ပြခဲ့ပါသည်။

မြို့နယ်စည်ပင်သာယာရေးဌာန အသုံးစရိတ်များအတွက် အချက်အလက်များအားလည်း ဒါလည်း ကျွန်တော်ပူးတွဲပြီးတော့ အားလုံးလွှတ်တော်ကိုယ်စားလှယ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ် ပါတယ်။ ပူးတွဲပါဇယားဖြင့် ဖော်ပြထားပြီး တစ်မြို့နယ်ချင်း၏ ငွေလုံး ငွေရင်းနဲ့ သာမန်အသုံးစရိတ်စာရင်းများကို သိရှိလိုပါက သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးဌာနအဖွဲ့များတွင် စိစစ် မေးမြန်းနိုင်ပါ ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန် တော်တို့ ရှမ်းပြည်နယ်မှာဆိုလို့ရှိရင် ကျွန်တော်တို့ စည်ပင်ရေးဌာန အဖွဲ့၊ အဖွဲ့ပေါင်း၊ မြို့ပေါင်း(၈၀)မှာ ကျွန်တော်တို့ဌာန စည်ပင် သာယာရေးဌာနဖွဲ့စည်းပြီးတော့ မြို့ပြစနစ်များကို ဆောင်ရွက်လျက် ရှိပါတယ်။ ဒါဆိုလို့ရှိရင် အသေးစိတ်တော့ မဖတ်ပြတော့ပါဘူး။ အားလုံးဆိုရင် အမှတ်စဉ်၊ အဖွဲ့၊ အမည် ၂၀၁၄-၂၀၁၅ ပြုပြင်ပြီးခန့်မှန်း

အသုံးစရိတ်  သတ်မှတ်သည့်(၄၀)%ဖြင့် လုံလောက်မှု မရှိသောမြို့နယ်များကို ငွေလုံးငွေရင်း အသုံးစရိတ်အား(၄၅)%ရေးဆွဲ ဆောင်ရွက်ထား ပါသည်။

(ဈ) မြို့သာယာလှပအသုံးစရိတ်အား သာမန်အသုံး စရိတ်နှင့်ရငွေအပေါ် အနည်းဆုံး(၅)%မှ(၁၀)% အထိ လျာထား ရေးဆွဲပြီး ရေစီးရေလာ ကောင်း မွန်ရေး အတွက် ရေမြောင်းမကြီးများ ရေနုတ် မြောင်းများ ထည့်သွင်းလျာထား ရေးဆွဲထား ပါသည်။

(ည) ငွေလုံးငွေရင်းလုပ်ငန်းများဖြစ်သည့် လမ်း၊တံတား၊ ရေ ပေးရေး လုပ်ငန်းများကို ရေးဆွဲရာတွင် (၅) နှစ်စီမံကိန်းရေးဆွဲတင်ပြထားသည့် လုပ်ငန်းများ၊ နိုင်ငံတော် အကြီးအကဲများ၏ ညွှန်ကြားချက် ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရဝန်ကြီး များ၏ ခရီးစဉ် လမ်းညွှန်ချက် ၊ လွှတ်တော် ကိုယ်စားလှယ်များ၏တင်ပြချက်အပေါ် ဆောင်ရွက် ပေးမည့် အစီအစဉ်များအနက် မြို့မိ၊ မြို့ဖများရဲ့ တင်ပြချက်များ ထည့်သွင်း၍ရေးဆွဲထားပါသည်။

( ဋ) မိမိတို့ မြို့နယ်အတွင်း အမှန်တကယ်လိုအပ်မည့် လုပ်ငန်းများအပေါ် မူတည်၍ မြို့ပြလမ်း၊တံတား၊ ရေပေးရေးနှင့် လုပ်ငန်းသုံးယာဉ် စက်ယန္တရားဝယ် ခြင်းများ၊ အဆောက်အဦးဆောက်လုပ်ခြင်းများ ထည့်သွင်းလျာထားရေးဆွဲထားပါသည်။

( ဌ) သို့ပါ၍ စည်ပင် သာယာရေး ဌာန၏ ၂၀၁၅ - ၂၀၁၆ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းများ



D/real(wide) (1



ကော်မတီများ ဆက်စပ်ပြီးတော့လေ့လာသုံးသပ်ပေးနိုင်ကြောင်း လေးစားစွာ တင်ပြရင်နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် (BE) တွင် လျှပ်စစ်ကဏ္ဍမှာပို၍ များပြားတာကို တွေ့ရပါတယ်။ ဒါကြောင့် ဘဏ္ဍာရေးဝန်ကြီးမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။အားလုံး မင်္ဂလာပါ ခင်ဗျား၊ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ် ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ ဒီနေ့ လွှတ်တော်ကိုယ်စားလှယ်များ ၂၀၁၅-၂၀၁၆ မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ပတ်သက်ပြီးတော့ ယခုလိုမျိုး ဆွေးနွေးပေးသွားတဲ့ အတွက်ကြောင့် ကျွန်တော့ အနေနဲ့ များစွာကြိုဆိုပါတယ်။ ဘာပဲ ဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ ဘတ်ဂျက်ရေးဆွဲတဲ့ အပေါ်မှာ စိတ်ဝင် တစားရှိတဲ့အတွက်ကြောင့် ဝမ်းသာပါတယ်။ ဒီနေရာမှာ ကျွန်တော့ အနေနဲ့ ပြန်လည်ဆွေးနွေးလို တာကတော့ လျှပ်စစ်နှင့် စက်မှု ဝန်ကြီးအနေနှင့် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စနှင့် နေပြည်တော် သို့သွားရောက် နေတဲ့အတွက် ဝန်ကြီးကိုယ်စား ကျွန်တော် အနေနဲ့ ဖြေကြားဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယခုလို ဖြေကြား ဆွေးနွေး တဲ့နေရာမှာ ကျွန်တော်အနေနဲ့ မပြည့်စုံတာ များရှိခဲ့ရင် နားလည်ပေးကြပါလို့ ကြိုတင်မေတ္တာရပ်ခံ အပ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်ကိုရေးဆွဲတဲ့အခါမှာ ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေမှာပါဝင်တဲ့ ဌာနဆိုင်ရာတွေကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းကို

ပြည်နယ်အစိုးရအဖွဲ့ အနေနှင့်(၁၂. ၉. ၂၀၁၄) ရက်စွဲပါစာအမှတ် (၁၁၄၁၈/၆-၂၄၅/အစရ(ရှမ်း) ) နှင့် (၂၂. ၉. ၂၀၁၄) ရက်နေ့မှာ ပေးပို့ဖို့ ကြိုတင်အကြောင်းကြားထား ပေးပါတယ်။ ကျွန်တော်တို့ အချိန်(၃) လခန့်ကြိုတင်ပြီးတော့ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဦးစီးဌာနများကို အကြောင်းကြားထားပေးပြီးလည်း ဖြစ်ပါတယ်။ ယခုလိုဆောင်ရွက်တဲ့အခါ မှာလည်း ပြည်ထောင်စုဘဏ္ဍာရေး ဝန်ကြီးရုံး၏ (၈. ၁၁. ၂၀၁၄) ရက်စွဲပါစာအမှတ် (ဘခ-၃/၂၀ (၅၇၆၉/၂၀၁၄) နှင့် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ (၁၄. ၁၁. ၂၀၁၄) ရက်နေ့အရောက် ပေးပို့ရန် ထပ်မံ အကြောင်းကြားခဲ့ပါတယ်။ ကျွန်တော်တို့(၃) လကြိုတင်ပြီးတော့ အကြောင်းကြားထားပြီးဖြစ်ပါတယ်။ နောက်တစ်ခု ပြည်ထောင်စု ဝန်ကြီးရုံးကလာတဲ့အခါမှာ (၁၁) ရက်နေ့မှာ ကျွန်တော်တို့ ထပ်မံ အကြောင်းကြား ပါတယ်။ ဌာနဆိုင်ရာများဟာ ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်ရမယ့် လုပ်ငန်းစီမံကိန်းများအရ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းများကို သက်ဆိုင်ရာ (Focal Ministry) သူ့ရဲ့ဦးစီးဌာနတွေမှာ စာရင်းပြုစုပေးဖို့လိုမှာ ဖြစ်ပါတယ်။ စာရင်းပြုစုရေးဆွဲပြီးတော့ ပြည်နယ်အစိုးရထံ ကြိုတင်ပြီးတော့ တင်ပြရမှာဖြစ်ပါတယ်။ ဒီလိုအတည်ပြုပြီးတဲ့ စာရင်း တွေကို ပြည်နယ်ရသုံးမှန်းခြေငွေ စာရင်းဦးစီးဌာနသို့ သတ်မှတ်ရက် အချိန်မီပေးပို့ပြီးတော့ ရေးဆွဲလျာထားရမှာဖြစ်ပါတယ်။ ဥပမာ အားဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ရေးလုပ်ငန်း ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီး ဌာနသို့သတ်မှတ်ရက်အတွင်းပေးပို့လာတဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ဖြစ်တဲ့ စောစောက ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားတဲ့ ကျပ်သန်းပေါင်း (၄၁၁၅၂. ၂၃၈)သန်းကို လျာထားရေးဆွဲ ခွင့်ပြုပြီးတော့ တင်ပြ



D/real(wide) (1



ရေးဆွဲရာ တွင် ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၅၈ (က)(ခ)တို့နှင့်အညီ ရေးဆွဲတဲ့ အခြေခံအချက်အလက်များအပေါ် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီက ဒု ဥက္ကဋ္ဌကော်မတီဝင် များမှ သဘောထားနဲ့ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနဲ့အတူ ကျန်တဲ့ကျွန်တော်တို့ အထောက်အကူပြု ကော်မတီများ၊ စီမံခန့်ခွဲရေးကော်မတီဝင်များအလိုက်ညှိနှိုင်း ဆောင်ရွက်ရေးဆွဲထားပါကြောင်း လိုအပ်သည်များ ညွှန်ကြားမှုပြုနိုင် အောင်လို့တင်ပြရခြင်းဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကျွန်တော်တို့ ရှမ်း ပြည်နယ်မှာရှိတဲ့စည်ပင်သာယာရေးဘတ်ဂျက်များကို ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကကြီးကြပ်မှုနှင့်အညီလက်ရှိ ကျွန်တော်တို့ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေများ ဘောင်အတွင်းမှာဘဲ သက်ဆိုင်ရာမြို့နယ်အသီးသီးမှနေ၍ ရေးဆွဲတင်ပြလာပါတယ်။ သက်ဆိုင်ရာ မြို့နယ်ကော်မတီများ အနေနဲ့ ရေးဆွဲမယ်၊ ရေးဆွဲပြီး တော့မှ သက်ဆိုင်ရာ ပြည်နယ်စည်ပင်သာယာရေး ကော်မတီကို တင်ပြမယ်။သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီမှရှမ်းပြည်နယ် အစိုးရအဖွဲ့ကို တင်ပြပြီး ကျွန်တော်တို့ရသုံးမှန်းခြေ မှာ ထည့်သွင်း ရေးဆွဲခြင်းဖြစ်တယ် ဆိုတဲ့အကြောင်း လေးစားစွာတင်ပြလိုပါတယ်။ နောက်တစ်ချက်ကလုပ်ငန်းနှင့်ပတ်သက်ပြီး ကျွန်တော်တို့ တင်ပြ ဆွေးနွေး သလိုပါဘဲသက်ဆိုင်ရာနိုင်ငံတော်အကြီးအကဲ၊ကျွန်တော်တို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အပြင် သက်ဆိုင်ရာ ဝန်ကြီးများရဲ့ လိုအပ်ချက် လွှတ်တော်ကိုယ်စားလှယ် လိုအပ်ချက်အပြင် သက်ဆိုင်ရာရပ်/ကျေး၊ ရပ်ကွက်မှာ လိုအပ်ချက်များကိုလည်း ကျွန်တော်တို့ ကော်မတီ(၃)ရပ် နှင့်အညီ ပထမဦးစားပေး၊ဒုတိယဦးစားပေး၊ တတိယဦးစားပေး လုပ်ငန်းများ၌ ထည့်သွင်းဖော်ပြပြီးဆောင်ရွက်လျက်ရှိပါကြောင်း၊ အကယ်၍ လွှတ်တော် ကိုယ်စားလှယ်များ သိချင်တာရှိရင် နောက်ထပ်ကို လည်းဆက်စပ်ပြီးတော့ ကိုယ့်မြို့နယ်အသီးသီးမှာရှိတဲ့

ထားပြီးဖြစ်ပါတယ်။ ဒီလိုဘဲဌာနဆိုင်ရာများမှ သတ်မှတ်ထားတဲ့ ရက်အတွင်း အချိန်မီရေးဆွဲပေးပို့လာတဲ့ စာရင်းများအရ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရဲ့ ငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေ ကျပ်သန်းပေါင်း ခုနက ကျွန်တော်တင်ပြတဲ့ (၄၁၁၅၂. ၂၃၈) သန်းဖြင့်သာ ရှမ်းပြည်နယ်ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှ စုစည်းပြီးတော့ ကျွန်တော်တို့ (၁. ၁၂. ၂၀၁၄) ရက်နေ့မှာ ကျင်းပခဲ့တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၄) မှာ တင်ပြခဲ့တဲ့နေရာမှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့က အတည်ပြုပြီး ဖြစ်တဲ့အတွက် ဒီစာရင်းတွေကိုသာ လွှတ်တော်ကို တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ သိရှိလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်(လင်းခေး)ဆွေးနွေးတဲ့အပိုင်းမှာ အချိန်မီ မရောက်ရှိလာတဲ့ရပ်စောက်မြို့နယ်ကနေတင်ပြလာတဲ့စာရင်းဇယားများသည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ကနေအတည်ပြုထားတဲ့ စာရင်းလည်း မဟုတ်ပါဘူး။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ ဆောင်ရွက်မှုများဟာ ဘတ်ဂျက်ကိုရေးဆွဲတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံတော်ကနေ ပြည်သူကိုဗဟိုပြုတဲ့ စနစ်ဖြစ်အောင်ဆိုပြီးတော့ ကော်မတီသုံးရပ်ကို ဖွဲ့စည်း ထားပေးပြီးဖြစ်ပါတယ်။ ဒီကော်မတီသုံးရပ်မှ တဆင့် ကျွန်တော်စောစောက တင်ပြခဲ့တဲ့ သက်ဆိုင်ရာ (Focal Ministry) ဦးစီးဌာနတွေကိုပေးပို့ရဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒီကော်မတီသုံးရပ်ရဲ့ အတည်ပြု ချက်နှင့်အချိန်မီ ပေးပို့ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း လွှတ်တော်ကိုယ်စားလှယ်များ အနေနှင့် ကျွန်တော့ အနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၊ ဇယား(၄)မှာ ပါရှိတဲ့ ကတိ သစ္စာပြုချက် သို့မဟုတ် ကျမ်းသစ္စာဆိုချက် ပုံစံမှာကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီးတဲ့ အခါမှာ ကျွန်တော်တို့ ကတိသစ္စာခံယူရပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်





၂၀၁၅-၂၀၁၆ (BE) ဘတ်ဂျက်တွင် ထည့်သွင်းပေးရန် ညွှန်ကြားလာသည့်အတွက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၏ (၉-၁၁-၂၀၁၄) ရက်စွဲပါစာအမှတ် (၆၄၁၉/ခအဖ ဘတ်ဂျက် တိုင်း-၅/၂၀၁၄)ဖြင့် ယခင်တင်ပြထားတဲ့စာအုပ်တွင် ထည့်သွင်းနိုင်ခြင်း မရှိဘဲ နောက်ဆက်တွဲဖြင့် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြထားခြင်း ဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုမိန့် ရရှိမှသာ ဆောင်ရွက်ရမယ့်လုပ်ငန်း ဖြစ်တဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ထည့်သွင်းလျာထားခြင်း မရှိကြောင်း ပြန်လည်ဆွေးနွေးလိုပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ဆီမှာ အခုနက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခဲ့တဲ့ စာရင်းထပ်နေမှု အနေအထားကလည်း ရှိပါတယ်။ ကျွန်တော်တို့ တတွေ ဘတ်ဂျက်ရေးဆွဲတဲ့အခါမှာ စောစောကတင်ပြသလိုပဲ ကျွန်တော်တို့လွှတ်တော် ရန်ပုံငွေ ရှိတယ်၊ ကျွန်တော်တို့ရဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေရှိတယ်၊ ကျေးလက်ဦးစီးမှာလည်း ရှိတယ်၊ နတလလို့ခေါ်တဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး မှာလည်းရှိတယ်၊ ဒါတွေကိုမထပ်ရအောင်စိစစ်ပြီး ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနများ အားလုံး ဌာနအသီးသီးကနေ ဆွေးနွေးပြီး ဖြည့်ဆည်းထားတဲ့ စာရင်းတွေဖြစ်ပါတယ်။ တစ်ချို့ လုပ်ငန်းတွေမှာ တစ်မြို့နယ်ထဲ၊ တစ်လမ်းထဲမှာ၊ တစ်ရပ်ကွက်ထဲမှာ ဖြစ်နေပေမယ့် လုပ်ငန်းချင်း တူတာမဟုတ်ကြောင်း ကျွန်တော့အနေနှင့် တင်ပြလိုပါတယ်။ ဒီလို အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာလည်းပဲ နိုင်ငံတော် ဘတ်ဂျက် ဖြစ်တဲ့အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကနေ ဒီစာရင်းကိုစစ်ဆေးပါတယ်။ အကယ်၍ လုပ်ငန်းထပ်နေတယ်ဆိုရင် ကျွန်တော်တို့ဆောင်ရွက်ခွင့်မရှိပါဘူး။ တာဝန်ယူတာဝန်ခံမှု အနေနှင့်ဖြေရှင်းပေးရမှာ ဖြစ်ပါတယ်လို့ ကျွန်တော့အနေနှင့် တင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ နမ့်ဆန်

မြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကနေ ဆွေးနွေးသွားတဲ့ အပိုင်းလေးကို ကျွန်တော့အနေနှင့် ပြန်လည်ပြီးတော့ ဆွေးနွေး ပေးသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ် (၆၆/၁၁) ကေဗွီ(၅) အမ်ဗွီအေ ဓာတ်အားခွဲရုံများအား ဓာတ်အား ဖြန့်ဖြူးပေးမည့် ပန်ဆီမိန်းကျေးရွာ (၁၁)ကေဗွီ လိုင်း (၂)မိုင် (၄၀၀)ဗို့လိုင်း(၁)မိုင် (၁၁/၀. ၄)ကေဗွီ(၂၀၀)ကေဗွီအေ ထရန်စ ဖော်မာ တစ်လုံးဟုပါရှိသော်လည်း ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်(BE) မှာပါဝင်ခြင်းမရှိဘူးဆိုတဲ့ ကိစ္စပဲဖြစ်ပါတယ်။ ဒါလေးကတော့ ကျွန်တော်တို့ နမ့်ဆန်မြို့နယ်၊ ပန်ဆီမိန်းကျေးရွာ၊ တောင်သုံးဆယ်ကျေးရွာ၊ ကွမ်ဟယ်ကျေးရွာနှင့် မန်နောင့်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စု ဘတ်ဂျက်မှာ နှစ်အလိုက် ကျေးရွာမီးများရရှိရေး စီမံချက်မှာ ထည့်သွင်းထားပြီးဖြစ်ကြောင်း ကျွန်တော့အနေနဲ့ ပြန်လည်ဆွေးနွေး လိုပါတယ်။ ထပ်မံ၍ လိုအပ်နေမယ်ဆိုရင် ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်မှာ ကျွန်တော်တို့ထည့်သွင်း လျာထားနိုင်ဖို့(RE)မှာ ထည့်သွင်းလျာထား နိုင်ဖို့လည်း ဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။ နောက်အချက်တစ်ခုဖြစ်တဲ့ ရှမ်းပြည်နယ် မြောက်ပိုင်း၊ နမ့်ဆန်မြို့ နယ်၊ နမ္မဝေါရပ်ကွက်၊ မင်္ဂလာရပ်ကွက် များမှာ ဓာတ်အားရရှိရေးအတွက်(၁၁) ကေဗွီလိုင်း(၂၂၅၀)ပေနှင့် (၁၁/၀. ၄)ကေဗွီ(၁၀၀)ကေဗွီ အေထရန်စဖော်မာ(၂)လုံး တည်ဆောက်ရန် ၂၀၁၄-၂၀၁၅ ပြည်နယ်အစိုးရ၏ (RE) ဘတ်ဂျက်တွင် လျာထား ပြီးဖြစ်သည်ဟု ဖြေကြားခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်(BE) ဘတ်ဂျက်တွင် နမ္မဝေါရပ်ကွက်



D/real(wide) (1



သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကို လိုက်နာပါမည်ဟု ကတိကဝတ်ပြုပြီး ဖြစ်ပါသည်။ အခုတင်ပြချက်သည် ကျွန်တော်တို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှာဘဲ အတည်ပြုချက်ရယူခြင်းမဟုတ်ဘဲ လွှတ်တော်အတွင်းမှာတင်ပြခြင်းသည် ကျွန်တော်တို့ လွှတ်တော်နှင့် အစိုးရကြားမှာ အထင်မြင်လွဲမှားခြင်းကို ဖြစ်ပေါ်စေတဲ့ လုပ်ငန်းများ ဖြစ်တဲ့အပြင် သက်ဆိုင်ရာ ဦးစီးဌာနတွေ အချင်းချင်း အထင်အမြင် ကွဲလွဲမှုတွေ ဖြစ်ပေါ်စေတဲ့အတွက် ဒီလုပ်ငန်းမျိုးကိုဆောင်ရွက်ရန် မသင့်ပါကြောင်း ကျွန်တော့အနေနှင့် လေးလေးနက်နက် တင်ပြလို ပါတယ်။ ဒါနဲ့တစ်ဆက်တည်းဘဲ ဆက်လက်ပြီးကျွန်တော့တို့ ဒီဟာကို ပေးပို့လာတဲ့အခါမှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏(BE) ဘတ်ဂျက်မှာခွင့်ပြုထားတဲ့ဟာ မူလတင်ပြထားတဲ့ ကျပ်သန်းပေါင်း (၄၁၁၅၂. ၂၃၈)သန်း ဖြင့်ဆောင်ရွက်လိုတဲ့ ကိစ္စရပ်များအား ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၏ (၂၉-၁၁-၂၀၁၄) ရက်နေ့ရက်စွဲပါ စာအမှတ် (၆၄၁၈/၃-၃(ဆ/ထွေ/၂၀၁၄) ဖြင့် ရှမ်းပြည်နယ် လွှတ်တော်သို့တင်ပြနိုင်ရန် စာအုပ်(၁၆၀)အုပ်ချုပ်၍ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန တောင်ကြီးမြို့သို့ ပေးပို့ပြီး ကျွန်တော် တို့ ကြိုတင်ဖြန့်ဝေပြီးဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အတည်ပြု ပြီးတဲ့ စာရင်းဇယားဖြစ်ပါတယ်။ အဲဒီနောက်ဒီလိုပေးပို့ပြီးတဲ့အခါမှာ (၂၉-၁၁-၂၀၁၄) ရက် စနေနေ့ဖြစ်ပါတယ်။ ကျွန်တော်တို့ညနေပိုင်း မှာ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ၊ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လိပ်မူ ပေးပို့တဲ့ ရှမ်းပြည်နယ် စီမံကိန်းဦးစီးမှူးရုံး၏ (၂၈-၁၁-၂၀၁၄)ရက် ရက်စွဲပါစာအမှတ် (စမက-၃ ၃၂၇/၀၂၀၃/၂၀၁၄(၁၈၃) )ဖြင့် ရပ်စောက်မြို့နယ်မှာရှိနေတဲ့ နောက်ဆက်တွဲကျေးရွာ (၄၁)ရွာရဲ့ လုပ်ငန်း ခန့်မှန်းကုန်ကျငွေ (၄၅၁၁. ၃) သန်းအား ပြည်နယ်အစိုးရ၏

ပါဝင်လာခြင်းမရှိသည့်ကိစ္စဖြစ်ပါတယ်။ပြန်လည်ဆွေးနွေးလိုတာကတော့ ကျွန်တော်တို့၂၀၁၄-၂၀၁၅ (BE) မှာထည့်ဆွဲပြီးဖြစ်ပါတယ်။ ခွင့်ပြုချက်လည်း ရပြီးဖြစ်ပါတယ်။(RE)မှာ ခွင့်ပြုချက်ရပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ(RE)မှာ အတည်ပြုပြီးတဲ့အခါမှာ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ ဒါကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ဆန်မြို့နယ် နမ္မဝေါ်ရပ်ကွက်၊ မင်္ဂလာရပ်ကွက်များ ဓါတ်အားရရှိရေးအတွက် (၁၁) ကေဗွီလိုင်း(၂၂၅၀)ပေနှင့်(၁၁/၀. ၄) ကေဗွီ (၁၀၀)ကေဗွီအေ ထရန်စဖော်မာ(၂) လုံးတည်ဆောက်ရန် ၂၀၁၄-၂၀၁၅ ပြည်နယ်အစိုးရ၏ (RE)မှာ ခွင့်ပြုပေးနိုင်ဖို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၏ (၂၀. ၈. ၂၀၁၄) ရက်စွဲပါစာအမှတ် (၄၄၇၁/ဘ-၄ ဘတ်ဂျက် (ရပန)/၂၀၁၄)နှင့်ဆက်လက်တင်ပြတဲ့ အခါမှာ (RE)မှာ ခွင့်ပြုချက်ရပြီးဖြစ်ကြောင်း ကျွန်တော့အနေနှင့် ပြန်လည်ဆွေးနွေးလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ရဲ့ခုနက ဆွေးနွေးသွားတဲ့အထဲမှာ အစိုးရအဖွဲ့ကို ထောက်ပြပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တေယ်တို့လည်း ဒီမှာဆောင်ရွက်တဲ့အခါမှာ လစ်ဟင်းမှုများ ရှိကောင်းရှိနိုင်ပါတယ်။ ထို့အတွက် ဒီလျာထားခြင်းများဖြစ်တဲ့ ကျွန်တော်တို့လျှပ်စစ်မီးလုပ်ငန်း၊ ဒီဟာတွေကတော့ ကျွန်တော်တို့ ပမာဏများတဲ့ ငွေလုံးငွေရင်းအသုံးစရိတ်မှာ အသုံးများတဲ့ လျှပ်စစ်၊ နောက်တစ်ခုကတော့ အဆောက်အဦး၊E-government နောက်တစ်ခုကတော့ ကျွန်တော်တို့မော်တော်ယာဉ် ကိစ္စတွေနဲ့ပတ်သက်ပြီး ပြန်လည်စိစစ်ပေးသွားမှာ ဖြစ်တဲ့အကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် အကြံပြုချက်တွေကို စာနဲ့ သတ်မှတ်ရက်အတွင်း ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ပေးပို့နိုင်ဖို့ လွှတ်တော်





ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ကိုယ်စား ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ( ၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးပထမနေ့ဖြစ်တဲ့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ လ(၁)ရက်နေ့မှာ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ယနေ့ကျွန်တော်တို့ စတုတ္ထနေ့မှာလည်း ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဆွေးနွေးမှုပြုလုပ်ပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များမှ ဖြည့်စွက်ဆွေးနွေးတဲ့ ကိစ္စရပ်များကိုလည်း ကျွန်တော်တို့ ပြန်လည်စိစစ်သွားမှာဖြစ်ပြီးတော့ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရသုံး ခန့်မှန်းခြေငွေစာရင်း ကျွန်တော်တို့ အဆိုပြုလျာထားတဲ့အနေနဲ့ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား လေးစားစွာတင်ပြအပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က အစည်းအဝေး၏ ပထမနေ့၌တင်သွင်းသည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅- ၂၀၁၆ ခု ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ ငွေစာရင်းအားလွှတ်တော်ကိုယ်စားလှယ်များမှ အတည်ပြုရန်**(သဘော တူပါသလားခင်ဗျား)**

**(သုံးကြိမ်တိုင်တိုင် မေးပါသည်။လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းအား လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ မကြာမီ ကျင်းပ

ပြီးစီးတော့မှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးတို့ရဲ့ မေးခွန်းပေါင်း(၃၆)ခုမေးမြန်းခြင်း ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၄- ၂၀၁၅ ခုဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းပြုပြင်ပြီး ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်အတူ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလရသုံးခန့်မှန်းခြေငွေစာရင်းကို တင်သွင်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူနိုင်ခဲ့ပါတယ်။

ယနေ့အထိ ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး (၁၁)ကြိမ်နဲ့ အထူးအစည်းအဝေး(၃)ကြိမ် ကျင်းပရာမှာ လွှတ်တော်ကိုယ်စားလှယ်ပေါင်း(၅၉)ဦးက ကြယ်ပွင့်ပြမေးခွန်းပေါင်း(၃၇၇)ခု၊ မေးမြန်းခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။လွှတ်တော်တို့ အဆိုတင်သွင်းတဲ့ကိစ္စနှင့်စပ်လျဉ်းပြီး ယနေ့အထိလွှတ်တော်ကိုယ်စားလှယ် (၁၉)ဦးက တင်သွင်းတဲ့ အဆိုပေါင်းဟာ(၃၄)ခုဖြစ်ပါတယ်။တင်သွင်းခဲ့သည့် အဆိုများအနက် အဆို(၁၇)ခု အား အတည်ပြုခြင်း၊ အဆို(၂)ခုအား မေးခွန်းအဖြစ်ပြောင်းခြင်း၊ အဆို(၁၀)ခုအား မှတ်တမ်းတင်ခြင်းနဲ့ အဆို(၅)ခု အား ပြန်လည်ရုပ်သိမ်းကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။

လွှတ်တော်မှာအတည်ပြုပြီးဖြစ်တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေပြဋ္ဌာန်းသည် ဥပဒေများဟာ ဇယား(၂) ပါဥပဒေပြုစာရင်းနှင့် နှိုင်းယှဉ်တဲ့အခါမှာ ကျွန်တော်တို့ ရှမ်းပြည်နယ်အနေနဲ့ အလွန်နည်းပါးသေးကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ လွှတ်တော်မှပြဋ္ဌာန်းသည်ဥပဒေများဟာနိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေ၊ ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်



D/real(wide) (1



ဥက္ကဋ္ဌကြီး ကနေတဆင့် တင်ပြတောင်းခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားတဲ့ ဥက္ကဋ္ဌကြီးရှင်၊ ကျွန်မကို အနည်းငယ် ဆွေးနွေးခွင့်ပြုပါ။

ဥက္ကဋ္ဌ။ အမည်စာရင်းသွင်းထားလား။

ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ မသွင်းထားပါဘူး။

ဥက္ကဋ္ဌ။ မသွင်းထားရင်မပြောပါနဲ့။

ဥက္ကဋ္ဌ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးချက်ကို သက်ဆိုင်ရာ တာဝန်ရှိတဲ့ ဝန်ကြီးတွေက ပြန်လည်ရှင်းလင်းပြီးဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ စာနဲ့လဲ ထပ်မံပေးပို့ပြီးတော့မှ တင်ပြနိုင်ဖို့ အခွင့်အရေးလည်း ပေးထားပါတယ်။ ဒါကြောင့်ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့မှ အစည်းအဝေးရဲ့ ပထမနေ့မှာ တင်သွင်းတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် မူလ ခန့်မှန်းခြေငွေစာရင်းအား လွှတ်တော်မှ အတည်ပြုပေးဖို့အတွက် ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးကနေ အဆိုပြုဖို့ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား တိုင်းဒေသကြီး(သို့မဟုတ်) ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ၊၃၄ အရ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ရဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာပါဝင်တဲ့ ဌာနအဖွဲ့အစည်း များရဲ့ ၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ်ရသုံးမှန်းခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်းပြီးတော့

စောင့်ရှောက်တဲ့ဥပဒေ ဖြစ်ဖို့လိုသလို ပြည်သူများက လိုက်နာနိုင်သည့် ဥပဒေဖြစ်ဖို့လည်းလိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အတွက် ပါတီအဖွဲ့ အစည်း တစ်ခုတည်းအတွက် အစိုးရအဖွဲ့တစ်ဖွဲ့တည်းအတွက်မဟုတ်ဘဲနဲ့ ရှမ်းပြည်နယ်အနေနှင့် ဆိုလိုချင်ရင် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူတစ်ရပ်လုံးအတွက် ဥပဒေဖြစ်ဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူ ဧည့်သည်တော်များခင်ဗျား။ လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းပြီးပါက ဥပဒေကျင့်သုံးရမည့် ဝန်ကြီးဌာနကို နည်းဥပဒေများရေးဆွဲဖို့ တာဝန်ပေး လိုက်တာဖြစ်ပါတယ်။ ယင်းဥပဒေ၊ နည်းဥပဒေများ တက်မလာပါက ဥပဒေဟာ အသက်မဝင်သလိုဖြစ်နေပါတယ်။ ဒါကြောင့် အတည်ပြုပြဋ္ဌာန်းပြီးသည့် ဥပဒေများအတွက် သက်ဆိုင်ရာဝန်ကြီးဌာန ( သို့မဟုတ် )သက်ဆိုင်ရာ ဌာနများက နည်းဥပဒေများရေးဆွဲပြီး လွှတ်တော်ကိုတင်ပြရမှာဖြစ်ပါတယ်။ နည်းဥပဒေများကို လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးတဲ့နောက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၅၈ အရ ရက်ပေါင်း (၉၀)အတွင်း လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ရန်မရှိပါက ဒီနည်းဥပဒေဟာ အတည်ဖြစ်သွားမှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနှင့် ဥပဒေနှင့် နည်းဥပဒေများ အတည်ပြုပြဋ္ဌာန်းပြီးပါက ထွက်ပေါ်လာတဲ့ဥပဒေအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းရှိ/မရှိ အုပ်ချုပ်ရေး တာဝန်ယူ ထားတဲ့ ပြည်နယ်အစိုးရအဖွဲ့က ပြဋ္ဌာန်းချက်နှင့် အညီ ဖြစ်စေရေးအတွက် စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ရတာဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်





## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## ဆုံးဖြတ်ခြင်း

**ဆုံးဖြတ်ခြင်းအမှတ် ၆၅-၁/၂၀၁၄။** **"ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးမှန်းခြေငွေစာရင်းနှင့်၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရှမ်းပြည်နယ်၏ နောက် ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ ကြမ်း" အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း။**

၁၃၇၆ခုနှစ်၊ နတ်တော်လဆန်း (၁၃) ရက် (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၄-

၂၀၁၅ခု၊ ဘဏ္ဍာရေးနှင့် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်အမှတ် ၆၆-၁/၂၀၁၄။** **ရှမ်းပြယ်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် မူလရသုံးခန့်မှန်းခြေငွေစာရင်းအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက် (၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့၌ **ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလရသုံးခန့်မှန်းခြေငွေစာရင်းအား** လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။





ကိုယ်စားလှယ်များအနေနှင့် မိမိတို့ကိုယ်တိုင်လုပ်ငန်းကို သိရှိနားလည်ပါမှ ထိန်းကျောင်းခြင်းလုပ်ငန်းကို ပီပြင်စွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ၏ အကြံပြုချက်များ၊ တင်ပြချက်များကို ဆွေးနွေးစဉ်းစား၍ အသင့်လျော်ဆုံးဖြစ်အောင် ဖြေရှင်းဆောင်ရွက် နိုင်မည့် နည်းလမ်းကိုလည်းဘဲ ရှာကြံရမှာဖြစ်ပါတယ်။ဒီလိုဆောင်ရွက်ရာမှာ ကြုံတွေ့ရသည့်ကန့်သတ်ချက်များ၊ အခက်အခဲများနှင့် လိုအပ်ချက်များကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ပြီးဆုံးကြောင်းနှင့် အစည်းအဝေး ပြီးမြောက်ကြောင်းကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး စတုတ္ထနေ့အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးစတုတ္ထနေ့ အစီအစဉ် ပြီးဆုံးကြောင်း နှင့် ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ရဲ့ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးပြီးမြောက်ကြောင်းကြေညာအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

**မှတ်တမ်းတင်ခြင်းအမှတ် ၇၅-၁/၂၀၁၄။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းမြင့် မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ကွယ်လွန်အနိစ္စရောက်ရှိခြင်းအတွက် ဝမ်းနည်းကြောင်းအဆိုကို မှတ်တမ်းတင်ခြင်း**

၁၃၇၆ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းမြင့် ၊ မိုင်းရှူးမြို့နယ်မဲဆန္ဒအမှတ်(၁)သည် (၁၆-၉-၂၀၁၄)ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ဝမ်းနည်းကြောင်း အဆိုအားအတည်ပြုမှတ်တမ်းတင်သည်။



D/real(wide) (1



**မှတ်တမ်းတင်ခြင်းအမှတ် ၇၆-၁/၂၀၁၄။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၆ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက် (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၁၃၉ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၇၇-၁/၂၀၁၄။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၆ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက် (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၁၃၉ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

## မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ် ၇၃-၁/၂၀၁၄။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၆ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၉ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၇၄-၁/၂၀၁၄။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း။**

၁၃၇၆ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်သည်။





**မှတ်တမ်းတင်ခြင်းအမှတ် ၇၈-၁/၂၀၁၄။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၆ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက် (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၁၃၉ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။



D/real(wide) (1

D/real(wide) (1